www.burmeseclassic.com



# ပေါ်ဂျာရစ်
ဂျာအေးနှင့်
# နှတ်လိုင်စင်

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ——— ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ——— ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ——— ဒို့အရေး

ပြည်သူ့ သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပညာရွှေတောင်စာအုပ် ၁၉၀

# ပေါ်ဂျာရစ်
# နတ်လိုင်စင်

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂)ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၄၀၆၉၀

www.burmeseclassic.com

www.burmeseclassic.com

နတ်လိုင်စင်

ပေါ်ဂျာရှစ်

အတွင်းစာသားခွင့်ပြုချက်အမှတ်
၁၂၈၅/၂၀၀၄(၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၂၆၅၀၅၀၃
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၀၅ ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ
၅၀၀
အဖုံးပန်းချီနှင့် အတွင်း
ကိုထက်နိုး
ဖလင်
ကိုလှဝင်း
စာအုပ်ချုပ်
ပပစိုး
ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး
ပညာရွှေတောင်စာအုပ်တိုက်
(မြဲ- ၀၃၉၄၅)
၁၁၃ စိန့်ရတီလမ်း
ရတနာကျွန်းရိပ်သာ၊ သုဝဏ္ဏ
မြောက်ဥက္ကလာပ

မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြဲ(၀၅၁၃၁)၊
အမှတ် ၈၄ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
တန်ဖိုး
၀၀၀- ကျပ်

## ပညာရွှေတောင် စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များ

| | | |
|---|---|---|
| ၁၅၁ | ဂျာအေးနှင့် ပီယစိတ္တ | ပေါ်ဂျာရှစ် |
| ၁၅၂ | ချေသော်မကြေ | အထောက်တော်လှအောင် |
| ၁၅၃ | မိုးဆန်းပန်းလိုလန်း၊ ပါစေနှင့်လောကဒ္ဓာအကျော်အမောင်းပေါ်များ (မြတ်)ဆရာကျော်လင်း | |
| ၁၅၄ | ဂျာအေးနှင့် ဓာတ်လိုက်ကြီး | ပေါ်ဂျာရှစ် |
| ၁၅၅ | စားပင်သုံးပင် ဆေးဖက်ဝင် | ဦးလှခင် |
| ၁၅၆ | ယုန်တောင်ကြောင်မိနှင့် ဂမ္ဘီရဝတ္ထုများ | ထပ်ကြပ်ကြီးမောင်ကို |
| ၁၅၇ | ဒုတိယကမ္ဘာစစ်နှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ | လှမိုး (ပညာရေး) |
| ၁၅၈ | အိမ်ကြီးပေါ်မှ ခြေသံများနှင့် သည်းထိတ်ရင်ဖိုဝတ္ထုတိုများ | ကြည်ဦး |
| ၁၅၉ | သူတော်ဝေနှင့် ကျောက်စာမြည်သံ | ဝေယံလင်းခေါင် |
| ၁၆၀ | မီးကိုတိုးတဲ့ ပိုးဖလံ | အထောက်တော်လှအောင် |
| ၁၆၁ | တူရကီတွင်းကပါလာသူ | ခင်(တောင်ကြီး) |
| ၁၆၂ | ကမ္ဘာ့ရုပ်ရှင်နှင့် ဂမ္ဘီရမြို့တော် | မိုးကျော့ |
| ၁၆၃ | နဂါးကြိုက်နှင့် အတိတ်မှလောကီလွန်ဖြစ်ရပ်များ | လှမိုး (ပညာရေး) |
| ၁၆၄ | ရွှေပည်းအောင်ကြား | ဝေယံလင်းခေါင် |
| ၁၆၅ | ပဲခူးမြို့မဆရာတော်ဘုရားကြီး | မကြွယ်ကြွယ် |
| ၁၆၆ | ဥမ္မာတကော | ပေါ်ဂျာရှစ် |
| ၁၆၇ | တစ်ဖန်ပြန်၍မနိုးသောဝေနာ | နတ်နွယ် |
| ၁၆၈ | ပရလောကမှထူးဆန်းသောဖြစ်ရပ်မှန်များ | ငြိမ်းငြိမ်း(ကျိုင်းတုံ) |
| ၁၆၉ | လှယမင်းလား ကျားရဲလားနှင့်တစ်ခြားဝတ္ထုတိုများ | မင်းခေါင်နု |
| ၁၇၀ | ကျွန်တော်နှင့်ခေါ်လောက အေးဇီလောကနှင့်ကျွန်တော် | မကျွေးခင်မြင့် |
| ၁၇၁ | ဂျာအေးနှင့် ချစ်ဇောက်ကောက် | ပေါ်ဂျာရှစ် |
| ၁၇၂ | ကမ္ဘာ့ဖျက်စစ်ဆင်ရေး | မောင်မြင့်ကြွယ် |
| ၁၇၃ | နာမည်ကျော်စာရေးဆရာများနှင့် အောင်မြင်ကျော်ကြားသော စာရေးဆရာများ၏လက်ရွေးစင်များ | ငြိမ်းငြိမ်း(ကျိုင်းတုံ) |
| ၁၇၄ | မြင့်မိုရ်မှန်တိုင်း | မာယာ |
| ၁၇၅ | ဂျာအေးနှင့် ရွှေပြိုက်သား | ပေါ်ဂျာရှစ် |
| ၁၇၆ | ပုသာမစ္ဆရိယ ဝိပါက်ကြမ္မာ နှင့် နိုင်ငံချစ်ခြားဝတ္ထုတိုများ | ထက်မြက် |
| ၁၇၇ | အစ္ဆရိယာရွှေ | မောင်မြင့်ကြွယ် |
| ၁၇၈ | လင်းဆွဲဇော်ယျာ | မာယာ |
| ၁၇၉ | ဂျာအေးနှင့် နှစ်ထောင်ရာကုန်း | ပေါ်ဂျာရှစ် |
| ၁၈၀ | သူရဲတွလက်ဆောင်(တတိယတွဲ) | ဆရာဦးဖေဟင်မောင်သန်း(ရင်ကိုအေးမြစေသား) |
| ၁၈၁ | ဂျာအေးနှင့် ယောက္ခမလည်ပြန် | ပေါ်ဂျာရှစ် |
| ၁၈၂ | ညဘီလူး | မာယာ |
| ၁၈၃ | ဂျာအေးနှင့် လောဘရပ်တက်ကြီး | ပေါ်ဂျာရှစ် |
| ၁၈၄ | ဂျာအေးနှင့် မဟာဂျာသဘင်ကြီး | ပေါ်ဂျာရှစ် |
| ၁၈၅ | ထမင်းကျားပေါက်ကျိုင်း | မာယာ |
| ၁၈၆ | ဝီအေဂျာအေး | ပေါ်ဂျာရှစ် |
| ၁၈၇ | မရဏဒဏ္ဍာရီ | မာယာ |
| ၁၈၈ | ရှားလော့ဟုမ်းနှင့် စိတ္တဇလူသတ်သမား | ဝင်းနိုင်ဦး(ရေနံ) |
| ၁၈၉ | နှစ်ကိုယ်ခွဲ | ပေါ်ဂျာရှစ် |
| ယခု | | |
| ၁၉၀ | နတ်လိုင်စင် | ပေါ်ဂျာရှစ် |

www.burmeseclassic.com

www.burmeseclassic.com

ဆရာပေါ်ရာရှင်၏ထုတ်ဝေပြီးအစီအစဉ်

(၁) ဂျာအေးနှင့်ရွှေအိုးကြီး
(၂) ဂျာအေးနှင့်ဝီယံရှာ
(၃) ဂျာအေးနှင့်ဟတ်လိုက်ကြီး
(၄) ဂျာအေးနှင့်ဥမ္မာတဘော
(၅) ဂျာအေးနှင့်ချစ်နောက်ကောက်
(၆) ဂျာအေးနှင့်ရွှေဂြိုဟ်သား
(၇) ဂျာအေးနှင့်နစ်လော်ရာကျန်း
(၈) ဂျာအေးနှင့်ယောက္ခမလည်ပြန်
(၉) ဂျာအေးနှင့်လောဘရာဟုတ်ကြီး
(၁၀) ဂျာအေးနှင့်မဟာဂျာသာဘင်ကြီး
(၁၁) ဝီအေဂျာအေး
(၁၂) နစ်တိုယံရွဲ
ယခု
(၁၂) နတ်လိုဝိုစင်

# အဖွင့်

ဂျာအေးတို့ ရပ်ကွက်ကလေးက ရွာကလေးတစ်ရွာ အလားပင်။ ဘယ်အိမ်ကြည့်ကြည့် ခနိမိုး၊ သက်ငယ်မိုးတို့ မင်းမူနေသော ရပ်ကွက်ကလေး။ ဘွပ်မိုးအိမ်ဆိုလို့ တစ်လုံး၊ နှစ်လုံးသာ ရှိ၏။ လမ်းတွေကလည်း ခနော်ခနဲ့၊ အိမ်တွေကလည်း ဖရိုဖရဲ။

ကလေးတစ်အုပ်က ကိုယ်လုံးတီးနှင့် ဆော့ကစားနေကြ၏။ လမ်းပေါ်တွင် ခွေးဝဲစားအုပ်ကလည်း ကလေးတွေကြား အတူရောပါကာ ခုန်ပေါက် မြူးထူးနေ၏။

လမ်းထဲတွင် အရက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ တုတ်ထိုးဆိုင်တွေလည်း ရှိ၏။ လူတွေကလည်း မည်းခြောက်ခြောက်၊ ကြည့်လိုက်လျှင် ဝတ်ထားသည့် အဝတ်အစားက အစ ဘယ်လိုမှ အရောင်မထွက်။

မနက်မိုးလင်းသည်နှင့် အော်သံဟစ်သံ၊ ဆဲသံဆိုသံတွေက ပွက်ပွက်ညံနေတတ်၏။ ကလေးတစ်အုပ်ကလည်း မိုးလင်းသည်နှင့် လမ်းဘေး တုတ်ထိုးဆိုင် ရှောက်နေကြပြီ ဖြစ်၏။ တုတ်ထိုးဆိုင် ဆိုသည်မှာလည်း ခမ်းခမ်းနားနား မဟုတ်။ ဝက်[illegible]ကြ်၊ သခွားသီး၊ အမဲသားရေ အစရှိသည်တို့ကို အချိုရည်နှင့် ပြုတ်၍ ရောင်းချသောဆိုင် ဖြစ်၏။ ကလေးတွေကလည်း သခွားသီးတုတ်ထိုးကို အငမ်းမရ လုယက် စားသောက်တတ်ကြ၏။

မိဘတွေကလည်း ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များ ဖြစ်ကြ၏။ ငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်၊ ဝက် အစရှိသည်တို့ကို ရောင်းချသူများ ဖြစ်ကြရာ မိုးမလင်းခင် ဈေးကြိုထွက်သွားကြသည်မို့ လမ်းထဲတွင် ကလေးနှင့် သက်ကြီး ရွယ်အိုများသာ ကျန်ရစ်တတ်လေသည်။

ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းပေါင်းစုံ တစ်ခုပြီးတစ်ခု လုပ်ကိုင်လာခဲ့ကြသော ဂျာအေးနှင့် ဖျောက်ဆိပ်တို့ နှစ်ဦးမှာ အရပ်လူကြီး ဆရာပွ၏ ကောင်းမှုကြောင့် မထသလိုင်းကားတွင် စပယ်ယာအလုပ်ကို ပြောင်းလဲ လုပ်ကိုင်နေကြ၏။

စပယ်ရာလုပ်ငန်းက အလွန်မှ ပင်ပန်းလှသည့်အလုပ်ဖြစ်ပြီး လည်ချောင်းကွဲမတတ် အော်ရ၏။ လူမျိုး တစ်ရာ့တစ်ပါးနှင့်လည်း ညီညွှတ်အောင် နေရ၏။ ခရီးသည်များကြား ချွေးသီးချွေးပေါက်ကျအောင် တိုးဝှေ့ရင်း ပိုက်ဆံ မရ ရအောင် တောင်းရ၏။

တစ်ခါတစ်ရံ အဆင်မပြေမှုများနှင့် ကြုံသောအခါ ခရီးသည်များနှင့် ကတောက်ကဆလည်း ဖြစ်ရသေး၏။ ဒုက္ခကမသေး၊ ပြောရလျှင် လူမှန်းများသော အလုပ်ကို သူတို့နှစ်ယောက် မလုပ်ချင်ဘဲ လုပ်နေရ၏။ ရန်ကုန်မှာက အလုပ်ရှေးနေလို့ မရ။ စိတ်က ဘုရင်ခံထင်ပြီး အိုက်တင်တစ်ခွဲသား လုပ်နေလို့ကတော့ ထမင်းငတ်သွားမည်မှာ ကျိန်းသေ။

အရှင်းဆုံး ပြောရလျှင် ကိုယ် ဘယ်သူဘယ်ဝါ၊ ဘယ်အဆင့် ဘာညာကိုဘေးချိတ်။ အရေးကြီးသည်မှာ နေ့စဉ် ရှင်သန်နိုင်မှု၊ ထမင်းတစ်လုတ်အတွက် ထင်းမခုတ်ရသော်လည်း ထင်းခုတ်သည်ထက် ခက်လှသော ဖြစ်တည်မှုများက တစ်ပုံတစ်ခေါင်း။ ထို့ကြောင့်လည်း ဂျာအေးရော ဖျောက်ဆိပ်ပါ မငြင်းသာ။

အမှန်မတော့ သူတို့လို အညာသားများအတွက် ရန်ကုန်မြို့ကြီးသည် ဂျပန်၊ စင်ကာပူ ရောက်နေသည့် အလားပင်။ မြို့မှာ အလုပ်သွားလုပ်တော့မည်ဆိုလျှင် တစ်ရွာလုံးက ချီးမွမ်းခန်းဖွင့်လေ့ ရှိပေ၏။ ရွာမှာ နေပူမိုးရွာ ရွာထဲနွံထဲ ရုန်းကန်နေရသည်ထက်စာလျှင် မြို့မှာ တို့ဟူးသုပ်ရောင်းသူ၊ ကွမ်းယာတက်ရောင်းသူက ဂုဏ်သိက္ခာ အရှိဆုံး။

ယခုလည်း ဂျာအေးနှင့် ဖျောက်ဆိပ်တို့ မြို့သားကြီးလုံးလုံး ဖြစ်နေကြသေပြီ။ နှစ်ယောက်သား ဘဝက အရောင်မလက်သေးသော်လည်း အတွေ့အကြုံက စုံစီနဖာ ရှိနေကြပြီ ဖြစ်၏။ ပြီးတော့ သူတို့လုပ်သည့် အလုပ်က စပယ်ယာ။

လူတွေအကြောင်း၊ လမ်းတွေအကြောင်း၊ မှတ်တိုင်တွေအကြောင်း၊ မီးပွိုင့်တွေအကြောင်း စသည့် အကြောင်းအရာ စုံစွာကို သိထားမှ တန်ကာကျမည့် အလုပ် ဖြစ်ပေ၏။

ယခုတော့ သူတို့နှစ်ယောက် စပယ်ယာ်လောကတွင် ခရီးသည်မျိုးစုံနှင့် တစ်သားတည်းဖြစ်အောင် နေတတ်ကြပြီ ဖြစ်လေသည်။ စကားအပြောအဆိုကအစ လူ့အထာကို ကောင်းကောင်းကြီး ကျွမ်းကျင်နေကြပြီဖြစ်ရာ ကားပေါ်တက်လာသည့် ခရီးသည်တစ်ဦး၏ မျက်နှာကို ကြည့်လိုက်သည်နှင့် အတွင်းစိတ် ဘယ်သို့ဘယ်ပုံ ရှိနေသည်ကို ခန့်မှန်းနိုင်ကြပြီ ဖြစ်လေ၏။

သူတို့ကားက ဟီးနိုးကားကြီးဖြစ်ပြီး အင်ဂျင် အားကောင်းလှ၏။ ခရီးသည်တွေကိုလည်း စည်ထဲငါးထည့်သလို ကောင်းကောင်းကြီး ထိုးထည့် တင်ဆောင်၍ ခေါ်နိုင်၏။ ရုံးဆင်းချိန်ဆိုလျှင် ကားကြီးတစ်ခုလုံး ခရီးသည်တွေပြည့်မောက် ပြွတ်သိပ်နေတတ်၏။

ဒရိုင်ဘာနာမည်က ဦးလေးရွှေကို။ နဖူးပြောင်ပြောင်၊ မျက်လုံးပြူးပြူးနှင့် ကွမ်းတပျစ်ပျစ် ဝါးနေတတ်သူ ဖြစ်၏။

ဂျာအေးနှင့် ဖျောက်ဆိပ်တို့ နှစ်ဦးမှာ စပယ်ယာဘဝ ရောက်သည့်အချိန်ကစ၍ အပြောအဆို အမူအကျင့်ကအစ ဇလွှတ်တ ဆန်လာ၏။ အထူးသဖြင့် စကားကို ထင်သလို ပြောတတ်ဆိုတတ်သော ဂျာအေး။

သူ့ကြောင့် ကားပေါ်မှာ ခရီးသည်များနှင့် ပြဿနာ ခဏခဏ ကြုံတတ်၏။ ရိုက်မယ်ပုတ်မယ်ဖြစ်ကာ ခရီးသည်များကို အမြဲတမ်း ဆွဲလွဲ တားမြစ်တောင်းပန်နေရသူက ဖျောက်ဆိပ်။

ဂိတ်က ကားစထွက်ပြီ ဆိုသည်နှင့် ဖျောက်ဆိပ် ဘုရားတ,ရသည်မှာလည်း အခါခါ။ ဂျာအေးကို ဖျောင်းဖျ နားချရသည်မှာလည်း အခါခါ။ ဦးလေးရွှေကိုကလည်း ဂျာအေးဇကို သိပြီးသားဖြစ်၍ မနည်းထိန်းနေရ၏။

ယခုတစ်လော ကားက ဘရိတ်ရှူး မကောင်းလှသဖြင့် ဝပ်ရှော့ထိုးကာ ဘရိတ်ရှူး လဲနေရ၏။ ထို့ကြောင့်လည်း ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦး အိမ်တွင် ကောင်းကောင်းကြီး အနားယူခဲ့ကြလေ၏။ ဖျောက်ဆိပ်၏ကတော် အပုလေးက အယူအဆ တစ်မျိုး။

ဖျောက်ဆိပ်တို့ အေးအေးလူလူနားနေကြသည်ကို ဘယ်တော့မှ မနှစ်မြို့။ အမြဲတမ်း အလုပ်လုပ်နေသည်ကိုသာ ကြည့်ချင်၏။ အပုလေး၏ နားထဲတွင် ဖျောက်ဆိပ်၏ စကားသံသည် ပိုက်ဆံ ရေတွက်သံလောက် နားဝင်မချို။ ဖျောက်ဆိပ်၏မျက်နှာသည် နှစ်ရာတန် တစ်ရွက်လောက်မှ ခံတွင်း မတွေ့။

လောကကြီး၏ အသက်သည် အသပြာသာ ဖြစ်သည်ဟု အပုလေးက ခိုင်ခိုင်မာမာ ယုံကြည်ထား၏။ အသပြာကြောင့် လောကကြီးသည် လှုပ်လှုပ်ရှားရှား ဖြစ်နေရသည်ဟု အပုလေး ယူဆ၏။ လူ့ဘဝတွင် အသပြာ ကင်းမဲ့ခြင်းသည် ရှင်လျက်နှင့် အကြိမ်ကြိမ် သေရသောဘဝဟု အပုလေးက ကောက်ချက်





www.burmeseclassic.com

www.burmeseclassic.com

ပြုခဲ့၏။

ထို့ကြောင့်လည်း ယောက်ျားလုပ်သူ ဖျောက်ဆိပ်နှင့် ဂျာအေးတို့ အရက်ကလေး တမြမြ အေးအေးလူလူနှင့် ဇိမ်ခံနေကြသည်ကို မြင်လျှင် အမြဲတမ်း ဆူပွဆူပွ လုပ်တတ်၏။

ယခုလည်း သူတို့နှစ်ဦးကို ရစရာမရှိအောင် ပြောဆိုပြီးနောက် ဂျာဖျောက်ကို ခါးထစ်ခွင်ကာ ရပ်ကွက်ထဲ အတင်းလည်ပြောရန် ထွက်သွားလေပြီ ဖြစ်၏။

အပုလေး အိမ်ပေါ်က ဆင်းသည်နှင့် ဖျောက်ဆိပ်တစ်ယောက် ရင်ထဲကုလားဘုရားပွဲ လှည့်နေ၏။ ကျစ်ထားသည့် ပိုက်ဆံအရွက်တစ်ရွက် ထုတ်ကာ ဂျာအေးကို အရက်တစ်လုံး ဝယ်ခိုင်းပြီး နှစ်ယောက်သား ဝက်ခေါက်နှင့် မြည်းနေကြ၏။

ဂျာအေးမှာ အပုလေး၏ ဆက်ဆံရေးကို စိတ်ထဲ မကျေမလည် ခံစားနေရ၏။ ဆရာကတော်ဖြစ်၍ သူ့စိတ်ကို မနည်းကြီး ဘရိတ်အုပ်နေရသော်လည်း မရိုးမရွ ခံစားနေရ၏။ ထို့ကြောင့်လည်း ဖျောက်ဆိပ်ကို အပုလေး ကွယ်ရာတွင် ပေါက်ကွဲလေတော့၏။

"ဆရာဖျောက်"

"ဟေလကွယ်"

"မပုလေးက အိုင်ဒီယာတွေ ပြောင်းလာသလိုပဲဗျ။ ကျုပ်တို့နှစ်ယောက်ကို သူ့လက်ထဲက ပိုက်ဆံနှစ်ရာတန်လောက်တောင် သဘောမထားချင်တော့ဘူးဗျ။ ဆရာဖျောက် ကိုယ့်မိန်းမကိုယ် ကြည့်လည်း ပြောဦးဗျ"

"ဟာ - ဂျာအေးကလည်း ဒါ မိန်းမရဲ့ သဘာဝပဲ တပည့်ကြီးရ။ မိန်းမဆိုတာ မြစ်ရေ၊ ချောင်းရေလိုပဲလေ။ ဟဲဟဲ ကွေ့ချင်၊ ကောက်ချင်ကြတယ်။ ရောက်လေရာမှာ ထစ်သားအည်းဖြစ်အောင် နေတတ်တဲ့သူတွေကွ။ ခုလည်း သူဟာ မြို့သူကြီးလိုလုံး ဖြစ်ချေပြီဆိုတော့ မြို့ကြီးရဲ့တောင်းဆိုမှုက ပိုက်ဆံလေကွာ။ ဟဲဟဲ ဒီတော့ အပုလေးလည်း ပိုက်ဆံပြီပေါ့ကွာ"

"ဟာ - ဒါတော့ ဆရာဖျောက် မ,ဘက်လိုက်ပြီး မိုက်ဘက်ပါတာပဲဗျာ"

"ဘာကွ၊ မင်းကများ ငါ့ကို။ ဟကောင် ဂျာအေး၊ ဒါ အမှန်တရား သစ္စာကွ။ လောကမှာ ပိုက်ဆံရှိမှ လူလုပ်လို့ ရမှာလေ မဟုတ်ဘူးလား"

"ဟာဗျာ၊ ကျုပ် အဲဒီ ပိုက်ဆံကြီးတွေကို မုန်းလာပြီဗျာ။ တစ်ခါလာလည်း ပိုက်ဆံ၊ တစ်ခါလာလည်း ပိုက်ဆံ။ လူတွေက ညစ်ပြီးသား ကြံဖတ်ကြီးတွေ ဖြစ်ကုန်ပြီဗျ"



"ဟိုက်၊ တပည့်ကြီး မင်းက တယ်လည်း တိုးတက်နေပါလားကွာ။ ဟားဟားဟား ကြံဖတ်၊ ပိုက်ဆံ၊ မြို့ကြီး . . ."

"ဘာတွေ ရွတ်နေတာလဲဗျ"

"ဟိုကွာ မင်းပြောတဲ့ ကြံဖတ်၊ အပုလေး ဆာလောင်နေတဲ့ ပိုက်ဆံ။ အဲဒီမှာ မြို့ကြီးဟာ တဖြည်းဖြည်း အိုဇနာကျလာပြီကွ"

"ဟာ - စကားတွေကလည်း ရှုပ်ပါ့ဗျာ။ အိုရင်လည်း ဘိုးဘွားရိပ်သာပို့လိုက်၊ ကျုပ်ပြောတာ မပုလေးကိစ္စဗျ"

"အေးလကွာ ကြံဖတ်၊ ပိုက်ဆံ၊ မပုလေး။ အဲဒီ သုံးခုကို ဂျုံလိုနယ်ပြီး မီးဖုတ်စားပစ်လိုက်ရင် ဘယ်လို အရသာရှိမလဲ"

"အင် - ဆရာဖျောက် မူး . . . မူးနေပြီလားဗျ"

"ဟားဟားဟား ငါ မူးပါဘူး ဂျာအေးရာ၊ လူတွေဟာ အကြိမ်ကြိမ် သေနေကြပြီကွ။ ဟားတားဟား"

"ဗျာ၊ ဒါ . . . ဒါဆို သချိုင်းမှာ စည်ကားနေပြီပေါ့"

"ဟေ - ဟကောင် ငတုံးရ၊ ငါပြောတာ လူ့သဘာဝဟာ တဖြည်းဖြည်း ပိုက်ဆံကြောင့် ကိုယ့်ကိုယ်ကိုယ် ဘာဆိုတာ မသိကြတော့ဘူးလေ။ ဒါကို ပြောတာကွ။ မင်းက ငါ့တပည့်လုပ်ပြီး အားကြီး ဒုံးပဲ့ကွာ"

"ဟဲဟဲ ဒုံးတာ မဟုတ်ပါဘူး ဆရာဖျောက်ရာ၊ အိုင်ဒီယာတွေ ချွတ်ချော်တာပါ"

"ဟေ - မင်း . . . မင်းစကားတွေက ပြောင်မြောက်လှချည်လား။ ကေန္တဘတ်စ်ကားပေါ်က ပညာတွေထင်တယ်"

"ဟုတ်တယ်လေဗျာ၊ လူတွေ အမျိုးမျိုးကြားမှာ စကားတွေ အမျိုးမျိုးကြားနေရတယ်လေ။ ဂျာအေးလည်း ခေတ်မီလာပါပြီ ဆရာဖျောက်ရာ။ အရေးကြီးတာ မပုလေး ပြဿနာဗျ"

"ဟာကွာ မင်းကလည်း စကားက တောင်ကွေ့မြောက်ကွေ့နဲ့ နောက်ဆုံးတော့ ငါ့မိန်းမဆီပဲ ရောက်လာတယ်။ ကောင်းပြီ မင်း အပုလေးကို ဘာဖြစ်ချင်သလဲ"

"ဗျာ၊ ကျုပ်တော့ မပုလေးကို စကားများများ မပြောစေချင်ဘူးဗျ။ သူ့စကားသံကြောင့် ကျုပ်မှာ အခံရခက်နေတာဗျ။ ဒီကိစ္စမှာ ဆရာဖျောက်က တာဝန်ရှိတယ်နော်"

"ဘာလဲ မင်းက ငါ့မိန်းမကို အ,အကြီးဖြစ်အောင် နေခိုင်းချင်တာလားကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဗျာ ဟဲဟဲ အ,အကြီးတော့ မဖြစ်စေချင်ဘူးပေါ့ဗျာ။ ဒါပေမယ့် နေရာတကာ ဖျစ်တောက်ဖျစ်တောက် ဆိုတော့. . . ."

"ဟုတ်ပြီ၊ သူ့ပါးစပ် ပိတ်သွားအောင် လုပ်တာ လွယ်လွယ်လေး။ ငါ ပိုက်ဆံ အထပ်လိုက်ပေးလိုက်ရင် အပုလေး ငြိမ်ကျသွားမှာ သေချာတယ်ကွ။ ဒါပေမယ့် ခက်တာ အဲဒီ ပိုက်ဆံက ငါတို့နဲ့ အမြဲတမ်း ခင်တတ်မတည့်ဘူးကွ။ ဟားဟား"

"အင်း ဒါလည်း ဟုတ်တာပဲဗျ။ ပိုက်ဆံမရှိတဲ့ မြို့ကြီးဖြစ်ရင် ဘယ်လောက် ကောင်းလိုက်မလဲဗျာ"

"ဘာ - ပိုက်ဆံမရှိတဲ့ မြို့ကြီး၊ ဟားဟား အသုံးအနှုန်းကတော့ ကောင်းပါ့ကွာ။ ငါ့တပည့်ဟာ တကယ့်ကို မြို့သားကြီးပါလားကွ။ ဟားဟား ကိုင်း- သောက်စမ်းကွာ၊ အဲဒီ အကြောင်းအရာ ထူထူကြီးတွေကို မောင်းထုတ်ပစ်လိုက်စမ်းပါကွာ။ ဖြစ်နိုင်ရင် အနေထိုင်ပါးလှပ်တဲ့သူ၊ အတွေးအခေါ် ပါးလှပ်တဲ့သူသာ လူဖြစ်ကျိုးနပ်မှာကွ"

ဖျောက်ဆိပ်၏ စကားလုံးများက ဂျာအေး နားထဲသို့ ဓားပျံ လှံပျံများပမာ ဝင်သွား၏။ မရှိမဲ့ ရှိမဲ့ ဉာဏ်ရည်နှင့် ပါးလှပ်ခြင်းသဘောကို တွေးကြည့်လိုက်၏။ သူ့မျက်လုံးထဲ ပါးလှပ်ခြင်း ဆိုသည်မှာ ထဘီပါးပါး၊ အင်္ကျီပါးပါး ဝတ်ထားသော ကောင်မလေးများကိုသာ မြင်မိ၏။ ထို့ကြောင့်လည်း ဖျောက်ဆိပ်၏ အဆိုကို သူ နားလည်သွားသလိုပင်။

"သိပ်ဟုတ်တာပေါ့ ဆရာဖျောက်ရာ၊ လောကကြီးက တဖြည်းဖြည်း ပါးလှပ်လာလေလေ ကျုပ်တို့က ရင်တွေ ခုန်ရလေလေပဲဗျ။ တချို့ဆို ကြိုး ပျောက်တောင် ဝတ်နေကြပြီတဲ့ဗျ။ ဒါ . . ."

"ဟကောင် မင်း. . . မင်း ဘာတွေ ပြောနေသတုံးကွ။ ငါပြောတဲ့ ပါးလှပ်ခြင်း ဆိုတာ မိန်းမတွေဝတ်တဲ့ကိစ္စကို ပြောတာ မဟုတ်ဘူးကွ။ တော်ပါတော့ကွာ၊ မင်းဟာ ငါထင်သလောက် ပေါက်ပေါက်မြောက်မြောက် အမြင်မရှိသေးပါလား"

"ဆရာဖျောက်ကလည်းဗျာ၊ လူကို အထင်သေးလိုက်တာ။ ကျုပ်က ဆရာ ဖျောက်လောက် အတွေးအခေါ် မရှိပေမယ့် အမှန်တရားကို ဘေးချင်းတိုက် မြင်နေရပြီဗျ"

"ဟေ"

ဂျာအေး၏ ထူးဆန်းအံ့ဖွယ် စကားလုံးကြီးများကြောင့် ဖျောက်ဆိပ်၏





အရက်ခိုး ရီဝေနေသော မျက်လုံးများ ဖြိုးဖြိုးဖျပ်ဖျပ် ဖြစ်လာလေ၏။ ဂျာအေးကိုမူ လျှော့မတွက်ရဲတော့။ အမှန်တရား ဘေးချင်းတိုက် မြင်နေပြီဆိုသော စကားကို အခိုင်အမာ ပြောလာသော ဂျာအေးကို ကြည့်ရင်း ဖျောက်ဆိပ် အူချာချာ ဖြစ်လာ၏။

"အိမ်း - တပည့်ကြီးဟာ အလိုလို သိပညာကို ပါရမီထူးကဲစွာ ရလာတဲ့ တပည့်ကြီးပါလား။ ဟုတ်ပြီ၊ အမှန်တရားကို ဘေးတိုက်မြင်လာပြီ ဆိုကတည်းက မင်းဟာ အောင်မြေကို လှမ်းနေပြီကွ။ ဟားဟားဟား ချစမ်းကွ၊ လောကကြီးဟာ မှန်တာ မှားတာထက် နည်းစနစ်ကို အားပြုသူဟာ လိုချင်တဲ့အရာကို ရမှာပဲကွ။ ဟူး . . . ဟားဟား"

"ဗျာ"

ဖျောက်ဆိပ်နှင့် ဂျာအေးတို့နှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် ကြည့်ရင်း ထူးဆန်းအံ့ဖွယ်ရာ လူသားများအဖြစ် ခံစားနေကြ၏။ ဂျာအေးကို ဖျောက်ဆိပ် တဖြည်းဖြည်း နားမလည်နိုင်သလို၊ ဖျောက်ဆိပ်ကိုလည်း ဂျာအေး လိုက်မရတော့။ သူတို့နှစ်ဦး၏ အဖြစ်သနစ်ကို အပုလေးက ဆန်ကွဲနှင့် သလဲ ရောနှောနေသလိုပင် ထင်၏။

သို့သော် သူတို့ နှစ်ယောက်စလုံး အမှန်တကယ် ဆာလောင်နေသည်မှာလည်း အပုလေးပြောသည့် ပိုက်ဆံပင် ဖြစ်လေ၏။ နှစ်ယောက်စလုံးက စည်းစိမ် ကြီးကြီးမားမားနှင့် နေချင်၊ ထိုင်ချင်ကြ၏။ လက်ကြော တင်းတာ၊ လျော့တာကို နားမလည်။ အမိက အနေချောင်ချောင်နှင့် အသပြာပင်ကြီး စိုက်ပျိုးချင်သူများ ဖြစ်လေ၏။

ယခုလည်း ထင်ရာမြင်ရာ ပြောဆိုကြရင်း ဘီအီး ဒီစီတစ်လုံးလည်း လဲသွားပြီ ဖြစ်၏။ ဝက်ခေါက်ပွကြော်လည်း နှစ်ပန်းကန်ခန့် ကုန်သွားပြီ ဖြစ်၏။ ထိုအချိန်တွင် သူတို့ ရပ်ကွက်ကလေးမှာ နေရောင်ပင် စောင်းလုပြီ ဖြစ်လေ၏။ ရပ်ကွက်ထဲ အတင်းလှည့်ပြောနေသော အပုလေးတစ်ယောက် အိမ်ပေါ်သို့ ပြန်ရောက်လာ၏။ သူတို့နှစ်ဦး၏ အသွင်အပြင်ကို ကြည့်ပြီး အပုလေး ပေါက်ကွဲသွား၏။

"ကဲ - ဘယ်လိုတုံး၊ တစ်နေ့လုံး အဲဒီ သေရည်ပဲ ထိုင်သောက်နေကြတော့မှာလား။ ပြောကြစမ်းပါဦး"

"ဟာ .- အပုလေးကလည်းကွာ၊ ကိုဖျောက်တို့က အရက်သောက်တာ နည်းနည်း ရေသောက်တာ များများပါကွ။ ဟုတ်ဘူးလား ဂျာအေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျုပ်တို့ ရေတွေ သောက်နေကြတာ မပုလေးရဲ့ ကျန်းမာရေး ကောင်းချင်ရင် ရေများများသောက်ဆိုတဲ့ စကားလည်း ရှိသားပဲဗျ။ ဟဲဟဲ ရေသောက်တဲ့လူဟာ အသေအပျောက် ကင်းတယ်ဗျ။ သောက်တတ်ရင် ဆေးပေါ့ မပုလေးရာ"

"ဟဲ့ - မှင်စာ၊ နင့်ပါးစပ် ပိတ်ထားစမ်း။ ဘာလဲ နင်တို့က ရေပဲသောက်ချင်သလား"

"ဟဲဟဲ မိန်းကလည်းကွာ၊ ဒီကိစ္စက ထူးခြားဖြစ်စဉ်တွေ မဟုတ်ပါဘူးကွာ။ ဘာကြောင့်များ ရန်လုပ်နေရသလဲ"

"ဟုတ်တယ် မပုလေးရာ၊ ဆရာဖျောက်ပြောတာ အမှန်ပဲဗျ။ ဒေါသဆိုတာ နေရာတကာထားလို့ မကောင်းဘူးဗျ။ ဒေါသငြိမ်းချင်ရင် ရေများများသောက်"

"တိတ်စမ်း၊ မှင်စာလေး"

"ဟာ - ကြမ်းလှချည်လားဗျ"

"ဟုတ်တယ် နင်တို့ ဆရာတပည့်နှစ်ယောက်ဟာ ကျောကောင်းလို့ တုတ်တောင်းကြတဲ့ လူတွေဟဲ့။ ကဲ - ဘယ်လိုလဲ ရေပဲသောက်လို့ ကျန်းမာတယ်ဆို ဒီကနေ့ကစပြီး ကျုပ် ထမင်းမချက်တော့ဘူး။ ရှင်တို့သောက်ဖို့ ရေတစ်ထမ်းအမြဲ မှာပေးမယ်"

"ဟော"

"ဟဲဟဲ မပုကလေးကလည်း၊ ဟို ရေတော့ ရေပေါ့ဗျာ။ ဟဲဟဲ အရောအနှောလေးပါမှ ရေက ကောင်းတာဗျ"

"အေး - ဟုတ်တယ်၊ ရေချည်းပဲ ဆိုတော့လည်း ဗိုက်ပွသကွ။ ဟဲဟဲ ပြီးတော့ ဝမ်းဖောဝမ်းရောင်လည်း ဖြစ်နိုင်တယ်။ ဟိုဆေးလေးဝါးလေးမျိုး ပါမှ ကောင်းတာ အပုလေးရ"

"တော်စမ်း၊ ရှင်တို့နော် ကျုပ် မျက်စိထဲမှာ ပိုးလောက်လမ်းတွေ ဖြစ်နေပြီ"

"ဟေ ပိုးလောက်လမ်း၊ ဘယ်လို သဘောလဲကွ"

"ဟုတ်ပ့ါဗျာ၊ မပုလေးကလည်း ပိုးလောက်လမ်းဆိုတာ ခြင်ဖြစ်မယ့် အကောင်တွေဗျ။ ဘာလဲ မပုလေးက ကျုပ်တို့နှစ်ယောက်ကို ခြင်တွေလို မြင်နေလား"

"ဟုတ်တယ်ဟေ့၊ ဟုတ်တယ်"





အပုလေးတစ်ယောက် ဂျာအေးနှင့် ဖျောက်ဆိပ်တို့ကို ယှဉ်ပြီး စကားမပြောချင်တော့။ ထို့ကြောင့်လည်း ဆောင့်ကြီးအောင့်ကြီးနှင့် မီးဖိုခန်းထဲ ဝင်သွားလေတော့၏။ မိန်းမ ရောက်လာသည်နှင့် ဖျောက်ဆိပ်တစ်ယောက် နှုတ်နည်းသွား၏။ ဂျာအေးကို ခြေဟန်လက်ဟန်နှင့်သာ ပြောဆိုနေ၏။ ဂျာအေးကလည်း သူတို့လင်မယား အထာကို သိပြီးသား။ ထို့ကြောင့်လည်း သူတို့နှစ်ယောက်သာ နားလည်နိုင်သည့် ခြေဟန်လက်ဟန်များနှင့် မကျေနပ်မှုကို ရင်ဖွင့်နေကြ၏။ သူတို့ဖြစ်ပုံကြည့်ပြီး မကျေမလည် ဖြစ်နေရသူက အပုလေး။

ခြေဟန်လက်ဟန်တွေပြ၊ မျက်လုံးမျက်ဆန်တွေပြူးပြ၊ မဲ့လိုက်ရွဲ့လိုက်နှင့် လုပ်ချင်တိုင်း လုပ်နေကြသော သူတို့နှစ်ဦးကို အပုလေး မခံစားနိုင်။ အံကြိတ်ပြီး ပြောပစ်လိုက်၏။

"ကဲ - ရေသမားတွေ ဒီညတော့ ရေနဲ့ပဲ နှစ်ပါးသွားကြတော့။ ကျွန်မတော့ ဦးလေးပွထမင်းဆိုင် ပြေးပြီ"

"ဟော၊ ဟ - နေ . . . နေပါဦး"

"ဟာ - ဒုက္ခပါပဲ"

အပုလေးသည် သူတို့နှစ်ယောက်ကို မျက်စောင်းတခဲခဲနှင့် ပြောဆိုရင်းကလေး ခါးထစ်ခွင်ကာ အိမ်ပေါ်မှ ဆင်းသွားလေ၏။ အခြေအနေက ထမင်းအိုး၊ ဟင်းအိုး မှောက်ခဲ့သည့်အခြေအနေ။ နှစ်ယောက်စလုံး ဘာဆက်လုပ်ရမှန်းမသိ။ အပုလေး အိမ်ပေါ်က ဆင်းသွားပြီးနောက် အချိန်အတန်အကြာတွင် ရပ်ကွက်ထဲမှ အော်သံဟစ်သံများ ကြားလိုက်ရ၏။ တစ်ရပ်ကွက်လုံး အုတ်အော်သောင်းတင်း ပြေးသူပြေး၊ လွှားသူလွှားနှင့် ပွက်လောရိုက်နေ၏။

"လိုက် . . . လိုက်ဟ"

"ဟိုဘက် ပြေးသွားပြီကွ"

"အိမ်အောက်ထဲမှာလား"

"တွေ့ရင် အသေသာရိုက်ကွ"

"လိုက် . . . လိုက်ဟေ့"

ကြားလိုက်ရသော အသံဗလံများကြောင့် ဆရာတပည့်နှစ်ယောက် နားတစွင့်စွင့် ဖြစ်သွား၏။ ထိုစဉ် သူတို့ နောက်ဖေးပေါက်မှ လူတစ်ယောက် အပြေးအလွှား တက်လာ၏။ ထိုမြင်ကွင်းကို ဂျာအေး ဖျတ်ခနဲ မြင်လိုက်၏။

"ဘယ်သူလဲကွ"

"ရှူး . . . တိုးတိုးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် - မင်း . . . မင်း ဘာလုပ်တာလဲ၊ လက်ထဲမှာလည်း အထုပ်နဲ့"

"ဟို - ကျွန် . . . ကျွန်တော်၊ မဲ . . . မဲညိုပါ ခင်ဗျာ"

"မင်း . . . မင်း သူခိုး"

"ဘယ်သူလဲကွ ဂျာအေး"

"ရှူး . . . တိုးတိုး ပြောကြပါဗျာ"

သူတို့အိမ်ထဲ အပြေးအလွှား ဝင်လာသောသူမှာ ပြူးတူးပြဲတဲ ဖြစ်နေ၏။ ဂျာအေးသည် ထိုင်ရာမှထပြီး ထိုသူအနားသို့လျှောက်ရင်း မေးလိုက်၏။ ဂျာအေး စကားကြောင့် လူစိမ်းမှာ ပါးစပ်ရှေ့ လက်ညှိုးထောင်ပြီး တိုးတိုး ပြောကြရန် မျက်နှာငယ်လေးနှင့် တောင်းပန်လိုက်၏။

ပြီးနောက် လက်ထဲတွင် အထုပ်လေးပြရင်း ခိုးရာပါပစ္စည်းဖြစ်ကြောင်း ဝန်ခံ ပြောဆိုလာ၏။ ဂျာအေးနှင့် ဖျောက်ဆိပ်မှာ သူခိုးမဲညို ဆိုသူကိုကြည့်ရင်း အံ့သြနေ၏။ ထိုစဉ် ဖျောက်ဆိပ်က ရီဝေသော အကြည့်နှင့် ကြည့်ရင်း ပြောလိုက်၏။

"ဪ - မင်းက သူခိုးမဲညိုကိုး"

"ဟုတ် . . . ဟုတ်ပါတယ်ဗျာ"

"အမြီးလည်း မပါပါလားကွ"

"ဗျာ အမြီး"

"အေးလေ၊ သူခိုးဆိုတာ ဘယ်လိုသတ္တဝါ ဆိုတာကို ငါမှ မသိတာကွ။ ငါ့စိတ်ထင် သူခိုးမှန်ရင် အမြီးပါလိမ့်မယ် ထင်တာကွ"

"ခင်ဗျာ၊ ဟို မဟုတ်တာဗျာ"

"နေပါဦး၊ လက်ထဲကဟာက ဘာထုပ်လဲကွ"

"ဟို . . . ဟို ဒါ ရတနာတွေပါ ခင်ဗျာ"

"ဟေ - ရတနာတွေ"

သူခိုးက ဖျောက်ဆိပ်ကို မရဲတရဲ ကြည့်ရင်း ဖြေလိုက်၏။ ထိုစဉ် ဂျာအေးသည် သူခိုးလက်မှ ရတနာထုပ်ကို ကြည့်ပြီး အကြံပေါ်သွား၏။ သူခိုး ဆိုသူကို ခပ်တည်တည် စိုက်ကြည့်ရင်း ပြောလိုက်၏။

"ခင်ဗျား လက်ထဲမှာ ရတနာထုပ်ဆိုတာ သေချာရဲ့လား"

"သေ . . . သေချာပါတယ် ခင်ဗျာ၊ ကျွန်တော် ပန်းတိမ်ဆရာ ကိုမြကြီးတို့ဆီက ခိုး . . . ခိုးလာခဲ့ . . ."

"ဪ - ဒီလိုကိုး၊ ဒါဆို အခုချိန်မှာ ခင်ဗျား ဒီမှာရှိတယ်လို့ အော်လိုက်





ရင် ခင်ဗျား ဘယ်လိုလုပ်မလဲ"

"ဗျာ၊ ဟာ - မ . . . မလုပ်ပါနဲ့ ညီလေးရယ်။ အစ်ကို မရှိ . . . မရှိလို့ ခိုးစားမိတာပါ"

"ဪ - မရှိလို့ မရှိရင် ခိုးစားရမယ်လို့ ခင်ဗျားကို ဘယ်သူက လမ်းညွှန်ခဲ့သလဲ။ သူခိုးတက်ပြားလား"

"ဗျာ၊ ဟို အဲ . . ."

"ထားပါတော့၊ လောလောဆယ် ခင်ဗျား ဘာဖြစ်ချင်သလဲ ပြော"

"အစ်ကို့ကို ချမ်းသာပေးပါ ညီလေးရယ်၊ အစ်ကို ဒီအလုပ်ကို တစ်ခါမှ မလုပ်ဖူးခဲ့ပါဘူး ညီလေးရယ်"

"ဟုတ်ပြီ၊ ခင်ဗျားကလည်း ပြဿနာ မဖြစ်ချင်ဘူး"

"ဟုတ်ပါတယ် ညီလေးရယ်"

"ကျုပ်တို့ကလည်း ပြဿနာ မလုပ်ချင်ဘူး။ ဒီတော့ကာ နှစ်ဦးနှစ်ဖက် အဆင်ပြေသွားရင် မကောင်းဘူးလားဗျာ"

"ဟေ"

ဂျာအေး၏ သွေးအေးအေးနှင့် ပြောဆိုလာသော စကားကြောင့် သူခိုးလုပ်သူမှာ ကြောင်စီစီ ဖြစ်နေ၏။ ဘာကို ဆိုလိုမှန်းလဲ မသိ။ ဖျောက်ဆိပ်မှာလည်း တပည့်လုပ်သူကို ကြည့်ပြီး ဝေတေတေ ဖြစ်နေ၏။ ထိုစဉ် ဂျာအေး၏ အသံပေါ်လာ၏။

"ပြဿနာ မသေးဘူးနော်၊ ခင်ဗျားကို အပြင်ကလူတွေ တွေ့သွားရင် ဝိုင်းရိုက်ချင်ရိုက်၊ မရိုက်ချင် မီးဖုတ်စားပစ်လိုက်မှာဗျ"

"ခင်ဗျာ၊ ဟာ - မ . . . မလုပ်ပါနဲ့ ညီလေးရယ်၊ အစ်ကို မရှိလို့ပါကွာ။ အစ်ကို့ကို သနားပါ ညီလေးရာ"

"ဒါဆို ခင်ဗျား လက်ထဲက အထုပ်"

"ဟင် - ဟုတ် . . . ဟုတ်ပါတယ်"

"အဲဒီ အထုပ်ထဲက ရတနာပစ္စည်းတွေ ကျုပ်တို့ကို တစ်ဝက်ပေးရမယ်"

"ခင်ဗျာ၊ ညီ . . . ညီလေး"

"ကျုပ်ပြောတာ ဘယ်လို သဘောရလဲ၊ ဒီအချိန်မှာ အရမ်း အရေးကြီးတဲ့ အချိန်ပဲနော်။ ခင်ဗျားပစ္စည်းတစ်ဝက် ကျုပ်တို့ ပေးမယ်ဆိုရင် ခင်ဗျား ဒီအခန်းမှာ အေးအေးလူလူ နေနိုင်တယ်။ ဘယ်လိုလဲ ကျုပ်ပြောတာ . . ."

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မပေးချင်ဘူးလားဗျ၊ ဒါဆို အော်ပစ်လိုက် . . ."

"ဟာ - မ . . . မလုပ်ပါနဲ့ကွာ၊ ပေးဆို ပေးပါ့မယ် ညီလေးရာ။ ဟောဒီမှာ ညီလေး ကြိုက်တဲ့ပစ္စည်း ယူလိုက်ပါ"

"ဟဲဟဲ ဒီလိုမှပေါ့ဗျာ"

"ဂျာအေး"

"ဆရာဖျောက် အသာနေစမ်းပါဗျာ။ ဘယ်ကိစ္စမဆို အပေးအယူမျှနေတာ အကောင်းဆုံး ဆရာရဲ့။ ဟဲဟဲ ကဲ - ပေးဗျာ"

တစ်ချိန်လုံး ကြောင်စီစီနှင့် လှမ်းကြည့်နေသော ဖျောက်ဆိပ်၊ ဂျာအေး ဘာတွေ လုပ်နေမှန်းလည်း သူ နားမလည်နိုင်။ ထိုစဉ် ဂျာအေးသည် သူခိုးထံမှ ရွှေထည်ပစ္စည်း တစ်ဝက်ကို ယူလိုက်၏။

"ကိုင်း - ခင်ဗျား ဒီမှာ စိတ်ချလက်ချ ခုတင်အောက် ဝင်နေဗျ"

"ဟင်၊ အေး ကောင်း . . . ကောင်းသားပဲ"

သူခိုးမဲညိုခမျာ ဂျာအေး၏ စကားကို ကျေနပ်သွားပုံရ၏။ ထို့ကြောင့် ဖျောက်ဆိပ်တို့လင်မယားအိပ်သည့် ခုတင်အောက်ထဲ ခေါင်းထိုးဝင်၍ ပုန်းအောင်းနေလေ၏။ ထိုအချိန်တွင် ရပ်ကွက်ထဲ ပွက်စီပွက်စီ ဖြစ်နေ၍ အပုလေး တစ်ယောက် ကလေးချီပြီး အိမ်ပေါ် ပြန်ရောက်လာ၏။ ဖျောက်ဆိပ်ကိုမြင်တော့ မျက်လုံးအပြူးသားနှင့် ပြောလိုက်၏။

"သူခိုး . . . သူခိုးတဲ့ ကိုရင်ဖျောက်ရေ"

"ဟုတ်တယ်လကွာ၊ ကြားသားပဲ။ ဘာဖြစ်သတုံး"

"အလိုတော် ရှင်တို့ကိုယ်ရှင်တို့ တစ်ရပ်လုံးကိစ္စ ဘာမှ မဆိုင်သလို လုပ်နေသလား ပြောကြစမ်း"

"ဟေ - ဘယ်လိုဖြစ်သလဲ အပုလေးရာ"

"ဘာဖြစ်ရမှာတုံး ရပ်ကွက်ထဲမှာ သူခိုးဝင်လို့ ပြောင်းဆန်နေတာ မသိဘူးလား။ ဒါ ရပ်ရေးရွာရေးရှင့်၊ ရှင်တို့မှာ လူမှုရေး မရှိဘူးလား"

"အလို ငါ့မိန်းမ စကားတွေဟာ တယ်လည်း သဘောတရား ဆန်နေပါလား။ ဟုတ်ပါ့၊ ဒါ လူမှုရေးသဘောကို သတိပေးလိုက်တာပဲ။ ဟကောင် ဂျာအေး"

"ခင်ဗျာ ဆရာဖျောက်"

"မင်း အပုလေးပြောတာ ကြားလား၊ လူမှုရေးကိစ္စမှာ ငါတို့ ဘယ်လောက် အားနည်းနေတယ်ဆိုတာ ငါ့မိန်းမက ထောက်ပြပေးလိုက်တာပဲကွ"





"ဟာ - ဆရာဖျောက်ကလည်း ခုပဲ ကျွန်တော် လူ့ဝတ္တရား နားလည်လို့ ဖန်တီးထားလိုက်ပြီလေ"

"ဟေ့ - လူ့ဝတ္တရား ဟို - ဘာလဲ ဟိုဟာ . . ."

"ဟုတ်ပါ့၊ အဲဒါလူ့ဝတ္တရားပေါ့၊ ဆရာဖျောက်ရယ်၊ လူတစ်ယောက် ဒုက္ခရောက်လာရင် ကူညီရမယ်လေ ဟုတ်ဘူးလား"

"ဟင်"

"ရှင်တို့ ဘာတွေပြောနေကြသတုံး"

"အဲ - ဟို . . . ဟိုဒင်းကွာ၊ ဟိုဟာ . . ."

"ဘာတွေလဲ ကြောင်စီစီနဲ့၊ ကိုရင်ဖျောက်နော် အရက်ကို ကြည့်လည်းသောက်ဦး၊ လူလည်း ရူးကြောင်ကြောင် အူချာချာ ဖြစ်နေပြီ"

"ဟုတ် . . . ဟုတ်ပါ့သကွာ၊ ဟို - အထဲဝင် . . ."

"ဘာဖြစ်တာတုံး ကျွန်မအခန်းထဲ ကျွန်မဝင်တာ၊ ဒီမှာ ကလေးက အိပ်ချင်နေပြီ"

"ဟေ"

အပုလေးသည် ကလေးကို ခါးထစ်ခွင်ချီကာ သူခိုး ပုန်းအောင်းနေသည့် အခန်းထဲ ဝင်ရန် ပြင်လိုက်၏။ ဖျောက်ဆိပ်မှာ ဘာပြောလို့ ပြောရမှန်း မသိ။ ဂျာအေးလည်း မျက်လုံးပြူးနေ၏။ ထိုစဉ် အပုလေးက အခန်းထဲ စွတ်ခနဲ ဝင်သွားလေ၏။

အခန်းထဲ ရောက်သည်နှင့် တဂျီဂျီ လုပ်နေသော ဂျာဖျောက်ကလေးကို ခုတင်ပေါ် တင်လိုက်၏။ ခုတင်ပေါ် ရောက်သည်နှင့် ဂျာဖျောက်ကလေးက ပို၍ ဝက်ဝက်ကွဲ အော်ဟစ်လေ၏။

"အီး အား အူး"

"ဟဲ့ ဘာဖြစ်သတုံး။ နင်လည်း ဖအေလိုပဲ။ ပြဿနာမရှိ ပြဿနာရှာနေတဲ့ ဟာလေး၊ တိတ်စမ်း"

"အီး အီး"

"တယ်၊ ငါ ရိုက်လိုက်ရလို့ ဖအေ့ခြေနင်းဖို့တော့ မကြံနဲ့နော်။ ဟင်းဟင်း တိတ်စမ်း၊ ရပ်ကိုက ပြဿနာပေါင်းစုံ ဖွမ်ရှုပ် တိတ်ဆို တိတ်"

"အီး အီး ဝါး"

"ဟဲ့တော့ ပြောရင်းဆိုရင်း သေးပေါက်ချပြီ ဒုက္ခပါပဲ"

ဂျာဖျောက်ဆိုသော ကလေးကလည်း ဇမသေးလှ။ မိခင်လက်ထဲက လွတ်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ဝက်ဝက်ကွဲအောင် အော်ဟစ်ကာ ပြုံးသနာရှာတော့၏။ အပုလေး ဘယ်လို ဟောက်ဟောက် ကြောက်ပုံမရ။ အသံပြုကြီးနှင့် အော်ဟစ်ရင်း သေးပါပေါက်ချလိုက်လေ၏။

ထိုအချိန် ခုတင်အောက်ထဲ ကြောက်ကြောက်နှင့် ဝင်ပုန်းနေသော သူခိုးခမျာ ဂျာဖျောက်၏လက်ချက်နှင့် ရွှဲရွှဲစိုကုန်လေ၏။

"ဟာ - ပြုံးသနာပဲ၊ နံ့ . . . နံ့တယ်"

"ဟယ်တော်၊ အောက် . . . အောက်က ဘယ်သူတုံး"

"ကျွန်တော်ပါ ခင်ဗျာ"

"ဘာ၊ ဟဲ့ - လုပ် . . . လုပ်ကြပါဦး၊ ထွက် . . . ထွက်စမ်း ဘယ်သူလဲ ပြောစမ်း"

"ကျွန်တော် မောင်မဲညိုပါ ခင်ဗျာ"

"အလိုတော် ဘုရား . . . ဘုရား"

ခုတင်အောက်မှ ရှုံ့ပွရှုံ့ပွနှင့် ထွက်လာသော သူခိုး မောင်မဲညို။ သူ့ကို ကြည့်ရင်း အပုလေး ပါးစပ်ဟောင်းသား ဖြစ်နေ၏။ ဘယ်လိုကဘယ်လို ရောက်လာမှန်း စဉ်းစား၍ မရသဖြင့် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်နေ၏။ ထိုစဉ် အိပ်ခန်းထဲသို့ ဂျာအေးနှင့် ဖျောက်ဆိပ်တို့ အပြေးဝင်လာ၏။ ဦးဆုံး တိုးတိုးတိတ်တိတ် ပြောလိုက်သူက ဖျောက်ဆိပ်။

"မိန်းမ၊ အဲဒါ ငါနဲ့ သိ . . . သိပါတယ်"

"ရှင်၊ တော်နဲ့ သိတယ်။ ဒါဆို ခုတင်အောက်ဝင်ပြီး ဘာလုပ်သတုံးတော့"

"ဟို ကျွန်တော် ရှာ . . . ရှာနေ"

"ဘာရှာတာတုံး၊ ပြောစမ်း ခုတင်အောက်မှာရွှေရှိလို့လား၊ နင်ဘယ်သူတုံး။ ကိုဖျောက်"

"ဟေ့လကွယ်"

"ရှင်တို့ ဘာတွေ လုပ်နေကြတာတုံး၊ သူ . . . သူ ဘယ်သူလဲ"

"ဟို . . . ဟိုကွာ၊ ဟိုကောင် ဟကောင် ဂျာအေး ပြောလိုက်လေ"

"ဗျာ၊ ဟဲဟဲ မပုလေးကလည်း သူက ကျွန်တော်တို့ မိတ်ဆွေပါ။ နာမည်က ကိုမဲညိုတဲ့ လူရိုးပါ"

"အဲဒါ ဘာဖြစ်ရမှာတုံး၊ လူရိုးဆိုရင် ငါ့ခုတင်အောက် ဝင်ပြီး ဘာလုပ်သတုံး ပြောစမ်း"

"ဟာ - တိုးတိုးပြောပါ မပုလေးရာ"





"ဟုတ်ပါ့ကွာ၊ မင်းအသံ ရပ်ကွက်ထိပ်ကတောင် ကြားနိုင်တယ်ကွ။ ကဲ- ဂျာအေး မင်း လုပ်စရာရှိတာလုပ်လေ၊ အပုလေး ခုချိန်မှာ မင်းပါးစပ် ပိတ်စမ်းကွာ"

"ရှင်"

"ကဲ - ကိုမဲညို၊ ကျုပ်တို့ကိစ္စ ရှင်းပြီ မဟုတ်လား၊ ခင်ဗျား နောက်ဖေးက လစ်ပေတော့"

"ဟုတ် . . . ဟုတ်ကဲ့ပါ ခင်ဗျာ၊ ကျေး . . . ကျေးဇူးပဲ ညီလေးရာ"

မဲညိုတစ်ယောက် သူတို့ကို ယောင်ချာချာ ကြည့်ရင်း နောက်ဖေးပေါက်မှ အလျင်အမြန် ပြေးဆင်းသွားလေ၏။ မဲညို ပျောက်သွားသည်နှင့် ဝမ်းသာအားရ ဖြစ်နေသူမှာ ဂျာအေး။

ဖျောက်ဆိပ်မှာ သူ့မိန်းမမျက်နှာကို ကြည့်ရင်း ဂျာအေးကို အရိပ်အကဲပြနေ၏။ ဂျာအေး ဘာမှ မမှုတော့။ သူခိုးမဲညိုထံမှ သူဝှက်လုပ်ပြီး ယူထားလိုက်သော ရတနာပစ္စည်းများကို ဝမ်းသာအားရနှင့် ထုတ်ကြည့်လိုက်၏။ ထိုမြင်ကွင်းကို ဖျတ်ခနဲ မြင်သွားသူက အပုလေး။ ကြည့်ရင်း ပါးစပ်အဟောင်းသားကြီး ဖြစ်နေ၏။

"ဟယ် ဂျာ . . . ဂျာအေး၊ နင် ဒါတွေ ဘယ်ကရ . . ."

"ဟဲဟဲ ဂျာအေးပဲ မပုလေးရဲ့၊ လောကမှာ ဉာဏ်ပဲ မပုလေးရ။ ဟောဒီရတနာတွေဟာ ကံကြောင့်ရတာ မဟုတ်ဘူး ဉာဏ်ကြောင့် ရတာဗျ။ ဟုတ်ဘူးလား ဆရာဖျောက်"

"ဟေ - ဟို . . . အဲ - ဟုတ်သား"

"ကိုဖျောက်၊ တော် . . . တော်တို့ ဘာတွေ လုပ်နေကြသတုံး။ ဟိုမှင်စာ့လက်ထဲမှာလည်း ရတနာတွေ"

"ဟဲဟဲ ကျုပ်တို့ ချမ်းသာပြီ မပုလေးရ"

"အလိုတော်၊ ဒီရတနာတွေ ဘယ်လိုရသတုံး ဟို နင် . . . နင်"

"ဟာ မပုလေးကလည်း ပြူးတူးပြဲတဲနဲ့ဗျာ၊ ဒါ နတ်တွေ ချီးမြှင့်လိုက်တာဗျ"

"ဟေ၊ ဟကောင် မင်း ဘာတွေ လျှောက်ပြောနေသတုံးကွ။ မင်းကတော့ တကယ့်မြွေပဲကွ"

"ဟာ - ဆရာဖျောက်ကလည်း ဒါ အခွင့်အရေးတစ်ရပ်ဗျ။ ကြံဖန်ချမ်းသာချင်လို့ ဖြစ်လာတဲ့ကိစ္စဗျ"

"အင် - ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဆယ်သားလောက်တော့ ရှိမှာဗျ။ ပြီးတော့ အခေါက်ရွှေထင်တယ်"

"ဟဲ့ ဂျာအေး၊ နင် ဘာတွေ ရှုပ်ရှုပ်ယှက်ယှက် လုပ်လာသတုံး။ ကျွန် နင် မားပြတိုက်လာပြီထင်တယ်"

"မဟုတ်တာ မပုလေးရာ၊ စောစောက ကိုမဲညိုကို မြင်လား။ အဲဒီလူက ကျုပ်ကို မ,စသွားတာဗျ"

"အလိုတော်၊ နင့်လို ဗရုတ်သုတ်ခကို ဘယ်သူက မ,သွားတာလဲ။ အဲဒီ ကိုမဲညိုက ဘာလဲ နတ်လား"

"ဟဲဟဲ ဒါ ကံစီမံရာ ဘိုးတော်လာ ဖြစ်စဉ်ပေါ့။ ဟုတ်ဖူးလား ဆရာ ဖျောက်"

"ဟုတ်၊ အဲ . . . ဟိုဒင်းကွာ ဒီကိစ္စက ပြဿနာဖြစ်နိုင်သကွ"

"ရှင် . . . ရှင်တို့ ဘာတွေ လုပ်နေကြသတုံး"

"ဒီလို ရှင်မရ"

ဖျောက်ဆိပ် မနေသာတော့၊ အပုလေး နားရှင်းသွားအောင် တိုးတိုးတိတ်တိတ် ပြောပြလိုက်ရ၏။ အပုလေးခမျာ မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်နေ၏။ ဂျာအေး လက်ထဲက ရတနာတွေကိုကြည့်ရင်း ထမြီး ကရမလို၊ ထိုင်ပြီးပဲ ငိုရမလို ရင်တဖိုဖို ဖြစ်နေ၏။

ဂျာအေး လုပ်ပေါ[illegible] သူဝှက်လုပ်လိုက်သည့်ကိစ္စ၊ ပြဿနာက မီးခိုးကြွက်လျှောက် လိုက်လာနိုင်သည့် ကိစ္စဖြစ်၍ အပုလေးခမျာ ကြောက်လည်း ကြောက်နေ၏။

"ဟဲ့ - ဖြစ် . . . ဖြစ်ပါ့မလားဟယ်၊ တော်ကြာ ပြဿနာ ဖြစ်လာရင်"

"မပူစမ်းပါနဲ့ မပုလေးရာ၊ ဒီကိစ္စ ကျုပ်တို့ ခိုးတာမှ မဟုတ်တာဗျာ။ ခိုးတဲ့လူက တစ်ယောက်လေ။ ဘယ်သူမှ မိမှာလဲ မဟုတ်ဘူး။ ပြီးတော့ သူခိုးလက်ထဲမှာ ရွှေငွေရတနာ အများကြီး ရှိနေတာလည်း မကောင်းဘူးဗျ"

"ဟေ - ဘယ်လိုဖြစ်လို့တုံးကွ"

ဖျောက်ဆိပ်မှာ ဂျာအေး၏ စကားကြောင့် ခေါင်းထောင်လာ၏။ ဂျာအေးကတော့ သူ့လုပ်ရပ်ကို အယုံကြီး ယုံနေပုံရ၏။ ထို့ကြောင့်လည်း ပြုံးစိစိ ပြောလိုက်၏။

"ဩော် - ဆရာဖျောက်ကလည်း ရွှေတွေ အများကြီး ရှိနေရင် သူခိုးဆိုတဲ့လူဟာ ဘဝပျက်သွားပြီပေါ့ဗျာ"

"ဟိုက် ရှာလဘား။ မင်း . . . မင်း အယူအဆတွေ မြင့်လှချည်လား။





ဘယ်လိုဖြစ်လို့ ဘဝပျက် . . ."

"ဟာ - ဆရာကလည်း ခက်ပါ့ဗျာ။ သူခိုးဆိုတာ ခိုးနေရမှ ကျေနပ်တာဗျ။ အဲ - သူ ချမ်းသာသွားပြီဆိုရင် ခိုးတဲ့အလုပ် ပျက်သွားပြီပေါ့"

"ဟိုက် - ဂျာအေး၊ မင်း . . . မင်းဟာ ငါ့တပည့်မှ ဟုတ်ရဲ့လားကွ"

"ဟဲဟဲ ဆရာဖျောက်ကလည်း မြို့ရောက်မှ တောစိတ်ဝင်နေလို့ ဘယ်ဖြစ်ပါ့မလဲဗျ။ မြို့ဆိုတာ လျင်တယ်၊ ဉာဏ်များတယ်၊ အပြေးအလွှား ရှိတယ်။ ဖြတ်လမ်းကောင်းရင် ချမ်းသာနိုင်တယ်ဗျ"

"ဟေ- ဟုတ်ပါ့ကွာ၊ မင်း . . . မင်းဟာ ဂျာအေး ဆိုပေမယ့် အတွေးအခေါ်တွေ ပြောင်းသွားပြီကွ။ ဟုတ်ပြီ မင်းဟာ ဘိုလိုပြောရင် နယူးဂျာအေး"

"ဗျာ - နယူး၊ အဲဒီ နယူး ဆိုတာ"

"ဟာ မင်းကလည်း တုံးပါ့ကွာ။ ဒီစကား ရပ်ကွက်ထဲက ကလေးတောင် သိတယ်ကွ။ နယူးဆိုတာ အသစ်၊ ဟဲဟဲ ဒီတော့ မင်းဟာ ဂျာအေးအသစ်ပေါ့ကွာ"

"ဩော် ဒီလိုကိုး၊ ဟဲဟဲ ဘာမှ မပူနဲ့။ ဟောဒီမှာကြည့် ရွှေက တစ်ဆယ်သားလောက် ရှိတယ်။ ဒါကို ရောင်းပြီး ဆရာတပည့်နှစ်ယောက် အလုပ်တစ်ခုခု ရင်းပစ်လိုက်ရင် ဘယ်လိုလဲ မပုလေး၊ ခင်ဗျား သဘောတူလား"

"အင်"

အပုလေးခမျာမှာလည်း ဂျာအေးလက်ထဲက တဝင်းဝင်း တလက်လက် တောက်ပနေသော ရတနာများကို ကြည့်ရင်း ထုံတုန်တုန် ဖြစ်နေ၏။

အခြေအနေက အဆီအဝင်းဝင်း၊ သဲတရှုပ်ရှုပ် အခြေအနေ။ သို့သော် အပုလေးရင်ထဲ အသပြာသံတွေပဲ ကြားချင်သည်။ ချမ်းသာမည့် အရေးရှိလျှင် လင်တော်မောင်ကိုပင် ဖားရိုက်ထွက်ခိုင်းခဲ့သူဖြစ်လေ၏။ ယခုလည်း အခြေအနေရ ဟုန်းခနဲ ဝုန်းခနဲ ချမ်းသာသွားနိုင်သည့် အခြေအနေ။ သို့သော် နောက်ဆက်တွဲ ပြဿနာကြောင့် နင်နေ၏။

"ဟို အဲဒီကိစ္စ ပြဿနာ . . ."

"ဟာ - မပုလေးကလည်း ပြဿနာဆိုတဲ့စကား ထည့်မပြောစမ်းပါနဲ့။ ရတနာထုပ် ခြေပေါက်ပြီး အိမ်ပေါ်ရောက်လာတဲ့ကိန်းဗျ။ ဘယ်လိုလဲ ဆရာဖျောက်၊ ဗေဒင်ထဲမှာရော မမြင်မိဘူးလား"

"အင် - ဟို . . . ဟိုကွာ အဲဒီလိုတော့"

"ထားပါတော့ဗျာ၊ အရေးကြီးတာ ဒီရတနာတွေကို ကျုပ်နဲ့ ဆရာဖျောက်



www.burmeseclassic.com

www.burmeseclassic.com



တရုတ်တန်းမှာ သွားရောင်းမယ်။ ဘယ်လိုလဲ ဆရာဖျောက် လုပ်မလား"

"အင်"

"ဟုတ်သားပဲ ကိုကိုဖျောက်ရယ်၊ ဒီတစ်ခါ ဂျာအေးပြောတဲ့ စကားတွေဟာ မှန်သားပဲ။ ရတနာထုပ် ခြေပေါက်ပြီး အိမ်ပေါ် ရောက်လာတာပဲ။ တော်ကြီးနော် တစ်ခါတစ်ခါ ဘုတ်အုပ်ကြီးအတိုင်း မစဉ်းစားနဲ့။ အခွင့်အရေး ဆိုတာ တစ်ခါပဲ ရနိုင်တာနော်"

"ဟေ - အဲဒီလို"

"အို - ဘာမှ တွေးမနေနဲ့၊ ဂျာအေး ပြောသလိုသာ လုပ်လိုက်။ ပြီးရင် အရင်းအနှီးတစ်ခုခု လုပ်ရအောင်တော်။ ကျုပ်တို့က ချမ်းသာမှ ဖြစ်မှာနော်၊ မြို့မှာနေပြီး ငါးပိရည်၊ တို့စရာ စားပြနေလို့ကတော့ ဖွတ်ကျားက ဖွတ်ကျားပဲ တော့်။ တော် ဖွတ်ကျား ဖြစ်ရင် ကျုပ်လည်း ဖွတ်ကျားမယား ဖြစ်မှာပဲ၊ တော့် သားလည်း ဖွတ်ကျားလေးပဲ ဖြစ်မှာ"

"ဟေ - ဖွတ်ကျား"

"ဟုတ်ပ။ တော် စဉ်းစားလေ"

"ဟုတ်သားပဲ ဆရာဖျောက်ရ၊ အပုလေး ပြောသလိုဆိုရင် ကျုပ်တို့ဟာ ဖွတ်ကျားဇာတ်ပဲ ကနေရတာဗျ။ လူဆိုတာ ချမ်းသာမှ လူဖြစ်တာဗျ။ သိပ် မစဉ်းစားပါနဲ့ ဆရာဖျောက်ရာ၊ တစ်ခါတစ်ခါ အဲဒီ ဘုတ်အုပ်ကြီးတွေ ခလုတ် တိုက်ပြီး ဒုက္ခရောက်နေတဲ့လူတွေ တစ်ပုံကြီးဗျ"

"ဟင်"

ဂျာအေးနှင့် ဇနီးသည် အပုလေးတို့ကြား ဖျောက်ဆိပ် ညပ်နေ၏။ ဘယ် ဝိုက်ညာဝိုက် စကားလုံးတွေက သူ အမြတ်တနိုး ထားခဲ့ရသော ဘုတ်အုပ် အိပ်မက်ကြီးကို လှုပ်နိုးလိုက်သလိုပင်။ ရတနာထုပ်ကြီးကို လှမ်းကြည့်ရင်း စိတ် ကူးတွေ အတောင်ပံပေါက်ကာ တဖျပ်ဖျပ် တဖြောင်းဖြောင်း ခတ်လာ၏၊ ထို့ကြောင့်လည်း တိုးတိမ်သောလေသံနှင့် ပြောလိုက်၏။

"ဂျာအေး မင်း. . . မင်း ဒီကိစ္စကို အမြန်ရှင်းမှနော်၊ လက်ထဲမှာ ကြာကြာ ထားရင် ပြဿနာဖြစ်မှာ သေချာတယ်ကွ"

"ဟာ - ကျုပ်လည်း အဲဒီအတိုင်း တွေးထားတာဗျ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"မပူစမ်းပါနဲ့ဗျာ၊ ဒီကိစ္စ ကျုပ် စီစဉ်ပါ့မယ်"

"ဟေ - ဖြစ် . . . ဖြစ်ပါ့မလားကွာ"





"မပူစမ်းပါနဲ့ ဆရာဖျောက်ရာ၊ အရေးကြီးတာ ခြေမြန်လက်မြန် ရှိထားဖို့ ပဲဗျ"

"အေး - အဲဒါ ဟုတ်သကွ၊ ဒါဆို"

"ဆရာကလည်းဗျာ၊ ပီလီကို ဆရာသိလား"

"ဘယ်သူတုံးကွ၊ ငါ ကြားဖူးသလိုလိုပဲ"

"ခက်ပါ့ ဆရာဖျောက်ရာ၊ တစ်ခါတုန်းက ကျုပ်နဲ့အတူ ကားလိုက်ခဲ့တာ လေ။ အသားမည်းမည်း၊ ခေါင်းတုံးဆံပင်နဲ့ဗျာ"

"ဩော် ဟုတ်ပြီ၊ ပီလီ. . . ပီလီ၊ ဒီကောင် ငါ့ဆီကပါ သုံးရာ ချေးသွား တာ ခုထိ ပြန်မပေးသေးဘူးကွ။ အေး - အဲဒီကောင်က ဘာဖြစ်သတုံး"

"ဟာ - ဘာဖြစ်ရမှာလဲ ဆရာဖျောက်ရဲ့၊ ဒီကောင်က အခု တရုတ်တန်းမှာ ပွဲစားလုပ်နေတာဗျ။ အဲဒီကောင်နဲ့ ဆက်လိုက်ရင် ကျုပ်တို့ကိစ္စ အိုကေပြီပေါ့ဗျာ"

"အဲ - ဟုတ်သား၊ မင်း တော်တော် လာဘ်မြင်တာပဲကိုး။ ဟုတ်ပြီ ပီလီနဲ့ ချိတ်လိုက်၊ ဒါဆို ငါတို့ ချမ်းသာပြီကွ"

"ဒါပေါ့ ဟဲဟဲ"

ဂျာအေးနှင့် ဖျောက်ဆိပ်တို့၏ စကားကြောင့် အပုလေးမှာလည်း ခုတင် ပေါ် အိပ်ပျော်နေသည့် ကလေးပင် မေ့တော့တော့ ဖြစ်နေ၏။ ကလေးက ပြခန်း ထဲငိုမှ ကောက်ကာငင်ကာ ထ၍ ချော့ရလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

တရုတ်တန်း၏ ဖြစ်စဉ်က ပြောင်းသတ်နေသည့် ဖြစ်စဉ်များဟု ဆိုနိုင်၏။ အသံဗလံများ၊ ရောင်စုံမီးလုံးများ၊ လူရောင်စုံ၊ ထီးရောင်စုံ၊ ဈေးသည်ပေါင်းစုံနှင့် ပြည့်ကျပ် ပွရောင်းနေသော ဒေသ။

အော်သံဟစ်သံ၊ ရွှန်းသံ၊ ခက်ရင်းသံ၊ ဆဲသံဆိုသံ၊ ကားဟွန်းသံတွေနှင့် အုံ့ခဲနေသော တရုတ်တန်း။ ဂျာအေးတို့ ရောက်ရှိသွားချိန်တွင် တရုတ်တန်းဈေးဆိုင်များမှာ ကြိတ်ကြိတ်တိုး စည်ကားနေချိန် ဖြစ်လေ၏။

လမ်းအသွယ်သွယ်မှာလည်း ကိုယ်ပိုင်ကားမျိုးစုံ ရပ်ထား၏။ လူမျိုးပေါင်းစုံက ဥဒဟို သွားလာဝင်ထွက်နေကြသော ဒေသကြီး။ ထိုဒေသကြီးထဲသို့ သူတို့ ရောက်ရှိသွားကြ၏။

ပီလီက လူလည်၊ ပွဲစား ဆိုသည့်အတိုင်း စကားပြောဆိုသည်ကအစ အချွန်အတက်၊ အမြောက်အပင့်များ ပါတတ်၏။ ဂျာအေးနှင့် ဖျောက်ဆိပ်တို့ကလည်း အမွေ ထုခွဲချင်သည့်ဟန်နှင့် ပီလီကို လိမ်ခဲ့၏။

ပီလီကလည်း ဈေးအမှန်အကန် ရစေရမည် ဆိုသောစကားနှင့် ကောင်းကောင်းကြီး ကျုံးသွင်းကာ သူပိုင်သည့် ဆိုင်တစ်ဆိုင်သို့ ခေါ်သွား၏။ အမှန်မတော့ ပီလီက ဆိုင်ရှင်နှင့် လက်ဝါးရိုက်ပြီးသား။ တစ်ဖက်တွင် ဂျာအေးတို့နှင့်လည်း လက်ဝါးရိုက်ပြီးသား။ ပီလီ၏ ဖြစ်စဉ်က လက်ဝါးရိုက်ဖြစ်စဉ်။ လောကကို လက်ဝါးရိုက်ပြီး ချမ်းသာအောင် ကြိုးစားချင်သူမှာ ပီလီ။

ယခုလည်း ဂျာအေးနှင့် ဖျောက်ဆိပ်ကို တရုတ်လူမျိုး အကာကြီးဆီ ခေါ်သွားခြင်း ဖြစ်၏။ အကာကြီးမှာ တရုတ်တန်းတွင် ရွှေထည် ရတနာဟောင်းများဝယ်သော ကောက်ဒိုင်ကြီး ဖြစ်၏။ ဘယ်ကရလာသည့်ပစ္စည်း ဖြစ်ဖြစ်





ဘယ်တော့မှ မစစ်ဆေး။ ဈေးကို တစ်ဝက်ကြီး နှိမ်ကာ ဝယ်တတ်သူ ဖြစ်၏။

ပီလီတို့လူစုကို တွေ့တော့ အကာကြီး ဝမ်းသာအားရ ဖြစ်နေ၏။ ပီလီက အချဉ်ထွေ ဖမ်းဖမ်းလာတတ်၏။ ပီလီကို ပွဲညွှန်း တောင်းကောင်းလေး ပေးလိုက်လျှင် သူ့အတွက် အပုံတစ်ရာလောက်ပင် ကျန်တတ်၏။ သူနှင့် ပီလီတို့ နှစ်ဦးကြား ရောင်းချသူခမျာ အချာချာနှင့် အလျှော့ပေးခဲ့ရသည်သာ။ ယခုလည်း ဂျာအေးနှင့် ဖျောက်ဆိပ်တို့ ဂိုက်ဆိုက်ကြည့်ပြီး အချဉ်တွေမှန်း သိလိုက်၏။

"ဟာ - အီချဉ်တွေ လာပြီဟေ့"

"အလို - ဟကောင် ပီလီ၊ မင်းလူ ဘာပြောတာလဲကွ"

"ဩော် - အီချဉ်ဆိုတာ တရုတ်စကားဗျ၊ ရောင်းသူကိုခေါ်တာ"

"ဩော် ဒီလိုလား စကားကြီးက တစ်မျိုးပဲ"

"ဘယ်လိုလဲ ပီလီ၊ နင် ပျောက်နေပါလား။ ငါ မျှော်လိုက်ရတာ သူတို့က ဘာတွေလဲ"

"ဟဲဟဲ ပစ္စည်းရောင်းမယ်လေ"

"ကောင်းတယ်၊ ပါလာတာ အတုန်ပြမယ်ကွ"

"ခင်ဗျာ၊ ဟို ကျုပ်တို့ . . ."

"လာလာ ထိုင်ကြ၊ ဘာစားမဲပြော။ ဘင်းမုန့်လား၊ လီဖက်ရည်လား"

"မစားတော့ပါဘူးဗျာ"

"ကဲ - ဂျာအေး မင်းပစ္စည်းတွေ ပြလိုက်လေကွာ"

"အေး၊ ဟို - သူက စိတ်ချရပါတယ်နော်"

"ဟာ - အကာကြီး ဆိုတာ တရုတ်တန်းမှာ ဗူးပါစတားကွ"

"ဩော် - ဒီလိုကိုး"

"ဟုတ်တယ်၊ ဝက စူဆီစီတားလေ၊ အိရောင်းအိဝယ်မှာ ရောင်းသမျှ ဝိမယ့်လူဗျ၊ ကဲ . . . ပြော၊ ဘာတွေလဲ"

"ဒီ . . . ဒီပစ္စည်းတွေလေ"

ဂျာအေးသည် ရတနာထုပ်ကို ဖျောက်ဆိပ်အား ပေးထား၏။ ဖျောက်ဆိပ်က လူကြီးဂိုက်ဖမ်းထား၏။ ထို့ကြောင့်လည်း အကာကြီးရှေ့ ဖျောက်ဆိပ် ဟန်ထုတ်ကာ ရတနာပစ္စည်းများကို ဖြေပြလိုက်၏။

"အာလားလား နီတို့ရွှေတွေ"

"ဟုတ်တယ်လေ၊ ဒါ အခေါက်တွေဗျ"

"မိဟုတ်ဘူး၊ နီ . . . နီတို့ လူလိမ်တွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ဘာ. . . ဘာဖြစ်လို့လဲ"

"ဝကို လိမ်လို့ မီရဘူးနော်၊ ဝ ဂတ်တိုင်လိုက်ရမလား"

"ဗျာ - ဘယ်. . . ဘယ်လိုဖြစ်"

"အကာကြီး ဟို သူ. . . သူတို့ရွှေ"

အကာကြီး၏ စကားကြောင့် ဂျာအေးနှင့် ဖျောက်ဆိပ်တို့ နှစ်ဦးမှာ မြုံတုန်တုန် ဖြစ်နေ၏။ ပွဲစား ပီလီခမျာမှာလည်း မျက်လုံးအမြူးသား ဖြစ်နေ၏။ အကာကြီးကို ထစ်ထစ်ငေါ့ငေါ့ မေးနေ၏။ အကာကြီးသည် ဂျာအေးတို့နှစ်ဦးကို လက်ညှိုးတထိုးထိုးနှင့် ဖွာလောင်ဖွာလောင် ပြောချလိုက်၏။

"ဝသိနေတယ်လေ၊ ဒါ ရွှေ အီတုတွေကွ"

"ဗျာ အတု"

"ဟုတ်တယ်၊ နင့်လူတွေ လူလိမ်တွေ။ ငါ ခုချက်ချင်း ဂတ်တိုင်လိုက်ရမလား"

"ဟာ မ. . . မလုပ်ပါနဲ့ အကာကြီးရယ်"

"ဟုတ်. . . ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့လည်း အစစ်မှန်း အတုမှန်း တကယ် မသိတာပါ။ တောင်း. . . တောင်းပန်ပါတယ် ပေါက်ဖော်ကြီးရယ်"

"ဝ အားကီးစိတ်ဆိုးတယ်၊ ဝကို လာမစမ်းနဲ့ စီလုတ်တန်းမှာ အီကာကြီးလို လူကို လိမ်တာ နီတို့ပဲရှိတယ်"

"တောင်းပန်ပါတယ် အကာကြီးရယ်၊ သူတို့ တကယ် မသိကြလို့ပါ။ ကျွန်တော် သူတို့ကိုယ်စား တောင်းပန်ပါတယ်ဗျာ"

"အေး နီမျက်နှာစီလို့ပေါ့၊ မဟုတ်လို့ကတော့ နီယောက်စလုံး ဂတ်ထဲ ထည့်လိုက်ပြီ"

"အင် - ပီလီ ပြန်. . . ပြန်ကြစို့၊ ကြာရင် ပိုဆိုးလာမယ်"

"ဟုတ်. . . ဟုတ်တယ် ပီလီ၊ လိမ့်ကြစို့ကွာ"

အကာကြီးသည် သူတို့နှစ်ယောက်ကို ကြည့်ရင်း လက်ညှိုးကြီး တထိုးထိုးနှင့် မကျေမချမ်း ဖြစ်နေ၏။ ပီလီ တောင်းပန်သော်လည်း အသံက ပို၍ပို၍ ကျယ်လောင်လာ၏။ နောက်ဆုံး ပီလီကို လက်ကုတ်ပြီး အိမ်ထဲမှ အလျင်အမြန် ထွက်ခဲ့ကြလေတော့၏။

အပြင်လမ်းမပေါ်ရောက်တော့ ဖျောက်ဆိပ်တစ်ယောက် အီလည်လည် ခံစားနေရ၏။ ရင်တုန်ပန်းတုန် ခံစားနေရ၏။ ဂျာအေးကိုလည်း မကျေနပ်ချင် ပိုခံစားနေရသူက ပီလီ။ ပွဲခ မြိုးမြိုးမြက်မြက် ရမည့်အထင်နှင့် စိတ်ကူး အယဉ်





ကြီး ယဉ်ခဲ့ရာမှ ယခုတော့ အခြေအနေအရပ်ရပ်က သဲထဲရေသွန် ဖြစ်နေချေပြီ။ ထို့ကြောင့်လည်း ဂျာအေးကို စောင်းငန်းစောင်းငန်းနှင့် ပြောလိုက်၏။

"ဂျာအေးရာ၊ မင်း လုပ်ပုံက တကယ့် လက်ကောက်ပဲကွ။ သက်သက် ငါ့ပါ ဆွဲထည့်တာလား"

"ဟာ ပီလီကလည်း ငါလည်း ဒီလို သဘောတော့ မဟုတ်ရပါဘူးကွာ။ ရွှေကလည်း ဝင်းစိုနေလို့ကွ"

"ဟ - မင်းက ဝါဝါမြင်တိုင်း ရွှေထင်နေတာကိုး"

"ဟုတ်ပါ့ကွာ၊ ဂျာအေး မင်း၊ လုပ်လိုက်ပုံကတော့ ထောင်ထဲ တန်းဝင်ရမယ့်ကိန်းပဲကွ"

ဖျောက်ဆိပ်ခမျာ ဂျာအေးကိုကြည့်ပြီး မကျေမလည် ခံစားနေရ၏။ အကာကြီးကို ပီလီ တောင်းပန်နိုင်၍သာ တော်ရုံကျသည်ဟု ဆိုရချေပြီ။ မဟုတ်လို့ကတော့ သူရော ဂျာအေးပါ ထောင်နန်းစံရမည်မှာ မြေကြီးလက်ခတ်မလွဲ။ ထို့ပြင် ဂျာအေး လုပ်ပေါက်က သူခိုးလက်မှ သူဝှက်လုသည့် လုပ်ပေါက်။

တွေးကြည့်လေလေ ကြက်သီးထဖွယ် ကောင်းလေလေပင်။ ထို့ကြောင့်လည်း ဂျာအေးကို ဖိကြိမ်းလိုက်၏။ ဂျာအေး အသွင်ကတော့ ဘာမှ မဖြစ်သလိုပင်။ သူ့ကို ပြုံးဖြဲဖြဲနှင့် ကြည့်ရင်း တဟဲဟဲ လုပ်နေ၏။

သို့နှင့် သူတို့နှစ်ယောက် ရပ်ကွက်ထဲ ပြန်လည် ရောက်ရှိလာ၏။ သူတို့ အဖြစ်ကို လူသိမှာလည်း စိုးရိမ်နေ၏။ ထို့ကြောင့် ခပ်လျှိုလျှိုနှင့် ဝင်ခဲ့ကြပြီး အိမ်နောက်ပေါက်မှ တက်ခဲ့ကြလေ၏။

ထိုအချိန်တွင် အပုလေးသည် ကလေးငယ်ဖြစ်သူ ဂျာဖျောက်ကို ရေမိုးချိုးကာ အဝတ်အစားလဲနေချိန် ဖြစ်၏။ ဖျောက်ဆိပ်ကို မြင်လိုက်သည်နှင့် အော်ကြီးဟစ်ကျယ်နှင့် ကြိုဆိုလေတော့၏။

"ဟော - ကိုကိုဖျောက်"

"ဟောလကွယ်"

"ပြန်လာပြီလား၊ ထမင်းခူးလိုက်ရတော့မလား၊ ရေအရင်ချိုးမှာလားပြော"

"ဟေ - ဘယ်လိုဖြစ်သတုံး မိန်းမရ"

"အို - ကိုကိုဖျောက်ကလည်း လင်ရယ်၊မယားရယ်ဖြစ်လာမှတော့ မယား ဝတ္တရားငါးပါး ရှိတယ်လေ"

"အင် - ငါးပါး၊ အဲဒါ ဘာဖြစ်သတုံး"

"အိုတော်၊ အပုလေးက ကိုကိုဖျောက်ကို မျှော်နေတာကြာပြီ၊ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်လာတာနဲ့ ခေါက်ဆွဲကြော်လေး၊ ကုန်းဘောင်ကြီးကြော်လေး ဝယ်စားမလို့၊ ဘယ်လိုလဲ အဆင်ပြေလာပြီလား"

"အင် - ဟို အဆင်. . ."

"ဘာဖြစ်သတုံး"

"ဟိုကွာ၊ အဲ . . . ငါ ဟကောင် ဂျာအေး"

"ခင်ဗျာ"

"ပြော . . . မင်းသာ ပြောလိုက်စမ်းကွာ"

"ဟဲဟဲ ဟို ကျုပ်တို့ အလုပ်. . ."

"ဘာလဲ ဘယ်လိုဖြစ်လာကြသလဲ ပြောကြပါဦး။ ဘယ်မှာလဲ ပိုက်ဆံ"

"အင် - ဂျာအေး ပြဿနာပဲကွာ။ ကြည့်လည်း ပြောဦး၊ ငါတော့ ဘာပြောရမှန်းတောင် မသိတော့ဘူး"

"ဟဲဟဲ၊ ဟိုလေ မပုလေးရဲ့"

"ဘာလဲ၊ တဟိုဟိုနဲ့ ဘာဖြစ်နေကြသလဲ"

"ဒီလို မပုလေးရ"

ဂျာအေး အပုလေးကို မရဲတရဲ ကြည့်ရင်း အူချာချာနှင့် ပြောလိုက်၏။ သူ့စကား ဆုံးသည်နှင့် ရွှေရင်စို့သွားရသူက မပုလေး။ ယောက်ျားလုပ်သူ ဖျောက်ဆိပ်ကို ကြည့်ရင်း မရှုနိုင်မကယ်နိုင် ဖြစ်နေ၏။

"ကိုဖျောက် ရှင် . . . ရှင်တို့"

"ဘယ်လိုဖြစ်သတုံး မိန်းမရဲ့၊ ဒီလောက်လည်း မခံစားပါနဲ့ကွယ်။ ဥစ္စာတံပေး မရသေးက နှောင့်နှေးဗျာပါ မရှိရာတဲ့။ ဟဲဟဲ ကိုဖျောက်တို့လည်း ချမ်းသာမလားလို့"

"တော်. . . တော်၊ ရှင်ကြီး တော်တော့"

"ဟင် ဘာဖြစ်လို့ ဟို. . ."

"တော်ပါတော့၊ ရှင်တို့နှစ်ယောက် လုပ်ပေါက်က ကိုယ့်သေတွင်း ကိုယ်တူးတဲ့ လုပ်ပေါက်ပါလား။ ဟင် ပြောပါဦး၊ ပညာရှိကြီး ကိုဂျာအေးရဲ့၊ ကျုပ်ယောက်ျားကိုပါ အချုပ်ထဲရောက်အောင် လမ်းညွှန်နေတာလား ဟင်။ ပြောကြပါဦး၊ ရှင်တို့နှစ်ယောက်မှာ အိပ်စရာမရှိလို့ အချုပ်ခန်းထဲ ဝင်အိပ်ဖို့ ကြံနေကြသလား"

"ဟာ - တိုးတိုးပြောပါ မိန်းမရာ၊ ဒီကိစ္စ ဂျာအေးအမှား မဟုတ်ပါဘူးကွာ"

"ရှင် ကြားက ကန့်လန့်လုပ်လာပြန်ပြီလား ကိုကိုဖျောက်"





"ယောလကွယ်"

"ရှင်ကြီး ဂျာအေး လမ်းညွှန်တဲ့အတိုင်း လိုက်ရင် မကြာခင် ထောင်ထမင်း၊ ထောင်ဟင်းစား . . ."

"ဟာ - တိုးတိုးပြောပါဆိုကွာ။ တကယ်တော့ ငါတို့နှစ်ယောက် ချမ်းသာလေးလို့ လုပ်ကြည့်ကြတာပါ။ ဒါ အားလုံးအကျိုးအတွက်ပါ မိန်းမရယ်"

"တော်စမ်း၊ တော်တော် တော်ကြီး ထပ်မပြောနဲ့။ နောက်က ထမင်းထုပ်ထမ်းပြီး လိုက်ရမယ့်ကိစ္စ တော်. . . ဖန်တီးတာပဲ၊ ကောင်းကောင်းနေတာ မကြည့်ချင်ဘူးလား ပြောပါဦး"

"ဟာ - မိန်းမကလည်းကွာ၊ လူဆိုတာ တစ်ခါတစ်ခါတော့ မှားမိပါပေါ့ကွာ"

"ဘာ - တော်ကြီးက အမြဲ မှားနေတာလေ။ တော်ကြီးမှားတဲ့ အမှားတွေသာပုံထားရရင် ဟောဒီ တဲနှစ်လုံးစာ ရှိနေလောက်ပြီ"

"ဟော"

"ဟဲဟဲ အမှားများလေ အမှန်တရားနဲ့ နီးလေပေါ့ မပုလေးရာ။ ဆရာဖျောက်ကို အဲဒီလောက် မပုတ်ခတ်စမ်းပါနဲ့။ ဆရာဖျောက် နဖူးရေ ဒူးရေကြည့်။ တစ်ချိန်မှာ အကြီးအကျယ် ချမ်းသာလာမှာဗျ"

"ဘာ - တိတ်စမ်း မှင်စာ၊ နင်. . . နင် ငါ့ယောက်ျားကို ဒုက္ခတွေ၊ အမှားတွေ၊ ပြဿနာတွေချည်းပဲ ပေးနေပါလား။ ဟို ငါ့ယောက်ျား ကိုပိုက်ဘောကလည်း လာသမျှဘော ဒိုင်ဖင်ထိုးဖမ်းမယ့်လူ၊ လိုက်လည်း လိုက်ပါ့တော်။ ကိုင်း ရှင်တို့နှစ်ယောက်စလုံး ဘာအလုပ်မှ မဖြစ်ဘူးဆိုရင် ထမင်းကို ရှင်တို့ဘာသာ ကြံဖန်စားကြပေတော့"

"ဟော"

"ဟိုက်"

နှစ်ယောက်စလုံး အပုလေး၏ စကားကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့ကြ၏။ ထိုအချိန်တွင် အပုလေးသည် ကလေးကို ဝတ်စား ဖြီးလိမ်းပေးပြီးသည်နှင့် အိမ်ပေါ်မှ ဆောင့်ခေါင့် ဆောင့်ဆောင့်နှင့် ဆင်းသွားလေတော့၏။

ထိုအခါ ဆရာတပည့်နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်နေကြ၏။

"ဂျာအေး"

"ဗျာ - ဆရာဖျောက်"



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာတော့ စပြီဟေ့၊ ဘာလုပ်ကြမလဲ။ ကေန္တ ငါ့မိန်းမ အပုလေးတစ်ယောက် ကြားစကားတွေ နားဝင်နေပြီ ထင်တယ်ကွ"

"သိပ်ဟုတ်တာပေါ့ ဆရာဖျောက်ရာ၊ လမ်းထိပ်အိမ်ကို အမြဲ သွားနေမှတော့ ဒေါ်ရွှေဆုံရဲ့လေ မိပြီပေါ့ဗျာ။ ဒေါ်ရွှေဆုံက တစ်ခုလပ်ကြီးဗျ၊ ယောကျ်ားဆို သူ့အိမ်ရိပ်ကို နင်းလို့ရတာ မဟုတ်ဘူးဗျ။ ယောကျ်ားတွေ မကောင်းကြောင်းတအားပြောတဲ့ မိန်းမကြီး။ ဒီတော့ မပုလေးကိုလည်း စည်းရုံးထားပုံရတယ်ဗျ။ ပြီးတော့ မပုလေးက အဲဒီမှာ စားအိမ်သောက်အိမ် ဖြစ်နေတာနော်။ ကြည့်လည်း ပြောထားဦးဗျ"

"ဟာကွာ အပုလေးကို ငါ မပြောရဲပါဘူးကွာ။ လေသံဟလိုက်တာနဲ့ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်မယ့်မိန်းမကွ။ ဒုက္ခပါပဲ"

"သိပ်လည်း ခေါင်းရှုပ်မခံစမ်းပါနဲ့ ဆရာဖျောက်ရာ၊ ကိုယ့်စိတ်ကိုယ် ကြိုးမတုပ်စမ်းပါနဲ့။ အရေးကြီးတာ စိတ်ထွက်ပေါက် ရှာထားဖို့ပဲ"

"ဟေ့ ထွက်ပေါက်၊ ဘယ်လို ထွက်ရမှာလဲကွ"

"လာစမ်းပါ ဆရာဖျောက်ရာ၊ ကျွန်တော့်မှာ ဆေးရှိပါတယ်။ ဘေးမဖြစ်တဲ့အပြင် အတွေးသစ်တောင် ရနိုင်တဲ့ဆေးဗျ"

"ဟေ - ဟုတ်မှလည်း ပြောပါကွာ၊ ဘာဆေးတုံး ဘုန်းကြီးပွတ် လျှာပွတ်ဆေးလား"

"ဟာ - လာပါဗျာ"

မိန်းမစကားကြောင့် လင်းတကြီးလို မှိုင်တွေချနေသော ဖျောက်ဆိပ်ခမျာ ဂျာအေး ခေါ်ရာနောက်သို့ ကန့်လန့်ကန့်လန့်နှင့် လိုက်ပါသွားလေတော့၏။

သူတို့ ဦးတည်ရာက တစ်လမ်းကျော်တွင် ဖွင့်ထားသော ကိုချာတိတ် အရက်ဆိုင်ပင် ဖြစ်လေ၏။ ကိုချာတိတ်၏အသွင်မှာ ညှဉ်းသိုးသိုး ညောင်နာနာ အသွင်ရှိပြီး မျက်နှာပေါ်တွင် ကျောက်ပေါက်ရာ အပြည့်ရှိ၏။ ဇနီးလုပ်သူ ဒေါ်ခွေးမသည် အလွန်တရာမှ အပေါက်ဆိုးလှသော်လည်း အရက်သမားအများစုကို သံယောဇဉ် ရှိနေသူ ဖြစ်လေ၏။

ဒေါ်ခွေးမသည် ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦး လာသည်ကို မြင်သည်နှင့် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွား၏။ သူ အထိတ်လန့်ဆုံးလူက ဂျာအေး။ ထင်ရာပြော ထင်ရာလုပ်တတ်လွန်းသဖြင့် လိုက်ရှင်းရသည်မှာလည်း ခဏခဏ။ ဖောက်သည် တချို့မှာလည်း ဂျာအေးလာလျှင် စောင်းငန်းစောင်းငန်းနှင့် မကျေမချမ်း ဖြစ်တတ်ကြလေ၏။





ထိုအခြေအနေကြောင့် ဒေါ်ခွေးမတစ်ယောက် ဂျာအေး ဆိုင်မလာပါစေနှင့် အမြဲ ဆုတောင်းနေရ၏။ ယခုတော့ သူမ၏ဆုတောင်း မပြည့်ပါချေ။ ဆိုင်အမိုးအောက် ကုန်းကုန်းကွကွနှင့် ရောက်ရှိလာသော ဂျာအေး။ မျက်နှာကပ်ဖြဲဖြဲ၊ သူ့ကို မြင်တော့ မည်းညစ်နေသည့် သွားများကို ပြုံးပြီး ပြောလိုက်၏။

"နေကောင်းလား ဒေါ်ခွေးမ"

"ဟင် - နင်. . . နင် ဘာလာလုပ်သလဲ"

"ဩော် - မေးနေရသေးလားဗျာ၊ ဘုရားဖူးလာတာမှ မဟုတ်တာ။ အရက်ဆိုင်လာတာ အရက်သောက်ဖို့ပေါ့ဗျာ"

"အင် - အရက်သောက်"

"ဟုတ်တယ်လေ၊ လုပ်စမ်းပါ ဒေါ်ခွေးမရယ်။ ဒေါ်ခွေးမဆိုင်ဟာ တကယ်ငြိမ်းချမ်းသာယာမှု အပေါင်းနှင့် ပြည့်စုံတဲ့ ဘုမိနက်သန်ကလေးဗျ။ အမြည်းကလည်း ကောင်း၊ အရက်ကလည်း ကောင်း၊ အကောင်းတကာ့ ထိပ်ခေါင် ဆိုင်ကလေးပဲတို့"

ဂျာအေးတစ်ယောက် ဒေါ်ခွေးမ၏ နှလုံးသည်းပွတ်ကို ဖျားရည်လောင်းချလိုက်သလို ချိုအီဖွယ်ကောင်းလှသော စကားတို့နှင့် ခပ်ပင့်ပင့် ပြောချလိုက်၏။ သူ့စကားကြောင့် ဒေါ်ခွေးမ တင်းထားသည့်မာန်တွေ ဟုတ်ခနဲ ကျေပျက်သွားခဲ့ရလေ၏.

"နင်တို့ သောက်မယ်ဆို ကောင်းကောင်းသောက်နော်၊ ပြဿနာ မရှာနဲ့။ ဘာမြည်းမလဲပြော၊ ဘဲခေါင်းသုပ် ကြိုက်လားပြော။ ရှောက်ရွက်နိုင်နိုင်၊ ဆီချက်နိုင်နိုင်နဲ့ သုပ်ထားတာနော်။ ပြီးတော့ ကြက်ဆီနဲ့ ချက်ထားတဲ့ ခွေးတောက်ရွက်ဟင်းချိုလည်း ရှိတယ်။ ပူလည်းပူတယ်၊ အရက်သမားနဲ့ တအားတည့်တာ"

"ဟာ ဒါဆိုလုပ်ဗျာ၊ ဒေါ်ခွေးမက အပြောသာဆိုးတာ လက်ရာကတော့ မမှီနိုင်အောင်ပါပဲဗျာ"

"တော်စမ်းပါ ဂျာအေးရယ်၊ နင်ကလည်း အချင်းချင်း မြှောက်နေပြန်ပြီ"

နောက်ဆုံးတော့ ဒေါ်ခွေးမတစ်ယောက် ဂျာအေး၏ ခပ်ပင့်ပင့် ပြောချလိုက်သော စကားလုံးများကြား အရည်ချာလည် ဖြစ်သွားလေတော့၏။ ထိုအချိန်တွင် သူတို့နှစ်ဦးကို ကြည့်ပြီး မကျေမချမ်း ဖြစ်နေသူက ပီလိုဦးလေးတိုချာလီ။

အကြောင်းက တခြားမဟုတ်၊ ကိုချာလီက ရပ်ကွက်ထဲတွင် အရှိန်အဝါကြီးလှ၏။ မိန်းမကလည်း ရှာနိုင်ဖွေနိုင်သူ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လင်မယားနှစ်ယောက်စလုံး၏ ကိုယ်ပေါ်တွင် ရွှေတွေက အတုံးလိုက် အတစ်လိုက်။ စားမယ့် သားသမီးငယ်ကလည်း မရှိ။ ကပ်စေးနှဲလိုက်သည်မှာလည်း အံ့ဖွယ်ပင်။ တစ်ပြားကို နှစ်ပြား ခွာနေကြသော လင်မယား ဖြစ်၏။ အလှူအတန်းလည်း မရှိ၊ ပေးကမ်းမှု ဆိုသည်မှာ ဝေလာဝေး။ သူတို့နှစ်ဦးစလုံး၏ရင်ထဲ ချမ်းသာပြီးရင်း ချမ်းသာချင်နေကြ၏။

ယခုလည်း ကိုချာလီ အရက်ဆိုင်ထဲ ရောက်နေ၏။ အမှန်မတော့ သူတို့ ချမ်းသာမှုအရ ဝီစကီတို့၊ ရမ်တို့၊ ဂျော်နီဝါးကားတို့ကို ဒူးနှန့်သောက်နိုင်သော်လည်း ပိုက်ဆံကုန်မည်စိုးသဖြင့် အရက်ဆိုင်တွင် ချက်အရက် လာမော့ခြင်း ဖြစ်၏။

သူ ဂျာအေးကို မကျေမချမ်း ဖြစ်ရသည်က သူ့ကို အမြဲတမ်း မှခိုးမခန့် ပြောတတ်သည့် အချက်ပင် ဖြစ်လေ၏။ ထို့အပြင် အရပ်လူကြီး ဦးပွနှင့် ဂျာအေးတို့ နှစ်ဦးကလည်း လေပေးဖြောင့်နေ၏။ ဦးပွက ကိုချာလီ အပြုအမူများကို မနှစ်မြို့။

ကိုချာလီ၏ရင်ထဲ ဂျာအေးနှင့် ဖျောက်ဆိပ်တို့ နှစ်ဦးသည် ဦးပွ၏ သူလျှိုများဟု အထင်ရှိနေ၏။ ထိုအချက်ကြောင့်လည်း ဂျာအေးတို့ ဝင်လာသည်ကို မှုန်တေတေ ကြည့်နေခြင်း ဖြစ်လေ၏။ သို့သော် ကိုချာလီတွင် မြောက်ပင့်ပြောလျှင် သွေးတကြွကြွ ဖြစ်တတ်သည့်ဉာဉ် ရှိ၏။ ထိုအချက်ကို ဂျာအေးက ကောင်းစွာ သိရှိနေ၏။

ယခုလည်း သူ့ကို မှုန်တေတေ ကြည့်နေသော ကိုချာလီကို မြင်သည်နှင့် ဂျာအေး အမြှောက်အပင့် စကားများဖြင့် ပြောလေတော့၏။

"ဟာ ကိုချာကြီးပါလားဗျာ"

"ဟိတ်ကောင်၊ ငါ့နာမည် အပြည့်အစုံခေါ်စမ်း"

"အဲ - ဟုတ်သား ဆရာချာလီ၊ ဟုတ်ပေသားပဲ။ မှားသွားလို့ပါဆရာချာလီရယ်၊ ဘယ်လိုတုံး မနေ့က အိမ်မှာသောက်နေတဲ့ ဟို ရှန်ပူလား၊ အဲ ဘာလား"

"ဟာ ရှန်ပိန်ပါကွ"

"ဟုတ်ပြီ၊ ရှန်ပိန်ကြီး ကုန်သွားပြီလား ဆရာချာလီရဲ့။ တော်တော် ဈေးကြီးမှာပဲနော်။ အရောင်ကလည်း ကျောင်း၊ အနံ့ကလည်း ကောင်းနဲ့ အတော့်ကို ကောင်းမှာပဲနော်"

"ဟဲဟဲ ရှိတော့ ရှိပါသေးတယ်ကွာ၊ ငါ့စိတ်ထဲ နုတယ်ထင်လို့ ပေးပစ်လိုက်ချင်ပြီကွ။ ငါ့ပါးစပ်က ချက်အရက် ကြမ်းရှရှလေးမှ ကြိုက်တာကွ"





"ဒီလိုကိုး၊ ဒါပေမယ့် ဆရာချာလီ့ပုံက ချက်အရက် သောက်တာနဲ့ မတူဘူးဗျ၊ ဘယ်လိုတုံးဗျ"

"ဟေ - ဘာလဲကွ"

"ဟိုဗျာ ကိုချာလီ့မိန်းမက ပိုက်ဆံရှာ တအား ကောင်းတာပဲနော်။ ပိုက်ဆံထားစရာရော ရှိသေးရဲ့လားဗျ၊ ဟိုတစ်လောက ကြားတာတော့ ပိုက်ဆံကို ဗီရိုနဲ့တောင် ထားနေရပြီဆို"

"ဟဲဟဲ မင်းကလည်းကွာ၊ မေးစရာမဟုတ် မေးနေပြန်ပြီ။ ငါ့မိန်းမက ပိုက်ဆံစက်ကြီးကွ၊ ပိုက်ဆံစက်တစ်လုံး ထောင်ထားသလိုပေါ့ကွာ"

"ဗျာ ပိုက်ဆံစက် ထောင်ထားတယ် ဟုတ်လား၊ ဒါဆို ပိုက်ဆံအတုတွေများ လုပ် . . ."

"ဟိတ်ကောင် စကားပြောတာ ကြည့်ပြောစမ်းပါကွာ၊ ငါ ဒီအလုပ် လုပ်ပါ့မလားကွ"

"အဲ - ဟုတ်သားပဲ၊ ရတနာရှိမှ ရတနာ လာသပေါ့ဗျာ။ ပါရမီကလည်း ကောင်းပါ့ဗျာ၊ ချမ်းသာတဲ့လူတွေဟာ နတ်လိုင်စင် ရထားပြီတဲ့ဗျ"

"ဟေ - နတ်လိုင်စင်"

"ဟုတ်တယ်၊ ချမ်းသာတော့ နောက်ကြောင်းအေးသဗျာ။ နောက်ကြောင်းအေးတော့ ဘုရားအရေး၊ တရားအရေး လုပ်နိုင်သဗျ။ ဒီတော့ကာ နတ်ပြည်ကို လျှောခနဲ ရောက်သွားနိုင်တဲ့ အခြေအနေ ရှိသပေါ့ဗျာ။ တကယ်တော့ နတ်လိုင်စင် ဆိုတာ ပိုက်ဆံပဲဗျ။ ခုလည်း ဆရာချာလီပုံက နတ်သားလိုလို ဘာလိုလို နဲ့ဗျ"

"ဟေ"

ဂျာအေး၏ အချွန်အမ စကားတွင် မြောက်ကြွမြောက်ကြွ ဖြစ်လာ၏။ စောစောက မကျေနပ်မှု အားလုံး ဘယ်ဆီရောက်ကုန်ပြီ မသိ။ မှုန်ကုတ်ကုတ် အမူအရာများလည်း ကြက်ပျောက်ငှက်ပျောက် ဖြစ်ကုန်၏။ ဂျာအေးနှင့် ဖျောက်ဆိပ်တို့ နှစ်ဦးကိုလည်း တစ်ဝိုင်းတည်း ထိုင်ရန် ဖိတ်ခေါ်လိုက်၏။

ဖျောက်ဆိပ်မှာ ဂျာအေး အပြောအဆိုကို ကြည့်ပြီး ရင်တထိတ်ထိတ် ခံစားနေရ၏။ ချာလီအကြောင်းကို သူအသိဆုံး၊ ချာလီက လူရုပ်၊ ပိုက်ဆံရှိသဖြင့် တပည့်တပန်း ပေါ၏။ မိန်းမ ရုပ်၏။ မဟုတ်တာကိုမှ ရွေးပြီး လုပ်ချင်၏။ မိန်းမကွယ်ရာတွင် ထင်သလို ကြဲတတ်၏။

သို့သော် ကပ်စေးနှဲသည့်နေရာမှာတော့ ပြိုင်ဘက်ကင်းလှ၏။ ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ် တွက်ချက်ပြီးမှ လုပ်တတ်သူ ဖြစ်၏။ ကိုယ်ကျိုးမပါလျှင် ချာလီက လှည့်တောင် မကြည့်။ ထိုသို့သော ပုဂ္ဂိုလ်များကို ဂျာအေး မြှောက်ပင့်ပြောဆိုနေခြင်းသည် အန္တရာယ် သေးလှသည်တော့ မဟုတ်ပါချေ။ ထိုစဉ် ဂျာအေး၏အသံ ပေါ်လာ၏။

"ဆရာချာလီကတော့ ရပ်ကွက်ထဲမှာ တကယ့် ဦးဘောဂပဲဗျာ၊ တစ်ခုတော့ ရှိတယ်. . ."

"ဘာတုံးကွ"

"ချမ်းသာတဲ့လူဟာ အနေအထိုင် အစားအသောက်ကအစ အထိုက်အလျောက်တော့ ခမ်းခမ်းနားနား ရှိရမှာပေါ့။ ဟုတ်ဖူးလား"

"အေး - ဟုတ်တယ်၊ ဘာဖြစ်သတုံး"

"ခုဥစ္စာ ဆရာချာလီတို့ မူဝါဒက ထမင်းကြမ်းခဲကိုက်ပြီး စိန်နားကပ်ပန်ထားတော့ တစ်မျိုးကြီးပဲဗျ။ ပြီးတော့ နတ်လိုင်စင် ရထားပေမယ့် နတ်ပြည်ဝင်ပေါက်မှာ တစ်လစ်ကြီး ဖြစ်သွားနိုင်တယ်ဗျ"

"ဟေ - စောစောကပဲ နတ်လိုင်စင် ရထားတယ်ဆို"

"ဟုတ်တယ်လေ၊ လိုင်စင်ရတိုင်း နတ်ပြည်သွားရတာ မဟုတ်ဘူးဗျ"

"ဟေ - ဟကောင်၊ မင်း. . . မင်းက သွားဖူးလို့လားကွ"

"ဟဲဟဲ မရောက်ဘူးပေမယ့် တွေးကြည့်ရင် မြေးကြည့်တာထက် မှန်ပါတယ်ဗျ။ ဒီတော့ကာ နတ်လိုင်စင်ကိုင်ပြီး အဝီစိ ကျွမ်းထိုးဝင်ရတဲ့လူတွေ တစ်ပုံကြီးဗျ။ ဒီအထဲမှာ ဆရာချာလီတို့လင်မယား စာရင်းပါသွားရင် အခက်ပဲ"

"ဟေ"

ဂျာအေး စကားများက တဖြည်းဖြည်း လိုင်းပြောင်းလာ၏။ နတ်ပြည် လျှောခနဲ ရောက်ရမည်မှ ချာလီ ဝမ်းသာအားရ ဖြစ်နေစဉ် အဝီစိထဲ ကျွမ်းထိုးဝင်ရမည် ဆိုပြန်တော့ ချာလီ မကျေမချမ်း ဖြစ်သွား၏။ ပြုံးနေရာမှ မှုန်ကုတ်ကုတ် ဖြစ်လာ၏။ ဖျောက်ဆိပ်က ဂျာအေးကို လက်ကုတ် အချက်ပေးရင်း ခွက်ထဲမှ အရက်ကို သောက်လိုက်၏။

"ဟကောင်ရ၊ စောစောကပဲ နတ်ပြည်သွားရမယ်ပြောပြီး ခုချက်ချင်း အဝီစိ ရောက်ရတော့မယ့်ကိန်း ဆိုက်နေပြီကွ။ မင်းစကားတွေက တောင်တစ်ခွန်း မြောက်တစ်ခွန်းပါလား။ ဆင်ဆင်ခြင်ခြင် ပြောစမ်းကွာ။ ငါ ဘယ်သူ ဘယ်ဝါဆိုတာ မင်း မသိဘူးလား"

"သိပ်သိတာပေါ့ ဆရာချာလီရဲ့ ကျုပ်က သတိပေးတဲ့ သဘောပါဗျာ။





ကိုယ့်လက်ထဲမှာ နတ်လိုင်စင်ကြီးရှိပြီး နတ်ပြည်ဝင်ခွင့် မရတာ နာသဗျ"

"ဟေ - မင်းဥစ္စာ ဘယ်လို. . ."

"ကျုပ်ပြောမယ် နတ်ပြည် လျှောခနဲ ရောက်ချင်ရင် စိတ်စေတနာ ကောင်းရတယ်ဗျ"

"ဘာ - မင်းက ငါ့ကို စိတ်ပုပ် စိတ်ယုတ်တွေ. . ."

"ဟာ - ကျုပ်ပြောတာ စကားမဆုံးသေးဘူးလေဗျာ။ အဲ-စိတ်ကောင်းထားရမယ်၊ လူတွေကို ကျွေးမွေးလှူဒါန်းရမယ်။ ကိုယ်တိုင်လည်း ကောင်းကောင်းစား၊ ကောင်းကောင်း နေရမယ်ဗျ။ ဒါဆို ခင်ဗျား နတ်ပြည်ကို အရှင်လတ်လတ် ရောက်သွားမှာဗျ"

"ဟင်"

"ကျုပ်ပြောတာ မဟုတ်ဘူးလားဗျာ"

"ဟုတ် . . . ဟုတ်တော့ ဟုတ်သပေါ့ကွာ၊ ဒါပေမယ့် ငါ့မိန်းမက ပြောတာ ရှိသကွာ၊ နတ်ပြည်တွေ ဘာတွေ ဘေးချိတ်၊ လောလောဆယ် လက်ရှိဘဝ ချမ်းသာရင် အကောင်းဆုံးပဲတဲ့ကွ။ ကိုင်း- ထားပါတော့ ဂျာအေးရာ၊ မင်းပြောတဲ့ နတ်လိုင်စင်ကိစ္စက တစ်မျိုးကြီးကွ။ ငါ့မိန်းမ လက်ခံမှာ မဟုတ်ဘူး"

"ဗျာ၊ ဒါဆို ဆရာချာလီက မိန်းမ ခွင့်ပြုချက်ရမှ နတ်ပြည်သွားမယ်ပေါ့"

"အေး - ဟဲဟဲ အဲဒီလိုပေါ့"

"အံ့ပါ့ဗျာ၊ ဒါဆို ကျုပ်ဆရာ ဖျောက်ဆိပ်နဲ့ တစ်ဂိုဏ်းတည်းပဲကိုး"

"ဟေ"

အမြည်းမြည်းလိုက် အရက်သောက်လိုက်နှင့် ဝေဝေဝါဝါ ဖြစ်နေသော ဖျောက်ဆိပ်ခမျာ ဂျာအေး၏ စကားကြောင့် တွန့်ခနဲ ဖြစ်သွား၏။

"ဟကောင်၊ မင်း ငါ့ဆွဲမထည့်ပါနဲ့ကွာ။ ငါ့မိန်းမ အပုလေးက သဘောဖြူ အူစင်းပါကွ"

"ဟော့လူ ခင်ဗျားမိန်းမက အူစင်းတယ်ဆိုတော့ ကျုပ်မိန်းမက အူခေါက်နေလို့လား"

"ပြောတတ်ဖူးလေ၊ အူကြာကြာခေါက်ရင် ပုပ်တတ်တယ် ကိုချာကြီးရဲ့။ အူဖြတ်ပစ်လိုက်၊ အူမရှိရင် အစာအိမ်ထဲ အစာထည့်စရာ မလိုတော့ဘူးပေါ့ဗျာ"

"ဟော့လူ ကိုဖျောက်ဆိပ်၊ ခင်ဗျားစကားက ဘာတွေတုံး။ ကျုပ်မိန်းမရဲ့ အသရေကို ပုတ်ခတ်တာလား"

"ဟာ - ဟုတ်ရပါဘူး ကိုချာကြီးရာ၊ သဘောပြောတာပါ။ တို့ အူတို့



www.burmeseclassic.com

www.burmeseclassic.com



အစာအိမ်တို့ဆိုတာ တကယ်တော့ လူကို ကောင်းကောင်း ဒုက္ခပေးတဲ့ ပလီဗောစတွေဗျ။ ဖြစ်နိုင်ရင် ဆေးရုံတက်ပြီး ဖြတ်သာဖြတ်"

"ဗျာ"

ချာလီတစ်ယောက် ဖျောက်ဆိပ်၏ စကားကြောင့် ချာချာလည်နေ၏။ ဂျာအေးက နတ်လိုင်စင်ကိစ္စနှင့် သူ့ကို မွှေ၏။ ဖျောက်ဆိပ်က အူတွေ၊ အစာအိမ်တွေနှင့် မွှေ၏။ နောက်ဆုံးတော့ ချာလီ အရက်ကြောင့်မမူးဘဲ သူတို့စကားကြောင့် မူးတူးတူး ဖြစ်သွား၏။ ထို့ကြောင့်လည်း လက်ကျန်ကိုသောက်ပြီး ခွက်ကပ်ထဲ ရေနည်းနည်းရောကာ ထပ်သောက်လိုက်၏။ ထိုမြင်ကွင်းကို ကြည့်ပြီး ဂျာအေး အံ့ဩသွား၏။

"ဘာလုပ်တာလဲ ဆရာချာလီရဲ့"

"ဟဲဟဲ ခွက်မှာ အရက်တွေ ကပ်နေတယ်လေကွာ၊ အလဟဿ ဖြစ်သွားရင် နှမြောစရာကြီးကွ။ ဒါကြောင့် ရေနဲ့ ဆေးကြောပြီး သောက်လိုက်တာ"

"အံ့ဩစရာပဲဗျာ၊ ဒီလောက်လည်း ကပ်စေးမနဲ့စမ်းပါနဲ့ဗျာ။ ပိုက်ဆံတွေထားစရာမရှိအောင် ချမ်းသာတဲ့ လူ့ဘဝမှာ ကောင်းကောင်း ဖြုန်းပစ်လိုက်စမ်းပါဗျာ။ အမှန်ဆို ဆရာချာလီက ကာရာအိုကေတို့ ဘာတို့မှာ သွားပြီး ဘီယာလေးသောက်လိုက်၊ မိန်းမချောလေးတွေ ပြုစုတာ၊ သီချင်းဆိုတာကို ဖိမ်ခံသင့်တာဗျ။ ဆရာချာလီရဲ့ ဥပမိရုပ်က အဖြူရုပ် မဟုတ်ဘူးဗျ"

"တော် တော်ပါတော့ ဂျာအေးရာ၊ ကိုင်း - မင်းဟာ ငါ့ကို နတ်လိုင်စင်တွေ၊ အဖြူရုပ်တွေနဲ့ ရှုပ်အောင် ပြောပြီး ခေါင်းစားအောင် လုပ်နေတယ်။ ဒီတော့ အခု မင်း ဘာလုပ်ချင်လဲပြော၊ မင်း ပြောသလို ငါ နတ်လိုင်စင် ကိုင်ထားပြီဆိုတော့ နတ်ပြည်ကို လျှောခနဲ ဝင်ချင်တယ်။ ငါ မင်းကို အရက်တစ်ပိုင်း လှူမကွာ၊ အမြည်းကတော့ မင်းဘာသာမင်း ဝယ်ပေတော့"

"ဗျာ"

"ဘယ်လိုလဲ၊ ငါပြောတာ သဘောမကျဘူးလား။ ပြီးတော့ မင်းပြောတဲ့ စကားတွေကိုလည်း ငါ စဉ်းစားရမယ်။ ဟုတ်တယ်၊ ငါဟာ ကာရာအိုကေမှာ ထိုင်သင့်တဲ့လူပဲ။ ကိုင်း - သောက်ကြဦးကွာ၊ ငါ သွားတော့မယ်"

ချာလီတစ်ယောက် ဂျာအေးကို အရက်တစ်ပိုင်း မှာပေးခဲ့ကာ ချာလည်ချာလည်နှင့် ဆိုင်ထဲမှ ထွက်သွားလေ၏။

"ကိုကြီးဖျောက်"

"ဟေလကွာ"





"မြင်လား၊ ဒါ ကိုချာကြီးဆီက အမြတ်ထုတ်လိုက်တာဗျ။ တော်တော်ကပ်စေးနှဲပြီး တစ်ကိုယ်ကောင်းဆန်တဲ့လူကြီးဗျ"

"ဟုတ်ပါ့ကွာ၊ ဒါပေမယ့် မင်းပြောတဲ့ကိစ္စမှာ ငါ တစ်ခုတော့ တွေးမိသကွ"

"ဘာတုံးဗျ"

"ဟိုကွာ နတ်လိုင်စင်၊ ဟဲဟဲ အဲဒီကိစ္စဟာ တော်တော့်ကို တာသွားတာပဲကွ"

"အဟုတ်ပေါ့ဗျာ၊ နတ်လိုင်စင်ဆိုတာ ပိုက်ဆံပဲလေ။ ပိုက်ဆံရှိရင် လူဟာ နတ်ပြည်ရောက်ဖို့ တစ်ဝက် ကျိန်းသေသွားပြီဗျ။ ဒါပေမယ့် ကျုပ် စဉ်းစားလို့မရတဲ့အချက် ရှိတယ်"

"ဘာဖြစ်လာပြန်တုံးကွာ"

"ဒီလိုဗျာ၊ ချာလီလို မဟုတ်ကဟုတ်က လုပ်တဲ့လူမှ ဘာကြောင့် နတ်လိုင်စင်ရှိနေသလဲ။ အဲဒီအချက်ကို ကျုပ် မကျေနပ်ဘူးဗျ"

"အေး - အဲဒီ မဟုတ်ကဟုတ်ကတွေက မင်းပြောတဲ့ နတ်လိုင်စင် ရရာရကြောင်းတွေပဲ ဖြစ်ရမယ်ကွ"

"ဗျာ - မဟုတ်ကဟုတ်က ဟုတ်ရဲ့လားဗျာ၊ ဒါ ကျိန်းသေရဲ့လား ဆရာဖျောက်ရာ။ အဲဒီလို ဖြစ်စဉ်ရှိသလား"

"ဟာ မင်းကလည်း ဝေးဝေးမကြည့်နဲ့။ ခု ငါတို့ သောက်နေတဲ့ ချာတိတ်တို့လင်မယား ကြည့်ပါလား။ အရက်ရောင်းတယ်"

"တိုးတိုးပြောပါဗျ"

"အေးပါကွာ၊ ငါ သိပါတယ်။ ကိုချာလီနဲ့လည်း ပြိုင်ဘက်ကွ။ ချာတိတ်တို့က ကလေးတွေ ရှိနေလို့ပေါ့။ မဟုတ်ရင် ဒီကောင်တွေလည်း ချာလီ နီးပါးလောက် စီးပွားရေးကောင်းနေသကွ"

"အိမ်း ဟုတ်ပေသားပဲ"

"အဲဒါ ပြောတာပေါ့ကွာ၊ အရေးကြီးတာ အမှားအမှန်ထက် အကျိုးအမြတ်ဟာ လက်တွေ့ဘဝမှာ အသုံးအကျဆုံးကွ။ ဟဲဟဲ ဒါ နောက်ဆုံး ငါ ထုတ်နုတ် ဖော်ထုတ်လိုက်တဲ့ နောက်ဆုံး တက်ကျမ်းပဲဟေ့"

"မဆိုးဘူး၊ ဆရာဖျောက်ဟာ တကယ့် ဆြာကြီးပဲကိုး။ ဒါဆို ကျွန်တော်သူခိုးမဲ့ညို့ကို လုပ်ချလိုက်တာ ထောက်ခံတယ်ပေါ့"

"အေးလကွာ၊ ဒါကြောင့် ငါကိုယ်တိုင် ဝင်လှုပ်ရှားတာ မင်းအသိပဲ"

"ဟဲဟဲ နှစ်ယောက်လုံး ထောင်ထဲရောက်တော့မလို့ ဖြစ်ရတာ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ အဲဒီ အချက်ကို ဆရာဖျောက် အဖြေရှာစမ်းဗျာ၊ ဒါ မဟုတ်ကဟုတ် ဖြစ်စဉ်ကို စမ်းသပ်ကြည့်တာလေ"

"ဟော - ဂျာအေး"

"ဘာတုံးဗျ"

"မင်းဟာ တစ်ခါနေ့တခြား ဒီရေအလား ပွားများထက်မြက် ဉာဏ် တက် ဆိုသလိုပါပဲလားကွ၊ ဟုတ်ပြီ အဲဒီ ဉာဏ်စဉ် ရှိလာပြီဆိုရင် မင်း နတ်လိုင်စင် ကျိန်းသေရမှာပဲဟေ့"

"ဗျာ - ဒါ . . . ဒါဆို စောစောကကိစ္စ. . ."

"သြော် - ဒါက လွယ်ပါတယ်ကွာ၊ မြေစမ်း ခရမ်းပျိုးကာလပဲ၊ ပြဿ တော့ ရှိမှာပဲ။ ဒါပေမယ့် အမှန်တရားဆိုတာ ရေမြေလိုက်တာပဲ ဂျာအေး ဟဲဟဲ လုပ် . . . ဆက်လုပ်"

"ကောင်းပါ့ဗျာ"

နှစ်ယောက်သား အတိုင်အဖောက် ညီလှ၏။ သောက်သုံးပြီးသွား အခါ ချာတိတ်တို့ လင်မယား၏ ကြွေးစာရင်းဘုတ်တွင် အကြွေးမှတ်ခိုင်း ၏။ ထို့နောက် ဆရာတပည့်နှစ်ဦး ဆိုင်ထဲမှ ယိုင်တိယိုင်ထိုးနှင့် ထွက်ခဲ့ကြ တော့၏။

* * *



## အခန်း (၂)

ကားပေါ်တက်လာသည့် ငနဲသားကို မြင်ကတည်းက ဂျာအေး ရိပ်မိနေ၏။ ခရီးသည် ပြွတ်သိပ်နေသည့်ကြား တိုးဝှေ့ရင်း အခြေနေကို စောင့်ကြည့်နေ၏။ အချိန်က ရုံးဆင်းချိန်ဖြစ်၍ အပြေးအလွှား လှုပ်ရှားနေရသည့်အချိန်။ ကားချင်း၊ လူချင်း မဟာဗျူဟာနည်းဗျူဟာ ဆင်နေရသောအချိန်။

ခရီးသည်များကလည်း အဆင်းမရှိ အတက်တွေသာ များလှ၏။ ဇော်ရ ဟစ်ရသည် ဘှာလည်း လည်ချောင်းကွဲမတတ်။ ခရီးသည်ထဲတွင် လူအမျိုးမျိုး စိတ်အထွေထွေ၊

တချို့က ကိုယ်ချင်းစာစိတ် ရှိကြ၏။

တချို့က ကိုယ့်တွက်သာ ကြည့်ကြ၏။

တချို့က ရိုးသားမှု အနုဋ္ဌ။

တချို့က ယုတ်မာညစ်ညမ်းမှု အပြည့်အမောက်။

အသားယူချင်သူလည်း ပါ၏။ စကားဆူချင်သူလည်း ပါ၏။ အမည်စုံလှ သည့် ညနေခင်း။ တက်လာသည့် ခရီးသည်တွေကလည်း နောက်ဘက် ဘိုးရမှာ အသေကြောက်ကြ၏။ ဇော်ဝေါက် ဆူပူသော်လည်း အပေါက်ဝနား ဖိတိုးနေ၏။

အပေါက်ရောက်သည်နှင့် အပေါက်ဝနီးသော နေရာကို အပြေးအလွှား ကုပ်တွယ်ထားတတ်ကြ၏။ ပြောလို့ဆိုလို့လည်း မရ။ ပြောပြန်တော့လည်း မ မင် ဆက်ဆံသည်ဆိုကာ ပြဿနာရှာနိုင်၏။ စပယ်ယာနှင့် ခရီးသည်ကြား အမှန်တရားသည် ဆရာဖျောက်ဆိပ် ပြောသလို ရေမြေလိုက်သည်ဟု ဆိုရ မည်ပင်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ဘက် ကြည့်တော့လည်း မှန်သလို၊ ကိုယ့်ဘက်က ကြည့်တော့လည်း မှန်နေ၏။ သူတို့လည်း ရုံးက၊ အလုပ်ခွင်က ဆင်းသည်နှင့် အိမ်ကို အလျင်အမြန် ပြန်ချင်ကြသည်သာ။ သူတို့ကလည်း အခေါက်ရေ၊ ကားခ၊ မာတ်ဆီ၊ ခရီးသည် စသော အချက်အလက်များကို ထည့်တွက်နေ၏။

စပယ်ယာ ဆိုတာလည်း လူမျိုး တစ်ရာ့တစ်ပါး။

ခရီးသည် ဆိုတာကလည်း လူမျိုး တစ်ရာ့တစ်ပါး။

စိတ်အစုံစုံ၊ လူအစုံစုံ၊ အမှန်တရားကလည်း အမျိုးစုံ။

ဘယ်သူမှန်၊ ဘယ်သူမှား ဆိုသည်ကို ကျိန်းသေကာမ ပြော၍ မရ။ ကားတွေ များသလောက် လူတွေ များ၏။ ရုံးဆင်းချိန် ရောက်ပြီဆိုလျှင် ရှိသမျှ ကားအားလုံး လူအပြည့်။ စပယ်ယာတွေခမျာ ချွေးတလုံးလုံး၊ မျက်လုံးပြူး မျက်ဆန်ပြူး။ လူတွေကြား တီကောင်တွေလို ခွေကာခေါက်ကာ၊ တိုးကာဝှေ့ကာ နှင့် တမျောမျော တိုးဝင်ရင်း ကားခ မရ ရအောင် တောင်းရ၏။

တချို့က ကားခတောင် မသဒ္ဓါချင်၊ ဟိုင့် ဒီရှောင် လုပ်တတ်၏။ မေးပြန်တော့လည်း ပေးပြီးသလိုလို လုပ်တတ်၏။ ဟောက်တန်ဟောက် ပြောတန်ပြော ရ၏။

တချို့ ခရီးသည်များခမျာ ကားခတောင် ရှိချင်မှ ရှိတတ်၏။

တချို့ကလည်း ရှိလျက်နှင့် မပေးချင်ကြ။ အမျိုးအမည် စုံလှသဖြင့် သူ မှားသည်လည်း ရှိသလို၊ ကိုယ်မှားသည်လည်း ရှိ၏။

တချို့ စပယ်ယာများက အကြွေ နောက်မှ အမ်းမည်ဆိုကာ ခရီးသည်များကို ရှောင်တတ်၏။ တချို့ ခရီးသည်တွေက သူတို့အပူနှင့် သူတို့မို ပေးထားသည့် ပိုက်ဆံကို အကြွေ ပြန်တောင်းရန် မေ့နေကြ၏။ မရိုးသားသော စပယ်ယာ အချို့အတွက်တော့ တွက်ခြေကိုက်လှ၏။ တောင်းလျှင်လည်း အမ်းမယ်ဘာမယ် ပြောပြီး မေ့သွားအောင် လုပ်တတ်၏။

တချို့ ခရီးသည်ကျတော့ မေ့သွားအောင် လုပ်လို့မရ။ အတင်း အော်ကြီး ဟစ်ကျယ် တောင်းတတ်၏။ စိတ်ဆတ်သည့် စပယ်ယာနှင့်တွေ့လျှင် ကားပေါ် တွင် ဘောက်ဆင်ပွဲ၊ နပန်းပွဲတွေ ဖြစ်ကုန်တတ်၏။

ဘတ်စ်ကားလောက၏ ဖြစ်စဉ်က ချိုချဉ်စပ်ခါး ရသာမျိုးစုံလှ၏။ ဘက် ပေါင်းစုံလှ၏။ အမှားတွေ၊ အမှန်တွေကလည်း သောင်းခြောက်ထောင်။ ကြာတော့လည်း ရိုးအီလာပြီ ဖြစ်၏။

ထိုအထဲတွင် အဆိုးဆုံးက ခါးဆိုသော ခါးပိုက်နှိုက် ပြဿနာပင်။





ဂျာအေးတို့လိုင်းတွင် ခါးတွေ ပေါလှ၏။ မကြာခဏလည်း မြင်ဖူးနေ၏။ လှုပ်ရှားမှုက အန္တရာယ် လက်တစ်ကမ်း။

ယခုလည်း ကားပေါ်တက်လာသည့် ငနဲသားက ခါး။ အရပ်ပုပု၊ ပေ စောင်းစောင်းရုပ်။ ဝတ်ထားသည့် စတိုင်က စမတ်ကျကျ၊ ဘယ်လိုမှ ခါးတစ် ကောင်လို့ မထင်ရက်စရာ။ ဂျာအေးက သူ့အထာကို သိနေ၏။

ထို့ကြောင့်လည်း ကားပေါ်တက်လာသည်နှင့် ငနဲသား ကိုခါးကို စောင့် ကြည့်နေရ၏။ ခရီးသည်တွေကလည်း တစ်ယောက်ပေါ်တစ်ယောက် ခွစီးကြ သော့မတတ်။ အနံ့ပေါင်းစုံ၊ လူပေါင်းစုံ၊ အသံဗလံပေါင်းစုံနှင့် ပြည့်ကျပ် ဖောင်း ကားနေသော ကားကြီး။

ဂျာအေးတစ်ယောက် ကားခတောင်းရင်း ကိုခါး အခြေအနေကို မကြာ ခဏ ကြည့်နေရ၏။ ထိုစဉ် ကိုခါးသည် ခပ်ချောချော အမျိုးသမီးလေး၏ပခုံးတွင် လွယ်ထားသော စလင်းဘက်ချ်လေးကို မျက်စိကျနေပုံရ၏။ သဲတင်းစာကြား တွင် ညှပ်ထားသော ဘရိတ်မားတစ်ချောင်းနှင့် မသိမသာ ခွဲစိတ်နေ၏။

ဂျာအေး၏စိတ်ထဲ မချိတင်ကဲ ခံစားနေရ၏။ ယခုလိုကိစ္စကို ကားပေါ် တွင် မဖြစ်စေချင်။ ဖြစ်လိုက်သည်နှင့် ရုံးရောက်၊ ဂတ်ရောက် အချိန်ကုန် လူပန်း ပိုက်ဆံလည်း မရနှင့် ပြဿနာက မှိုလိုပေါက်လာနိုင်၏။ ထို့ကြောင့်လည်း ကိုခါးနား ကပ်ပြီး အချက်ပေးလိုက်ရ၏။

ဂျာအေး၏ သတိပေးချက်ကို ကိုခါး ရိပ်မိသွား၏။ ကိုခါးက သူ့ကို ပြုံးစိစိ လှမ်းကြည့်၏။ ဂျာအေးက ခေါင်းခါပြလိုက်၏။ ကိုခါးက မှုပုံမပေါ်၊ ဆက်ပြီး လှုပ်ရှားနေ၏။ ဘရိတ်မားနှင့် စလင်းဘက်ချ်ကို ဖမ်းထောက်ကာ တတိတိ ခွဲယူရန် ကြိုးစားနေ၏။

အခြေအနေက ဘယ်လိုမှ တားမရ ဆီးမရသည့် အခြေနေ။ အော်ဟစ် ပြောဆိုလိုက်လျှင်လည်း ကိုခါးက သူ့ကို ရန်လုပ်မှာ သေချာ၏။ တစ်ခါကလည်း သူလို ဘဝတူစပယ်ယာ မော်ကြီး တစ်ယောက်ကို ကိုခါးက ဓားနှင့် ထိုးသွားဖူး၏။ ထို့ကြောင့် အရမ်းလည်း မဟန့်တားရဲ။

ဆက်မပြောတော့ဘဲ ခရီးသည်များကြား တိုးဝင်ကာ ကားခ လှည့်ပတ် တောင်းရင်း ဒရိုင်ဘာဖြစ်သူ ဦးလေးရွှေကိုအနီး ရောက်သွား၏။ သူ လေသံ တိုးတိုးနှင့် အချက်ပေး ပြောဆိုလိုက်၏။

စပယ်ယာနှင့် ဒရိုင်ဘာ နှစ်ဦးသာသိသော လျှို့ဝှက်စကားကြောင့် ဦးရွှေ ကိုသည် ကားကို နီးရာရဲစခန်းထဲ ဝေါခနဲ ထိုးဝင်သွားလေ၏။ လူတွေအားလုံး



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးပြူး မျက်ဆန်ပြူး။

ထိုအချိန် ဂျာအေးသည် ကားပေါ်မှ လွှားခနဲ ခုန်ချကာ စခန်းမှူး သတင်းပို့လိုက်၏။ ဂျာအေးထံမှ သတင်းရသည်နှင့် ရဲအမှုထမ်းများသည် ပေါ်တက်၍ ရှာဖွေရာ ခါးပိုက်နှိုက် သောင်းတင်ကို ချက်ချင်း ဖမ်းမိလိုက်

အိတ်အခွဲခံရသော အမျိုးသမီးငယ်မှာလည်း စခန်းရောက်မှ သူ ခွဲခံရမှန်း သိလိုက်၏။ သောင်းတင်က အိတ်ထဲမှ တစ်ထောင်တန် တစ်ထ နှိုက်ပြီးသား။ ဂျာအေး၏ စွမ်းဆောင်မှုကြောင့် ပြဿနာက အကျယ်အက မဖြစ်ဘဲ ပြီးဆုံးသွားခဲ့၏။ အမျိုးသမီးငယ်မှာ ကိစ္စအဝဝ ပြီးဆုံးသည်နှင့် ဂျာ ကို ကျေးဇူးတင်၍ မဆုံး။

"ကျေးဇူးတင်လိုက်တာ ကိုဂျာအေးရယ်"

"ရပါတယ်ဗျာ၊ ဒါ ကျွန်တော်တို့ရဲ့ တာဝန်ပဲဟာ။ ကားပေါ်မှာ ပြော လည်း မဖြစ်ဘူးဗျ၊ ပြောရင် သူတို့က ကျွန်တော့်ကို ရန်လုပ်မှာ သေချာတယ်

"ဒါပေါ့ရှင်၊ အန္တရာယ်ကြီးလိုက်တာ။ ကျွန်မနာမည် ရတနာပါ အေး။ အမှန်တော့ အဲဒီ ပိုက်ဆံတွေက ကုမ္ပဏီပိုက်ဆံတွေပါရှင်"

"ဟာ - ဘာဖြစ်လို့ အိတ်ထဲထည့် ယူလာတာလဲဗျ"

"ကျွန်မက ငွေကြေးကိစ္စ ကိုင်တွယ်တဲ့သူလေ။ အိတ်ထဲမှာ ခြေ လက်စောင့် အမြဲ ထားရတယ်ရှင့်။ အန္တရာယ် ဖြစ်လိမ့်မယ်လည်း မထင် ကိုဂျာအေးရယ်"

"အဲဒီလို မပေါ့ဆပါနဲ့ဗျာ၊ တစ်နည်းအားဖြင့် ပြောရရင် လူဆိုတာ မျိုး ရှိသဗျ၊ ကိုယ်လိုချည်းပဲ မှတ်လို့ မရဘူးနော်"

"ဟုတ်ပါတယ် ကိုဂျာအေးရယ်"

"ကဲကဲ ဒါဆိုလည်း သွားကြမယ်။ အချိန်နောက်ကျရင် ခရီးသည် ဒုက္ခရောက်နေမယ်"

"ဪ ဟုတ်သားပဲ၊ ကျွန်မဖြင့် ဘယ်လို ကျေးဇူးဆပ်ရမယ်မှန်း မသိပါဘူးရှင်"

"ရပါတယ်ဗျာ၊ သွားကြစို့"

ရတနာဆိုသော မိန်းမချောကလေးမှာ ဂျာအေး၏ ဖြူစင်သော ကို ဝမ်းသာမဆုံး ဖြစ်နေ၏။ ကျေးဇူးဆပ်သည့်အနေနှင့် ငွေကြေး သော်လည်း ဂျာအေးက ငြင်းဆိုနေသဖြင့် ဒရိုင်ဘာ ဦးရွှေကိုကို ပေးအပ် ၏။





ဂိတ်ရောက်တော့ ဦးရွှေကိုက ဂျာအေးကို တစ်ထောင်တန် ငါးရွက် ထုတ် းလိုက်၏။ ဂျာအေးသည် ဦးရွှေကို လက်ထဲမှ ပိုက်ဆံကိုကြည့်ကာ ကြောင်စီစီ နေ၏။

"ဘာတုံး ဦးလေး ရွှေကိုရ"

"ဟာ - ဟို ရတနာဆိုတဲ့ ကောင်မလေးက ငါ့ကို အတင်းပေးသွားတာကွ။ း မကယ်ရင် ငွေငါးသိန်း ပါသွားမှာ သေချာတယ်တဲ့"

"ဟာဗျာ မယူချင်ပါဘူးဆို၊ ဒါ ငွေနဲ့ တိုင်းတာတာပဲဗျ"

"ဘယ်ဟုတ်ပါ့မလဲကွာ၊ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသလိုပေါ့။ သူလည်း င်းကို စေတနာရှိလို့ ပေးလိုက်တာပဲကွာ။ ရော့ - ယူလိုက်"

"ဟာဗျာ၊ ကဲ ဒါဆို ဦးလေး နှစ်ထောင်ယူလိုက်၊ ဆရာဖျောက်ကို နှစ် ထောင်ပေးလိုက်။ ကျန်တဲ့တစ်ထောင်နဲ့ ဆိုင်ကို သွားမယ်"

"ဟာကွာ မဟုတ်တာ"

"ယူလိုက်ပါဗျာ"

နောက်ဆုံးတော့ ကားသိမ်းသည်နှင့် သူတို့သုံးဦး ဂိတ်က ဘုံဆိုင်ထဲ ရောက်နေ၏။ ဆိုင်ထဲတွင် အောက်လင်းမီး တထိန်ထိန်၊ အသောက်သမားတွေ လည်း ဆိုင်ထဲ တင်းကြမ်း။ သူတို့သုံးဦး စားပွဲတစ်ခုတွင် ဝိုင်း၍ ထိုင်လိုက် ကြ၏။

"ဂျာအေး၊ မင်းဟာ တစ်ခါတစ်ခါတော့လည်း လူစိတ်ရှိသားကွ"

"ဗျာ၊ ဟာ - ဆရာဖျောက်ကလည်း လူဆိုတာ အတ္တပရတော့ ရှိရမှာပေါ့ ဗျ။ ဒါပေမယ့် ခက်တာ အဲဒီ ခါးတွေပဲဗျ။ ဘာကြောင့်များ သူများပိုက်ဆံကို ဆိုချင်ပါလိမ့်"

"ဟာကွာ သူတို့လည်း လူတွေပဲလေ။ အမှန်အမှားကို မပိုင်ခြားဘူး၊ အရေး ကြီးတာ လောလောဆယ် ရှင်သန်မှုပဲကွ။ ဒါကြောင့် မင်းကို ငါ ပြောခဲ့တာပေါ့။ တစ်ခါတစ်ခါ မဟုတ်ကဟုတ်က သဘောတွေဟာ လောကကြီးကို ကြီးစိုးနိုင် တယ်ဆိုတာ"

"အင်း ဟုတ်သားပဲဗျာ၊ ကျုပ်လည်း အဲဒီလိုစိတ်တွေ ရှိခဲ့တာပဲ မဟုတ် လား"

"အေး - လူဆိုတာ မှားမှာပဲ၊ မှားတာ မှန်တာဟာ တစ်ခါတစ်ခါတော့ သဘာဝရဲ့ အနှောင့်အယှက်တွေပဲကွ"

"ဟာ - ဖျောက်ဆိပ် မင်း ဘာတွေ ပြောသတုံးကွ။ ကြည့်လည်း ပြောစမ်း



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ မင်း စကားတွေက တစ်ဖက်စွန်းကျလှသကွာ"

"ဩော် ဦးရွှေကိုကလည်း အမှန်တရားဆိုတာ ကျယ်ပြန့်တဲ့သဘော ရှိ တယ်ဗျ။ အရေးကြီးတာ ဘဝကို ဘယ်လိုရှုင်သန်ကြမလဲ ဆိုတာပဲဗျ"

"ဟေ - မင်းဥစ္စာ ဟုတ်သေးပါဘူးကွာ၊ ဂျာအေးလုပ်တာ မမှန်ဘူးလို့ မင်းက ပြောချင်သလားကွ"

"ဟာ - အဲဒီလိုတော့ မဟုတ်ဘူးလေဗျာ။ ဒါပေမယ့် ခေတ်ကို ကြည့်တတ် ရမယ်ဗျ"

"ဟာ-ခေတ်တွေခက်တွေ လုပ်မနေစမ်းပါနဲ့ကွာ။ အရေးကြီးတာ ဘယ်သူ ဘာလုပ်လုပ် ကိုယ့်အလုပ်ကို နားလည်ဖို့ပဲကွ။ ကိုယ့်အကြောင်း ကိုယ်သိဖို့ပဲ ပြောရရင် ဘာလုပ်လုပ် လိပ်ပြာသန့်လေ ကောင်းလေပဲကွ"

"အင်"

ဦးရွှေကိုနှင့် ဖျောက်ဆိပ်တို့ နှစ်ဦး၏ အယူအဆက တဖြည်းဖြည်း ဟလာ ၏။ ဂျာအေးခမျာ ကြားထဲက ကြောင်စီစီ၊ နားရှုပ်လှသဖြင့် စားပွဲပေါ်မှ အရက် ခွက်ကို ယူပြီး ဂွပ်ခနဲ သောက်ပစ်လိုက်၏။ ရင်ထဲ ထူပူသွား၏။ ရေမရောသဖြင့် အာခေါင်ထဲ အက်စစ်တွေ ဝင်သွားသလိုပင်။

"အား . . . ကောင်းလိုက်တာ ကိုကြီးဖျောက်"

"ဟေလကွယ်"

"ချစမ်းပါဗျ၊ အမှန်တွေ အမှားတွေ ဘာတွေညာတွေ မပြောပါနဲ့ လောလောဆယ် ကျုပ်တို့ ဘာလုပ်နေသလဲ၊ အဲဒါ ပွိုင့်ဗျ"

"ဟေ . . ."

"အဲ - ဟုတ်သားကွာ၊ ဂျာအေးဟာ တစ်ခါတစ်ခါ အမှန်တရားကို မြင် တတ်တာပဲကိုး"

"ဦးလေးရွှေကိုကလည်းဗျာ၊ ပြောမနေနဲ့ သောက်စမ်းဗျာ။ ဒါတွေ အားလုံး ဟာ မနက်ဖြန်ကို ပါမသွားပါဘူးဗျာ။ ချ . . . ချ"

ဂျာအေး စကားကြောင့် ဖျောက်ဆိပ်နှင့် ဦးရွှေကိုတို့ ငြိမ်ကျသွား၏။ သုံးယောက် နှစ်ပုလင်း ကုန်သွားချိန်တွင် သူတို့အားလုံး ရေချိန်ကိုက်နေကြပြီ ဖြစ်၍ ဆိုင်ထဲမှ ထွက်ခဲ့ကြ၏။ ဦးရွှေကိုမှာ ကားကြုံနှင့် အိမ်ပြန်သွား၏။

ဂျာအေးနှင့် ဆရာတပည့် နှစ်ဦးသည် အပုလေးအတွက် ခေါက်ဆွဲကြော် တစ်ထုပ် ဝင်ဝယ်ကာ အိမ်သို့ ပြန်ခဲ့ကြ၏။ ဖျောက်ဆိပ်သည် အိမ်ပေါက်ရောက် သည်နှင့် ပိုက်ဆံ၊ ခေါက်ဆွဲကြော်ထုပ်များကို အပုလေးအား မျက်နှာလိုမျက်နှာရ





လုပ်လိုက်၏။

"ဟယ် - ခေါက်ဆွဲကြော်တွေပါလား"

"ငါအေး - အဲဒါ ဂျာအေး ကောင်းမှုပဲကွ"

"ရှင်၊ ဂျာအေး ဟုတ်လား"

"ဟုတ်ပ"

"အောင်မယ် နင်က ကောင်းမှုတွေ ဘာတွေ လုပ်လို့ပါလား ဂျာအေးရဲ့"

"ဟာ - မပုလေးကလည်းဗျာ၊ ကျုပ်စိတ်ရင်းက ကောင်းတာပဲ လုပ်ချင်တာ ပါဗျ။ အခြေအနေကြောင့် စိတ်ပြောင်းပြောင်းသွားရတာပါဗျာ"

"ဟုတ်သားကွ၊ ဒီကောင်ဟာ အတော့်ကို တိုးတက်နေပြီ အပုလေးရာ။ ဒီကောင့်ကို လျှော့တော့ မတွက်နဲ့ဟေ့"

အပုလေးမှာ ဂျာအေး၏ လုပ်ရပ်ကို အံ့ဩနေ၏။ ထိုစဉ် ယောက်ျားလုပ် သူ ဖျောက်ဆိပ်က ခေါက်ဆွဲဖြစ်စဉ်ကို ရှင်းပြလိုက်၏။ သူ့စကား ကြားရတော့ အပုလေး မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်နေ၏။

"ဟင် ဒါ . . . ဒါဆို အဲဒီ ခါးပိုက်နှိုက်က နင့်ကို ပြန်လုပ်ထားရင် ဘယ်လို လုပ်မတုံး"

"ဩော် - မပုလေးကလည်း အမှန်တရား လုပ်ခဲ့တာပဲ၊ တွေးပြီး ကြောက် နေလို့ အပိုပေါ့ဗျာ"

"အလိုတော် အံ့ဖွယ်ပါလား"

"ဟုတ်သေးဘူး ဂျာအေးရ၊ ငါ့မိန်းမပြောတာ မှန်သလိုလို ရှိသကွ"

"ခင်ဗျာ"

ဖျောက်ဆိပ်သည် အပုလေး စကားကို မှန်တောတောနှင့် ထောက်ခံလိုက် သဖြင့် ဂျာအေး လည်သွား၏။ ယနေ့ လုပ်ရပ်ကို သူ မှန်တယ်ပဲ တွက်ခဲ့၏။ အမှန်တရားကြောင့် အရက်သောက်ရသည်။ ခေါက်ဆွဲကြော် စားရသည်ဟု တွေးခဲ့၏။ ယခုတော့ ဖျောက်ဆိပ်၏ စကားများက သူ့ကို ဆွဲလှည့်သလိုပင်။ စိတ်ထဲ နားဝေတိမ်တောင် ဖြစ်နေ၏။

"ဘယ် . . . ဘယ်လိုကြောင့်"

"အေး စောစောက အပုလေး ပြောသလိုပေါ့ကွာ။ မင်းက ခါးပိုက်နှိုက် ကို ဥပဒေကြောင်းထဲ ထည့်ပေးလိုက်တယ်။ ဒါ မှန်တဲ့လုပ်ရပ်ပဲ။ ဒါက ဟုတ်ပြီ ကွ။ ဒါပေမယ့် အဲဒီ ခါးပိုက်နှိုက် ထောင်ကလွတ်လို့ မင်းကိုတွေ့ရင် ဘာလုပ် မလဲ။ ဓားနဲ့ ထိုးမလား၊ တုတ်နဲ့ ရိုက်မလား။ ဒီအချက်ဟာ စဉ်းစားရမယ့်



www.burmeseclassic.com

www.burmeseclassic.com



အချက်ပဲကွ။ မင်း မှတ်ထားဖို့က တိရစ္ဆာန်မှာ အတုံ့အလှည့်ဆိုတာ မရှိဘူးကွ"

"ဗျာ၊ ဒါ. . . ဒါ ကျုပ် လုပ်ခဲ့တာ မှားနေပြီလားဗျ"

"ဟာ အဲဒီလိုတော့လည်း ပြောမရပြန်ဘူးကွ။ ဒါပေမယ့် အမှန်တရားဟာ အချိန်အခါနဲ့ ပြောင်းလဲသွားတတ်တယ်ကွ။ နေရာတကာမှာ မှန်တာချည်းပဲ ရှေ့တန်းတင်ပြန်ရင်လည်း ကိုယ့်မှာ ရန်သူတွေ ပေါလာနိုင်တယ်ကွ"

"အင် - ဒါ. . . ဒါ ကျုပ် အမှားတွေ လုပ်ရမယ်ပေါ့"

"ဟေ - အဲ. . . အဲဒီ ကိစ္စတော့ အပုလေး မေးကွာ၊ ငါလည်း ပြောတတ်တော့ဘူး"

"ဗျာ"

ဖျောက်ဆိပ်တစ်ယောက် ဟိတ်ဟန်ထုတ်ကာ အမှန်တရားကို ငြိကာဖွင့်နေ၏။ ထိုစဉ် ဂျာအေး၏ ပြန်လှန်မေးလာသော မေးခွန်းကြောင့် ဘာဖြေရမှန်း မသိဘဲ ချာချာလည်နေ၏။ ထို့ကြောင့် မယားလုပ်သူအပေါ် ပုံချလိုက်၏။ ဂျာအေး ဘာကို နားလည်ရမှန်း မသိ။ ရင်ထဲ တစ်ဆို့ဆို့ကြီး ခံစားနေရ၏။

ထိုစဉ် အပုလေး၏အသံ ထွက်လာ၏။

"မှတ်ထား မှင်စာလေးရဲ့၊ ငါတို့ မိန်းမတွေက ဈေးတွက် တွက်တဲ့နည်းနဲ့ ဘဝကို နေနိုင်အောင် ကြိုးစားကြတယ်။ ဒီတော့ မှန်တာ မှားတာတွေ ဘေးချိတ်၊ လက်တွေ့ ကောင်းကျိုးဖြစ်ဖို့ပဲဟဲ့။ ဒီတော့ကာ မှန်တာတွေ စွတ်ပြောပြီး နင် ထမင်းမစားဘဲ နေမလား"

"ဗျာ၊ ဟာ - အဲဒီလိုတော့ ဘယ်နေမှာလဲ"

"အဲဒါ ပြောတာပေါ့ဟဲ့၊ အမှန်တရားနဲ့ ထမင်းတစ်ပန်းကန်၊ ဘာယူမလဲ မေးရင် ငါကတော့ ထမင်းတစ်ပန်းကန်ပဲ ယူမယ်"

"ဟိုက် - ငါ့မိန်းမ အလာကြီးပါလား"

"ဟုတ်ပါ့ဗျာ၊ ဆရာဖျောက်ကတော်ကတော့ အတွက်အချက်မှာ ထိပ်တန်းပဲဗျို့"

အပုလေး၏ စကားကြောင့် ဂျာအေး မပြောနှင့် ဖျောက်ဆိပ်ပင် မျက်လုံး ပြူးသွား၏။ အမှန်တရားနှင့် ပတ်သက်ပြီး ဦးရှေ့ကိုနှင့် အငြင်းပွားခဲ့ရ၏။

ဂျာအေးနှင့်လည်း ပေါက်ကွဲခဲ့ရ၏။ လူအတော်များများနှင့် အံ့ချော်ခဲ့ရလေသော ပညာရှိကြီး ဖျောက်ဆိပ်တစ်ယောက် ဇနီးသည် အပုလေး၏ အိုင်ဒီယာကြောင့် အလွန်တရာမှ အံ့ဩတုန်လှုပ်သွားခဲ့ရလေပြီ ဖြစ်လေ၏။

ထိုအချိန်တွင် အပုလေးတစ်ယောက် သားဖြစ်သူ ဂျာဖျောက်နှင့်အတူ





ခေါက်ဆွဲကြော်ထုပ်ကို ဖွင့်ကာ မြိန်ရေရှက်ရေ စားသောက်နေကြ၏။

ဂျာအေးနှင့် ဖျောက်ဆိပ်တို့ နှစ်ဦးမှာ အမှန်တရားနှင့် ပတ်သက်၍ ယခုအထိ လိပ်ခဲတည်းလည်း ဖြစ်နေကြဆဲ။

ထိုအချိန် သူတို့အိမ်ဘေးတွင် နေထိုင်သော ကားဒရိုင်ဘာ ကိုပေါက်စီတစ်ယောက် မယားကို မူးမူးနှင့် ခွရိုက်နေသံ ကြားလိုက်ရ၏။ မယားလုပ်သူ မနှင်းဆီကလည်း အော်လိုက်သမျှ တစ်ရပ်လုံး ဝက်ဝက်ကွဲ။ အသံပြကြီးနှင့် အော်ဟစ်နေ၏။

"ဘယ်လို ဖြစ်ကြတာတုံးဗျာ"

"ပြောတတ်ဖူးလေ၊ သူ့မယား သူရိုက်တာပဲ။ ငါတို့ ဘာပြောလို့ ရမှာလဲကွ"

"ဟာ - တစ်ရပ်လုံး ပွက်လောညံနေပြီဗျ"

"ဂျာအေးကလည်းကွာ၊ ကိုယ့်အလုပ် ကိုယ်လုပ်စမ်းပါ။ အခု ငါတို့ အရက်မူးနေပြီ၊ အိပ်ဖို့ ပြင်နေပြီ။ တခြား ဘာမှ မတွေးစမ်းပါနဲ့ကွာ။ လူနဲ့ ပတ်ဝန်းကျင်ဆိုတာ ကိုယ်ကျင်မှ ဖြစ်တာပါကွာ"

"အင် - ဆရာဖျောက်ရဲ့ အိုင်ဒီယာတွေက တဖြည်းဖြည်း နွားသားရေပေါက်လို မာကျော ကြွပ်ဆတ်လာပြီဗျ"

"ဟဲဟဲ ဒါ ဘဝပေးပေါ့ကွာ"

"ကျုပ်ကတော့ ပတ်ဝန်းကျင်နဲ့ လူကြားမှာ တစ်ခုခု ရှိနေသလိုပဲ ခံစားမိတယ်ဗျာ။ ခုလည်း ကိုပေါက်စီဟာ သူ့မယား မနှင်းဆီကို အနိုင်ကျင့်နေတာဗျ"

"ဒုက္ခပါပဲ ဂျာအေးရာ၊ မင်းက မနှင်းဆီဘက်က ကျိန်းသေ ပြောနေပါလားကွ။ တကယ်လို့ မနှင်းဆီဟာ လင်ကွယ်ရာမှာ ထင်သလို နေတယ်ဆိုရင် မင်း ဘာပြောမလဲ"

"ဟာ ဒါကတော့"

"အဲဒါ ပြောတာပေါ့ကွ၊ အမှန်တရားဆိုတာ နှစ်ဖက်ရှိသကွ။ အေးအေးဆေးဆေး နေစမ်းပါကွာ"

"ဒုန်း ဂွမ်း"

"အောင်မယ်လေးဗျ"

"ဟဲ့ - ဘယ်သူတွေတုံးဟဲ့၊ ဘယ်ကောင်တွေလဲ၊ လက်ယားနေကြသလား"

"ဟဲ့ဟဲ့ အပုလေး"

ရုတ်တရက် ပြုတ်ကျလာသော ခဲလုံးသံများကြောင့် ကောက်ကောက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ထဆဲလိုက်သူက အပုလေး။ ဂျာအေးရော ဖျောက်ဆိပ်ပါ ကြောင်စီစီ ဖြစ်သွား၏။ အမှန်မတော့ ခဲက ပေါက်စီတို့ ခေါင်မိုးပေါ် ပစ်ခတ်လိုက်သောခဲ ဖြစ်ေ၏။

သို့သော် ခဲက အလွဲလွဲ အချော်ချော်နှင့် ဖျောက်ဆိပ်တို့ ခေါင်မိုးပေ အုန်းခနဲ ဒိုင်းခနဲ ကျရောက်လာခဲ့လေရာ အပုလေး ထ၍ ဝုန်းဒိုင်းကြလေတော၏။ ဖျောက်ဆိပ် အတင်း ထဆွဲထားရ၏။ အပုလေး၏ အသံကြောင့် ပေါက်တို့ဘက်က ငြိမ်ကျသွား၏။

"ဟဲ့ - ဟိုဘက်ကလူတွေ ရန်ဖြစ်တာကြည့်ဖြစ်ကျ၊ ခဲက ကျုပ်တို့ ခေါင် ပေါ်ရောက်လာပြီ။ ကိုယ့်ကြောင့် သူများ မထိခိုက်စေနဲ့နော်"

"ကျုပ်တို့ဘာသာ ဖြစ်တာ ခင်ဗျားတို့နဲ့ ဘာဆိုင်လို့လဲ"

"ဟ - ဒီဘက်ကို ခဲတွေကျလို့ ပြောတာဟဲ့"

"အဲဒါ ခင်ဗျားတို့ကို ထုတာဖြစ်မှာပေါ့"

"ဘာ - နင် . . . နင်တို့"

"ဟာ - အပုလေး မလုပ်နဲ့လေ"

"ဖယ်စမ်း၊ ဒင်းတို့က လူပါးဝလို့"

"အို - တော်ပါတော့ကွာ"

အပုလေး ထသောင်းကျန်းမယ်လုပ်တော့ ဖျောက်ဆိပ်ရော၊ ဂျာအေး ထ၍ ဆွဲထားရ၏။ ထိုအချိန် ပေါက်စီ၏ ဂျစ်တစ်တစ် အသံကြီးက တစ်ဖ အိမ်မှ ထွက်လာ၏။

"ဟ - ကိုယ့်လင်ကိုယ့်မယား ရန်ဖြစ်တာ မင်းတို့ဆီ ခွင့်တောင်းနေရ လားကွ။ တောက် - ကားနဲ့ တိုက်သတ်ပစ်လို့ သေကုန်တော့မယ်"

"အုန်း ဒုန်း ခွမ်း"

"အောင်မလေးတော့ ထုတယ်"

"ဒုန်း"

"တော်ကြပါတော့ တော်ကြပါတော့"

သူတို့အိမ်ဘက်သို့ ပေါက်စီ လှမ်း၍ ရန်ပြုနေစဉ် ခဲသုံးလေးလုံး ထပ် လာသဖြင့် ပေါက်စီမိန်းမ အော်ဟစ်တောင်းပန်ရသည့် အခြေသို့ ရောက်သွား၏။ ပေါက်စီလည်း ငြိမ်ကျသွား၏။

ဖျောက်ဆိပ်တို့ လူစုမှာလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရ ကြောင်စီစီ ဖြစ်နေ၏။ ထိုအချိန်တွင် ပေါက်စီတို့လင်မယား အသံဗလံ ငြိမ်သ





သွားပြီး အရပ်လူကြီး ဆရာပွ အိမ်ပေါ်သို့ ကားရားကားရားနှင့် ရောက်ရှိ လာလေ၏။ မနှင်းဆီသည် ဆရာပွကို မြင်သည်နှင့် ဒရောသောပါး ထ၍ ဖက်လားယက်လား လုပ်လေတော့၏။

"ဟဟ နေ . . . နေပါဦးဟာ ဘယ်လိုဖြစ်ကြသတုံး"

"ကယ် . . . ကယ်ကြပါဦး ဦးလေးပွရယ်"

"အေး - ကယ် . . . ကယ်ပါ့မယ်ဟာ။ နင်တို့ ဘာတွေဖြစ်သတုံး၊ တစ်ရပ် ကွက်လုံးလည်း ကုလားဘုရားပွဲ လှည့်နေသလား အောက်မေ့ရတယ်ဟေ့"

"ဒီ . . . ဒီလိုပါ ဦးလေးပွရယ်၊ ဟို ကျွန်မတို့လင်မယား ရန်ဖြစ်တာ ရပ် ကွက်ထဲကလူတွေ ခဲနဲ့ပေါက်လို့လေ။ ပြီးတော့ ဟိုဘက်အိမ်က ဂျာအေးတို့ လူစုက ဓားကြီးမ်း ကြိမ်းတယ်။ လုပ်ပါဦး ဦးလေးပွရယ်"

"ဟေ - ဂျာအေးက ဓားကြိမ်းကြိမ်းတယ်၊ ဟုတ်လား လက်ထဲမှာ ဓားပါ လာလို့လား"

"ဟုတ်ပါ့ ဦးလေးပွရယ်၊ ကျွန်မယောကျ်ား ကိုပေါက်စီကို ဂျာအေးက ဓားနဲ့ခုတ်မယ် ပြောတယ်။ ကိုဖျောက်ဆိပ်က တုတ်နဲ့ရိုက်မယ် ပြောတယ်"

"ဟ - ကြမ်းလှချည်လားကွ၊ နင့်ယောကျ်ားကို သူတို့က ဝက်များ ထင်နေ ကြသလား မသိဘူး"

"ပြောပါဦး ဦးလေးပွရယ်"

"အိမ်း၊ ဒီကိစ္စ ပြဿနာက နင့်ယောကျ်ား ပေါက်စီလက်ချက်ပဲ ဖြစ်ရမယ်။ ဘယ်မှာလဲ ပေါက်စီ"

"ဟို - အခန်းထဲ ဝင် . . . ဝင်ပုန်းနေ"

"ဩော် - ဟဲ့ကောင် ပေါက်စီ၊ ထွက်ခဲ့စမ်း"

"ဟုတ် . . . ဟုတ်ကဲ့ပါ ခင်ဗျာ"

ပေါက်စီတစ်ယောက် အိမ်ခန်းထဲမှ ကုတ်ချောင်းကုတ်ချောင်းနှင့် ထွက် လာ၏။ အရပ်လူကြီး ဦးပွက ပေါက်စီတို့ လင်မယားအကြောင်းကို ကောင်း ကောင်းကြီး သိနေ၏။

"ဘယ်လိုတုံး ပေါက်စီရ၊ အားအားရှိ မိန်းမ ထထရိုက်နေသလားကွ။ ပြောပါဦး မင်းရိုက်တာနဲ့ မင်းမိန်းမလည်း အိုကြာကွေး ဖြစ်နေပြီ"

"ဟို - ကျုပ်ကို ထမင်းမခူးပေးလို့ပါ အရပ်လူကြီးရယ်"

"ဟေ - အဲဒီအချက်ဟာ မိန်းမ ရိုက်လောက်တဲ့ အချက်လားကွ။ ကြည့် လုပ်ပေါ့ကွာ၊ မင်းအိမ်ပေါ် ခဲတွေ တအုန်းအုန်း တဒိုင်းဒိုင်း ရောက်နေတာလည်း



www.burmeseclassic.com

www.burmeseclassic.com



သတိထားဦးကွ”

“ဟာ - အရပ်လူကြီးကလည်း ကိုယ့်မိန်းမ ကိုယ်ရိုက်တာ ရပ်ကွက်ထဲ ခွင့်ပြုချက် တောင်းရမှာလားဗျ”

“ဟေ - ဟုတ်ပြီ၊ မင်းပြောမှ ငါလည်း အကြံရတယ်ကွ။ ဟုတ်တယ်၊ နောက်တစ်ခါ မိန်းမ ရိုက်ချင်ပြီဆို ငါ့ဆီ လျှောက်လွှာတင်ပေတော့”

“ဗျာ၊ ဟာ - အရပ်လူကြီးကလည်း ပြက်လုံးထုတ်နေပြန်ပြီ၊ ဒါ လင်မယား ဖြစ်စဉ်တစ်ခုဗျ။ ခုဥစ္စာ ပြဿနာလုပ်နေတာ ဟိုဘက်အိမ်က လူတွေဗျ။ ဒီလူတွေ မြှောက်ပေးလို့ ကျုပ်တို့အိမ်ကို ခဲနဲ့ထုတာ ဖြစ်မှာပေါ့။ ခက်ပါ့ဗျာ၊ လောကကြီးက ကိုယ့်မိန်းမတောင် ကိုယ် ရဲရဲရိုက်ခွင့် မရှိတော့ဘူးလားဗျာ”

“ဟကောင် ပေါက်စီ မင်းမိန်းမက လူကွ၊ အကြောင်ကွေး မဟုတ်ဘူး။ အေး- ဒီကနေ့ ဒီအချိန်ကစပြီး ငါ စောင့်ကြည့်မယ်။ မင်း မဆင်မခြင် လုပ်ရင်တော့ ငါနဲ့တွေ့ပြီ မှတ်ပေတော့”

“ဟာ - ဆရာပွကလည်း ကျုပ်ကိုပဲ အပြစ်ရှာနေသလားဗျာ။ ဟိုဘက်အိမ်က ကောင်တွေကိုလည်း ပြောဦးမှပေါ့ဗျ”

“ဒီကိစ္စ ငါ့ကိစ္စပါကွာ၊ အရေးကြီးတာ ငါပြောတာကို မင်း မမေ့နဲ့ ကြားလား”

“ကြား. . . ကြားပါတယ်ဗျာ”

အရပ်လူကြီး ဆရာပွ၏ စကားကြောင့် ပေါက်စီ ငြိမ်ကျသွား၏။ ထိုအချိန် သူတို့အိမ်ပေါ်သို့ ဖျောက်ဆိပ်နှင့် ဂျာအေးတို့နှစ်ဦး တက်လာ၏။ သူတို့ကို မြင်တော့ ပေါက်စီတစ်ယောက် အံကြိတ်တကြိတ်ကြိတ် ဖြစ်နေ၏။ ပေါက်စီ၏ မယား မနှင်းဆီကလည်း မျက်လုံးကြီး အပြူးသားနှင့် ဖြစ်နေ၏။ ဆရာပွသည် ဂျာအေးနှင့် ဖျောက်ဆိပ် အိမ်ပေါ်တက်လာသည်ကို မြင်ရသောအခါ မျက်ခုံး တလှုပ်လှုပ် ဖြစ်နေ၏။

ထိုစဉ် ဂျာအေးက သူ့နံဘေးတွင် ဝင်၍ ထိုင်လိုက်၏။

“ဟေ့ကောင် ဂျာအေး၊ မင်း ဘာ. . . ဘာလာလုပ်”

“ဩော် - ကိုပေါက်စီကလည်းဗျာ၊ ဒီမျက်နှာတွေ အမြဲ မြင်နေရတာပဲဗျာ။ ဘာဖြစ်လို့ ရန်လုပ်ချင်ရသတုံးဗျ”

“အဲ - ဟုတ်သားကွာ၊ ဂျာအေးပြောတာ အမှန်ပဲဟ”

“တစ်ဦးမေတ္တာ တစ်ဦးမှာတဲ့ ကိုပေါက်စီရဲ့၊ ခုဥစ္စာ ခင်ဗျားနဲ့ကျုပ် ရန်ဖြစ်စရာ အကြောင်းအရင်းလည်း ဘာမှ မရှိဘူး။ ပြဿနာက ခင်ဗျားဘာသာ





ဖန်တီးတာဗျ”

“ဘာကွ၊ မင်း. . . မင်း”

“ဩော် - ကိုပေါက်စီကလည်းဗျာ၊ ကိုယ့်မိန်းမ ကိုယ်ရိုက်တာ အပြစ်မရှိဘူးလို့ ခင်ဗျား ပြောချင်သလား”

“ဟေ့ကောင် မင်း ဝင်မပါနဲ့”

“ဟာဗျာ၊ ကျုပ်တို့က စေတနာသက်သက်ပါဗျာ။ ဒီကိစ္စက လူကြားလည်း မကောင်းပါဘူး”

“ဟုတ်တယ်၊ ဂျာအေးပြောတာ မှန်တယ်ကွ။ စောစောကပြောတော့ မင်းက ဓားနဲ့ ကြိမ်းသလို၊ ဖျောက်ဆိပ်ကလည်း တုတ်နဲ့ ရိုက်မယ်ဆို။ ဟုတ်တယ် မဟုတ်လား မနှင်းဆီ”

“ရှင်၊ ဟို . . . အဲ - သဘောပြောတာပါ အရပ်လူကြီးရယ်”

“ဟေ - သဘောပြောတာ၊ နင့်စကားတွေကလည်း ခုတစ်မျိုး တော်ကြာ တစ်မျိုးပါလား။ ကိုင်း - တော်ပြီ . . . တော်ပြီ၊ ငါ ပြောသလိုသာ လုပ်ပေတော့။ ဟေ့ကောင် ပေါက်စီ၊ မင်း ဘယ်တော့ မိန်းမ ရိုက်ဦးမှာလဲကွ”

“ဗျာ၊ ဟို - သန်ဘက်ခါလောက်”

“ရှင်”

ပေါက်စီ၏ စကားကြောင့် မနှင်းဆီမှာ မျက်လုံးပြူးသွား၏။ အရပ်လူကြီးမှာလည်း ပေါက်စီကို အကြောင်သားနှင့် လှမ်းကြည့်နေ၏။ ထိုစဉ် ဂျာအေးက-

“ဩော် - သန်ဘက်ခါ ရိုက်မယ်ဆိုတော့ မနက်ဖြန် မရိုက်ဘူးပေါ့”

“အဲ - ဟိုကွာ ငါ . . .”

“ပေါက်စီ”

“ဗျာ အရပ်လူကြီး”

“မင်းက မိန်းမရိုက်တာတောင် အချိန်ဇယား ဆွဲထားပါလားကွ”

“ဟဲဟဲ ကျုပ်က စည်းနဲ့ကမ်းနဲ့ဆိုတော့”

“ဟေ - မင်းစကားက အဆန်းပါလားကွ”

“ကိုပေါက်”

“ဘာတုံး မိန်းမရာ”

“ရှင် သန်ဘက်ခါ တကယ် ရိုက်မှာလား၊ ဒါဆို ကျွန်မ ဒီနေ့ အမေ့ဆီ ပြန်တော့မယ်”

“ဟာ - မိန်းမကလည်းကွာ သဘောပြောတာပါ။ ဟဲဟဲ ကိုယ့်မိန်းမကိုယ်



www.burmeseclassic.com

www.burmeseclassic.com

လက်ဖျားနဲ့တောင် မတို့ဝံ့ပါဘူးကွ"

"ဒါဆို ရှင်က အရပ်လူကြီးရှေ့မှာ ဘာဖြစ်လို့ ပြောသတုံး"

"ဟဲဟဲ၊ ဒါ ငါ့ဘကြီး လမ်းစဉ်ကွ၊ မိန်းမများ အရိုးကွဲအောင်ရိုက်မှ အသည်းစွဲအောင် ချစ်တယ်ဆိုတဲ့ လမ်းစဉ်လေ"

"ရှင်"

"ဟော၊ ဟာ - ဒီကောင်တော့ ပြဿနာပဲ"

"ဟုတ်တယ် အရပ်လူကြီးရဲ့"

ပေါက်စီက သူ့ ထင်ရာမြင်ရာ စွတ်ပြောနေ၏။ သူ့စကားကြောင့် မနှင်းဆီရော အရပ်လူကြီးပါ တုန်လှုပ်သွား၏။ ထိုစဉ် ဂျာအေးက ပြုံးစိစိနှင့် ပြောချလိုက်၏။

"ရိုက်တာတောင် အသည်းစွဲတယ်ဆိုတော့ လည်ပင်းညှစ်ပစ်လိုက်ပါလားဗျ။ ဒါဆို ကျောက်ကပ်တွေ၊ အူတွေ၊ အစာအိမ်တွေပါ စွဲမှာဗျ"

"ဘာကွ၊ ဟကောင် ဂျာအေး၊ မင်းပါးစပ် ပိတ်ထားစမ်းကွာ။ ဒါ အချစ်ကွ၊ အချစ်"

"ဩော် - အချစ်ကို မိန်းမရိုက်ပြီး သုတေသန လုပ်နေဘကိုး။ ကောင်းတယ်၊ ကျုပ်ပြောတာ နက်နက်ရှိုင်းရှိုင်း ဖြစ်သွားအောင် ပြောတာပါဗျာ။ လည်မျိုသာ တက်နင်းလိုက်ဗျာ။ ဒါဆို အသည်းမပြောနဲ့ တစ်ကိုယ်လုံး စွဲသွားမှာသေချာတယ်"

"တော်စမ်းကွာ၊ မင်းက ငါ့ကို ဘာမှတ်နေသလဲ၊ ပေါက်စီကွ၊ လောကမှ ငါ့လောက် အချစ်ကို ဘယ်သူမှ နားမလည်ဘူးကွ"

"ဟ - တော်ကြပါတော့ကွာ၊ ဘယ်ကဘယ်လို အချစ်တွေ ရောက်ကုန်ကြသတုံး။ ကိုင်း - တော်ပြီကွာ မင်းတို့လည်း ရန်မဖြစ်နဲ့၊ ဂျာအေး"

"ဗျာ - အရပ်လူကြီး"

"မင်းတို့လည်း ကိုယ့်အလုပ် ကိုယ်လုပ်ကွာ။ တစ်အိမ်နဲ့တစ်အိမ် ပြဿနာမရှာကြစမ်းပါနဲ့၊ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး နေကြစမ်းပါ"

"စိတ်ချပါ အရပ်လူကြီးရယ်၊ ကျုပ်တို့က ကိုပေါက်စီကို ခင်ပါတယ်ဗျာ။ ခုလည်း အရပ်ထဲက မကျေမနပ်ဖြစ်တာကို ကျုပ်တို့အပေါ် တစ်မျိုးမြင်နေတာဗျ။ တကယ်တော့ ကိုပေါက်စီဟာ လူရိုးလူဖြောင့်ပါဗျာ၊ ဟုတ်ဘူးလား"

"အေး ဟုတ်တယ်၊ ငါက လူရိုးလူဖြောင့်ကွ။ မိန်းမတွေကြောင့် တောက်ရတာကွ"





"ဘာရှင့်၊ ကိုပေါက် ရှင်နော်"

"ဩော် - ဟဲဟဲ"

"အဲဒါ ပြောတာပေါ့ ကိုပေါက်စီရာ၊ တစ်ခါတစ်ခါတော့လည်း ကောက်ကြမှာပဲ။ အဲ- လင်မယား ရန်မဖြစ်ချင်ရင် အိမ်မှာ ကောက်တဲ့ပစ္စည်း ဘာတစ်ခုမထားနဲ့ဗျာ။ နောက်ဆုံး အိမ်မှာ ထီးကောက်ရှိရင်တောင် လွှင့်ပစ်လိုက်ဗျာ"

"ဟော - ဟုတ်ရဲ့လားကွ"

"အဟုတ်ဗျ၊ ကောက်နေတဲ့ ဆံပင်တွေ့ရင် ဆွဲသာနုတ်ပေတော့"

"အင်"

"တော်ပါတော့ ဂျာအေးရာ၊ မင်းကလည်း ဘာတွေ ပြောနေမှန်း မသိဘူး။ ခုကဲ အေးအေးဆေးဆေး တည့်အောင်နေကြပါကွာ။ ဟုတ်လား"

"ဟုတ် . . . ဟုတ်ကဲ့"

နောက်ဆုံးတော့ ပေါက်စီတို့လင်မယား ဂျာအေးတို့အပေါ် အမြင်ကြည်လင်သွား၏။ ထိုအခြေအနေကို ခုန်ဆွခုန်ဆွ ဖြစ်နေသူက အပုလေး၊ မနှင်းဆီနှင့်သူက တစောင်းစေးနှင့် မျက်ချေး။ ပြောရလျှင် ပြိုင်ဆိုင်နေကြသည်ဟု ဆိုရချေမည်။ ယခုလို ရွှေပြည်အေးစကား ဆိုနေကြသည်ကို အပုလေးက မကျေနပ်။

ထို့ကြောင့် အိမ်ပေါ်တက်လာသည်နှင့် ဂျာအေးကို ဆီး၍ ကျိန်းလေတော့၏။

"ဟဲ့ - နင်က ဘာသွားပြောသတုံး၊ သူတို့ကိုများ တောင်းပန်ရတယ်လို့"

"ဟာ - မပုလေးကလည်း ရန်ရန်ချင်း မတုံ့နှင်းစမ်းပါနဲ့ဗျာ။ ရန်သူ မရှိလေ ကောင်းလေပဲဗျ။ နော် ဆရာဖျောက်"

"ဟုတ်ပါ့ကွာ၊ ပြဿနာဆိုတာ မရှိလေ ကောင်းလေပေါ့ မိန်းမရာ။ ခုဆို ပေါက်စီတို့လင်မယား ငါတို့အပေါ် အမြင်ကြည်လင်သွားပါပြီကွာ။ အရပ်ထဲနေတယ်ဆိုတာ ညီညွတ်အေးချမ်းတာပဲ ကောင်းပါတယ်ကွာ"

"တော်စမ်း၊ ရှင်တို့ကိုယ် ရှင်တို့ ကုလသမဂ္ဂ ကိုယ်စားလှယ်တွေများ အောက်မေ့နေကြသလား"

"ဟော"

"ဟာ - မပုလေး စကားကတော့ ပြောင်မြောက်ပါ့ဗျာ။ ဟုတ်တယ်၊ ဒါ ငြိမ်းချမ်းရေးပဲ"

"တော်စမ်း၊ ရှင်ကြီးနော် အဲဒီအိမ်ဘက်ကို နောက်တစ်ခါ ခြေဦးလှည့်ကြည့် အပုလေးအကြောင်း သိသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com

"မိန်းမကလည်းကွာ"

နောက်ဆုံးတော့ အပုလေးစကားကို ဖျောက်ဆိပ် ခေါင်းညိတ်လိုက်ရလေတော့၏။ ဂျာအေးကတော့ မကျေနပ်ချင်။ သို့သော် ပြဿနာ မဖြစ်ချင်တော့သည်မို့ ငြိမ်နေလိုက်ရ၏။

သို့နှင့် ညဦးပိုင်းအရောက်တွင် ဂျာအေးတစ်ယောက် လမ်းထိပ် လက်ဖက်ရည်ဆိုင်တွင် ပီလီနှင့် ထိုင်နေ၏။ ပီလီက ပွဲစားပီပီ စကားကိုလည်း ရှုပ်ရှုပ်ထွေးထွေး ပြောတတ်၏။

အရှင်းဆုံး ပြောရလျှင် လူလည်း ရှုပ်သလို၊ စကားလည်း ရှုပ်၏။ ထို့ပြင် ပီလီတို့ မိသားစုက အထည်ကြီးပျက်။ တစ်ချိန်က ငွေကြေးဥစ္စာ အတော့်ကို ချမ်းသာခဲ့ပုံရ၏။ ပီလီ အဖေနှင့် အမေက လောင်းကစား အလွန်မှ ဝါသနာပါလှသူများ ဖြစ်၏။

အမွေရလာသည့်ပိုက်ဆံ လောင်းကစားလုပ်ရင်း မွဲတေသွားကြရာမှ နောက်ဆုံး နေသည့်အိမ်ကို ရောင်းကာ ပုံကျရပ်ကွက်ထဲသို့ ပြောင်းရွှေ့လာကြခြင်း ဖြစ်လေ၏။ အကျင့်စရိုက် ပေါင်းစုံက ပီလီထံတွင် စွဲကပ်နေ၏။ စကားစမြည် ပြောဆိုရာတွင်လည်း အကျိုးအမြတ် ရမှုကိုသာ မျှော်ကိုးနေသူ ဖြစ်လေ၏။ ယခုလည်း ဂျာအေးနှင့် စကားပြောဆိုခဲ့ရာ ထူးဆန်းသော အကြံအစည်ကို တင်ပြလာလေ၏။

"ဂျာအေး"

"ဘာတုံး ပီလီရ၊ ဘာမဟုတ်တာ ကြံစည်ဦးမလို့လဲ"

"ဟာ - မင်းကလည်းကွာ၊ ငါက ချမ်းသာရာ ချမ်းသာကြောင်း အမြဲတွေးနေတဲ့လူကွ"

"ဟုတ်ပြီ၊ ဒါ နတ်လိုင်စင် ကိုင်ချင်တဲ့ စိတ်ကူးပဲ၊ ကောင်းတယ်"

"အင် - ဘယ်က နတ်လိုင်စင်တုံး"

"ဟာ - ပီလီကလည်း ညံ့ပါ့ကွာ၊ နတ်လိုင်စင်ဆိုတာ ပိုက်ဆံကို ပြောတာကွ။ အဲဒီပိုက်ဆံ လက်ထဲ ရောက်လာလို့ကတော့ အလှူကြီးအတန်းကြီးလည်း ပေးနိုင်သကွာ။ ဘုရားတည်မလား၊ ကျောင်းဆောက်မလား ပြော။ အေး အဲဒီလို လုပ်တော့ ဘယ်ရောက်သတုံး"

"နတ်ပြည် ရောက်တာပေါ့ကွ။ ဪ - ဟုတ်ပြီ၊ မင်းက ဒါကြောင့် နတ်လိုင်စင်လို့ ပြောတာကိုး"

"ဒါပေါ့ကွာ၊ ခုလည်း ချမ်းသာရာ ချမ်းသာကြောင်း မင်း ဘာတွေ စိတ်ကူး





နေသလဲ"

"ဒီလိုကွ၊ ငါ့ဘကြီးတစ်ယောက် ရှိတယ်။ နာမည်က ဦးငွေဖြိုးတဲ့၊ တအားချမ်းသာတာကွ။ ဒါပေမယ့် ကပ်စေးနှဲပဲ။ အိမ်မှာ ဇနီးသားမယားလည်း မရှိဘူးကွ။ မိန်းမ ဆိုတာလည်း စားရမဲ့မဲ့သောက်ရမဲ့မဲ့ သေသွားရှာတာကွ"

"ဟော - ဒီလောက် ချမ်းသာတာတောင် ဝတ်ပြီး သေရတဲ့သဘောပေါ့"

"ဒါပေါ့ကွာ၊ သူ့ကို ဘယ်အမျိုးကမှ မကြည်ဖြူဘူးကွ။ ကပ်စေးနှဲလွန်းလို့ပေါ့ကွာ။ သူကလည်း အိမ်ပေါ်ကို ဘယ်သူမှ လာတာ မကြိုက်ဘူး။ လာရင် ဟိုဟာ တောင်းမလား၊ ဒီဟာ တောင်းမလား တွေးပြီး သံသယဖြစ်နေတဲ့ အဘိုးကြီးကွ"

"အံ့စရာပဲကွ"

"အေး - နေတော့လည်း မြို့ပြင်မှာ နေတာကွ။ အိမ်ကြီး တစ်လုံးမှာ သူ တစ်ယောက်တည်း နေတာ။ စားတော့လည်း ထမင်းဆိုင်က ဟင်းထမင်းမှာ စားတာကွ။ ထူးဆန်းတာ ငါ့ဘကြီးက နားမကြားဘူး၊ မျက်စိမှုန်နေတယ်"

"ဟင် - ဘာကောင်းတာ ရှိလို့လဲ၊ စကားရော ပြောတတ်ရဲ့လား"

"ဟာ- အ,တော့ မအ,ပါဘူးကွ၊ နေရင်လည်း ကုလားထိုင်စုတ်ပေါ်မှာ စွပ်ကျယ်စုတ်ဝတ်ပြီး နေတာကွ။ တပ်ထားတဲ့မျက်မှန်ကလည်း ဘိုးတော်ဘုရားလက်ထက်က မျက်မှန်ကြီးကွ။ ဒီဂရီထူထူနဲ့ ဝါးတားတား ဝေဝေတေတေပါကွာ။ ဒါပေမယ့် သူက ငါ့ကိုတော့ ကြည်ဖြူတယ်ကွ။ ဆွေမျိုးထဲမှာ ငါတစ်ယောက်ပဲ ဝင်ထွက်ခွင့်ပြုတာကွ"

"ဟုတ်လား၊ အဲဒါ ဘာဖြစ်သတုံး၊ ခင်ဗျား ဘာလုပ်ချင်သတုံးဗျ"

"ဒီလို ဂျာအေးရ၊ အိမ်ကလည်း မြို့ပြင်မှာ ရှိတာလေ။ ဘေးမှာလည်း ခြံကြီးတွေ ရှိတယ်။ ဒါပေမယ့် တစ်ခြံနဲ့တစ်ခြံ အဝေးကြီးကွ"

"အဲဒီတော့ ငါ ဘာလုပ်ရမလဲ"

"ဘာလုပ်ရမလဲဆိုတော့ မင်းနဲ့ငါ ပေါင်းပြီး ဘကြီးအိမ်ကို အနုကြမ်းစီးမယ်ကွာ"

"ဗုဒ္ဓေါ၊ စီးပွားရေး သောင်းကျန်းလှချည်လား ပီလီရ။ ဒါက ရာဇဝတ်မှုနော်။ တော်ကြာ မင်းရော ငါရော ပြေးပေါက်မှားနေမယ်။ မလုပ်ရဲပါဘူးကွာ"

"ဟာ - ငါ့ဘကြီးအကြောင်း ငါအသိဆုံး"

"ဘာသိတာတုံး"

"ဟာ - ရတနာကို သေတ္တာနဲ့ ထည့်ထားတာကွ။ အဲဒီ ရတနာသေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာထားသလဲဆိုတာ ငါသိတယ်ကွ။ ဒီတော့ ငါ မင်းကို နေရာပြောမယ်။ မင်းနဲ့ငါ အချိတ်ဆက်လုပ်ရင် အနည်းလေး ငွေသိန်းသုံးဆယ်ကျော်တော့ ရမှာကွ"

"အင် - သိန်းသုံးဆယ် များလှချည်လားကွ"

"အဲဒါ ပြောတာပေါ့ကွာ၊ အဲဒီကိစ္စ အောင်မြင်ရင် ငါတို့နှစ်ယောက် အပီပဲကွ"

"အင်"

ပီလီ၏ စွဲမက်ဖွယ်ကောင်းလှသော စကားကြောင့် ဂျာအေး၏ ခေါင်းထဲ ကောင်းမှု မကောင်းမှုဆိုသည့် အကြောင်းအရာများကို မမြင်တော့။ မျက်လုံးထဲ နတ်လိုင်စင်တွေ တဝဲဝဲ ဖြစ်နေသည်ကို မြင်ရလေ၏။

သို့သော် သူတစ်ယောက်တည်း မကြံစည်ရဲ။ သူ့မျက်လုံးထဲ ဆရာဖျောက် ဆိပ်ကို မြင်ယောင်လာ၏။

"မင်းပြောတာ ဟုတ်တော့ ဟုတ်သကွာ။ ဒီကိစ္စ ငါတစ်ယောက်တည်း မလုပ်ရဲဘူးကွ။ ဟို ငါ့ဆရာ ဆရာဖျောက်နဲ့ဆိုရင် ငါ လုပ်ရဲတယ်"

"ဟာ - လူများရင် ပြဿနာ"

"မများပါဘူးကွာ၊ ငါ့ဆရာလည်း ပိုက်ဆံလိုနေတာကွ။ ဒီတော့ သူ့လည်း ခွဲပေးချင်တယ်လေ"

"စိတ်ချရပါ့မလားကွ၊ ကိုဖျောက်ဆိပ်က မိန်းမ တအား ကြောက်တဲ့လူကွ"

"မယားကြောက်တာနဲ့ ဘာဆိုင်သတုံး"

"ဟာ - တော်ကြာ၊ ဒီကိစ္စ သူ့မိန်းမ ဖွင့်ပြောရင် ပြဿနာကွ။ မိန်းမပါးစပ် ဆိုတာ မင်းသိတဲ့အတိုင်းပဲ"

"ဟာ - ဒီကိစ္စ ငါ တာဝန်ယူပါသကွာ"

ဂျာအေးက ဖျောက်ဆိပ်ကို ဇွတ်အတင်း ဆွဲထည့်နေသဖြင့် ပီလီ ဆက် မပြောရဲတော့။ နောက်ဆုံး ဖျောက်ဆိပ်ကိုပါ သူတို့လုပ်ငန်းထဲ ဆွဲခေါ်လာလေ၏။ ဖျောက်ဆိပ်ခမျာ ပီလို့ စကားကြောင့် ရင်တုန်ပန်းတုန် ဖြစ်နေ၏။ မျက်လုံး မျက်ဆံနှလည်း ပြူးနေ၏။

"မဖြစ်ဘူး၊ ဒီကိစ္စက အခန့်မသင့်ရင် ထောင်တန်းကျမှာ ကျိန်းသေကွ။ မလုပ်ရဲပါဘူးကွာ"

"ဟာ - ဆရာဖျောက်ကလည်း ပီလီပြောတဲ့ ကိစ္စက သိပ်တော့ ပြဿနာ မရှိပါဘူးဗျာ"

"ဟကောင် ဂျာအေး"

"ဗျာ"

"ဒီကိစ္စဟာ ရာဇဝတ်မှုနော်၊ တော်ကြာ မင်းရော ငါပါ ဓားမြတွေ ဖြစ် တော့မယ်။ မတော်တာတွေ မလုပ်စမ်းပါနဲ့ ဂျာအေးရာ။ ခု ကားလိုက်တာ အဆင် ပြေတာပဲ မဟုတ်လားကွ။ ဘယ်လောက် ချမ်းသာချမ်းသာ တစ်နေ့ ထမင်း နှစ်နပ်ထက် ပိုမစားနိုင်ပါဘူးကွ"

"ဟာ - ဆရာဖျောက်ကလည်း ကျုပ်က ထမင်း တစ်နေ့ ငါးနပ်လောက် စားချင်တာ ဆရာဖျောက် အသိပဲ"

"ခက်ပါ့ ဂျာအေးရာ"

"သိန်းသုံးဆယ်တောင် ရမှာနော်။ တွေးကြည့်ရင်တော့ မကောင်းမှုပေါ့ ဆရာဖျောက်ရာ၊ တစ်ခါတစ်ခါတော့လည်း အဲဒီ အကြောင်းအရာတွေ ဘေး ချိတ်ပြီး ချမ်းသာရင်ပြီးရော လုပ်ချင်လှသဗျာ"

"ဟ - ဒုက္ခပါပဲ၊ မဖြစ်ဘူး ဒီကိစ္စ မင်းရောငါပါ မိုးမီးလောင်မယ့်ကိန်းကွ"

"ဆရာဖျောက်ကလည်း အတွေးခေါင်လိုက်တာဗျာ။ ခုဆို မပုလေးက နားကပ်ပန်ချင်တယ်၊ လက်ကောက်ဝတ်ချင်တယ်၊ ဆွဲကြိုးဆွဲချင်တယ် လုပ်နေ တာဗျ။ ပြီးတော့ ဂျာဖျောက်ကလေးကလည်း ကောင်းကောင်း မစားရတော့ ပိန်ခြောက်ခြောက်ဗျ။ ဒီအရာတွေ အားလုံးကို ဖန်တီးလိုက်နိုင်တာ နတ်လိုင်စင် ပဲ ဆရာဖျောက်ရဲ့"

"ဟေ - နတ်လိုင်စင်၊ ဒုက္ခပါပဲကွာ။ ငါ. . . ငါ စဉ်းစားပါရစေဦးကွာ"

ဖျောက်ဆိပ်တစ်ယောက် အကြီးအကျယ် ခေါင်းစားနေ၏။ မှိုနဲ့ မျှစ်လည်း နတ်ချင်ရဲ့ ကျဉ်ထုပ်ခံဝံ့ မခံဝံ့သော စကားနှယ်။ ချမ်းသာလည်း ချမ်းသာချင်၏။ သို့သော် မျက်စိထဲ လက်ထိတ်တန်းလန်းကိုလည်း မြင်ယောင်မိ၏။

အိမ်ပြန်ရောက်သည်အထိ စိတ်ထဲ ဇဝေဇဝါ ဖြစ်နေဆဲ။ ဂျာအေးကတော့ လုပ်မည်တကဲကဲ စိတ်အား ထက်သန်နေ၏။ ဖျောက်ဆိပ်၏ အမူအရာကို ကြည့်ပြီး အပုလေး မသင်္ကာ။ သူ့လင်တော်မောင်က ယခုလို ငူငူငိုင်ငိုင်အမူအရာ မရှိ။ စိတ်ထဲ အထူးအဆန်း ဖြစ်နေ၏။

"ကိုကိုဖျောက်"

"ဟေလကွယ်"

"ရှင့်ကြည့်ရတာ ကြက်ကြီး လည်လိမ်နေသလိုပဲ။ ဘာတွေ ဖြစ်နေသတုံး ဘယ်သူက ရှင့်ကို မြူစားထားသလဲ ပြောစမ်း။ လင်ရယ်၊ မယားရယ် ဖြစ်လာမှ





www.burmeseclassic.com

www.burmeseclassic.com



တော့ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ ရှင်ရယ်"

"အိမ်း - ပြောရခက်လှသကွာ"

"ဘာတုံး၊ ဘာတွေ ဖြစ်နေသလဲ"

"မိန်းမ"

"ဘာတုံး"

"ငါ မင်းကို မေးခွန်းတစ်ခု မေးမယ်။ အဲဒီ မေးခွန်းကို မင်း ဖြေကြည့်ကွာ"

"အလိုတော် ရှင်က အရေးထဲ မေးခွန်းထုတ်နေရပြန်ပြီ၊ ကဲ - ပြောပါဦး ဘာမေးမလို့လဲ"

"ကောင်းပြီ၊ လူဆိုတာ ချမ်းသာချင်ကြတာချည်းပဲ။ အဲ - ချမ်းသာရာ ချမ်းသာကြောင်း အခြေအနေကို မြင်ပေမယ့် ကြားမှာ မကောင်းမှု၊ ကောင်းမှု ခံနေရင် မင်း ဘာလုပ်မလဲ"

"ရှင်"

"အဲဒီ မေးခွန်းကို မင်း ဖြေကြည့်စမ်း"

ဖျောက်ဆိပ်၏မေးခွန်းကြောင့် အပုလေး လည်စင်းသွား၏။ သူ့ယောကျ်ား စကားတွေက ထူးဆန်းလှသည်မို့ စိတ်ထဲ တအံ့တသြ ဖြစ်သွား၏။

"ရှင်က ဘာသဘောနဲ့ မေးတာတုံး"

"မေးကြည့်တာပေါ့ကွာ"

"အိုတော်၊ ကျုပ်ကတော့ ကောင်းတာ မကောင်းတာ ဘေးချိတ်၊ ချမ်းသာ ရင် ပြီးရောပဲ"

"ဟေ"

"ဟုတ်တယ်၊ မပုလေးပြောတာ မှန်တယ်။ ဒါဟာ အကောင်းဆုံး အဖြေပဲ ဗျ"

"အင် - ဟော့ကောင် ဂျာအေး၊ မင်း ဝင်မပါနဲ့ကွာ။ ငါမေးတာ ငါ့မိန်းမကို မေးတာ"

"ဟာ - ဆရာဖျောက်ကလည်း ကျုပ်က မပုလေးစကားကို အပြတ် ထောက်ခံတယ်ဗျာ။ ဟုတ်တယ်၊ အကျိုးအကြောင်း အကောင်းအဆိုးဆိုတာ ကျုပ်တို့အလုပ် မဟုတ်ဘူး။ ပညာရှိကြီးတွေ အလုပ်ဗျ။ ကျုပ်တို့က ရွှံ့တွေ ဗွက်တွေကြားက တက်လာတဲ့ နုလပိန်းတုံးတွေဗျ။ ဒီတော့ နေရာတကာ ခေါင်း သုံးနေရင် ထမင်းငတ်သွားမယ်ဗျ"

"ဟုတ်ပါတော်၊ ကျုပ်မောင် ဂျာအေး ပြောတဲ့စကားက ဒက်ထိပဲ၊





ကိုဖျောက်ရေ"

"ဗုဒ္ဓေါ၊ ဒါ. . . ဒါဆို"

"ဟုတ်တယ်လေ၊ ချမ်းသာမယ်ဆို ရှင် လုပ်ချင်တာလုပ် ကျွန်မ ထောက်ခံ တယ်။ ယောကျ်ားဆိုတာ ထောင်အပြင် တန်းမရှိပါဘူး ကိုရင်ဖျောက်ရယ်"

"ဟေ"

ဖျောက်ဆိပ်တစ်ယောက် ဂျာအေးနှင့် အပုလေးတို့၏ လောဘဇောတိုက် နေသော စကားလုံးများကြား သူ့အယူအဆကို ခိုင်ခိုင်မာမာ မထူထောင်နိုင် တော့။ သူ့ခေါင်းထဲ သိန်းသုံးဆယ်၊ လက်ထိတ်၊ ထောင်၊ ချမ်းသာခြင်း အစရှိ သော ဖြစ်စဉ်များနှင့် ချာလည်ပတ်လည် ယမ်းနေလေ၏။

ဂျာအေးကတော့ တကယ့် အောင်နိုင်သူကြီးပမာပင်။ ဆိုင်ရောက်တော့ လည်း ထိုကိစ္စကိုသာ တွင်တွင်ကြီး ပြောနေ၏။ ဖျောက်ဆိပ်၏ နှလုံးသားက ကျောက်သားနှင့် ထုထားသည် မဟုတ်။ ပြောဖန်များတော့လည်း အတွေးအခေါ် ချိန့် ယိမ်းထိုးလာ၏။

"ဖြစ်. . . ဖြစ်ပါ့မလား ဂျာအေးရာ၊ ငါတို့ပုံက ဓားပြပုံမှ မပေါက်တာကွာ။ ခုဉစ္စာ ဓားပြတိုက်တာနော်၊ ဒဏ်ရာယ် တအား ကြီးတာကွ။ ငါတော့ တစ်ကိုယ် လုံး လှုပ်နေပြီဟေ့"

"ခက်ပါ့ ဆရာဖျောက်ရယ်၊ ချမ်းသာချင်ရင် စွန့်စားရဲရမှာပေါ့ဗျာ။ ရိုးတာ၊ အ,တာဟာ ဟင်းတစ်ခွက်လောက် အရသာ မရှိပါဘူးဗျာ"

"ဟကောင်၊ မင်း ဘာတွေ ပြောနေသတုံးကွ။ ကေန္တ ပိလိနဲ့ပေါင်းပြီး စရိုက်ဆိုးတွေ. . ."

"ခက်ပါ့ ဆရာဖျောက်ရာ၊ ကျုပ်ကတော့ ချမ်းသာချင်တာ တစ်ခုပဲ သိတယ်"

ဖျောက်ဆိပ်တစ်ယောက် ဂျာအေး ပြောချလိုက်သည့် စကားကြောင့် တုံ့ဆိုင်း တွေဝေသွား၏။ အမှန်မတော့ ကားစပယ်ယာ လုပ်ရသည်မှာလည်း သက်သာလှသည် မဟုတ်။ ပြေးရလွှားရ အော်ရဟစ်ရ လူမုန်းကလည်း ခံရနှင့် ဆန်ကောထဲ ဆီးဖြူသီး ချာချာလည်နေသလို။

ဖြစ်နိုင်လျှင် ဘဝကို သက်သောင့်သက်သာ နေလို၏။ စာကလေး၊ ငှက် ကလေးဖုတ်ပြီး အိမ်ဦးခန်းမှာ အဖြူလေး၊ အနီလေး မှိုဝဲ၍ နေချင်ပါဘိ။ မိန်းမ နှင့် ကလေးကိုလည်း ကောင်းကောင်းမွေး၊ ကောင်းကောင်းကြီး ကျွေးချင်၏။

ယခုအထိ သူတို့ဘဝက တောင်မကျမြောက်မကျ အခြေအနေ။ တော



www.burmeseclassic.com

www.burmeseclassic.com



ယိမ်းလိုက် တောင်ယိမ်းလိုက်နှင့် ကံကြမ္မာ စီရင်ရာကို လည်စင်းခံနေရဆဲ။

ဂျာအေးပြောသည့် နတ်လိုင်စင်ကို ပိုင်ပိုင်နိုင်နိုင် ကိုင်ထားချင်သည်မှာ အမှန်ပင်။ လူ့ဘဝကို မတောင့်မတ မကြောင့်မကြ နေလိုသည်မှာ လူသားတိုင်း၏ သဘာဝပင်။ ဖျောက်ဆိပ်လည်း လူထဲက လူတစ်ယောက်။ သို့ဆိုလျှင် ချမ်းသာခြင်းကို ဟန့်တားနေသော ကောင်းမှု၊ မကောင်းမှုတို့သည် . . . .။

* * *

## အခန်း (၃)

အမှောင်ထုက လောကဓာတ် တစ်ခုလုံးကို တအိအိ ပြုဆင်းလာ၏။ အိပ်တန်းပြန်ငှက်တို့ပင် အုပ်စုဖွဲ့ကာ ညာသံပေး၍ အိပ်တန်းတက်နေကြပြီ ဖြစ်လေ၏။ ထိုအချိန်တွင် ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦးသည် ဆရာကြီးပီလီ၏ လမ်းညွှန်မှုနှင့် ဦးငွေဖြိုး၏ ခြံကြီးထဲသို့ တိတ်တဆိတ် ရောက်ရှိနေကြ၏။

ဦးငွေဖြိုး၏ အိမ်ကြီးမှာ ရှေးဟောင်း အိမ်အိုကြီးဖြစ်ပြီး အမိုးအကာများပင် ပျက်စီးစပြုနေပြီ ဖြစ်လေ၏။

ပီလီ ပြောသည့်အတိုင်း အိမ်ကြီး၏ နောက်ဘက်မှ သူတို့နှစ်ဦး အသံဗလံမထွက်အောင် တက်ခဲ့ကြ၏။ ဂျာအေးရော၊ ဖျောက်ဆိပ်ပါ မျက်နှာတွင် လက်ကိုင်ပဝါနှင့် ရုပ်မမှတ်မိအောင် ဖုံးကွယ်ထား၏။

ဂျာအေးက ရှေ့မှ ခပ်ဖွဖွလေး တက်နေစဉ် ဖျောက်ဆိပ်က နောက်မှ ကွတီးကွတနှင့် လိုက်တက်လာ၏။ ဂျာအေးနှင့် ဖျောက်ဆိပ်တို့၏ လက်ထဲတွင် ကလေးကစားစရာ သေနတ်များ ကိုင်ထားကြ၏။

နှစ်ယောက်စလုံး ရင်တထိတ်ထိတ်၊ အိမ်ကြီးပေါ်သို့ ရောက်တွင် အသက်ခြောက်ဆယ်ကျော် အရွယ်ရှိသည့် အဘိုးကြီးတစ်ဦး ပက်လက်ကုလားထိုင်ပေါ်ထိုင်ကာ စာအုပ်ထူကြီးတစ်အုပ် ဖတ်နေ၏။

သူ့ခေါင်း တည့်တည့်တွင် အောက်လင်းမီးအိမ်ကြီး ထွန်းထား၏။ ဖျောက်ဆိပ်သည် ဦးငွေဖြိုး ဖတ်နေသော စာအုပ်အဖုံးကို ကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

"အင်၊ ကမ္ဘာကျော် စုံထောက်ကြီးများဖြစ်စဉ် ဆိုပါလား"

စာအုပ်မျက်နှာဖုံးကိုဖတ်ရင်း ဖျောက်ဆိပ်က ဂျာအေးကို လက်တို့လိုက်





www.burmeseclassic.com

www.burmeseclassic.com



၏။ စာအုပ်မျက်နှာဖုံး ကြည့်ပြီး နှစ်ယောက်စလုံး ရင်ထိတ်သွား၏။ မျက်စိသာ မှုန်သော်လည်း ဖတ်သည့်စာအုပ်က ကြောက်ခမန်းလိလိ။

ဂျာအေးက အဘိုးကြီးကို မေးငေါ့ပြလိုက်ရင်း ရှေ့သို့ မရဲတရဲ တိုးကပ်သွား၏။

"လက်မြှောက်လိုက်စမ်း"

"xxx . . . xxx"

"ဟေ့လူကြီး ပြောနေတာ ကြားသလား"

"xxx . . . xxx"

ဂျာအေးစကားကို ဦးငွေဖြိုးက ကြားပုံမရ။ စာအုပ်ကြီး ဖယ်ရှားရင်း သူတို့နှစ်ဦးကို ပြူးတူးပြဲတဲ ကြည့်နေ၏။ ဖျောက်ဆိပ်သည် သေနတ်ကြီးကို တဆဆ လုပ်ရင်း ဦးငွေဖြိုးကို ချိန်ရွယ်လိုက်၏။

"ဟေ့လူကြီး လက်မြှောက်လို့ ပြောနေတာ မကြားဘူးလားဗျ"

"xxx . . . xxx"

"ပြောနေတာ မကြားဘူးလား"

"ဟေ - မင်းတို့ ဘယ်သူတွေတုံး"

"တိတ်စမ်း"

"xxx . . . xxx"

ဂျာအေးက ဟောက်ပစ်လိုက်၏။

ဦးငွေဖြိုးသည် မျက်မှန်ထူထူကြီး တပ်ဆင်ထားသော်လည်း သူတို့ကို မှုန်တိမှုန်ဝါးသာ မြင်နေရ၏။ သူတို့ အသံကိုလည်း ဝါးတားတားသာ ကြားနေရ၏။ မျက်မှန်ကိုင်းကို မြှင့်ကြည့်ရင်း အသံဝါဝါကြီးနှင့် မေးလိုက်၏။

"မင်းတို့ ဘယ်သူတွေတုံးကွ၊ ဘာလာလုပ်တာလဲ၊ အလှူခံတွေလား"

"တိတ်စမ်း"

"ဟေ - အလှူခံတွေ ဟုတ်လား၊ ဒါဆို အောက်မှာနေပေါ့ကွ"

"ဟေ့လူကြီး"

"ဆင်း . . . ဆင်း အောက်ကိုဆင်းကြ။ အလှူခံတာလည်း အံ့ပါ့ကွာ၊ အိမ်ပေါ်ရောက်နေပြီ။ သွားကြ"

"ဗိုတိတ်စမ်း ခင်ဗျားကြီး ယီးတီးယားတား မလုပ်နဲ့၊ သေသွားမယ်နော်"

"ဟေ - ငါ့မိန်းမ . . . ငါ့မိန်းမ မြခင်ဆုံးတာ သုံးနှစ်ရှိပြီကွ။ အလှူဒါန မလုပ်တာတော့ ကြာပြီဟေ့"





"ဒုက္ခပါပဲ၊ ဒီအဘိုးကြီး ကြားချင်ရာ ကြားနေပါလား"

"ဟုတ်ပ့ါကွာ၊ ဝီလီလည်း ဘယ်ရောက်နေပြီလဲ မသိဘူး။ ဘာဆက်လုပ်မလဲကွ"

"ဟာ - သူ့ခါးမှာ သော့တွဲရှိတယ်ဗျ၊ အဲဒီ သော့တွဲကို ရအောင်ယူမယ်"

"လုပ်လေ"

ဖျောက်ဆိပ်သည် ဦးငွေဖြိုး မြင်သာအောင် သေနတ်ကြီးကို တဆဆ လုပ်ပြလိုက်၏။ ထိုအချိန်တွင် ဦးငွေဖြိုးမှာ ဝါးဝါး ဖြစ်နေဆဲ။

"ဘာတုံး၊ မောင်ရင်တို့က အလှူခံ မဟုတ်ရင် အမြတ်ခွန်ဌာနကလား ပြောပါဦး။ ကျုပ်က ဆင်းရဲလိုက်သမျှ ထမင်းတောင် နပ်မမှန်ပါဘူးကွာ"

"တိတ်စမ်း၊ ဒီမှာ မြင်လား"

"ဘာလဲဟ"

"ဟ - သေနတ်လေ သေနတ်၊ ဟားဟားဟား ခင်ဗျား ကြားရဲ့လား"

"ဟော- မုန့်ဖက်ထုပ်၊ အဲဒါ ဘာလုပ်ရမှာတုံးကွ။ ငါက ကြိုက်မှမကြိုက်. . ."

"တိတ်စမ်း"

"အင် - ဘာဖြစ်ပြန်ပြီလဲ"

"ဟို . . . အဲ - ခင်ဗျားကို ကျုပ်တို့ ဓားပြတိုက်နေတာဗျ"

"ဘယ်လို အလှူလာဖိတ်တာ ဟုတ်လား။ ကောင်းပါ့ကွာ၊ အလှူဆိုရင်တော့. . ."

"ဟေ့ အဘိုးကြီး"

"ဘာတုံးကွ၊ ကျယ်ကျယ်ပြောဟေ့ ငါ ဘာမှ ကြားရတာ မဟုတ်ဘူးကွ"

"ဗျာ"

"ပြောလေကွာ"

"ဓားပြတိုက်နေတာဗျို့"

"ဟေ"

ဖျောက်ဆိပ် စိတ်မရှည်နိုင်။ ကျယ်ကျယ်လောင်လောင် အော်ဟစ်ပစ်လိုက်ရာ ဂျာအေးပင် မျက်လုံး အပြူးသား ဖြစ်သွား၏။ ထိုစဉ် ဖျောက်ဆိပ်က သေနတ်ကြီး ထောင်ပြလိုက်၏။ ဦးငွေဖြိုးသည် သေနတ်ကြီးကို ဝါးတားတား ကြည့်ရင်း မေးလိုက်ပြန်၏။

"ဘာကြီးတုံး၊ မုန့်လုံးကြီးလား။ ငါက သွားမှ မကောင်းတာ"

"ဟာ - ဘာတွေတုံး၊ ငါတို့ ဘာလုပ်ကြမလဲ ဂျာအေးရေ"



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာပဲဗျာ၊ မထူးပါဘူး။ ကိုင်းကွာ"
"ဝှစ် ခွပ်"
"အောင်မယ်လေးဗျာ"
"ဟာ- မင်း ဘယ်လိုလုပ်တာလဲကွ။ တော်ကြာ သေသွားမှ ဒုက္ခတွေ့မယ်"
"သာသာလေး ရိုက်လိုက်တာပါဗျာ။ ကိုင်း- သော့ အမြန်ယူဗျ"
ဂျာအေးသည် လက်ထဲက သေနတ်ဒင်နှင့် အဘိုးကြီး ငယ်ထိပ်ကို ရိုက်ချလိုက်၏။ ဦးငွေဖြိုးခမျာ တစ်ချက်သာအော်ပြီး ခွေလဲသွား၏။ ထိုအခါ ခါးကြားတွင် ချိတ်ထားသော သော့တွဲကို အလျင်အမြန် ဖြုတ်ယူနေ၏။
ထိုစဉ် ဦးငွေဖြိုးထံမှ ထူးဆန်းသော အသံဗလံများ ထွက်လာ၏။
"ခွီးခွီး . . . ဖူး . . . ခွီး"
"ဟာ- တက်နေပြီကွ"
"ဗျာ"
"ဟာ- အဘိုးကြီးမှာ ဝက်ရူးပြန်ရောဂါ ရှိနေပုံပဲကွ"
"ခွီးခွီး. . . ဖူး"
"ဟာ- အမြှုပ်တွေဟေ့"
"ဘာလုပ်မလဲ"
"မင်းက တအား လုပ်လိုက်တာကိုးကွ။ ဒုက္ခပါပဲ၊ ခြေတွေလက်တွေ ဆွဲချိုးကွ"
"ဗျာ၊ ဩော် . . . ဟုတ်. . . ဟုတ်ကဲ့"
"ခွီးခွီး . . . . ဖူး"
"မြန်မြန်လုပ်ပါကွ"
"ငယ်ထိပ်က မှုတ်လေ"
နှစ်ယောက်သား ဦးငွေဖြိုး၏ အခြေအနေကို ကြည့်ရင်း မျက်လုံးမျက်ဆန် ပြူးသွား၏။ ဦးငွေဖြိုးခမျာ ပါးစပ်က အမြှုပ်တစီစီနှင့် တက်နေ၏။ ဖျောက်၍ မနေသာတော့။
ခြေမချိုး၊ လက်မချိုး၊ ငယ်ထိပ်က တဖူးဖူးမှုတ်နှင့် အလုပ်ရှုပ်နေကြ၏။ ဦးငွေဖြိုးခမျာ အခြေအနေက ပို၍ပို၍ ဆိုးဝါးလာ၏။ ကိုယ်တွေ၊ လက်တွေ တွန့်လိမ်ကောက်ကွေးလာ၏။
"ဟာ - ပြဿနာပဲ၊ သေ . . . သေလိမ့် . . ."





"ဗုဒ္ဓေါ"
"ဘာလုပ်ကြမလဲ"
"ဒုက္ခပဲ၊ အခြေအနေက သေသွားနိုင်တယ်ကွ"
"ဟင်"
နှစ်ယောက်စလုံး မျက်လုံးပြူးမျက်ဆန်ပြူး။ ထိုစဉ် အိမ်ကြီးပေါ်သို့ ဗိုလီ အပြေးအလွှား ရောက်ရှိလာ၏။ မြင်ကွင်းကိုကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။
"ဟာ - ဘယ် . . . ဘယ်လိုဖြစ်တာလဲ၊ မင်းတို့ သတ်ပစ်လိုက်တာလား"
"ဟုတ်ပါဘူးကွာ"
"ဒါဆို အမြှုပ်တွေ"
"မင်းဘကြီး ဝက်ရူးပြန်နေတာကွ"
"ဟေ၊ ဟာ - အဲ . . အဲဒါဆို သေသွားနိုင်တယ်။ သေရင် ငါတို့အားလုံး အမှုပတ်နေလိမ့်မယ်"
"ဒါဆို ဘယ်လိုလုပ်ကြမလဲ"
"ဆေးရုံပို့မှကွ"
"ဟုတ်တယ်"
"မြန်မြန်လုပ်"
"မင်းတို့ မျက်နှာဖုံးတွေ ဖယ်လိုက်ကြဦးကွာ"
"အဲ - ဟုတ်သား"
နောက်ဆုံးတော့ သူတို့သုံးဦး ဦးငွေဖြိုးကို အနုကြမ်းမစီးနိုင်တော့ဘဲ ဦးငွေဖြိုးက သူတို့သုံးဦးကို အနုကြမ်းစီးလိုက်လေတော့၏။
ဦးငွေဖြိုး ကိုယ်ကြီးကို သုံးယောက်သား မနိုင့်တနိုင်နှင့် အောက်သို့ ထမ်း၍ ချခဲ့ကြ၏။ အောက်ရောက်သည်နှင့် ကားငှားသူကငှား၊ ခြေချိုးလက်ချိုး ချိုးသူကချိုးနှင့် ချွေးပြန်နေကြ၏။ နောက်ဆုံးတော့ သူတို့အားလုံး ဦးငွေဖြိုးကို ဆေးရုံသို့ အလျင်အမြန် ပို့ခဲ့ကြပြီး စိတ်ပျက်လက်ပျက်နှင့် အိမ်သို့ ပြန်ခဲ့ကြ၏။
"ဘယ်လိုလဲကွ ဂျာအေး"
"တော်ပါပြီဗျာ၊ ချမ်းသာမလား လုပ်ကြည့်တာ နောက်ဆုံးတော့ လူပဲ မောတယ်။ ဗိုလီ"
"ဘာတုံး ဂျာအေး"
"မင်းကိစ္စ မေ့ပစ်လိုက်တော့ကွာ၊ ငါတို့ မချမ်းသာချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင် - ဘာဖြစ်လို့တုံးကွ"

"ဟာကွာ၊ ငါတို့ အဲဒီ အလုပ်လုပ်လို့ ဖြစ်မယ် မထင်ဘူးကွ။ ခုတောင် ပြဿနာပေါင်းစုံ ဖြစ်နေတာ သူများပစ္စည်း ယူရမှာ စိတ်ထဲ မလုံလှဘူးကွ"

"ဟေ"

"ဟုတ်တယ် ဂျာအေး ပြောတာ မှန်တယ်။ ငါတို့ နှစ်ယောက်စလုံး အဲဒီ အလုပ်ကို လုပ်လို့ မရဘူးကွ။ ဒီအလုပ်က ရက်စက်ရဲရမယ်၊ လက်ရဲဇက်ရဲ ရှိရမယ်ကွ။ အဲ. . . အဲဒီလိုတော့ မလုပ်ရဲဘူးကွ"

"ဟုတ်တယ်၊ ကျွန်တော် သူ့ကို ရိုက်နှက်မိတာ စိတ်မကောင်းဘူးဗျ။ ကျွန်တော်လည်း အဲဒီလောက် မရက်စက်ရဲဘူးဗျ"

"ဟားဟားဟား ကောင်းပါ့ကွာ၊ ငါ နားလည်ပါပြီ ဂျာအေးရာ။ ဒါပေမယ့် ထူးထူးဆန်းဆန်း အကြောင်းအရာတော့ ငါ ပြောပြချင်သကွ"

"ဟင် - ဘာလဲ ပီလီရ"

"အေး ငါ့ဘကြီးဟာ အတော့်ကို အံ့ဩစရာကောင်းတဲ့လူကွ"

"ဟင် - ဘာဖြစ်လို့တုံး"

"ဘာဖြစ်ရမှာလဲကွ၊ မင်းတို့နှစ်ယောက် ရှေ့မှာ ကဲနေတုန်း ငါ နောက်ထ ဝင်မွှေပြီး သေတ္တာကို မရရအောင် ယူခဲ့ပြီးပြီကွ"

"ဟေ"

"ဟာ - မင်းက လျင်လှချည်လားကွ"

"ဒါပေမယ့် အဲဒီ ရတနာ့သေတ္တာကို မရရအောင် ငါ ဖွင့်ကြည့်လိုက်တော့ အထဲမှာ ကျောက်စရစ်ခဲတွေပဲ ရှိတယ်ကွ"

"ဟေ"

"ဟာ - ဘယ်လိုဖြစ်ကုန်တာလဲ"

"ပြောတတ်ဘူးဟ၊ တစ်ယောက်ယောက် ဝင်မွှေသွားတာပဲ ဖြစ်ရမယ်။ ဒါကြောင့် ပြဿနာ ငါတို့ပေါ် ပုံလာမှာ စိုးတာနဲ့ ခြေရာလက်ရာ မပျက်အောင် ပြန်ထားခဲ့ရတယ်ကွ"

"ဟာ - တော်ပါသေးရဲ့၊ မလုပ်ပါနဲ့တော့ကွာ။ ချမ်းသာချင်တာထက် ငါတို့ နှစ်ယောက်စလုံး နှလုံးရောဂါ ဖြစ်ပြီး သေသွားနိုင်သကွ။ ကိုင်း - ဆိုင်ဘက် ဆီပဲ သွားကြစို့ကွာ"

နောက်ဆုံးတော့ ချမ်းသာချင်သည့်စိတ်နှင့် မဟုတ်မဟတ် ကြံစည်ခဲ့ကြ သော ဂျာအေးနှင့် ဖျောက်ဆိပ်တို့မှာ ရင်အမောကြီး မောကာ ချမ်းသာချင်စိတ်





ကို မေ့ဖျောက်ပြီး ဘုံဆိုင်ထဲ ရောက်ရှိသွားကြလေတော့၏။

ပြဿနာက လွယ်လွယ်ကူကူနှင့် ပြီးဆုံးသွားခဲ့သည်မို့ ဖျောက်ဆိပ်တစ်ယောက် သိက်ပြင်း ဟင်းခနဲ ချနိုင်ခဲ့လေ၏။ ဆိုင်ထဲ ရောက်သည်နှင့် သက်ပြင်း ငွေငွေ့ကို မှုတ်ထုတ်ရင်း ပြောလိုက်၏။

"တော်ပြီကွာ၊ နောက်တစ်ခါ ငါတို့ကို ဘယ်တော့မှ အဖော် လာမစပ်နဲ့တော့ ပီလီရာ။ မင်း သယ်လာတဲ့ ပြဿနာတွေက လက်ထိတ်စော် တအားနံတဲ့ ပြဿနာတွေကွ။ မချမ်းသာဘဲ ထောင်ထမင်းကြမ်း စားရမယ့်ကိန်းကွ"

"ဟုတ်တယ် ပီလီရာ၊ မင်းရဲ့ ချမ်းသာရေး လမ်းကြောင်းကြီးက ထောင်ထဲ ကျွမ်းပစ်ဝင်ရမယ့်ကိစ္စကွ။ တော်ပြီကွာ၊ ဆားနဲ့ပဲ စားတော့မယ်ဟေ့"

"ကိုင်း - သောက်ကြစမ်းကွာ"

နောက်ဆုံးတော့ ပီလီလည်း ငြိမ်ကျသွား၏။ ချမ်းသာခြင်းတရားကို မဟောနိုင်တော့။ ထိုအထဲတွင် ဂျာအေးက အဆိုးဆုံး၊ ဆရာကြီးဖျောက်ဆိပ်၏ ဖိုင်ဒီယာလမ်းကြောင်းထဲ စီးမျောခဲ့ရာမှ ပြဿနာပေါင်းစုံနှင့် မကြာခဏ ကြုံနေရသည်မို့ သူ့စိတ်ထဲ ဇဝေဇဝါ ဖြစ်လာ၏။

"ဆရာဖျောက်"

"ဟေလကွယ်"

"ဆရာဖျောက်ရဲ့ ဖိုင်ဒီယာတွေဟာ ကျွန်တော် စဉ်းစားကြည့်တာတော့ ချမ်းသာရာ ချမ်းသာကြောင်း ဖြစ်စဉ်တွေမှ မဟုတ်ဘဲဗျ။ ကိုချာလီတို့၊ ကိုချာတိတ်တို့က မကောင်းမှုနဲ့ ချမ်းသာကြပေမယ့် ကျုပ်တို့ လုပ်ကြည့်တာတော့ လက်ထိတ်စော်နံနေတယ်ဗျာ"

"အေး - ဟုတ်သားကွ၊ ဒီဖြစ်စဉ်ဟာ သံသယပွားဖွယ်ပဲကွ။ မကောင်းမှုနဲ့ ဘဝကို ငါတို့ ရှင်သန်လို့ မရနိုင်ဘူးဆိုတာ သက်သေပြနေတာပဲကွ"

"ဟုတ်ပါ့ဗျာ၊ ဒါဆို ကျုပ်တို့ဟာ ချမ်းသာဖို့ဇာတာ မပါလာဘူး ထင်ပါရဲ့ ဆရာဖျောက်ရယ်"

"ဟုတ်သေးဘူးကွ၊ ဒီကိစ္စမှာ ဖိုင်ဒီယာတွေ အံချော်နေတာပဲ ဖြစ်ရမယ်"

"ဟင် - အံချော်နေတယ် ဟုတ်လား၊ ဒါဆို ဘယ်လိုလုပ်ရင် ချမ်းသာနိုင်မှာလဲဗျ"

"နေဦးကွ၊ မကောင်းတာ လုပ်ကြည့်လို့ ချမ်းသာရေးလမ်းကြောင်း မမြင်ရရင် ကောင်းတာ လုပ်ကြည့်ရမှာပေါ့ကွ။ ဟုတ်ဘူးလား"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ဆိပ်၏ တင်းတင်းရင်းရင်း ပြောလာသော စကားကြောင့် ဂျာအေး ကြောင်စီစီ ဖြစ်သွား၏။ ပီလီမှာ သူတို့နှစ်ဦး၏ အချာချာ အယူအဆများကို လိုက်မမီနိုင်အောင် ဖြစ်နေ၏။ ထိုစဉ် ဖျောက်ဆိပ်ထံမှ လေးလေးနက်နက်နှင့် ပြောဆိုလာလေသည်။

"ဟုတ်တယ် ဂျာအေး၊ မှန်တာပြော မဟုတ်တာကို မလုပ်မိစေနဲ့။ ပြော ရင် ရိုးရိုးဖြောင့်ဖြောင့် မှန်မှန်ကန်ကန်နဲ့ ချမ်းသာခြင်းကို ရှာသင့်တယ်ကွ"

"သေ . . . သေချာရဲ့လားဗျ"

"ဟာ - ဒီစကားက မြေကြီးလက်ခတ်မလွဲပါဘူးကွာ။ အမှန်တရား သစ္စာ ဘယ်တော့မှ မပျောက်မပျက်ပါဘူးကွ။ သစ္စာတရား၊ သစ္စာစကားကြောင့် လူတွေဟာ ချမ်းသာခြင်းကို ရရှိသွားကြတာပဲကွ"

"သေချာရဲ့လား ဆရာဖျောက်ရယ်"

"ဟာ - ဒါ ဖြစ်ကို ဖြစ်နိုင်တဲ့ ဖြစ်စဉ်သစ်ကွ"

"ဗျာ - ဖြစ်စဉ်သစ်၊ ဒါဆို မှန်တာပြော ဟုတ်တာလုပ်ဆိုတဲ့ သဘောပေါ့ လား"

"ဒါပေါ့ကွာ၊ အဲဒီလိုလုပ်တာ နတ်လူသာစုခေါ်ပါတယ်ကွာ။ မင်းပြော နတ်လိုင်စင်ဟာ အဲဒီနည်းနဲ့ရှာမှ ရမှာကွ"

"ဟင်"

ဖျောက်ဆိပ်၏ ပြင်ဆင်ဖွင့်လှစ်လာသော အယူအဆကို ဂျာအေးစိတ်ထဲ သံမှိုစွဲနှက်သလို အခိုင်အမာ ယုံကြည်လာ၏။ မမှန်လုပ် မဟုတ်တာ ပြော၍ မချမ်းသာဘူးဆိုရင် မှန်တာလုပ်၊ ဟုတ်တာပြော၍ ဂျာအေး ချမ်းသာခြင်းကို ရှာဖွေလို၏။

ထို့ကြောင့်လည်း ယခုအချိန်မှစ၍ မှန်တာလုပ် ဟုတ်တာပြောတော့မည် ဟု ရဲရဲကြီး ဆုံးဖြတ်ချက် ချလိုက်လေတော့၏။ ထိုအချိန် ဆရာကြီး ဖျောက်ဆိပ် မှာ မှန်ကန်သော အယူအဆတစ်ရပ်ကို ဖော်ထုတ်လိုက်ရပြီမို့ အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေ၏။ သူတို့နှစ်ဦးကြားတွင် ယောင်ချာချာ ဖြစ် နေသော ပီလီမှာ တစ်ခွက်ပြီးတစ်ခွက် တဂွပ်ဂွပ် သောက်နေရာမှ နောက်ဆုံး ခေါင်ချာစိုင်းအောင် မူးရူးသွားလေတော့၏။

* * *



## အခန်း (၄)

အရပ်လူကြီး ဦးပွသည် တစ်နေ့တစ်နေ့ ရပ်ကွက်ထဲက ပြဿနာပေါင်းစုံ ထိုင်ရှင်းနေရသဖြင့် ဇနီးလုပ်သူ လုံးခင်တစ်ယောက် မကျေမချမ်း ဖြစ်နေ၏။ အိမ်ပေါ်မှာလည်း လူပြောက်သောက်။ ပြဿနာတွေကလည်း တင်းကြမ်း။

ကြာတော့ လုံးခင် မျက်စိနောက်လာ၏။ နားတွေ ရှုပ်လာ၏။ ပြဿနာ အသေးအဖွဲကအစ ဦးပွ ဒိုင်ခံ ရှင်းလင်းနေရသည်မို့ လုံးခင် စူပွစူပွ ဖြစ်လာ၏။

ယခုလည်း အလှူအိမ် ဖိနပ်ပျောက်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ဦးပွတစ် ယောက် ခေါင်ချာစိုင်းနေ၏။ ဟိုလူမေးရ ဒီလူမေးရ အရက်ဆိုင်တွေမှာ စုံစမ်းရ နှင့် အလုပ်ရှုပ်နေ၏။ ပြဿနာ အစပြုသည့်နေရာက နတ်ကတော်ရွှေမိတို့အိမ်။ နတ်ပွဲပြီး၍ အလှူအတန်း လုပ်နေစဉ် ဖိနပ်အရန် နှစ်ဆယ်ခန့် ထူးဆန်းစွာ ပျောက်ဆုံးသွားခြင်းပင်။

ပျောက်သွားသည့် ဖိနပ်များကလည်း တစ်ရန် တစ်ရန် သောင်းကျော်တန် သည့် ဖိနပ်များ ဖြစ်ကြ၏။ ဖိနပ်ပိုင်ရှင်များကလည်း နှယ်နှယ်ရရ မဟုတ်။ အလှဖန်တီးရှင်အဖွဲ့က စီးနင်းလာသောဖိနပ် များလေ၏။ နတ်ကတော် ရွှေမိတို့ အိမ်ကြီးက နှစ်ထပ်အိမ်ကြီး ဖြစ်ပြီး အပေါ်ထပ်တွင် အလှူအတန်း လုပ်နေစဉ် ပျောက်ဆုံးသွားခြင်း ဖြစ်လေ၏။

ထိုအမှုကိစ္စနှင့် ပတ်သက်၍ ရွှေမိ ကိုယ်တိုင် အော်ကြီးဟစ်ကျယ်နှင့် လာရောက် တိုင်တန်းသွားခြင်း ဖြစ်လေ၏။ ထိုသတင်း ကြားလျှင်ကြားချင်း ဦးပွတစ်ယောက် အကြီးအကျယ် ခေါင်းစားသွား၏။

"ဟိုက် - ဘာလိုဖြစ်ကြတာတုံး၊ ဒီလောက် ဖိနပ်တွေ တစ်ပုံတစ်ခေါင်း ခိုးသွားတာ အိမ်မှာ မီးဖုတ်စားကြမလို့လား။ ခက်ပါ့ကွာ၊ ကြာလေကြာလေ



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း စုံထောက်ကြီး ဦးပွ ဖြစ်လာမှ မိန်းမရေ"

"အို - ဘာစုံထောက်လဲ၊ ဖိနပ်ပျောက်တာတောင် လာတိုင်တာဆိုတော့ ကြည့်လည်း လုပ်ပါဦး အရုပ်လူကြီးရေ"

"ဟုတ်ပါ့ကွာ၊ လူတွေကလည်း ခက်ပါ့ကွာ။ ဖိနပ်သားရေခွာပြီး မီးဖုတ်စားနေကြပြီ ထင်ပါရဲ့။ အင်း လောက. . . လောက အရှက်နဲ့ လူမလုပ်ကြတော့ဘဲ ဖိနပ်နဲ့ လူလုပ်ကုန်ကြပြီ"

"အို-ရှင် ဘာတွေပြောနေသတုံး၊ ရှင့်ခေါင်းထဲမှာ ဖိနပ်တွေပဲ ရှိနေသလား ပြောပါဦး။ မီးဖိုချောင်ကိစ္စ ရှင် သတိမှုရသေးရဲ့လား ကိုပွရဲ့၊ ပြောစမ်းပါဦး"

"ဟေ - မီးဖိုချောင်မှာ ဘာတွေဖြစ်နေသတုံးကွ၊ ဖိနပ်တွေ ရောက်နေပြီလား"

"ရှင်"

ဦးပွ၏စကားကြောင့် လုံးခင် မျက်လုံးပြူးသွား၏။ ရယ်ကွက်သာရှေးနာရေးကိုသာ ခေါင်းထဲရောက်နေသော ဦးပွ။ အိမ်မှာ ရှိတာ၊ မရှိတာကိုပင် မစဉ်းစားချေတော့။ ဆန်ရှိရဲ့လား၊ ဆီရှိလား ဆိုသည်ကို လှည့်ပင် မကြည့်တော့သည့် ဦးပွ။

ထိုအခြင်းအရာကို လုံးခင် အကြီးအကျယ် မကျေမချမ်း ဖြစ်နေ၏။ ယခုလည်း ပြောလာသမျှ စကားတွေက ဖိနပ်နှင့် မကင်းပါချေ။ လုံးခင်တစ်ယောက် သူ့ရှေ့မှ ဆောင့်ကြီးအောင့်ကြီးနှင့် ပြောဆိုကာ ရယ်ကွက်ထဲ ဆင်းသွား၏။ ဦးပွမှာ ဖိနပ်ပျောက်မှုကြီးနှင့် စပ်လျဉ်း၍ အကြီးအကျယ် ခေါင်းစားနေ၏။ ပက်လက်ကုလားထိုင်ပေါ် ငူငူကြီးထိုင်ကာ ဆေးတံကြီးကို တဖွာဖွာ လုပ်ရင်း မျက်စိထဲ ဖိနပ်မျိုးစုံကို မြင်နေရ၏။

နတ်ကတော် ရွှေမိ၏ စကားအရ ဖန်ဒေါက်၊ ပလက်တီနမ်ဒေါက်၊ ကြေးဒေါက်၊ ဒေါက်မျိုးစုံနှင့် လုပ်ထားသော ဖိနပ်များ ဆိုသဖြင့် အနည်းလေး သောင်း၏ တန်သည့်ဖိနပ်များ ဖြစ်နေ၍ ဦးပွ မျက်လုံးပြူးနေ၏။

"တစ်ရန်ကို သုံးလေးသောင်းပေးရတယ် ဆိုပါလား။ ငါတော့ ကြားတောင် မကြားဖူးပါဘူး။ ကေန္ဒ စင်ဒရဲလားစီးတဲ့ ဖိနပ်လိုမျိုးများလား။ ဟူး - စဉ်းစားရ ကျပ်ပါ့ကွာ"

တစ်ယောက်တည်း အတွေးနယ်ချဲ့ရင်း ဖိနပ်အမှုတွဲကြီးကို အဖြေရှာနေ၏။ ထိုစဉ် သူ့အိမ်ပေါ်သို့ ဂျာဒေး ရောက်ရှိလာလေတော့၏။

"ဟာ - ဆရာပွ"





"အယ် - ဂျာဒေးပါလားကွ၊ ကားမဆွဲဘူးလား"

"ဒီတစ်ပတ် နားထားတယ် ဆရာပွရဲ့"

"ဗော - ဘယ်လိုဖြစ်သတုံး၊ ချမ်းသာသွားလို့လားကွ"

"ဟာ - အဲဒီအချက်ဟာ ကျုပ်ခေါင်းထဲ ဒုက္ခပေးနေတာ အမှန်ပဲဆရာပွရဲ့၊ ဟုတ်တယ် ချမ်းသာခြင်းဆိုတာ ဘာလဲ။ ဘယ်လို ဘာရမလဲ၊ ဘယ်လိုနည်းလမ်းတွေ ရှိသလဲ၊ အဲဒီ အချက်တွေကို ကျုပ် စဉ်းစားနေတယ်ဗျ"

"ဟေ - မင်း. . . မင်းက ချမ်းသာချင်တယ် ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ် ချမ်းသာချင်ပြီဗျ။ တစ်နည်းအားဖြင့် ပြောရရင် နတ်လိုင်စင် ကိုင်ချင်ပြီဗျ"

"ဗုဒ္ဓေါ၊ နတ်လိုင်စင်။ မင်းစကားက အထူးအဆန်းပါလားကွ။ ဘာတုံး နတ်လိုင်စင်ဆိုတာ"

"ဟာ ဆရာပွကလည်း ဒီလိုဗျ . . ."

ဂျာဒေးသည် သူ့ရင်ထဲ ခိုးလိုးခုလု လုပ်နေသော နတ်လိုင်စင် ကိစ္စကို အကျယ်တဝင့် ပြောပြလိုက်၏။ အကြောင်းစုံ သိလိုက်ရသော ဦးပွခမျာ ဂျာဒေး၏ ဝေါဟာရအသစ်ကို စဉ်းစားရင်း လက်ဖျောက်တီးလိုက်၏။

"ဟုတ်ပြီကွ"

"ဗျာ၊ ဘာဟုတ်တာလဲ"

"ဟာ - မင်း ချမ်းသာချင်နေပြီ မဟုတ်လား။ မှားတာ၊ မှန်တာတွေ ဘေးချိတ်ပြီး ချမ်းသာရင်ပြီးရောဝါဒ လက်ကိုင်ထားတဲ့လူဆိုတော့ ဖိနပ်ပျောက်မှု ပြဿနာဟာ မင်းနဲ့များ ပတ်သက်နေပြီလား ပြောစမ်း"

"ဖိနပ်၊ ဘယ်ကဖိနပ်တုံးဗျ။ ကျုပ်ပြောတဲ့အထဲမှာ ဖိနပ်ဆိုတဲ့စကား တစ်လုံးမှ မပါဘူးဗျ"

"ဟေ - ဟုတ်သားပဲ၊ ငါလည်း ဒုက္ခပဲ ဂျာဒေးရေ။ ရယ်ကွက်ထဲက ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ထမ်းထားရတာကွ။ ခုလည်း နတ်ကတော် ရွှေမိက ဖိနပ်ပျောက်မှု လာအပ်သွားလို့ကွ"

"ဩော် - ဒီလိုကိုး"

"ဟုတ်ပါ့ကွာ၊ ခိုးစရာရှားလို့ကွာ။ ဒါပေမယ့် ပျောက်တဲ့ဖိနပ်တွေက သောင်းကျော်တန်ဖိနပ်တွေကွ။ ပိုင်ရှင်က အလှဖန်တီးရှင်အဖွဲ့ကလေး။ [illegible] လာစားရင်း ပြန်တော့ ဖိနပ်တစ်ရန်မှ မရှိတော့တာနဲ့ ငိုကြရယ်ကြ အော်ကြီးဟစ် ကြ ဖြစ်ကုန်လို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်တောင် ပျောက်သွားလို့လဲဗျ"

"ဒေါက်ဖိနပ် အရန် နှစ်ဆယ်တဲ့ကွ"

"ဗျာ၊ ကြမ်းလှချည်လားဗျ"

"အဲဒါ ပြောတာပေါ့ကွာ၊ ဘာလုပ်ဖို့ ဒီလောက် ခိုးတာလဲ မသိဘူး"

"ဒီလောက် ပျောက်ပုံထောက်ရင် လုပ်ကြံမှုပဲ ဖြစ်ရမယ်ဗျ"

"ဟေ - လုပ်ကြံမှု"

"အသေအချာပဲ ဆရာပွရယ်၊ အလှဖန်တီးရှင်အဖွဲ့ကို ဒုက္ခပေးလိုက်တာပဲ ဖြစ်ရမယ်ဗျ။ ပြီးတော့ ဒေါက်ဖိနပ်တွေချည်းပဲ ရွေးပျောက်တာဆိုတော့ ကေနွှ ယူတဲ့လူဟာ အရပ်ပုမယ်၊ တင်ကောက်ရမယ်ဗျာ"

"ဟေ - မင်းဥစ္စာက ဘယ်လိုကြောင့် ခုလို ပြောနိုင်တာလဲကွ"

"ဟဲဟဲ ကျုပ်စိတ်ထဲ တွေးကြည့်တာပါ။ သူဟာ ဘယ်လိုလူစား ဖြစ်နိုင်မလဲလို့ပေါ့။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး သူခိုးကို နှစ်မျိုးခွဲပြီး ပြောနိုင်တယ်ဗျ"

"ဟော - လုပ်စမ်းပါဦးကွ"

"ဒီလို ဆရာဒေါက်ရဲ့ အဲလေ ဆရာပွရဲ့။ နံပါတ်တစ်က ပိုက်ဆံ မရှိလို့ ခိုးတဲ့သူခိုး၊ နံပါတ်နှစ်ကတော့ ဒေါက်ဖိနပ် စီးချင်လွန်းလို့ ခိုးတဲ့သူခိုး။ သူခိုးတ နှစ်မျိုးနှစ်စားပဲ ရှိတယ်ဗျ"

"ဟေ - ဒါဆို အခု သူခိုးက ဘယ်လို သူခိုးတုံးကွ"

"အိမ်း - အလျှအိပ်ဆိုတော့ လူက စုံပါဘိ။ ပြောရတော့ ခပ်ခက်ခက်ပဲ ဆရာပွရဲ့။ ဒါပေမယ့် ဒီအမှုပေါ်အောင် ဖော်ထုတ်ဖို့က လွယ်ပါတယ်ဗျာ"

"ဟေ - လုပ် . . . လုပ်စမ်းပါဦးကွာ၊ မင်းမှာ ဘယ်လို အကြံဉာဏ်တွေ ရှိနေသတုံးကွ။ ငါတော့ ဒီကိစ္စ ဘယ်သူ ဒုက္ခပေးသွားသလဲဆိုတာ ခုထိ စဉ်းစားလို့ကို မရသေးပါဘူးကွာ။ မင်းက ရပ်ကွက်ထဲမှာ နှံ့နှံ့စပ်စပ် ရှိတယ်ဆိုတော့ ဝိုင်းပြီး စုံစမ်းပေးပါဦးကွာ"

"ဟာ - စိတ်ချ၊ ဒီကိစ္စ ကျုပ်တာဝန်ထားစမ်းပါ ဆရာပွရဲ့။ ဆရာပွရဲ့ ကျေးဇူးတွေက တစ်ပုံကြီးဗျ။ ဒါထက် ဟို စံပယ်ငုံလေးရော ဘယ်သွားတုံးဗျ"

"ဗုဒ္ဓေါ၊ ဘာလုပ်မလို့တုံးကွ။ ဖိနပ်ပျောက်တဲ့ကိစ္စနဲ့ စပယ်ငုံနဲ့ ပတ်သက်နေလို့လားကွ"

"ဟဲဟဲ မေးကြည့်တာပါ ဆရာပွရယ်၊ ဆရာပွတူမ စံပယ်ငုံက အတော်ကို ကြည့်ကောင်းတာနော်"

"အင် - ဟကောင်၊ မင်း ငါ့ဆီလာတာ ငါ့တူမ လာပိုးတာလားကွ"





"ဗျာ၊ ဟဲဟဲ စိတ်ကစားတာပါ ဆရာပွရယ်၊ ပိုးတယ်ပန်းတယ်ဆိုတာ လွယ်တာမှတ်လို့ဗျာ၊ အဲဒီ အဆင့်အထိ မတက်ရဲပါဘူး"

"အောင်မယ် တိုးတိုးလည်း ပြောပါဦးကွ၊ သူ့အဒေါ် လုံးခင် ကြားသွားလို့ မင်းကို အိမ်က မောင်းချနေဦးမယ်၊ လုံးခင် ပါးစပ်လည်း မင်း အသိသားနဲ့"

"သိပါတယ်ဗျာ၊ မလုံးခင်က ပါးစပ်ပေါက်ဆိုးပေမယ့် သဘောကောင်းပါတယ်ဗျာ"

"ဟာ - မင်းကလည်း ငါ့ထက် ပိုသိနေပြန်ပြီ၊ ဒီမိန်းမက အားအားရှိ ငါ့ပဲ အနိုင်ကျင့်နေတာကွ။ ရပ်ကွက်ထဲဆင်း၊ ဘယ်သူတွေ လက်ကောက် ဘယ်နှကွင်း၊ ဆွဲကြိုး ဘယ်နှကုံး ဆွဲတယ်ဆိုတာကြည့်၊ ဘယ်သူတွေ ဘယ်လို ချမ်းသာနေပြီဆိုတာ လေ့လာ၊ အိမ်လည်းရောက်ရော ငါ့ကို ချမ်းသာအောင် မထားရကောင်းလားဆိုပြီး မာကြမ်းကြမ်းပါလေရော"

"ဩော် - ဒီလိုကိုး"

"ဟုတ်ပါ့ကွာ၊ မိန်းမများ ဘယ်တော့မှ မကောင်းဘူး ဂျာအေးရ။ ကိုင်း - အဲဒီကိစ္စ ထားခဲ့တော့မယ်စမ်းပါကွာ၊ အရေးကြီးတာ ဒေါက်ဖိနပ် အရန် နှစ်ဆယ် ပျောက်ဆုံးမှုကို ဖော်ထုတ်စမ်းပါ"

"ခက်တော့ အခက်သားဗျာ၊ တကယ်လို့ ကျုပ် အဲဒီ ဖိနပ်ပျောက်ကို ရှာဖွေနိုင်ရင် စံပယ်ငုံနဲ့ ကျုပ်ကြားမှာ ခင်ဗျား အောင်သွယ်လုပ်ပေးရမယ်။ ဘယ်လိုလဲ အရပ်လူကြီး"

"ဟေ"

အရပ်လူကြီး ဦးပွခမျာ ဂျာအေး၏ အပေးအယူ ပြောလာသောစကားကြောင့် တွေခနဲ ဖြစ်သွား၏။ ယခုလို စကားမျိုး သူမိန်းမတောင် မပြောဘူးပါချေ။ ရင်ထဲ အောင့်သီးအောင့်သက် ခံစားလိုက်ရ၏။

"အံ့ရောကွာ၊ ငါလို အရပ်လူကြီးကို အပေးအယူ သဘောမျိုးနဲ့ ပြောတာ မင်းတစ်ယောက်တည်း ရှိတယ် ဂျာအေးရ ကြည့်လည်း ပြောပါဦးကွာ"

"ဟာ - အရပ်လူကြီးကလည်း ဒါ ခေတ်လေဗျာ။ ပြီးတော့ သဘာဝလည်း ကျပါတယ်။ ဘယ်မဆို ကိုယ်က တစ်ခုခု လိုချင်ရင် တစ်ခုခုတော့ ပြန်ပေးရမှာပဲဗျ။ ဒါ ကျောက်ခေတ်ကတည်းက ပေါ်ပေါက်ခဲ့တဲ့ လူမှုဆက်ဆံရေးပဲဗျ"

"ဟေ - မင်းဥစ္စာ ကြီးကျယ်လှချည်လားကွ။ ကျောက်ခေတ်တွေ ဘာတွေ ပြောနေရအောင် မင်းက အဲဒီတုန်းက လူဖြစ်ခဲ့လို့လားကွ"

"ခက်ပါ့ အရပ်လူကြီးရာ၊ အဲဒီတုန်းက အသားနဲ့ခြုံထည် ဝတ်ခဲ့ကြတယ်



www.burmeseclassic.com

www.burmeseclassic.com



လေ၊ စပါးနဲ့ လက်နက် လဲခဲ့ကြတယ်လေ။ ဒီအချက်တွေကို လေ့လာကြည့်ရင် ဒါ လူ့မှုဆက်ဆံရေးရဲ့ အစဦးပဲဗျ။ အဲဒီ အချက်ကို သေသေချာချာ ခွဲစိတ်လိုက်တော့ အပေးအယူ သဘောတွေ ရှိခဲ့တယ်ဗျ"

"ဟေ-ဖုံ့ရောကွာ၊ မင်းဟာ အလာကြီးပါလားကွ။ မိန်းမတစ်ယောက်နားချဉ်းကပ်တာ မဟာဗျူဟာ နည်းဗျူဟာပါ သုံးနေပါလားကွ"

"ဟဲဟဲ မငြင်းချင်စမ်းပါနဲ့ ဆရာပွရဲ့၊ လိုချင်ရင် ပေးကြရမှာပဲလေ"

"ဟေ - ဒါဆို ငါတူမ ပေးရမယ်ပေါ့"

"ဟာ - အဲဒီလောက်လည်း ဟုတ်သေးဘူးလေ။ ဒါပေမယ့် အခြေခံသဘောလေးကို ပြောတာပါဗျ။ ဘာမှ မပူနဲ့၊ အဲဒီ ဖန်ဆင်းရှင်ရဲ့ ခွာခေါက်တွေကို ကျုပ် ရအောင် ရှာမယ်ဗျာ"

"သေချာရဲ့လားကွာ"

"ဟာ - ဆရာပွကလည်း လူကို အထင်သေးလိုက်တာဗျာ၊ စောင့်ကြည့်ပါဦးလေ"

အရပ်လူကြီး ဦးပွတစ်ယောက် ဂျာအေး၏ မိုးလားကဲလား ပြောလာသောစကား အဟုတ်မှတ်၍ နားစွင့်နေ၏။ အာပေါင်အာရင်းသန်သန် ပြောလာဆိုလာသည်မှ နောက်ဆုံး အပေးအယူသဘောမျိုး ပြောဆိုလိုက်ရလေတော့၏။

"ကောင်းပြီ၊ ဒါဆို ငါ့ဘက်က ဘာလုပ်ပေးရမလဲပြော"

"ဩော် - အဲဒီ စံပယ်ငုံကလေးကို ကျွန်တော်နဲ့ ပတ်သက်ပြီး ကူညီပေးဖို့ပေါ့ဗျာ။ ပြောရရင် ကျွန်တော့်ဖြစ်စဉ်က သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရတော့မယ့် အချိန်ဗျ။ ခုတော့ ဘယ်လိုကြောင့် မသီးနိုင်မပွင့်နိုင် ဖြစ်နေရသလဲ မသိပါဘူးဗျာ"

"ဟာ - အဲဒါ မြေဩဇာတို့၊ ရေ လေ၊ နေရောင်ခြည်ဓာတ်တွေ လိုတာပေါ့ကွာ"

"ဗျာ - ဒါဆို ကျုပ်က မြေဩဇာစားပြီး ရေသောက်မယ်၊ လေရှူမယ်၊ နေရောင်အောက်မှာ နေမယ်ဆိုရင် သီးနိုင်ပွင့်နိုင်မယ်ပေါ့"

"ဟေ့ - နေ . . . နေပါဦးကွ၊ ခုပြောနေတာ လူလား၊ သစ်ပင်လားကွ"

"ဟာ - ရှုပ်ကုန်ပြီဗျ"

"ဟ - ရှုပ်တာ မင်းကွ၊ ဘယ်နှယ် ဓာတ်မြေဩဇာ စားရမှာလဲ၊ စားကြည့်ပါလား၊ ခေါက်ခနဲ ကြွသွားမှာ ကျိန်းသေပဲကွ"

"ဟဲဟဲ ဒီလောက်တော့ မမိုက်သေးပါဘူး အရပ်လူကြီးရယ်၊ ဂျာအေးဟာ





ချမ်းသာချင်တယ်၊ ပြီးတော့ ချစ်သူ ချောချောလှလှလေး တစ်ယောက်ကို လိုချင်တယ်။ အဲဒီ အချက်နှစ်ချက် ပြည့်စုံရင် သေပျော်ပြီဗျာ"

"မော - မင်းရည်မှန်းချက်တွေက တကယ့် ထိပ်တန်းတွေပါလားကွ"

"ဩော် - တောက်မယ့်မီးခဲ တရဲရဲတဲ့ အရပ်လူကြီးရဲ့၊ ကျုပ်လည်း အခုတောက်နေပြီလေ"

"အင် - ဘာတောက်တာလဲ၊ မိန်းမ လိုချင်တဲ့စိတ်တွေလား။ အဲဒီလောက်တောင် မဖြစ်စမ်းပါနဲ့ကွာ။ မိန်းမ မရလည်း မိန်းမရသလို ခံစားနိုင်တဲ့ နည်းလမ်းတွေ ရှိပါ့သကွာ"

"ဗျာ - ဘာ . . . ဘာနည်းလမ်းတုံး ဆရာပွရဲ့"

"ဟားဟားဟား မင်းဟာ တယ်လည်း ဖုံးသကိုးကွ။ မင်းဟာ လက်ပေါ်ကျလာတဲ့ အခွင့်အရေးကို ကြောင်စီစီ ထိုင်ကြည့်ချင်တဲ့ လင်းတလေးပဲကွ"

"ဗျာ၊ ဘာ . . . ဘာဖြစ်လို့တုံးဗျ"

"ဟာ - လောလောဆယ် ငါ ရင်ဆိုင်နေရတဲ့ ဖိနပ်ပြဿနာလေ"

"အင်- အဲဒီဖိနပ်နဲ့ ကျွန်တော် မိန်းမလိုချင်တာနဲ့က ဆက်စပ်နေလို့လား"

"သိပ်ဟုတ်တာပေါ့ ဂျာအေးရာ၊ ဖိနပ်ပိုင်ရှင်တွေက အလှဖန်တီးရှင်လေးတွေကွ။ ချောချောနုနု၊ ထွားထွားဖွံ့ဖွံ့ကြီးတွေလေ။ သူတို့နဲ့ နှစ်ကိုယ်တူ နီးရာနီးကြောင်း ကြံဖန်ဖြစ်လာတာက အဲဒီ ဖိနပ်ပြဿနာပဲ ဂျာအေးရ။ သူတို့လေးတွေလည်း တကယ့် မိန်းမလေးတွေပါပဲကွာ။ ဟဲဟဲ"

"ဟိုက် - တော်ပါတော့ အရပ်လူကြီးရာ။ အဲဒါ အချစ် မဟုတ်ဘူးဗျ၊ အချုပ်ဗျ၊ အချုပ်"

"ဟေ - အချုပ် ဘာတွေတုံးကွ"

"ဟာ - ဆရာပွကလည်း အဲဒီဟာတွေမြင်ရင် ဆီးချုပ်၊ ဝမ်းချုပ် ဖြစ်ချင်လွန်းလို့ဗျ"

"ဟေ - ဟားဟားဟား"

ဆရာပွတစ်ယောက် စိတ်ထဲ ထင်ရာစွတ်ပြောလာသော ဂျာအေး၏ စကားကြောင့် ခွက်ထိုးခွက်လန် ရယ်မောနေလေ၏။ သူတို့နှစ်ဦး တဟီးဟီး တဟားဟား အော်ဟစ် ရယ်မောနေစဉ် အရပ်လူကြီးကတော် မလုံးခင်နှင့် တူမဖြစ်သူ စံပယ်ငုံတို့ အိမ်ပေါ်တက်လာကြ၏။ ဂျာအေးကို မြင်တော့ မလုံးခင် တစ်ယောက် နှုတ်ခမ်းကြီး ဆူပွပွနှင့် တူမဖြစ်သူ၏ ပခုံးလေးကိုဖက်ကာ အိမ်ခန်းဘက်သို့ အတင်း ခေါ်ဆောင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မလုံးခင်က ဂျာအေးအကြောင်းကို သိပြီးသား။ စံပယ်ငုံလေးကို ကြည့်ပုံက အရိုးအသား ချန်မည့်ပုံမပေါ်။ ကြောက်စရာကောင်းလှသော ကြည့်ကွင်းကြည့်ကွက်များကြောင့် အဒေါ်လုပ်သူ မလုံးခင်မှာ ဂျာအေးကို ထုချင်နှက်ချင်စိတ်များ ပေါ်လာတတ်လေ၏။

ထို့ကြောင့်လည်း တူမလုပ်သူကို အိပ်ခန်းဘက်သို့ သုတ်ခနဲ ခေါ်ဆောင်သွားခြင်း ဖြစ်လေ၏။ ဂျာအေးခမျာ လည်ကြီး တလိမ်လိမ်နှင့် အခံစားကြီး ခံစားနေရ၏။

နှုတ်ခမ်းနီဖွေးဖွေး ပါးစုံမို့မို့ နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူ၊ ငါးရံ့ကိုယ်လုံးလေးနှင့် လှသွေးတကြွကြွ ရှိနေသော စံပယ်ငုံကို သူ့ရင်ထဲ ဓာတ်ပုံရိုက်ယူထားသလို မြင်ယောင်နေမိ၏။ စံပယ်ငုံကို မြင်လျှင် ကမ္ဘာကြီးတစ်ခုလုံး သူ့မျက်စိထဲက ပျောက်သွားသည့်နှယ်ပင်။ ယခုလည်း ရှေ့တွင် ငုတ်တုတ်ကြီး ထိုင်နေသော အရပ်လူကြီးကို မေ့နေချေပြီ။

"ဟာ - ဟကောင်ရ ဒီလောက်ပဲ ဖြစ်နေသလား"

"ဖြစ်နေတယ် . . . ဖြစ်နေတယ် အရပ်လူကြီးရယ်"

"ဟေ - ဟကောင် ဂျာအေးရ၊ ဒုက္ခပါပဲ တော်ကြာ မင်းကြောင့် ငါ့မိန်းမ ငါ့ကို ထုနေဦးမယ်၊ တော်ပါတော့ကွာ၊ အဲဒါ အပုပ်ကောင်ကြီးကွ"

"အပုပ်ကောင်ပေမယ့် သရုပ်ဆောင် ကောင်းနေတယ်ဗျ"

အရပ်လူကြီးက မိန်းမ ကြားမှာလည်း ကြောက်လှ၏။ ဂျာအေး ဖြစ်စဉ်ကလည်း စည်းလွတ်ဝါးလွတ်၊ မနည်းကြီး သတိပေးရ၏။ ဂျာအေးတစ်ယောက် အချစ်၏ ဖမ်းစားမှုကြောင့် မချိတင်ကဲ ဖြစ်နေပုံရ၏။

"အရပ်လူကြီးရယ်၊ ကျုပ်လို လူရိုးလူကောင်းနဲ့ ဆွေမျိုးတော်ရမှာ ခင်ဗျား မဒမ်ကြီးက ဘယ်နှယ့်ကြောင့် ကြောက်နေသတုံးဗျ"

"ဟေ - ဟကောင်ရ တိုးတိုးပြောပါကွာ။ ကိုင်း- မင်း မြန်မြန်ကြွပေတော့ကွာ။ ငါ . . . ငါ ခိုင်းတာလည်း မမေ့နဲ့ဦးနော်"

"ဗျာ၊ ဘာ . . . ဘာကိစ္စတုံးဗျ"

"ဟာကွာ မင်းကလည်း ဟို ဒီနပ်လေကွာ၊ အဲဒီကိစ္စ ငါ ခေါင်းခဲနေတာကွ"

"စိတ်ချစမ်းပါ ဆရာပွ၊ အောင်မြင်ရင် ကျွန်တော် ပြောထားတဲ့ကိစ္စသာ မမေ့နဲ့။ ဘယ်လိုလဲ ကျေနပ်ရဲ့လား"

"ဒုက္ခပါပဲကွာ၊ မင်းရောဂါက မသေးပါလား"





"ဒါကတော့ အပင်မှန်ရင် အမြစ်မရှိသလို လူမှန်ရင် အချစ်ရှိတာပဲဗျ။ ဟကယ်တော့ အချစ်ဟာ တောင်ကျရေပဲ"

"ဟာကွာ၊ ပြောလေ ကဲလေပါလား။ သွား . . . သွားပါတော့ကွာ၊ ငါ မင်းပြောတာ ကျေနပ်ပါတယ်"

"ကောင်းပြီ၊ ဒါဆို ကျုပ်ပြန်မြီ"

"မြန်မြန် ကြွစမ်းပါကွာ"

နောက်ဆုံးတော့ အရပ်လူကြီး ဦးပွတစ်ယောက် ဂျာအေးကို မနည်းမောင်းထုတ်ခဲ့ရလေ၏။ ထိုသို့ မောင်းထုတ်ခဲ့ရသော်လည်း ဂျာအေးရင်ထဲ စံပယ်ငုံဆိုသော ချစ်လိပ်ပြာလေးက တရစ်ဝဲဝဲ ဖြစ်နေပေ၏။

စံပယ်ငုံနှင့် နှစ်ကိုယ်တူနီးဖို့အရေး ဘယ်သို့ ကြံရကြံရ ကြံစည်မည်သာ ဖြစ်လေ၏။ သူနှင့် ဆရာပွ အပေးအယူ လုပ်ခဲ့သည့်အချက်က သူ့ခေါင်းထဲ ဖမ်းစားနေ၏။ စံပယ်ငုံနှင့် နီးစပ်နိုင်ရန်မှာ ဒေါက်ဖိနပ် အရန်နှစ်ဆယ်ပျောက်မှု ဖော်ထုတ်ပေးမှသာ ဖြစ်နိုင်လိမ့်မည်ဟု တွက်မိ၏။

ထိုအခြင်းအရာနှင့် ပတ်သက်၍ ဘယ်သို့ဘယ်ပုံ ဖော်ထုတ်ရမည် မသိ။ တစ်ကိုယ်လုံး စံပယ်ငုံ ဆိုသော မိန်းမချောလေး၏ နိမိတ်ပုံများက စီးမျောဝေ့ဝဲနေ၏။ အိမ်ပြန်ရောက်သည်အထိ မစံပယ်ငုံ။ သူ့မျက်စိထဲ စံပယ်ငုံ၏ မွေးညင်းစိမ်းစိမ်းလေးတွေ ပေါက်နေသော လက်မောင်းကလေးကိုလည်း မြင်ယောင်နေ၏။ စံကားဝါနှစ်နှယ် နုသစ် ရင်ခုန်ဖွယ်ကောင်းသော စံပယ်ငုံ၏ခြေခုံမို့မို့လေးကိုလည်း စွဲလမ်းနေမိ၏။

အမှန်မတော့ သူနှလုံးသည်းပွတ်တွင် ဦးဆုံး ဝင်ရောက် ဖမ်းစားခဲ့သူက ရွာမှာ ကျန်ရစ်ခဲ့သော အလှဖုရားမလေး ပန်းညိုပင်။ ရွာမှာ နေစဉ်က ပန်းညိုကို နည်းဗျူဟာ၊ မဟာဗျူဟာ များစွာသုံး၍ ချစ်ခွင့်ရရေးအတွက် ကြိုးပမ်းခဲ့ပါသော်လည်း ပတ်ဝန်းကျင်၊ ပန်းညို၊ ယောက္ခမလုပ်သူ ဒေါ်တလုတ်မ၊ ချမ်းသာခြင်း စသော အကြောင်းတရားများကြားတွင် သူ့နှလုံးသား ဗုန်းဗုန်းလဲကျခဲ့ရ၏။

ထူပေးမည့်သူ မရှိ၊ ဖေးမမည့်သူ မရှိ၊ အားပေးမည့်သူ မရှိ။ အားငယ်လိုက်ရသည့်ဖြစ်ခြင်း။ သူ့အဖြစ်ကို ဘယ်သူမှလဲ ကိုယ်ချင်းမစာ၊ ညာတာ နားလည်ပေးမည့်သူလည်း မရှိ။ နောက်ဆုံးတော့ သူ့နှလုံးသားထဲတွင် ပန်းညို၏ အရိပ်များ ဝိုးတိုးဝါးတားနှင့် ပျောက်ကွယ်သွားခဲ့ရလေ၏။

ယခု သူ့ရင်ထဲ ဒုတိယမြောက်ချစ်ခြင်း ပေါ်လာပြန်ချေပြီ။ တစ်ခါတုန်းက ဗုန်းဗုန်းလဲခဲ့ရသလို ယခုလည်း ဗုန်းဗုန်းလဲသွားမှာကို အစိုးကြီး စိုးရိမ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အချစ်သည် နတ်ကြီးလှသည်ဟု ထင်မိ၏။ စံပယ်ငုံကို ဘယ်လိုနည်းနဲ့ရရ သူ ချဉ်းကပ်ချင်လှ၏။ သို့သော် သူမှာ အားကိုးစရာဆို၍ ဆရာဖျောက်ဆိပ်မှလွဲပြီး မြက်တစ်ပင်တောင် မမြင်မိပါချေ။

ထို့ကြောင့်လည်း ဗာရေးအကြောင်းရှိလာတော့ ဖျောက်ဆိပ် လှုပ်ရှားနေသည့် ကားဂိတ်သို့ မအူမလည်နှင့် ခြေတက်ခဲ့ရလေတော့၏။

* * *



## အခန်း (၅)

ကားဂိတ်ကို ရှုံ့ရှုံ့မဲ့မဲ့နှင့် ရောက်လာသော တပည့်လုပ်သူ ဂျာအေးကို ကြည့်ရင်း ဖျောက်ဆိပ် မျက်ခုံး တလှုပ်လှုပ် ဖြစ်နေ၏။ ကားကလည်း နှစ်ခေါက်သာ ဆွဲရသေးသည်မို့ အိတ်ထဲ ပိုက်ဆံ ဟုတ်တိပတ်တိ မဝင်သေး။ တပည့်ကြီးကိုကြည့်ပြီး ထုံအအနှင့် မေးလိုက်၏။

"ဘယ်လိုဖြစ်လာပြန်ပြီတုံး၊ ကားမလိုက်ဘဲ ဘယ်လျှောက်သွားနေသတုံးကွ"

"ငှက်တစ်ကောင်လို ပျံကြည့်နေတာပေါ့ ဆရာဖျောက်ရယ်"

"ဘာကွ"

"ဟုတ်တယ်၊ ချစ်ခြင်းမေတ္တာ အငြင်းပယ်ခံခဲ့ရတဲ့ ငှက်တစ်ကောင်ဟာ ဘယ်ကို ပျံရမယ်ဆိုတာ မသိ၊ ဘယ်မှာ နားရမယ်ဆိုတာ မသိ၊ အချစ်ကြောင့် ကျွန်တော် လေလွင့်ငှက် ဖြစ်နေပြီဗျ"

"ဗုဒ္ဓေါ၊ ဟာကွာ ဟကောင် အချစ်တွေ၊ အချက်တွေ လုပ်မနေနဲ့၊ ဒီမှာ ပိုက်ဆံရှာလို့ ခက်ရတဲ့ကြားကွာ"

"စက်ပ့ါ ဆရာဖျောက်ရယ်၊ ကျုပ်က ဆရာဖျောက်ကို မြက်တစ်ပင်ရယ်လို့ မြင်တာဗျ"

"ဟေ - မြက်တစ်ပင်၊ ဟာကွာ ဘယ့်နှယ် မြက်ပင်ဖြစ်ရမှာလဲကွ။ ကြည့်လည်း ပြောစမ်းပါကွာ၊ မင်း ဘာတွေဖြစ်လာသတုံး၊ အချစ်တွေ ဘာတွေ လုပ်မနေနဲ့ အရေးကြီးတာ အလုပ်လုပ်"

"အဲဒီစိတ်တွေ ခြောက်သွေ့နေပြီဗျာ"

"ဘာကွ၊ ဟကောင် ဂျာအေး၊ မင်း ခုထိ အချစ်တွေအချက်တွေ လုပ်ခနေ



www.burmeseclassic.com

www.burmeseclassic.com



တုန်းလားကွ။ မငယ်တော့ဘူး ငါ့တပည့်ကြီးရေ လောကမှာ မချစ်ဘဲနေလို့ ရပေမယ့် ထမင်းမစားဘဲ နေလို့ မရဘူး တပည့်ကြီးရ။ စာဆိုတောင် ရှိသေးတယ်-

အချစ်နဲ့ ထမင်း
ဘယ်ဒင်း အလိုရှိပါ
နဂိုအသိနဲ့ဖြေ
ဒိဋ္ဌမွေအခြေ
ခုနစ်ရက်မနေနိုင်တဲ့ဘဝ
အသက်ရှင်ဖို့ အရေးကိုလှ
ရှန်းကန်ပြေးလွှားရပါဘိ
မတွေးအားတဲ့ အချစ်မို့
တစ်ဆစ်တောင် ဇာမချဲ့နိုင်ပါဘူး
ညာနဲ့ရယ် (အဲဒါလေ) လောကမှ . . . တဲ့ကွ"

"ဟာ အရေးထဲ ဆရာဖျောက်ကလည်း ကဗျာရွတ်နေပြန်ပြီ။ စံပယ်ငုံနဲ့ ထမင်းဆိုရင် ကျုပ်ကတော့ ထမင်းငတ်ချင် ငတ်ပလေ့စေ။ စံပယ်ငုံပဲ ရွေးမှာဗျ"

"ဟိုက် - ငါ့တပည့်က တယ်လည်း ဘူးကျလှပါလားကွ။ ဟုတ်သေးပါဘူးကွာ၊ မင်း မယုံရင် ထမင်း ခုနစ်ရက်မစားဘဲ အဲဒီ စံပယ်ငုံဆိုတဲ့ ကောင်မလေး နား နေမလားပြော"

"ရော - ခက်ပါ့ ဆရာဖျောက်ရယ်၊ အဲဒါ အချစ်ရဲ့တန်ခိုးဗျ"

"ဟေ - လုပ်ချလိုက်ပြန်ပြီကွာ၊ ဟို - ဒါဆိုလည်း ဆက်သာလုပ် တပည့်ကြီးရေ။ ငါ ကားလိုက်ရဦးမှာကွ၊ မင်းလည်း ဒီတစ်ခေါက် လိုက်ခဲ့စမ်းပါကွာ။ ခရီးသည် တအား ကျနေလို့ကွ"

"ကျုပ်လိုက်ရင် ကျုပ်ရင်ထဲက အချစ်ပြဿနာကို ဆရာဖျောက်က ဖြေရှင်းပေးမှာလား ပြော"

"ဟေ"

"ပြောလေဗျာ"

"ကောင်းပြီ၊ ငါ တတ်နိုင်သလောက် မင်းစကားတွေကို နားထောင်ပေးမယ်ကွာ။ ဘယ်လိုလဲ"

"ကောင်းပြီ၊ ဒါဆို သွားမယ်"

ဂျာအေး၏ အူကြောင်ကြောင် ရောဂါကို ဖျောက်ဆိပ်က အစဉ်းသိ အတွင်းသိ။ အချစ်ဆိုသောရောဂါ သည်းလာလျှင် ဂျာအေး၏ အမူအရာတို့က





ပရမ်းပတာ ဖြစ်လေ့ရှိ၏။ ချွန်းအုပ်လို့ မရ၊ ထူးခတ်လို့ မရသော ဂျာအေး၏ အချစ်။

ဘယ်သို့ဘယ်ပုံ ဝိုင်းဝန်း ကုစားပေးရမည်ကို ဖျောက်ဆိပ် မစဉ်းစားနိုင်။ အရေးကြီးသည်မှာ လောလောဆယ် ပိုက်ဆံရှာဖို့ပင်။ ထို့ကြောင့်လည်း ရောကောသောကော ပြောဆိုကာ ကားဆီသို့ အပြေးအလွှား ခေါ်ခဲ့၏။

ကားပေါ်ရောက်တော့လည်း ဂျာအေးတစ်ယောက် မချစ်နိုင်တော့။ ခရီးသည်များကြား တိုးဟယ်ခွေ့ဟယ် ပြောဟယ်ဆိုဟယ် ဖြစ်နေ၏။

"တိုးကြပါ၊ ဟိုဘက် တိုးကြပါဗျာ"

"တိုးနေတာပဲဟဲ့"

"ဟာ-အစ်မကြီးကလည်း တိုးပုံတိုးနည်းက မြွေတိုးသလို တိုးနေတာကိုးဗျ"

"ဘာပြောတယ်၊ နင် ပါးရိုက်ခံရမယ်နော်"

"ခက်ပါ့ဗျာ၊ တိုးမရရင် ရှေ့ကျွမ်း နောက်ကျွမ်း ပစ်လိုက်ရတယ်ဗျ"

"ဘာ"

"ဟာ - စိတ်မဆိုးပါနဲ့ဗျာ။ စပယ်ယာနဲ့ ခရီးသည်ဆိုတာ အီကြာကွေးလို ပါပဲဗျာ။ ဟဲဟဲ ကဲကဲ တိုး . . . တိုးကြဗျာ၊ အသေတိုး တိုးမရရင် လေးဖက် ထောက်ဝင်ကြ"

"ဘာကွ"

"ဟော့ကောင် မိုက်ရိုင်းလှချည်လား"

"အဲအဲ ရိုင်းတာ မဟုတ်ပါဘူး အဘရယ်၊ ခေတ်ကိုက နင်းကန်တိုးတက်နေတဲ့ခေတ် အဘရဲ့။ နင်းတတ်ကန်တတ် တိုးတတ်တက်တတ်ရမယ်လေ ဟုတ်ဖူးလား"

"ဟာ - ဒီအရူး ဘာတွေပြောနေသတုံး။ လူကျပ်လို့ အသက် ဘယ်ကရှူရမှန်းမသိ ဖြစ်နေတာ ဒင်းကြောင့် တစ်ဒုက္ခ"

"ဗွေမယူကြပါနဲ့ဗျာ၊ ဟဲဟဲ ခုလို ဒုက္ခခံပြီး သွားလာနေကြရတာ အမောပြေအောင် ကျုပ် ဂျာအေး ဖြေဖျော်တာပါဗျ"

"အရိုးကန့်လန့် စူးပါစေ။ အမြီးဆင်နင်းပါစေတော်"

ခရီးသည် အချို့က ဂျာအေးကို မေတ္တာပို့နေကြ၏။ ဆဲသူကလည်းဆဲ၊ မာန်သူကမာန်၊ မျက်စောင်းထိုးသူကထိုးနှင့် ကားပေါ်မှာ ရှုပ်ယှက်ခတ်နေ၏။ ခရီးသည် အောတိုက်လာလေလေ အာခေါင်ကွဲမတတ် အော်ရဟစ်ရလေပင်။

သူတို့ လိုက်လာသော ကားကြီးသည် တစ်မှတ်တိုင်ဝင် တစ်မှတ်တိုင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



နှင့် တလှုပ်လှုပ် ခရီးနှင်လာ၏။ ခရီးသည်များမှာလည်း ဆင်းသူဆင်း၊ တက်သ
တက်နှင့် ရှုပ်ထွေးနေလေ၏။

ဂျာအေးရော ဖျောက်ဆိပ်ပါ မနားရ၊ ခရီးသည်များကြား မြွေတွေ
တွန့်လိမ် တိုးဝှေ့နေရ၏။ ကားထဲ အနံ့ပေါင်းစုံကလည်း စုံပ၍ မမောနိုင် မပန်းနိ
ခရီးဆက်ရင်း မကြာမီ ဂိတ်တစ်ဂိတ်သို့ ရောက်ရှိလာ၏။

"မြန်းမြန်း တက်ကြပါဗျာ၊ ဆင်းတဲ့လူတွေ တိုးထားကြလေ၊ အပေါ်တ
ရောက်အောင် တိုးကြ"

"အား အီး အူး"

"အောင်မယ်လေး နင်းတယ်တော့"

"လည်ပင်းလား"

"အမြီးဖြစ်မှာပေါ့"

"ဖယ်စမ်း"

"အီး အား ဖယ်ကြပါဦး"

"ဟဲ့ - ထိး. . . ထိးကြီး"

"ဒုက္ခပါပဲတော်၊ ဟဲ့ - ဘယ်သူတုံး ငါ့ခြေထောက်နင်းတာ"

"အောင်မယ်လေးတော့"

အသံဗလံပေါင်းစုံ ပွက်ပွက်ညံနေ၏။ တချို့တချို့လည်း ပုဆိုးမနိုင်၊ ထဘ
မနိုင်နှင့် ဖိုးရိုးဖားရား ဆင်းလာကြ၏။ မျက်နှာတွေကလည်း ရှုံ့တီးရှုံ့မဲ့၊ တခ
ကလည်း အံကြိတ်ကြိတ်ကြိတ်နှင့် ပုဆိုးမ၊ ထဘီမ,ကာ အတင်း ကုတ်ခြ
တွန်းထိုးတက်ကြရ၏။

နိစ္စဓူဝ ဖြစ်စဉ်မို့ ဖျောက်ဆိပ်တို့နှစ်ဦးအတွက် ရိုးအီနေသော ပြကွ
တစ်ခုကို ကြည့်နေရသလိုပင်။

ထိုစဉ် ကားပေါ်သို့ အထုပ်ကြီးတစ်ထုပ်နှင့် လူတစ်ယောက် တက်လာ၏။

"ဟာ - ဘာထုပ်ကြီးလဲဗျ"

"ထဘီထုပ်၊ အဲလေ ဟို ဟိုဟာ"

"ဟာ ကိုစာကလေးပါလား"

"ဟင် - ဂျာအေး၊ အတော်ပဲကွာ၊ ကားစောင့်နေတာ အစင်းငါးဆယ်
လောက် ရှိနေပြီကွ။ အထုပ်ပါလို့ ဘယ်လိုမှ တိုးမရဘူး"

"ဟုတ်လား"

"တော်ပါသေးရဲ့ကွာ"





"အထုပ်ကြီးက ကြီးလှချည်လား ကိုစာကလေးရဲ့၊ ဘာတွေ လှုပ်ရှားနေ
လဲဗျ"

"ဟဲဟဲ့ ဒီလိုပေါ့ ဂျာအေးရာ၊ လှုပ်ရှားမှ မုန့်စားရမှာကွ"

"ဗျာ - ဒါဆို ခင်ဗျားက ထမင်း မစားဘဲ မုန့်စားတာပေါ့၊ ဘာမုန့်စားလဲဗျ၊
န့်ပေါင်းလား"

"ဟာကွာ မင်းကလည်း တကယ်နောက်တဲ့ကောင်ပဲ"

အထုပ်ကြီးနှင့် တက်လာသူက တခြားမဟုတ်၊ သူတို့ရပ်ကွက်ထဲ နေထိုင်
သာ ကိုစာကလေး ဖြစ်လေ၏။ ကိုစာကလေးက ဘောက်သမား၊ ကြုံရာကျရာ
ုပ်ကိုင်နေသူ ဖြစ်၏။ အလုပ်ရွေးသူ မဟုတ်၊ ကြမ်းကြမ်းနုနု ထမင်းစားရပြီး
ရာ လုပ်နေသူ ဖြစ်၏။ ထို့ကြောင့် ကိုစာကလေးက အရက်၊ ဖဲ အမည်စုံအောင်
သုံနာပါသူလည်း ဖြစ်၏။

အမှားအမှန်ကို မပိုင်းခြားတတ်၊ ကောင်းမှု မကောင်းမှုလည်း နားမလည်၊
ဘာသာတရားလည်း မသိ၊ ဒုံးမှ တကယ့်ဒုံး။ ယခုလည်း အထုပ်ကြီးအပိုးကြီးနှင့်
ားပေါ် ဖွတ်တက်လာသဖြင့် ဂျာအေး အထုပ်ကို သယ်မ,နေရာချပေးလိုက်
၏။

ထိုသို့ အကူအညီပေးရင်း အိတ်ထဲမှ ထိုးထိုးထောင်ထောင် ပစ္စည်းများ
မ်းမိသွား၏။

"ဘာတွေတုံးဗျ"

"ဟဲဟဲ ဘာမှန်းတော့ သိဘူးကွ။ ကိုချာလီက သယ်ခဲ့ဆိုလို့ သယ်ခဲ့ရတာ
"

"ဟင် - ကိုချာလီရော"

"ဈေးဘက်မှာ စောင့်နေတယ်လေ။ ငါက သူ့အိမ်က မနည်း သယ်ခဲ့ရ
တာကွ။ သူ့မိန်းမ သိမှာလည်း ကြောက်တယ်"

"ဟင် - ဘာဖြစ်လို့လဲ"

"သိပါဘူးကွာ။ အဲဒီအထုပ်ကြီးကို သယ်ခိုင်းတာ သုံးလေးရက်ရှိပြီ၊ ငါက
ည်း အရပ်ထဲ အလုပ်ရှုပ်နေတာကွ။ ခုမှ သယ်နိုင်တော့တယ်"

"ဟုတ်လား"

ဂျာအေးစိတ်ထဲ အထုပ်ကို စမ်းမိပြီးကတည်းက မသင်္ကာတော့။ ကိုင်
ကြည့်တော့ ဖိနပ်လိုလို ဘာလိုလို။ ထိုအသိကြောင့် ဂျာမအေး ဝမ်းသာအား
ပ်သွား၏။ ဖျောက်ဆိပ်နား အလျှင်အမြန် ကပ်သွားကာ တီးတိုး ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးဖျောက်"

"ဟေလကွာ"

"ဟို - ကျုပ် ဈေးကျရင် မလိုက်တော့ဘူးဗျ"

"ဟေ - ဘာဖြစ်ပြန်သတုံးကွ"

"ဟို - ကိစ္စ . . . ကိစ္စ ရှိလို့ဗျ"

"အင် - ဘယ်လိုဖြစ်တာလဲကွ"

ဖျောက်ဆိပ်တစ်ယောက် ဂျာအေးစကားကြောင့် အူလည်ချာလည်ကျန်ခဲ့၏။ ထိုအချိန်တွင် ဂျာအေးသည် စာကလေး ဆင်းသွားသည့် ဂိတ်အရောက်တွင် နောက်မှလိုက်၍ ဆင်းသွားလေတော့၏။

စာကလေးသည် အထုပ်ကြီးကို ပခုံးပေါ် ထမ်းကာ လှုပ်လှုပ်လှုပ်လှုပ်နှင့် ရှေ့မှ သွားနေ၏။ ဂျာအေးသည် စာကလေးနှင့် ဝါးနှစ်ရိုက်အကွာမှ လိုက်လာခဲ့၏။ ဈေးဘက်သို့အရောက် လက်ဖက်ရည်ဆိုင်တွင် စာကလေးနှင့် ချာလီတို့နှစ်ဦး တိုးတိုးတိုးတိုး ပြောဆိုနေကြသည်ကို တွေ့လိုက်ရ၏။ အချိန်အနည်းငယ်အကြာတွင် စာကလေး ပြန်ထွက်လာသည်ကို တွေ့လိုက်ရ၏။ အိတ်ကြီးလည်း ပါမလာတော့။

ဂျာအေးသည် သူမြင်ရသော အချက်အလက်များကို မှတ်သားကာ ရပ်ကွက်ဆီသို့ သုတ်ခြေတင်ခဲ့၏။ သူရောက်ရှိသွားချိန်တွင် အရပ်လူကြီး ဦးပွမှာ ခေါင်းပေါ် ရေခဲအိတ်တင်နေရ၏။ ပက်လက်ကုလားထိုင်ပေါ်တွင် ငူငူကြီး ထိုင်နေ၏။ ဂျာအေးကိုမြင်တော့ မှုန်ကုပ်ကုပ် ဖြစ်သွား၏။

"ဘာဖြစ်လာပြန်သတုံး"

"ဟာ - အဲရပ်လူကြီးကလည်း ကျုပ်နဲ့ အရပ်လူကြီး ညှိနှိုင်းထားတဲ့ကိစ္စလေဗျာ"

"ဟေ - ဘာ . . . ဘာကိစ္စလဲကွ၊ ဟို - ငါ့တူမ"

"ဟဲဟဲ အဲဒီအချက်ကတော့ ပြောစရာ အလိုအပ်ဆုံးပေါ့ဗျာ"

"ဟကောင် ငါ ခေါင်းတွေ မီးတောက်နေတယ်ကွ။ ပြဿနာပေါင်း သောင်းခြောက်ထောင် ငါ့ဦးနှောက်ထဲ မီးလောင်နေသကွာ၊ သွားသွား ငါ ဘာစကားမှ မပြောချင်ဘူး"

"ခက်ပါ့ အရပ်လူကြီးရယ်၊ ကျုပ်ဟာ ရပ်ကျိုးရွာကျိုးအတွက် ကိုယ်ကျိုးစွန့်ချင်တဲ့လူပါဗျာ"

"အင် - တစ်ရပ်လုံး ပြာကျမယ့်ကိန်းပဲ"





"ဟာ - မဟုတ်တာဘဲဗျာ"

ဂျာအေးသည် အရပ်လူကြီး တားနေသည့်ကြားက သူထိုင်ခုံဘေးတွင် ဝင်၍ ထိုင်လိုက်၏။ ဦးပွခမျာ သူ့ကို ညောင်နာနာ လှမ်းကြည့်ရင်း မေးလိုက်၏။

"ကဲ - တိုတိုတုတ်တုတ် ပြောကွာ၊ ဘာကိစ္စလဲ"

"ဒီလိုဗျ၊ ဒေါက်ဖိနပ် ပျောက်ဆုံးသွားတဲ့ အမှုကြီးလေ၊ အဲဒါ ကျုပ် ဖော်ထုတ်နိုင်ခဲ့ပြီဗျ။ ဟူး . . . ဟားဟားဟား"

"ဟဟ ဘယ်လို ရယ်သတုံးကွ"

"ဝမ်းသာလုံးဆို့ပြီး ရယ်မိတာပါဗျာ။ ဟဲဟဲ အဖြစ်က ဒီလို အရပ်လူကြီးရေ"

ဂျာအေးသည် သူကိုယ်သူ စုံထောက်ကြီးစံရှား စတိုင်ဖမ်းကာ ဒေါက်ဖိနပ်အမှုကြီးကို တီးတိုး ဖြေကြားလေတော့၏။ စကားဆုံးသည်နှင့် ရှုံ့ရှုံ့ရဲရဲ ဖြစ်သွားသူက အရပ်လူကြီး ဦးပွ။

ပက်လက်ကုလားထိုင်ပေါ်မှ အလျှင်အမြန် ထလိုက်၏။

"မင်းပြောတာ သေချာသလားကွ"

"သိပ်သေချာတာပေါ့ အရပ်လူကြီးရယ်၊ သစ္စာစကားပါ"

"ဟုတ်ပြီ၊ ဒါဆို ခုချက်ချင်း မင်းနဲ့ငါ သွားမယ်။ ငါ အဝတ်အစားလဲဦးမယ်၊ မင်း ခဏစောင့်"

"ဟုတ် . . . ဟုတ်ကဲ့"

အရပ်လူကြီး ဦးပွသည် စိတ်မြန်လက်မြန်ရှိသူ ဖြစ်လေ၏။ ထို့ကြောင့်လည်း ချက်ချင်း အဝတ်အစားလဲလိုက်ပြီး ရေခဲအိတ်ကြီး ခေါင်းတင်ကာ အိမ်ပေါ်မှ ဒရောသောပါး ဆင်းလာ၏။ ဂျာအေးလည်း သူ့နောက်မှ အူယားဖားယားလိုက်လာ၏။ လမ်းပေါ်ရောက်သည်နှင့် တက္ကစီ ငှားလိုက်၏။

နှစ်ယောက်သား တက္ကစီငှားရသည်နှင့် ကားပေါ် အလျှင်အမြန် တက်ကာ ချာလီတို့ဆီ ထွက်ခဲ့ကြလေ၏။ ဈေးထိပ်ရောက်သည်နှင့် ကားကို အလျှင်အမြန် ရပ်ခိုင်းလိုက်ပြီး တံခါးဖွင့် ဆင်းခဲ့ကြ၏။

"ဘယ်မှာလဲ ချာလီ"

"ဈေးထဲမှာလေ၊ သူ့မိန်းမက အဲဒီ ဈေးထဲမှာ ဆိုင်ဖွင့်ထားတာဗျ"

"ဟုတ်လား၊ ဒါဆို သွားရအောင်"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး ဈေးထဲသို့ ဒေါင်းတည်မောင်းတည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့ကြ၏။ ထိုအချိန်တွင် ချာလီတစ်ယောက် စတိုးဆိုင်ထဲတွင် အအေးပုလင်းတစ်လုံးနှင့် ဇိမ်ယူနေ၏။ မိန်းမလုပ်သူကို ဆိုင်မှာမမြင်။

ဦးပွသည် ဆိုင်ဝရပ်ပြီး ခါးကြီးထောက်ကာ အော်လိုက်၏။

"ချာလီ ရှိလားဟေ့ ချာလီ"

"ဗျာ၊ ရှိ. . . ရှိပါတယ် ခင်ဗျာ"

"ထွက်ခဲ့စမ်းကွာ"

"လာပါပြီ ခင်ဗျာ"

အသံဖွာဖွာကြီးကို ကြားလိုက်သည်နှင့် ထရင်းဘက်ချ်ပေါ် ဇိမ်ကျနေသော ချာလီတစ်ယောက် ကောက်ကာငင်ကာ ထလာလေ၏။ ဆိုင်ဝရောက်သည်နှင့် အရပ်လူကြီး ဦးပွကိုမြင်တော့ ပါးစပ်အဟောင်းသား ဖြစ်နေ၏။

"ဟာ- ဆရာပွပါလား"

"အေး- ဟုတ်တယ်၊ မင်းနဲ့ စကားပြောစရာ ရှိတယ်ဟေ့။ အဲဒါ ဘယ်လိုလဲ ဒီမှာပဲ ပြောမှာလား"

"ဟာ- မဟုတ်တာ ဆရာပွရယ်၊ လာလာ ကျွန်တော်တို့ သောက်နေကျ လက်ဖက်ရည်ဆိုင် သွားရအောင်"

"ကောင်းပြီလေ"

ချာလီ ပျာလောင်ခတ်နေ၏။ သူ့ဆိုင်ကို ဘေးကလူနှင့် မှာလိုက်ပြီး လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြလေ၏။

ကောင်းကောင်းလေး လက်ဖက်ရည်ဆိုင်မှာလည်း ချာလီဖွင့်ထားသော ဆိုင်ဖြစ်၏။ ချာလီက စီးပွားရေး အမြင်ကျယ်သူ ဖြစ်သလို မိန်းမလုပ်သူကလည်း အခြေအနေ အရပ်ရပ်ကို တွက်ချက်တတ်သူ ဖြစ်၏။

ယခုဆိုင်မှာ ချာလီ၏အကြံဉာဏ်နှင့် ဝယ်ယူထားသောဆိုင် ဖြစ်လေ၏။ ဆိုင်ထိုင်မှာ ချာလီ့မိန်းမ၏ ညီမလေး ထွေးသူဇာ ဖြစ်၏။ ချာလီသည် မိန်းကလေးချောချောလှလှမြင်လျှင် နသားပါးရား လုပ်တတ်သူ ဖြစ်၏။ လက်ဖက်ရည်ဆိုင်ဖွင့်ပြီး ဆိုင်ထိုင်မည့်သူကိုလည်း သူကိုယ်တိုင် ရွေးချယ်ခဲ့ခြင်း ဖြစ်၏။

ခယ်မလေး ထွေးသူဇာအနား အမြဲတမ်း ပရောပရီ လုပ်တတ်သူ ဖြစ်၏။ ထွေးသူဇာကလည်း ခေတ်မိန်းကလေးများလို ခန္ဓာကိုယ် ပါးလုပ်လှုပ်နှင့် ချောမောလှပလွန်းသူလေး ဖြစ်၏။ ထွေးသူဇာ တစ်ချက်ချွဲလိုက်လျှင် ချာလီ ပျာနေ၏။

မိန်းမ မသိအောင် နှုတ်ခမ်းနီကအစ ဝယ်ပေးရ၏။ တစ်ချိန် ထွေးသူဇာ





အနား လှစ်းတကြီးလို တဝဲဝဲ တရစ်ရစ် လုပ်နေစဉ် မိန်းမလုပ်သူ မြင်သွားရာမှ အကြီးအကျယ် ပေါက်ကွဲလေတော့၏။

ဈေးထိပ်မှ ဝက်ဝက်ကွဲအောင် အော်ကာ ပြဿနာရှာလေတော့၏။ ဘယ်လိုမှ ဆီး၍တား၍ မရ။ နောက်ဆုံး ထိုင်ရှိုးမတတ် တောင်းပန်မှ ပြဿနာငြိမ်းအေးသွားခဲ့ရလေ၏။ ထိုအချိန်မှစ၍ ခယ်မအနားသို့ ခြေဦးတောင် မလှည့်ဝံ့ပါချေ။

ထိုအခြေအနေကြားတွင် မိန်းမ မသိအောင် ဆိုင်ကို ခိုးကြောင်ခိုးဝှက်နှင့် လာတတ်ပေ၏။ ယခုလည်း ဦးပွနှင့် ဂျာအေးတို့ကို ခေါ်ကာ ကောင်းကောင်းလေး လက်ဖက်ရည်ဆိုင်သို့ ရောက်ရှိလာလေ၏။

ထွေးသူဇာကို မြင်သည်နှင့် ချာလီ တဟဲဟဲ ဖြစ်နေ၏။ လာရင်းကိစ္စပင် မေ့နေသဖြင့် ဆရာပွက မနည်း သတိပေးရ၏။

"ဘယ်လိုလဲ ချာလီရ၊ မင်းက ငါ့ကို ရှေ့မှာထားပြီး မေ့နေသလားကွ"

"အဲ- ဟုတ်သား၊ ဆောရီးပဲ ဆရာပွရယ်။ ဆရာပွ ဘာသောက်မှာတုံး။ ကိုဗာတင်းလား၊ မိုင်လိုလား ပြော"

"ငါ ဘာမှ မသောက်ချင်ဘူးကွ"

"ဗျာ၊ ဒါဆို ဘာကိစ္စတုံး"

"အေး မင်းကို ငါ မေးစရာရှိလို့ပဲ၊ မှန်မှန်ပြောနော်"

"အင်- ဘာ. . . ဘာဖြစ်လို့လဲ ဆရာပွရယ်။ တစ်လမ်းတည်းသားတွေပဲဗျာ၊ ဘယ်လိုဖြစ်လာသတုံး"

"မင်းဆီမှာ နတ်ကတော် ရွှေမိဒိမ်က ဒေါက်ဖိနပ် အရန်နှစ်ဆယ် ရှိတယ်ဆို"

"ဗျာ၊ ဟို. . . အဲ- ကျွန်တော်"

"ဟေ့ကောင်၊ မင်း ငါ့ကို ညာဖို့တော့ မကြိုးစားနဲ့နော်။ ငါ ဘယ်သူဆိုတာ မင်း သိသားပဲ"

"အင်- ဟဲဟဲ မညာပါဘူး ဆရာပွရယ်၊ ဆရာပွက ကြားစကားတွေ ယုံနေပြီကိုး"

"ဟကောင် ငါ့မှာ သက်သေ ခိုင်ခိုင်လုံလုံ ရှိနေပြီကွ။ မင်း ငါ့ကို ဘယ်လိုမှ ညာလို့ မရဘူး"

"မဟုတ်တာဘဲ ဆရာပွရယ်၊ ကျုပ်က အဲဒီ ဒေါက်ဖိနပ်တွေ ယူပြီး မီးဗုတ်စားနေတာမှ မဟုတ်ဘဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မီးဖုတ်မစားရင် ကြော်လှော်စားပစ်သလား"

"ဗျာ၊ တောက်တီးတောက်တဲ့ဗျာ"

"ဟော့ကောင် မင်း ငါ့ကို ညာဖို့ မကြိုးစားနဲ့နော်။ ငါနာမည် မောင်ပွကွ။ ဟော့ကောင် ဂျာအေး မင်းသိသမျှ ပြောလိုက်စမ်း"

"အင်- ဂျာ. . . ဂျာအေး"

"ဆောရီးပဲ ဆရာချာလီ၊ ဒီကိစ္စ မပြောမဖြစ် မတီးမမြည်. . ."

"တော်ပါတော့ကွာ၊ ပြောမယ့်ဟာသာ ပြောချလိုက်"

"ကောင်းပြီ၊ ကျုပ်က မှန်သောစကားကို ဆိုပါ့မယ်လို့ ဆုံးဖြတ်ထားတာ ဗျ။ ဒီတော့ ကျုပ် အမှန်အတိုင်း ပြောတော့မယ်"

"ဟော"

"ပြောလိုက်စမ်းကွာ၊ ချာလီရာ မင်း ညာဖို့ မကြိုးစားစမ်းပါနဲ့ကွာ"

"ဒီလို ဆရာချာရဲ့"

"အင်"

ဂျာအေးသည် သူ မြင်သိသမျှ အချက်အလက်များကို အမှန်အတိုင်း တဲ့တိုးကြီး ပြောချလိုက်လေ၏။ အချက်အလက် အထောက်အထား ခိုင်လုံသည့် အပြင် ကောင်တာခုံနံဘေးတွင်ရှိသော အိတ်ကြီးကိုပါ လက်ဆုပ်လက်ကိုင် ဖော်ထုတ်နိုင်လိုက်သဖြင့် ချာလီတစ်ယောက် ပျာဆင်းသွား၏။ အရပ်လူကြီး ဆရာပွ၏ ဟန်က အောင်မြင်ဝင့်ကြွားနေသော ကမ္ဘာကျော်စုံထောက်နှယ်ပင်။

"ဘယ်လိုလဲ ချာလီရဲ့ မင်း ငြင်းနိုင်သေးရဲ့လား ပြောစမ်း"

"ဗျာ"

"ဟူး. . . ဟားဟား ဟူးဟား ဟူးဟား"

"ဟ- ဘာသံကြီးလဲ"

"သရဲသဘက် ရယ်သံကြီးကွ"

"ရယ်သံကြီးက ကြောက်စရာပဲ"

"ဟုတ်ပ့ါကွာ"

ဦးပွတစ်ယောက် အောင်မြင်သော လေသံကြီးနှင့် ရုပ်ပျက်ဆင်းပျက် ရယ်ချလိုက်သဖြင့် တစ်ဆိုင်လုံး ပွစိပွစိ ဖြစ်ကုန်၏။ ဂျာအေးမှာလည်း ဆရာပွကိုကြည့်ပြီး အံ့သြနေ၏။ ချာလီတစ်ယောက်ကတော့ဖြင့် ခေါင်းကြီး ငိုက်စိုက်ချကာ ဒေါက်ဖိနပ်ထုပ်ကြီးကို တွေတွေကြီး ကြည့်နေ၏။

ထိုစဉ် ဆရာပွ၏ စကားသံ ထွက်လာ၏။





"ကိုင်း- ဖွင့်လိုက်စမ်း ဂျာအေး"

"ဟုတ်ကဲ့"

"ဟဲဟဲ ဟဲဟဲ ချာလီ. . . ချာလီ၊ မင်း အမိသာ တပေတော့ကွာ"

"မ. . . မလုပ်ပါနဲ့ ဆရာပွရယ်၊ ကျွန်တော့်မှာ အပြစ်ရှိပါတယ် ခင်ဗျာ။ ဒါပေမယ့် ရပ်ကွက်ထဲမှာ အဲဒီကိစ္စ ဖွလိုက်ရင် ကျွန်တော်"

"ဟားဟား ချာလီ. . . ချာလီ၊ ဘာခုမှ ကြောက်နေတာလဲကွ။ နေပါဦး ကွ၊ မင်းက ဒီဖိနပ်တွေ ဘယ်သူ့ကို ယူခိုင်းတုံးကွ"

"ဟိုဟို ကို. . . ကိုစာကလေးပါဗျာ"

"ဩော်- ဒီလိုကိုး၊ ဘာကြောင့် ခုလို လုပ်တာလဲ ပြောစမ်း။ မင်းဘဝ ဒီ လောက် ပြည့်စုံနေတာ ဒေါက်ဖိနပ် မီးဖုတ်စားရမယ့်ဖြစ်စဉ် ရှိနေလို့လားကွဟေ"

"ဟုတ်ပ့ါ ကိုချာကြီးရာ၊ ဒေါက်ဖိနပ်က သားရေဒေါက်ဖိနပ်ဆိုသည်း အဲဒီ နွားသားရေခွာပြီး မီးကင်စားလို့ ရသား၊ ခုဥစ္စာ ဖနံတွေ၊ သံတွေဗျ။ တော်တော် ကို ထူးဆန်းလှတဲ့ အကြံအစည်တွေပဲ"

ဂျာအေးကပါ ဝင်၍ အဆင်း ဘီးတပ်ပေးလိုက်သည်မို့ ချာလီတစ်ယောက် ချာလည်ချာလည် ဖြစ်နေ၏။ ထိုစဉ် ဖြစ်စဉ်အားလုံးကို အံ့အားသင့်စွာ စောင့် ကြည့်နေသူမှာ ထွေးသူဇာပင် ဖြစ်လေ၏။ အိတ်ကြီးထဲမှ ထွက်လာသော ဒေါက်ဖိနပ်မျိုးစုံကို ကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်နေ၏။

ပြဿနာကလည်း အရပ်လူကြီးကိုယ်တိုင်ပါလာသည်မို့ အကျယ်အကျယ် မငြိမ်းဖွယ် ဖြစ်သွားနိုင်၏။ ထို့ကြောင့်လည်း အစ်မဖြစ်သူ ထွေးမူယာထံသို့ တယ်လီဖုန်းဖြင့် အလျင်အမြန် အကြောင်းကြားလိုက်လေ၏။

ချာလီခမျာ ဘာဖြေလို့ ဖြေရမှန်းမသိ။ လင်းတကြီး အစာနင်သလို ငေါင် ငေးငေးကြီး ဖြစ်နေ၏။ ထိုစဉ် ဆရာပွက သူ့ရှေ့ခုံတွင် ဆွဲထိုင်ပြီး အသေအချာ မေးမြန်းလိုက်၏။

"ကဲ- လုပ်စမ်းပါဦး ချာလီရ၊ ဒီကိစ္စ ဘယ်လိုသဘောနဲ့ လုပ်သတုံး"

"ဟို- ကျွန်တော် လက်ဆောင်ပေးချင်လို့"

"ဟေ- လက်ဆောင်ပေးချင်လို့၊ ဘယ်သူ့လဲ မင်းမိန်းမ မူယာကိုလား"

"ဗျာ၊ ဟုတ် အဲ- ဟုတ်"

"ဘာလဲကွ တဟုတ်ဟုတ်နဲ့၊ ကေန္တ မင်း ငါ့ကို ညာနေပြီထင်တယ်။ နေပါဦး၊ မင်းတို့လင်မယားက ပိုက်ဆံတောင် ထားစရာမရှိအောင် ချမ်းသာတဲ့ လူတွေပဲကွ။ ဒီကိစ္စ မင်း ဘာဖြစ်လို့ အကုန်မခံနိုင်တာလဲ ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခ. . . ဒုက္ခပါပဲ ဆရာပွရယ်၊ ကျွန်တော်လည်း ဘယ်လို ဖြေရှင်းရမှန်းတောင် မသိတော့ပါဘူးဗျာ"

"ဟားဟား ချာလီ. . . ချာလီ၊ မင်း ရူးသွပ်သွားပြီ ထင်တယ်"

"ဟုတ်ပ့ါဗျာ၊ ဒေါက်ဖိနပ် အရန်နှစ်ဆယ် လက်ဆောင်ပေးမယ် ကိုတော့ ဇကန္တ ကိုချာကြီး ပေးမယ့်လူက ကင်းခြေများလို ခြေထောက်တွေ အများကြီးပါတဲ့ မိန်းမ. . ."

"ဟာ- မဟုတ်ရပါဘူး ဂျာအေးရာ"

ချာလီတစ်ယောက် အူလည်ချာလည် ဖြစ်နေ၏။ ထိုအချိန်တွင် ဆိုင်ထဲသို့ ဇနီးသည် ထွေးမူယာ အူယားဖားယား ဝင်လာလေတော့၏။

"ကိုကိုချာ"

"ဟင် မူယာ၊ မင်း. . . မင်း ဘာလာလုပ်"

"ရှင် ဒေါက်. . . ဒေါက်ဖိနပ်တွေ"

"ဟေ"

မိန်းမလုပ်သူကိုကြည့်ရင်း ချာလီတစ်ယောက် နတ်ပူးသွားသလို ကတုန်ကယင် ခံစားနေရ၏။ ထွေးမူယာကိုလည်း ရဲရဲ မကြည့်ဝံ့။ ထိုစဉ် ဂျာအေး၏ စကားသံ ညောင်နာနာနှင့် ထွက်ပေါ်လာ၏။

"မမူယာရေ့ ကိုချာကြီးက ခင်ဗျားကို ဒေါက်ဖိနပ် အရန်နှစ်ဆယ် လက်ဆောင်ပေးမလို့တဲ့"

"ဘာ- ဒေါက်ဖိနပ် အရန်နှစ်ဆယ်တောင်။ မဖြစ်နိုင်ဘူး၊ ဒါ ဘယ်နည်းနဲ့မှ ကျွန်မအတွက် မဖြစ်နိုင်ဘူး။ ဒင်း ညာတာ၊ ဒင်း ညာကိုညာတာ၊ ကိုချာလီ"

"ဗျာ"

"ပြောစမ်း ဘယ်ကန်းမကို ပေးဖို့ ကြံနေတာလဲ ပြောစမ်း။ ပြီးတော့ ရှင့်လုပ်ပုံက ကျွန်မမျက်နှာ မားနဲ့ကို လိုးပစ်လိုက်ချင်တယ်ရှင့်"

"ဟာ- မမူယာကလည်း မျက်နှာ မားနဲ့ မလိုးစမ်းပါနဲ့ဗျာ။ မားက တုံးနေရင် ခံရခက်ပါ့ဗျာ"

"ဟင်- နင်. . . နင် ဘာဝင်ပြောတာလဲ ဂျာအေး"

"ဩော်- ကျုပ်က စေတနာနဲ့ ပြောတာပါ ဓမူယာရယ်၊ ဟဲဟဲ"

"တော်စမ်း၊ ကဲ- ပြောပါဦး ဆရာချာကြီးရဲ့၊ ကျွန်မ ဘယ်လို နားလည်ရမလဲ"

"တောင်း. . . တောင်းပန်ပါတယ် မူယာရယ်၊ အစ်ကိုလေ မူယာ့ကို





ဒေါက်ဖိနက်တွေ ဝယ်ပေးချင်တာကြာ. . ."

"တိတ်စမ်း။ ရှင် ကျွန်မကို မုညာစမ်းနဲ့ ရှင်ပေးမယ့်လူဟာ"

"မပြော. . . မပြောပါနဲ့ မိန်းမရာ၊ အစ်ကို တောင်းပန်ပါတယ်ကွာ"

"အောင်မယ်လေး ခုမှ လေချိုသွေးမနေနဲ့ ကိုချာကြီးရယ်၊ ရှင်ဟာ ကျွန်မ ငုတ်တုတ်ရှိလျက်နဲ့တောင် ဖြောင်ကြံချင်တဲ့လူ၊ ဒီတော့ ရှင့်ထိုက်နဲ့ ရှင်ကံပဲ။ ကျွန်မတော့ ရှင့်အစား ရှက်တယ်"

"ဟင်"

ထွေးမူယာတစ်ယောက် သူ့ကို ဆောင့်ကြီးအောင့်ကြီးပြောကာ ဆိုင်ထဲမှ ထွက်သွားလေတော့၏။ ချာလီတစ်ယောက် အကြေကွဲကြီး ကြေကွဲရချေပြီ ဖြစ်၏။

"ဘယ်လိုလဲ ကိုယ့်လူ"

"ဟာ - ဆရာဖွ အဲ - ဆရာပွ တောင်း. . . တောင်းပန်ပါတယ် ဆရာပွရယ်၊ ကျွန်တော့် အပြစ်ကို ကျွန်တော် ဝန်ခံပါတယ် ဆရာပွရယ်"

"ဒါဆို ငါ ဥပဒေကြောင်းအရ စကားပြောရတော့မလား"

"ဗျာ၊ ဟာ - မ . . . မလုပ်ပါနဲ့ ဆရာပွရယ်၊ ကျွန်တော့်ဘဝ ဆရာပွ မကယ်ရင်ဖြင့် ဒုက္ခတွေ့ပါတော့မယ် ဆရာပွရယ်"

"ဩော် - ဒီလိုကိုး၊ ကိုင်း - ဒါဆို ဘာလုပ်ကြမလဲ။ ငါ ဘယ်သူဆိုတာ မင်း နားလည်တယ်နော်။ ငါ ဘယ်လို သဘောရှိတယ်ဆိုတာလဲ မင်း သိမှာပေါ့"

"သိ. . . သိပါတယ် ဆရာပွရယ်၊ နေမကူးစေရပါဘူးဗျာ။ ဒီညတွင်းချင်း ကျွန်တော် စီစဉ်ပ့ါမယ် ဆရာပွ"

"ဟေ့ကောင် အိမ်အရောက်နော်"

"စိတ်. . . စိတ်ချပါ ဆရာပွရယ်၊ ကျွန်တော့်ကို ခွင့်. . . ခွင့်လွှတ်ပါနော်။ ဒါ နောက်ဆုံး မှားမိတဲ့ အမှားပါ ဆရာပွရယ်။ ကျွန်တော် ဘယ်လို တောင်းပန်ရ တောင်းပန်ရ တောင်းပန်ပ့ါမယ် ဆရာပွရယ်"

"ကောင်းပြီလေ၊ ဒါဆို မင်း စီစဉ်စရာရှိတာ စီစဉ်၊ အိမ်ပေါ်အထိ ရောက်ပစေနော်"

"စိတ်. . . စိတ်ချ ဆရာပွရယ်"

"ဟုတ်ပြီ၊ ဒါဆို ငါ ပြန်မယ်"

"ဟာ - ပြန်တော့မလား။ တစ်ခုခု သုံး. . . သုံးဆောင်သွားပါဦးလား ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီကွာ"

"ဟို - ညီလေး ဂျာအေးရော"

"အင်"

ဂျာအေးတစ်ယောက် အရပ်လူကြီး ဦးပွနှင့် ချာလီတို့ကြား အူချာချာ ဖြစ်နေ၏။ ဆရာပွ ပြောသည့်စကား၊ ချာလီ ပြောသည့်စကားများက ဘာကို ဆိုလိုမှန်း မသိ။ သို့သော် အိမ်အရောက် ပို့ပေးရမည်ဆိုသော စကားကြောင့် ဂျာအေး ဆရာပွအပေါ် သံသယ ဖြစ်သွား၏။

ထိုစဉ် ဆရာပွ၏ စကားသံ ပေါ်လာ၏။

"ဂျာအေး"

"ဗျာ"

"ဟိုအိတ်ကြီးကို ထမ်းစမ်းကွာ"

"ဟင် - ကျုပ် ထမ်းရမယ်"

"ဟုတ်တယ်၊ ထမ်းကွာ မြန်ကြစို့"

"ဟာ - ဘယ်လိုဖြစ်သတုံးဗျ"

"ဟကောင် ငါ အရပ်လူကြီးကွ၊ ခိုင်းတာလုပ်စမ်းကွာ"

"ဟုတ်သေးဘူးထင်တယ်၊ အရပ်လူကြီးရဲ့"

"တိတ်စမ်းကွာ၊ ကိုင်း - ထမ်းထမ်း"

"အင်"

ဂျာအေးတစ်ယောက် ဆရာပွ၏ အပြုအမူကို နားမလည်နိုင်အောင် ခံစားလိုက်ရ၏။ သို့သော် ဗွတ်ကြီး အစမှ ထမ်းခိုင်းနေသည်မို့ ဂျာအေး မလွန်ဆန်သာ။ မချိတင်ကဲနှင့် ဒေါက်ဖိနပ်ထုပ်ကြီးကို ထမ်းလိုက်ရ၏။

ထို့နောက် နှစ်ယောက်သား ဆိုင်ထဲမှ ထွက်ခဲ့လေ၏။ လမ်းပေါ်ရောက်သည်နှင့် ဂျာအေး ဗျူးလေတော့၏။

"ဆရာပွ"

"ဟေ"

"ဘယ်လိုတုံးဗျ၊ ဒီဒေါက်ဖိနပ်ထုပ်ကိစ္စ ဘယ်လို ရှင်းမှာလဲ"

"ဟာ - လူဆိုတာ တစ်ခါတစ်ခါတော့ မှားတတ်တာပေါ့ ဂျာအေးရာ၊ ခွင့်လွှတ်လိုက်စမ်းပါကွာ"

"ဟင် - ဘယ်လိုဖြစ်လို့တုံးဗျ၊ ဆရာပွပဲ ကိုချာကြီးကို အပြတ်ဆော်တော့မလို့နဲ့ ခုတော့ ဘယ်လိုဖြစ်တာလဲဗျ"





"မင်း မသိပါဘူးကွ၊ လူမှုဆက်ဆံရေးပညာကို မင်း နားမလည်သေးပါဘူးကွာ။ လူကြီးဆိုတာ ခွင့်လွှတ်တန်တာ ခွင့်လွှတ်ရသကွ။ ကြီးတဲ့အဖြစ် ငယ်အောင်၊ ငယ်တဲ့အဖြစ် ပပျောက်သွားအောင်ပေါ့ကွာ။ ခုလည်း ချာလီ့အမူက လူသတ်မှု၊ လိမ်လည်မှု၊ သူတစ်ပါး အဲလေ ဟဲဟဲ သိပ်ကြီးကျယ်တဲ့ ပြဿနာ မဟုတ်တော့ ပပျောက်သွားတာ အကောင်းဆုံးပေါ့ကွာ"

"အင် - တစ်မျိုးကြီးပါလား"

"မရှုပ်စမ်းပါနဲ့ကွာ၊ ကိုင်း - လာလာ ကားငှားကွာ၊ ရွှေမိအိမ် ဒါရိုက်သွားမယ်"

"ဟုတ် . . . ဟုတ်ကဲ့"

ဂျာအေးတစ်ယောက် ဆရာပွ၏ ဆိုလိုရင်းကို ဝါးတားတား ဖြစ်နေ၏။ နောက်ဆုံး မေးခွန်းမထုတ်တော့ဘဲ အထုပ်ကြီးငယ်ကာ နတ်ကတော် ရွှေမိတို့ အိမ်ဆီ ရောက်လာကြလေ၏။

"ဟင် - အစ်ကိုပွကြီးက တကယ့်လူပါမင်းကြီးပါလား။ များတို့က ဖိနပ်တွေ ဆုံးပါပြီလို့ တွက်ထားတာရှင့်"

"ဟဲဟဲ ရွှေမိရယ်၊ ဒါ အသေးအဖွဲ့ကိစ္စပါကွယ်"

"ဟို - ဒါ . . . ဒါ ဘယ်သူ ယူသွားတာလဲဟင်"

"မေးမနေပါနဲ့ကွာ၊ တစ်ယောက်ယောက်က နောက်ပြောင်ထားတာပါ။ အဲဒီလူကို ငါ ကောင်းကောင်းကြီး ပြောပစ်လိုက်တယ်လေ"

"ဟုတ်လား၊ တော်တော်ဆိုးတာပဲ၊ များသူငယ်ချင်းတွေ ဖိနပ်မပါဘဲ ပြန်သွားကြရှာတယ်လေ။ ဖဝါးလေးတွေက နုနုလေးတွေ၊ အိမ်ရောက်တော့ ခြေထောက်နာလို့ ရေနွေးအိုးထဲ စိမ်နေရတယ်"

"ဟေ"

"ဟာ - အံ့ဖွယ်ပါလား မရွှေမိရဲ့"

"ဟင်"

ဂျာအေးသည် နတ်ကတော် ရွှေမိစကားကြောင့် မျက်လုံးပြူးသွား၏။ ထို့ကြောင့်လည်း ကြားက ဝင်၍ ပြောလိုက်လေ၏။

"ဟို - ခြေထောက်တွေ ရေနွေးအိုးထဲ ထည့်စိမ်ထားတာဆိုတော့ အဲဒီ ခြေထောက်တွေ နူးနေမှာပေါ့နော်"

"အင် - ဟို ဟိုဒင်း"

"အဲဒါ ကောင်းတာပေါ့ မရွှေမိရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ဟဲ့ နင်. . . နင် ဘာတွေပြော"

"ဟာ - မရွှေမိပဲ ပြောတာလေ ခြေထောက် ရေနွေး. . ."

"တော်ပါတော့ ဟဲ့ကောင်လေးရဲ့၊ ငါက သဘောပြောတာဟဲ့"

"သြော် - ဒီလိုကိုး"

"အစ်ကိုကြီးပွ"

"ဟေ - ဘာတုံး ရွှေမိရယ်"

"ဟို - ဟိုလေ ရွှေမိ၊ အစ်ကိုကြီးပွရဲ့ အစွမ်းအစကိုတော့ အံ့ဩလို့ကိုမဆုံး တော့ပါဘူးရှင်။ အစ်ကိုကြီး စွမ်းရည်ကြောင့် များသူငယ်ချင်းတွေ ဝမ်းသာကြပြီ ရှင့်"

"ဒါ ပါကွာ၊ တစ်ယောက်ဒုက္ခ တစ်ယောက် ကူညီရင် အားလုံး ငြိမ်းချမ်း သာယာလှတဲ့ လူ့ဘောင်ကြီး ဖြစ်ပေါ်လာမှာပေါ့ ရွှေမိရာ"

"ဟို. . . ဟို ရွှေမိတို့က အစ်ကိုကြီးပွရဲ့ ခုလို စွမ်းဆောင်ပေးမှုကို အသိ အမှတ်ပြု ကျေးဇူးဆပ်ချင်ပါရဲ့"

"ဟာ - မဟုတ်တာကွယ်"

"အို - ကျွန်မတို့က အစ်ကိုကြီးပွကို အစဉ်ပဲ အားကိုးနေချင်တော့"

"အားကိုးစမ်းပါ ရွှေမိရာ"

"ဒါ . . . ဒါဆို အိမ်အပြန်"

"အို - ညကျမှ အိမ်ပို့လိုက်လေ၊ လောလောဆယ်တော့ ပြန်ဦး. . ."

"ဘယ်ပြန်လို့ ဖြစ်ပါ့မလဲ၊ နေကြပါဦး၊ ဟဲ့ဟဲ့ လာကြပါဦး၊ အစ်ကိုကြီးပွ စားဖို့ မုန့်တွေ၊ ဘာတွေ ဝယ်ပေးကြစမ်း"

နတ်ကတော် ရွှေမိက သူတို့နှစ်ဦးကို အတင်း ဟားမြစ်ကာ မုန့် လက်ဖက် ရည်များနှင့် ဧည့်ခံလေ၏။ ဂျာအေးတစ်ယောက် ဘာကိုမှ မစဉ်းစားတော့ ပန်းကန်ထဲ ထည့်ထားသည့် ပေါက်စီနှစ်လုံးကို လက်နှစ်ဖက်နှင့်ယူကာ အလျှင် အမြန် စားသောက်ပစ်လိုက်၏။

ထို့နောက် စမူဆာလေးခုကိုလည်း တစ်ခုပြီးတစ်ခု ယူကာ တဂျပ်ဂျပ် နှင့် ဝါးစားပစ်လိုက်၏။ သူ့လုပ်ပုံကြည့်ပြီး ဦးပွရော နတ်ကတော် ရွှေမိပါ ကြောင် စီစီ ဖြစ်နေ၏။

ထိုအချိန်တွင် ဂျာအေးသည် ပဲပေါင်မုန့် တစ်လုံးကို ထပ်၍ ပလုတ်ပ လောင်း ဝါးလိုက်ပြန်၏။ သူ့ကိုကြည့်ပြီး ဦးပွပင် မျက်လုံးမျက်ဆန်ပြူးနေလေ၏။

"ဟာ - ကြိတ်. . . ကြိတ်လှချည်လားကွ"





"ဟုတ်ပါ့တော်၊ ဘီလူးသဘက်ကျနေတာပဲ"

"ဟဲဟဲ ဆာနေပြီဗျ။ ဟို ပေါက်စီတစ်ပွဲလောက် လုပ်ပါဦး"

"အလိုတော်"

"ဟေ - ဟကောင် ဂျာအေး"

"ဘာတုံး ဆရာပွရဲ့၊ ပါးစပ်ရှိတဲ့ လူမှန်သမျှ စားကြဝါးကြမှာပဲလေ။ ဘာ ဖြစ်သတုံး ဆရာပွရဲ့၊ လူဆိုတာ အစားနဲ့ တည့်မှဖြစ်မှာ"

"တိတ်စမ်း၊ မင်းစားတာ လူစား စားတာမှ မဟုတ်တာကွ"

"ရော် - ခက်ပါ့ ဆရာပွရယ်၊ ကျုပ်က ပါးစပ်နဲ့ စားတာပဲဗျ။ အဲဒါ လူစားစားတာလေ၊ ဆရာပွတို့က ပါးစပ်နဲ့ မစားဘူးလား"

"ဟေ - ဟိတ်ကောင်၊ မင်း. . . မင်း လူကြီးကို"

"သြော် - ဟုတ်သားပဲ၊ ဆရာပွက အရပ်လူကြီးကိုး ဟုတ်ပြီ"

"ဘာဟုတ်တာတုံးကွ"

"သြော် - ပါးစပ်နဲ့မစား. . ."

"ဟာ - ဒီကောင်တော့ ဒုက္ခပဲ"

နတ်ကတော် ရွှေမိခမျာ အောင့်သီးအောင့်သက်နှင့် ပေါက်စီတစ်ပွဲ ထပ် မှာပေးလိုက်ရ၏။ ဂျာအေးသည် ပေါက်စီနှစ်လုံးကို ပါဆယ်ယူပြီး အအေးပုလင်း ကို တဂွပ်ဂွပ်နှင့် မော့ချလိုက်၏။

"ကြောက်စရာကြီးပါလား အစ်ကိုပွရယ်"

"ဟုတ်ပါ့ကွာ၊ ငါတော့ ဒီတစ်ခါပဲ မြင်ဖူးတယ်။ ရုပ်က မှင်စာရုပ်၊ စားတာ က ဘီလူးသရဲ့ ဇကန္တ ဒီကောင် နာနာဘာဝများလား"

"ရှင်"

"ဟဲဟဲ ခုမှပဲ ဝသွားပြီ၊ ဒါဆို ကျုပ် ပြန်မယ်၊ ဆရာပွရော"

"ဟင်"

ဂျာအေးသည် စားသောက်ပြီးသည်နှင့် ပေါက်စီနှစ်လုံးကို ပါဆယ်ထုပ် ကာ အိမ်သို့ တန်းပြန်သွားလေတော့၏။ ထိုအချိန်တွင် ရွှေမိနှင့် ဆရာပွတို့ တီးတိုးပြောဆိုရင်း ကျန်ရစ်ခဲ့လေ၏။

ဂျာအေးသည် အိမ်ပြန်ရောက်သည်နှင့် ပေါက်စီနှစ်လုံးကို မပုလေးလက် ထဲထည့်ပြီး ဒေါက်ဖိနပ်ဖြစ်စဉ်ကို ပြောပြလိုက်၏။ အပုလေးသည် သူ့စကားကို နားထောင်ရင်း-

"ဟင် - ဒါ . . . ဒါဆို၊ နင့်ကို ဆရာပွက တစ်ပတ်ရိုက်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ဂျာအေးရဲ့၊ နင်ဟာ ငတုံးပဲ"

"ဗျာ၊ ဘာ. . . ဘာဖြစ်လို့တုံး မပုလေးရဲ့"

"ဟဲ့ - အဲဒါ ချာလီနဲ့ ဆရာပွ ရိုက်ကွက်၊ နင် မယုံရင် ညရောက်တာနဲ့ သူ့အိမ်ပေါက်မှာ သွားစောင့်ကြည့်၊ ပြီးတော့ နတ်ကတော် ရွှေမိနဲ့လည်း လက်ဝါးရိုက်လိုက်ပုံရတယ်ဟဲ့"

"ဗျာ၊ ဒါ . . . ဒါဆို ကျုပ်က အလကားကောင် ဖြစ်သွားပြီပေါ့"

"အဲဒါ ပြောတာပေါ့ ဂျာအေးရယ်၊ နင်က တောသားဆိုတော့ ဆရာပွ လှည့်သမျှ ခံပေတော့ပဲဟဲ့"

"ဗျာ၊ တောက်- ဒါ သက်သက် လူလည်ကျတာဗျာ။ ကျုပ် မကျေနပ်ဘူးဗျာ၊ မမှန်တာ မလုပ်ဘူးလို့ ကျုပ် ဆုံးဖြတ်ထားတယ်။ ဒီတော့ အဲဒီကိစ္စကို ကျုပ် မရရအောင် တားဆီးမယ်"

"ဟဲ့ - ဟိုက လူကြီးနော်"

"အိုဗျာ၊ အမှန်တရားပဲ ကျုပ် သိတယ်ဗျ၊ ကျုပ် ဆရာပွရော ဆရာထရော မမြင်ဘူး"

ဂျာအေးတစ်ယောက် အပုလေး ချပြသော ဖြစ်စဉ်ကြောင့် အကြီးအကျယ် ပေါက်ကွဲလေတော့၏။ သူ့ကို မလိုမ့်တစ်ပတ် လုပ်သွားသည်ကို မကျေနပ်နိုင်၊ အံကြိတ် တကြိတ်ကြိတ်နှင့် အိမ်ပေါ်မှ ဆင်းသွား၏။

သူ၏ ဦးတည်ရာက ဒေါ်ခွေးမ ဖွင့်လှစ်ထားသည့် အရက်ဆိုင် ဖြစ်လေ၏။ ဆိုင်ရောက်သည်နှင့် အရက်ကို ရေတောင်မရော ပူခနဲ ဆင်းသွားသည့် ချက်အရက်တန်ခိုးကြောင့် ရီတီတီ ဖြစ်လာ၏။

အာပြခြောက်ကို ငရုတ်သီးစပ်စပ်နှင့် ကြွပ်နေအောင် ကြော်ထားသည်မှာ ခံတွင်းတွေ့လှ၏။ ဒေါ်ခွေးမက သူ့ကိုမြင်လျှင် ဆဲဆဲဆိုဆို ပြောတတ်သော်လည်း စေတနာတော့ ရှိ၏။

အမြည်းနှင့် အရက်ကို မညည်းမညူ ချပေး၏။ အကြွေးဆိုလျှင် မျက်စောင်းကြီး တခဲခဲနှင့် ခေါင်းညိတ်တတ်၏။

ယခုလည်း တစ်ပိုင်းလောက် ဝမ်းထဲအရောက်တွင် ထွေလီကာလီ ဖြစ်နေချေပြီ။

"တော်ပြီ ဒေါ်ခွေးမရာ၊ ကျသမျှ စာရင်းသာမှတ်လိုက်ပေတော့ဗျာ"

"နင်ကတော့ အကြွေးကို ပွေးလို သဘောထားတဲ့ကောင်ပဲ"

"ဟဲဟဲ ပွေးရှိတော့ ကုတ်ကောင်းသလို၊ ကြွေးရှိတော့ ကျုပ်အကြောင်း





သတိရတာပေါ့ဗျာ"

"ရှကောင်စုတ်ကလေး"

"သွားပြီဗျို့"

ဂျာအေးတစ်ယောက် ဆိုင်ထဲမှ ယိုင်ထိုးယိုင်ထိုးနှင့် ထွက်လာ၏။ အချိန်အခါမှာ လောကဓာတ်တစ်ခုလုံးကို အမှောင်ထုက စိုးမိုးနေသည့် အချိန်အခါ ဖြစ်လေ၏။ ရပ်ကွက်ထဲတွင်လည်း မီးရောင်များက မှိန်တစ်လှည့် လင်းတစ်လှည့် ရှိနေပြီ ဖြစ်လေ၏။

လမ်းထိပ် ဗီဒီယိုရုံမှာလည်း လူတွေ ကျပ်ခဲနေ၏။ ဂျာအေးသည် ရပ်ကွက်လမ်းကလေးအတိုင်း လျှောက်လာ၏။ သူ့ရင်ထဲ အရပ်လူကြီး ဆရာပွနှင့် ပတ်သက်၍ တစ်တစ်ဆို့ဆို့ကြီး ခံစားနေရ၏။

ထို့ကြောင့်လည်း ဆရာပွတို့ အိမ်အနီးသို့ အရောက်တွင် မှောင်ခိုကာ စောင့်ကြည့်နေ၏။ သူ ခိုအောင်းနေသည့်နေရာက ဆရာပွတို့အိမ်ဘေးရှိ ဗာဒံပင်ကြီး ဖြစ်လေ၏။

ဗာဒံပင်ကြီးမှာ အခက်အလက် ဝေဝေဆာဆာ ရှိနေသည်မို့ လူတစ်ယောက် ကောင်းကောင်း ခိုကပ်နိုင်ပေ၏။

ဂျာအေးသည် ဆရာပွတို့ အိမ်အဝင်အထွက်ကို မှုးမှုးနှင့် စောင့်ကြည့်နေ၏။ အချိန်အနည်းငယ် အကြာတွင် လမ်းအနောက်ဘက်မှ လူတစ်ယောက် ပစ္စည်းပစ္စယများ ထမ်းပိုး၍ လာနေသည်ကို မြင်လိုက်၏။ သွားလာပုံ ကြည့်လိုက်သည်နှင့် စာကလေးမှန်း သိလိုက်၏။

သူ့အနား ရောက်သည်နှင့် လေသံတိုးတိုးဖြင့် မေးလိုက်၏။

"ကိုစာကလေး ဘာတွေတုံးဗျ"

"ဩော် - ကိုချာလီက ပို့ခိုင်းလိုက်လို့ပါကွာ"

"ဘာတွေတုံးဗျ"

"ဟာ - ဆန်တွေ၊ ဆီတွေပါကွာ။ လေးလိုက်တာ လွန်ရောပဲ"

"ဟုတ်လား၊ ဒါဆို ကျုပ် သယ်ပို့လိုက်မယ်လေ"

"ဟင် - တကယ်လား ဂျာအေး"

"တကယ်ပေါ့ဗျာ"

"ဒါဆိုလည်း ရော့ကွာ၊ ငါ မထမ်းနိုင်တော့ဘူး။ ဆိုင်လည်း မသွားရသေးဘူးကွ"

"ဒါဆို ခင်ဗျား သွားနှင့်လေ ကျုပ် လိုက်ခဲ့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလိုက်တဲ့ အကြံပဲကွာ"

စာကလေးသည် ပခုံးပေါ် ထမ်းထားသော ဆန်တစ်ခွဲနှင့် ဆီတစ်ပိဿာ ပုံးကို ယူလိုက်၏။ စာကလေးသည် ပစ္စည်းပစ္စယများကို ဂျာအေးရှေ့ ပုံချရင်း ဆိုင်ဘက်သို့ ထွက်သွားလေတော့၏။ ဂျာအေး မှတ်ဆိတ်ပျားဆွဲချေပြီ။

ဆန်တစ်ခွဲအိတ်ကို ထမ်းလိုက်ပြီး ဆီပုံးကြီးကိုဆွဲကာ ဆရာပွတို့အိမ်နှင့် ဆန့်ကျင်ရာသို့ ထွက်သွားလေတော့၏။ ထိုအချိန်တွင် တမျှော်မျှော်နှင့် လုပ်နေသူက ဆရာပွကတော် မလုံးခင်ပင် ဖြစ်လေ၏။

"ဘယ်လိုတုံး ကိုပွရဲ့၊ ရှင့်လူက ခုထိ မလာသေးပါလား"

"ဟာ လာမှာပေါ့ မိလုံးရာ၊ ချာလီက ငါ့ကို အသေအချာ မှာထားတာကွ။ ဆန်က ပေါ်ကျွဲနော်၊ ဆီကလည်း ပဲဆီစစ်စစ်တဲ့"

"ကောင်းပါ့တော်"

လုံးခင်တစ်ယောက် မျှော်လိုက်ရသည်မှာ လည်ပင်း ရေတကောင်း ဖြစ်လုမတတ်၊ ညကြီး စုံးစုံးသာ ချုပ်သွားသည် စာကလေးလည်း ပေါ်မလာပါချေ။ ဆရာပွမှာ ချာလီတပည့်ကြီး စာကလေးလုပ်ပုံကို မကျေမချမ်း ဖြစ်မိ၏။ ပို၍ ခံစားရသည်မှာ မလုံးခင်။

မနက်ခင်းတုန်းက အပီအပြင် ပြောထားပြီးခါမှ ဘာမှ လှုပ်လှုပ်ရှားရှား ရှိမလာသဖြင့် ဆရာပွ ဒေါသစိတ်တွေ ပေါက်ကွဲနေ၏။ နတ်ကတော် ရွှေမိက သူ့ထံ ကော်ဖီမစ် အထုပ်ငါးဆယ်၊ သကြား တစ်ပိဿာ ပို့ပြီးသား။ ချာလီဆီက ဘာမှ မလာသည်မို့ ဦးပွ မရိုးမရွ ခံစားနေရ၏။

အိပ်မက်ထဲတောင် ချာလီနှင့် စာကလေးတို့နှစ်ဦး ဆန်အိတ်ကြီးများ၊ ဆီပုံးကြီးများ ပိုက်၍ ရောက်လာသည်ဟု အိပ်မက်မက်မိ၏။ ထို့ကြောင့်လည်း နောက်တစ်နေ့ နံနက်ခင်း ရောက်သည်နှင့် ချာလီရှိရာ ဒေါင်းတည်မောင်းတည်နှင့် ထွက်ခဲ့လေတော့၏။

သူ့ကိုမြင်တော့ ချာလီက ပြုံးဖြီးဖြီး-

"ဟော - ဆရာပွပါလား"

"အေး- ဟုတ်တယ်၊ မင်း ငါ့ကို မှတ်မိသေးရဲ့လားကွ"

"ဗျာ၊ ဘာဖြစ်လို့တုံး"

"ဟာ- ဘာဖြစ်ရမှာလဲကွ၊ မနေ့က မင်းပြောတဲ့ကိစ္စ ဘယ်လိုတုံးကွ"

"အင် -ဟို ကျွန်တော် . . ."

"ဘာဖြစ်သတုံးကွ"





"ဟို . . . ကျွန်တော် ကိုစာကလေးနဲ့ ပို့ . . . ပို့လိုက်ပြီလေ"

"ဘာ - ဘယ်ကို ပို့လိုက်တာတုံးကွ၊ သချိုင်းကုန်းလား၊ ဒါမှမဟုတ် ဘိုးဘွားရိပ်သာလား"

"ဟာ - ဆရာပွကလည်းဗျာ၊ ဆရာပွအိမ်ကို ပေါ် . . . ပေါ်ကျွဲတစ်ခွဲ၊ ပဲဆီတစ်ပိဿာဗျ။ ကိုစာကလေးလက်ထဲ အသေအချာ ပေးလိုက်တာဗျ"

"ဟေ - တ. . . တကယ်လားကွ"

"တကယ်ပေါ့ဗျာ၊ ဆရာပွကို ကျွန်တော် ညာပါ့မလား"

"အင် - ဒါ. . . ဒါဆို တစ်ခုခုတော့ လွဲနေပြီကွ"

"ဟို . . . အိမ် မရောက်ဘူးလား"

"မရောက်ဘူးကွ"

"ဗျာ၊ အဲဒါမှ ပြဿနာပဲ"

"ငါ စာကလေးကို ရှာဦးမယ်"

ဆရာပွတစ်ယောက် ထူထူပူပူ ဖြစ်သွား၏။ သူ့မျက်လုံးထဲ တစ်ခါတစ်ခါ ထင်ရာလုပ်လေ့ရှိသော စာကလေး၏ အမူအကျင့်များကို သတိရလာ၏။ ဆန်တစ်ခွဲ ဆီတစ်ပိဿာ ပြဿနာ စာကလေး ဘာများ လုပ်လိုက်ပြီလဲ။ ဖျံကို ငါးရှာခိုင်းမိသလိုပင်။ စိတ်ထဲ မကျေနပ်မှုများက အတိုင်းအဆ မရှိ။

ထို့ကြောင့် ချာလီဆီမှ အလျှင်အမြန် ထွက်ခဲ့ကာ စာကလေးကို လှည့်ပတ် ရှာလေတော့၏။ ရှိသမျှ အရက်ဆိုင်၊ လက်ဖက်ရည်ဆိုင်ကို ဝင်မွှေလေ၏။ စိတ်ထဲမှာလည်း ဒေါသမီး၊ လောဘမီးများက ဟုန်းဟုန်းတောက်နေ၏။

နောက်ဆုံး စာကလေးကို မခွေးမတို့ ဆိုင်အနောက်ဘက် တဲထဲတွင် မူးမူးနှင့် အိပ်ပျော်နေသည်ကို တွေ့လိုက်ရလေ၏။

"ဩော် - ဒီကောင်က ဒီမှာ လာပြီး စက်တော်ခေါ်နေသကိုး၊ ဟကောင် စာကလေး"

"အောင်မယ်လေးဗျ၊ ကြောက်ပါပြီ"

"ထစမ်း၊ ထဆို ခုထ"

"ဗျာ၊ ဟားဟား ဆရာပွကြီး"

"အေး- ဟုတ်တယ်၊ ဘယ်မှာလဲ ဆန်တစ်ခွဲနှင့် ဆီတစ်ပိဿာ"

"ဗျာ - ဟို. . . ဟို ကျုပ်"

"ဘာ တဟိုဟို လုပ်နေတာလဲ ပြောစမ်း၊ မင်း ဘယ်မှာ ရောင်းစားပစ်လိုက်ပြီလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"အင် - ဒုက္ခပါပဲ၊ မနေ့ . . . မနေ့ညက ကျွပ် ဟိုဒင်း ဂျာအေးကို ပေးလိုက်တယ်။ သူက ဆရာပွကြီးအိမ်ကို ပို့ပေးမယ်ဆိုလို့ ပေးလိုက်တာ"

"ဘာ"

စာကလေး၏ စကားကြောင့် အရပ်လူကြီး ဆရာပွ အကြီးအကျယ် ပျာဆင်းသွား၏။ မျက်လုံးအပြူးသား ပါးစပ်အဟောင်းသားနှင့် ဖြစ်နေ၏။ ဂျာအေးလက်ထဲ ရောက်သွားလို့ကတော့ ဘယ်နည်းနဲ့မှ မလွယ်သည့်ကိစ္စ။ ဘာပြောလို့ ပြောရမှန်းပင် မသိတော့။

"မင်း . . . မင်း။ ဘာဖြစ်လို့ သူ့ကို ပေးလိုက်ရသတုံး ပြောစမ်း။ ဟာ ရှုပ်ကုန်ပါပြီကွာ"

"သူက ဝင်ကူညီတာပါ ဆရာပွရဲ့"

"ဘာကူညီတာတုံးကွ"

"ဗျာ - ဟို စေတနာ . . ."

"တိတ်စမ်း၊ တောက် - ဒါ သက်သက်မဲ့ ဂျာအေး ငါ့ကို ပြဿနာရှာတာ။ ကျေးဇူးရှင်ကို ကျေးစွပ်တဲ့ကောင် တွေ့မယ်၊ တွေ့ကိုတွေ့မယ်။ ကိုင်း၊ ခု ဂျာအေး ဘယ်မှာရှိလဲ ပြောစမ်း"

"ဗျာ"

"လာခဲ့၊ မင်း ငါနဲ့လိုက်ခဲ့"

"အင်"

စာကလေးတစ်ယောက် မူးကြောင်မူးကြောင်နှင့် ဆရာပွကြီး ခေါ်ရာနောက်သို့ စောင်းငန်းစောင်းငန်း လိုက်သွားရလေတော့၏။ ဆရာပွကြီးတစ်ယောက် တစ်ရပ်ကွက်လုံးကို ခါးစောင်းတင်တော့မည့် အလားပင်။

နောက်ဆုံး ပီလီတို့အိမ်တွင် ကြက်ကင်၊ မြန်မာရမ်နှင့် ဇိမ်အကျကြီး ကျနေသော ဂျာအေးကို တွေ့လိုက်ရ၏။ ဆရာပွ၏ အကြည့်က မီးဟုန်းဟုန်း တောက်နေသည်မို့ ပြာကျသွားနိုင်၏။

"ဟကောင် ဂျာအေး"

"ဟော - အရပ်လူကြီးပါလားဗျို့၊ လာဗျာ တစ်ခွက်တစ်ဖလားတော့ ဝင်တွယ်လိုက်ပါလား"

"ဘာကွ၊ မင်းက ငါ့ကို အရက်သမားများ အောက်မေ့နေသလား"

"ဟာ - ဆရာပွကလည်း ဒေါသကြီးပဲကိုး။ ကိုင်း - ထိုင်ပါဦး၊ ကြက်ခြေထောက်၊ ကြက်ခေါင်းလေး ဝါးပါဦးလားဗျာ။ ဆိုင်ကြော်ဆိုတော့ ကြွပ်ရွနေ





တာပဲ"

"တိတ်စမ်း"

"ဟင် - ဘယ်လိုဖြစ်တာတုံး အရပ်လူကြီးရယ်၊ ဒေါသရှေ့ထား အမှားနှင့်ကြုံ၊ ချေးပုံတိုက်လဲ အရှက်ကွဲတဲ့ဗျ"

"ဟိတ်ကောင် တိတ်စမ်း၊ မင်း . . . မင်း ဖော်ကားလှချည်လား။ လူကြီးလူကြီးမှန်း မသိတဲ့ကောင်၊ မင်း ကျေးဇူးရှင်ကို မင်း ဖော်ကားတာလားကွ။ ပြောစမ်း၊ မင်းကို ငါ လိုင်းကားမှာ စပယ်ယာဖြစ်အောင် လုပ်ပေးခဲ့တဲ့ မျက်နှာတောင် မထောက်တော့ဘူးလား"

"ဗျာ၊ ဘာတွေတုံး၊ ဘာတွေဖြစ်တာလဲဗျ"

"တိတ်စမ်း လူမိုက်"

"ဟာ - ဒုက္ခပါပဲဗျာ"

ဆရာပွတစ်ယောက် ဂျာအေးကို အပိုင်းပိုင်း အစစ ကြေမွသွားအောင် ထုထောင်းပစ်လိုက်ချင်ပုံရ၏။ မူးကြောင်မူးကြောင်နှင့် မထီမဲ့မြင် လုပ်နေသော ဂျာအေး၏ အပြုအမူကို မချိတင်ကဲ ဖြစ်နေ၏။ ထို့ကြောင့်လည်း မောက်မောက်မာမာ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုလေ၏။

"ပြောစမ်း ဟေ့ကောင်"

"ဘာပြောရမှာတုံး အရပ်လူကြီးရယ်"

"မင်း ဘာမသိချင်ယောင် ဆောင်နေသလဲကွ၊ မင်း ငါ့ကိစ္စမှာ ဝင်မွှေတာလား"

"ဗျာ၊ ဘာတွေတုံးဗျ၊ အေးအေးလူလူ ပြောလည်း ဖြစ်ပါတယ် ဆရာပွရယ်"

"မပြောဘူးကွ၊ ငါမေးတာ ပြောစမ်း၊ မင်း စာကလေးဆီက ပစ္စည်းတွေ ငါ့အိမ်မပို့ဘဲ ဘာလုပ်ပစ်လိုက်ပြီလဲ"

"ဩော် - ဒီကိစ္စကိုး၊ မပြောချင်ပါဘူး ဆရာပွရာ။ အမှန်တော့ ဆရာပွအိမ် တန်းပို့မလို့ဘဲဗျ၊ ဒါပေမယ့် လေးလွန်းတော့ မသယ်နိုင်တာနဲ့ အကုန်လုံး ရောင်းပစ်လိုက်တယ်ဗျ။ ဟောဒီမှာ ပိုက်ဆံ၊ ရောင်းရငွေ တစ်ဝက်ကိုတော့ ကျွန်တော် အရည်ဖျော်ပစ်လိုက်ပြီ"

"ဘာကွ၊ မင်း . . . မင်းကွာ"

"ဘာဖြစ်သတုံး ဆရာပွရယ်၊ ဒါ သာတူညီမျှစနစ်ကို အခြေခံပြီး ဖြေရှင်းတာပဲဗျာ။ ဆန်တစ်ခွဲ၊ ဆီတစ်ပိဿာ အဲဒီပစ္စည်း အကုန် ရောင်းပစ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ရတဲ့ငွေကို ကျွန်တော် တစ်ဝက်ယူတယ်ဗျာ"

"ဟင် - မင်း . . . မင်းလုပ်တာ ငါ့ကို စော်ကားတာလားကွ။ ပြောစမ်း ဘာလဲ ခြေရာတိုင်းတာလား"

"ဟာ - ဆရာပွကလည်း ခြေရာတိုင်းရအောင် ကျွန်တော်က ဖိနပ်ချုပ်တဲ့ လူမှ မဟုတ်တာ"

"တိတ်စမ်း၊ မင်း ဗလန္တတ်တတွေ ပြောမနေနဲ့။ ဒါ ချာလီက ငါ့ကို ပေးတာကွ"

"သိပါတယ် အရပ်လူကြီးရယ်၊ အမှန်တော့ ဒီကိစ္စရဲ့ ပထမဦးဆုံး ဖော်ထုတ်သတင်းပေးသူက ကျွန်တော်လေ ဆရာပွရဲ့၊ ဆရာပွ ဘယ်လိုမှ ဖော်ထုတ်လို့ မရတဲ့အမှုကို ကျွန်တော် မရမက ရှာဖွေ ဖော်ထုတ်ခဲ့တာမို့ ဒီအမှုနဲ့ ပတ်သက်ပြီး အကျိုးခံစားခွင့်တစ်ဝက်ကို ကျွန်တော်လည်း ပိုင်ဆိုင်သင့်သပေါ့ဗျာ။ ဘယ့်နှယ်တုံး ကျွန်တော်ပြောတာ သဘာဝကျတယ် မဟုတ်လား"

ဂျာအေး၏ ရှည်လျားလှသော စကားကြောင့် ဆရာပွ ငိုင်ကျသွား၏။ အမှန်မတော့ သူနှင့် ချာလီတို့ အပေးအယူကိစ္စကို ဂျာအေး မသိစေချင်၊ ထို့ကြောင့်လည်း ဂျာအေး ကွယ်ရာတွင် အပေးအယူ လုပ်ခဲ့ခြင်း ဖြစ်လေ၏။ ယခုတော့ ဂျာအေးက သူ့ထက် ခြေတစ်လှမ်း ဦးသွားလေပြီမို့ အရပ်လူကြီး ဆရာပွ ဒေါသဖြစ်လွန်း၍ မီးဟုန်းဟုန်းတောက်မတတ် ခံစားနေရ၏။ ဂျာအေးသည် အရပ်လူကြီး၏ အသွင်အပြင်ကို မမှုတော့။ သူ မှန်သည်ထင်သည့်ကိစ္စကို ထောင့်ဖြတ်လုပ်ချလိုက်ရပြီမို့ အကျေနပ်ကြီး ကျေနပ်နေ၏။

"ဂျာအေး၊ မင်းကွာ လုပ်ရက်ပ"

"ဩော် - ဘာဖြစ်သတုံး ဆရာပွရယ်၊ ဒါ သာတူညီမျှ သဘောပဲ မဟုတ်လားဗျ။ ဘာမကျေမနပ်ဖြစ်စရာ ရှိလို့လဲ"

"အေးလေ၊ မင်းလုပ်ရပ်ကို မင်းမှန်တယ်ထင်ရင် လုပ်ပေါ့။ အေး တစ်ချိန်ချိန်မှာ ငါ့အလှည့် ကြုံလာရင်တော့ ခြေနှစ်ချောင်းဆွဲပြီး စကြဝဠာအပြင်ဘက် ဆွဲလွှတ်ပစ်လိုက်မှာ သေချာသကွာ။ အဲဒီစကားတော့ မင်း မြဲမြဲသာ မှတ်ပေတော့"

"အလို ကြိမ်းလှချည်လား ဆရာပွရယ်။ အတုံ့အလှည့်တွေ၊ အပြန်အလှန်တွေ လုပ်မယ်ဆိုတာ တစ်နည်းအားဖြင့် ဘုရားစကား၊ ဘုရားတရားတော်တွေ ဆန့်ကျင်တာပဲဗျ။ လောကကို နှစ်ဖက်မြင်တတ်ဖို့ ... ဝယ်ဗျ ဟားဟားဟား"

"တောက်၊ တွေ့ကြသေးတာပေါ့ ဂျာ... ရာ ... ၈ က်ကွင်းထဲက ပြေး





မလွတ်ပါဘူးကွ"

ဆရာပွတစ်ယောက် ပေါက်ကွဲမှုက ထိန်းမနိုင်သိမ်းမရ ဖြစ်ခဲ့ရ၏။ ဂျာအေးကာ ခပ်အေးအေးပင်၊ သူ့ကို ပြောချင်ရာ ပြောဆိုပြီးနောက် ဘုံဆိုင်ထဲမှ ယိုင်ထိုးယိုင်ထိုးနှင့် အိမ်ဘက်သို့ ပြန်သွားလေ၏။

နောက်တစ်နေ့ နံနက်ခင်း အရောက်တွင် ဂျာအေး မွေ့ခဲ့သည့် ပြဿနာကို ဖျောက်ဆိပ် ကြားလိုက်ရလေ၏။ တပည့်မကောင်း၊ ဆရာခေါင်း ဆိုသလို သူ့မှာ တာဝန်ရှိချေပြီဟု ယုံမှတ်ကာ ဂျာအေးကို မျက်နှာချင်းဆိုင်ပြီး ဆုံးမစကား ပြောဆိုလေ၏။

သူ့စကားကို ဂျာအေး တစ်ခွန်းတစ်ပါဒမျှ တုံ့ပြန်ပြောဆိုခြင်း မရှိ။ ခေါင်းကြီး ငိုက်စိုက်ချကာ အသက်ဝိညာဉ် ဘင်းမဲ့သွားသူပမာပင်။

"ဟကောင်ရ ဘယ်လိုဖြစ်နေသတုံးကွ။ ငါ့မှာတော့ ပြောလိုက်ရတာ ပါးစပ်က အမြှုပ်ထွက်မတတ်ဘဲ၊ စကားလေးဘာလေး ပြောပါဦးကွ"

"ခက်ပါ့ ဆရာဖျောက်ရာ၊ မနေ့ညက အရှိန်မပြေသေးလို့ လူလည်း နာနေတာဗျ။ အရေးထဲ ဆရာဖျောက်က အရပ်လူကြီးရဲ့ ရင်ဘတ်သံကို ဖတ်ပြနေသေးတယ်"

"ဟာ - မင်း ဘယ်လိုပြောသတုံး၊ ဆရာပွသာ ငါတို့နှစ်ယောက်ကို အလုပ်သွင်းပေးခဲ့တာ ကျေးဇူးမကင်းဘူးလေ။ ခုတော့ မင်းလုပ်ပုံကို ငါ မျက်နှာပူလှသကွာ၊ အဲဒီလောက်တော့ မဖြစ်သင့်ဘူး ငါထင်တာပဲကွ"

"ဆရာဖျောက်ကလည်းဗျာ၊ ပြောမှ သိမယ်ဆိုရင်တော့ ပြောတော့မယ်ဗျာ၊ ဒီလိုဗျာ. . ."

ဂျာအေးတစ်ယောက် သူ မှန်တယ်ထင်၍ လုပ်ခဲ့သည့်ကိစ္စကို ဖျောက်ဆိပ်အား အကျယ်တဝင့် ရှင်းပြလိုက်၏။ ချက်နှင့်လက်နှင့် ရှင်းပြလိုက်သောအခါ ဖျောက်ဆိပ် ဝေတေတေ ဖြစ်သွား၏။

"အိမ်း- မင်းပြောတော့လည်း ဟုတ်သားကွ၊ ဒီကိစ္စ အဲကွဲ ရှုယ်ယာပေါ့ကွ။ ဒါ ဆရာပွက မင်းကို ဦးနှောက်ဖောက်စားတာကွ"

"အဲဒါကြောင့် ကျွန်တော် လုပ်ချလိုက်တာပေါ့ဗျာ။ ဒါ အမှန်တရားသစ္စာပဲ မဟုတ်လား ဆရာဖျောက်ရဲ့။ အမှန်တရားဆိုတာ အဝင်ခါးတဲ့ဆေးပေမယ့် အကျိုးအာနိသင် ရှိပါတယ်ဗျာ"

"အိမ်း - မင်းလုပ်ရပ်က မှန်တန်တန်တော့ ရှိသား"

"ဟာ - မှန်တန်တန် မဟုတ်ဘူး ဆရာဖျောက်ရဲ့ မှန်ကိုမှန်တာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အမှန်တရားကို ဆရာဖျောက် ပြောသလို မြတ်နိုးတတ်လာပြီ၊ ဒါကြောင့် ကျွန်တော့်လုပ်ရပ်ကို ကျွန်တော် နောင်တမရဘူးဗျ"

"ဟော - လုပ်လှချည်လားကွ၊ ဒါ . . . ဒါပေမယ့် ဟို ဟိုကွာ"

"ဘာထုံး ဆရာဖျောက်ရဲ့"

"အဲ . . . အဲဒီ အမှန်တရားကြီးကိုင်ပြီး ထင်ရာမြင်ရာတော့ စွတ်မလုပ်လေနဲ့ တပည့်ကြီးရ"

"အိုဗျာ ဆရာဖျောက်ပဲ ပြောခဲ့တာလေ၊ မမှန်တာနဲ့ အကျိုးမပြုရင် မှန်တာနဲ့ အကျိုးပြုရမယ်ဆိုတာ"

"ဒါတော့ ဒါပေါ့ကွာ၊ ဟို မှန်တာချည်းပဲ စွတ်လုပ်ရင် ငါ့တပည့် ဇက်ပြုတ်လိမ့်မယ်ကွ၊ ခုဆို မင်းမှာ ရန်သူတစ်ယောက် တိုးသွားပြီကွ"

"ဘယ်သူလဲ"

"ဆရာပွလေကွာ၊ နည်းနည်းနောနော မဟုတ်ဘူးနော်၊ ဆရာပွက ဘက်ဂရောင်း တောင့်ပါ့၊ တော်ကြာ မင်းကို ပြဿနာရှာနေမှ ခက်မယ်"

"အိုဗျာ၊ ယုံကြည်ချက်အတွက် ကျွန်တော် သတ္တိရှိပါတယ်ဗျာ"

"ဟော - ငါ့လူစကားတွေက တယ်လည်း ဆန်းကြယ်နေပါလားကွ"

"ဟုတ်တယ်၊ ကျုပ် ဆရာဖျောက်ပြောတဲ့ အမှန်တရားကို မြတ်နိုးတယ်၊ ဒီတော့ ကျွန်တော် နောက်မဆုတ်နိုင်ဘူးဗျာ"

"အင် - ငါ မနိုင်တော့ပါလား"

ဖျောက်ဆိပ်ဝီတစ်ယောက် ဂျာအေးကိုကြည့်ရင်း ကြက်သီးမွေးညင်းထလာ၏။ အမှန်တရားကို ရဲရဲရင့်ရင့် ထူထောင်ချင်လှသော တပည့်ကြီး ဂျာအေး။ သူ့ ဘာကို ဆုံးဖြတ်ရမှန်း မသိ၊ ဂျာအေး၏ စကားတွေကလည်း ငြင်းစရာ၊ ဝေဖန်စရာအချက် တစ်ကွက်တလေမှ မမြင်။ နောက်ဆုံးတော့ ဂျာအေး၏ အမှန်တရားကို ဖျောက်ဆိပ် လက်လျှော့လိုက်ရ၏။

"ဘယ်လိုတုံး ဆရာဖျောက်၊ ဆရာဖျောက်ကရော ဘယ်ဘက်မှာ ရပ်မှာလဲဗျ"

"အင် - ဟို ငါ . . . ငါလား"

"ဟုတ်တယ်၊ ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်စမ်းပါ ဆရာဖျောက်ရာ၊ ဆရာဖျောက်က အသက် လေးဆယ်ကျော်လာပြီ။ ဆုံးဖြတ်ချက် မပြတ်သားရင် ဝါးတားတား ဝေတေတေ ဖြစ်သွားမယ်နော်"

"ဟော - အဲ - ဟုတ်သားပဲ၊ ဟုတ်ပြီ ငါ မင်းဘက်မှာ ပြတ်ပြတ်သားသား





ရှိနေမယ် တပည့်ကြီးရေ့ ဆက်သာလုပ်ပေတော့ကွာ"

"ဒါမှပေါ့ဗျာ"

နောက်ဆုံးတော့ ဆရာတပည့်နှစ်ဦး အတိုင်အဖောက် ညီညွတ်သွားကြပြီး စောစောက ဒွိဟဖြစ်ခဲ့သော ဖြစ်စဉ်များလည်း ကြက်ပျောက် ငှက်ပျောက် ဖြစ်သွားလေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဖျောက်ဆိပ်တစ်ယောက် ပလက်ဖောင်းပေါ် ရပ်ပြီး အော်လိုက်ရသည်မှာလည်း လည်ချောင်းကွဲမတတ်။ ဆင်းသူ၊ တက်သူတွေကလည်း ရှုပ်ယှက်ခတ်နေ၏။ အတင်းလုတက်၊ အတင်းလုဆင်း လုပ်နေကြသော ခရီးသည်များကို ပြောရသည်မှာလည်း မလွယ်လှ။ မျက်စောင်းတခဲခဲ လုပ်သွားကြသူများ၊ အံကြိတ်သွားကြသူများ၊ မထိတထိ ပြောဆိုသွားကြသူများ၊ ပြောင်ကြီး ပြောချသွားသူများ စသည့် အပြုအမူ အပြောအဆိုကြား လူလည်း ရှုးမတတ်။

ဂျာအေးကတော့ ကားပေါ်တက်လာသည့် ခရီးသည်များကို စည်ထဲ ငါးစီသလို စီနေ၏။

"တိုးကြဗျာ၊ အပေါက်ဝမှာချည်းပဲ ပြုံမနေကြနဲ့။ ဆင်းချင်တဲ့မှတ်တိုင်ရောက်ရင် တစ်ညအိပ် ရပ်ပေးမယ်ဗျို့"

ခရီးသည်နှင့် ဂျာအေးမှာ ဗလုံးဗထွေး ဖြစ်နေ၏။ ဂျာအေးကလည်း ပါးစပ်က ပွစိပွစိ ပြောနေရ၏။ နေ့စဉ် သွားလာနေရသည့်ခရီးစဉ် ဖြစ်သော်လည်း အိမ်ပြန်ချင်ဇော၊ လိုရာသွားချင်ဇောများက ထိန်းမနိုင် သိမ်းမရ။

ဂျာအေးသည် ပါးစပ်ကလည်း ပြောရင်း ပိုက်ဆံလည်း မရရအောင် ကောက်နေရ၏။ ထိုစဉ် ထိုင်ခုံပေါ် အခန့်သား ထိုင်နေသော လူတောင့်တောင့်ကြီးတစ်ဦးကို တွေ့လိုက်ရ၏။ အိုက်တင်က တစ်ခွဲသား၊ မျက်နှာကလည်း ရှုတင်းတင်း၊ ခန္ဓာကိုယ်ကြီးကလည်း ကျားကိုးစီးစား၍ မကုန်သည့် ခန္ဓာကိုယ်ကြီး။ သူ့နံဘေး အမျိုးသမီးငယ်လေးများ ပိန်ပိန်လိမ်လိမ်နှင့် ရပ်နေကြရှာ၏။ ကားဘရိတ်အုပ်လိုက်လျှင် သူတို့ခမျာ ဝေါခနဲ ယိမ်းငိုက်သွားကြကာ လဲတော့မတတ် ဖြစ်နေ၏။





ထိုမြင်ကွင်းကို ဂျာအေး ကြာကြာမကြည့်နိုင်။ သူ့စိတ်ထဲ ဖြစ်စဉ်သည် အံချော်နေသည်ဟု ယူဆသဖြင့် တဲ့တိုးကြီး ပြောချလိုက်၏။

"ဟို့ - အစ်ကိုကြီး၊ မိန်းကလေးတွေကြား ထိုင်နေတာ ရှက်စရာပဲဗျာ။ ထပေးလိုက်ပါလားဗျ"

"ဟေ - မင်း. . . မင်း ငါ့ကို ပြောတာလားကွ"

"ဟုတ်တယ်လေဗျာ၊ ခင်ဗျား အတ္တဘောကြီးက ကျားကိုးစီးစားတောင် မကုန်နိုင်ဘူး"

"ဘာကွ၊ ဟိတ်ကောင်"

"ကျုပ် မှန်တာ ပြောတာပဲဗျာ"

"ဘာ - တိုင်းကွာ"

"ဒုတ် ခွပ်"

"အောင်မယ်လေးဗျ၊ ထိုးတယ်ဗျ"

"ဟဲ့ - မလုပ်ကြပါနဲ့၊ ဆွဲကြပါဦး"

"ဟာ - ဂျာအေး"

အသံဗလံများကြောင့် ဖျောက်ဆိပ် ကားပေါ် အပြေးတက်လာ၏။ လူအုပ်ကြား ဖင်ထိုင်လျက်သား လဲနေသော ဂျာအေးကို အတင်း ဆွဲထူလိုက်ရ၏။ ဂျာအေး၏ ညာဘက်မျက်နှာမှာ ချက်ချင်း ညိုမည်းတက်လာ၏။ ထိုဖြစ်စဉ်ကို ပေါက်ကွဲသွားသူက ဖျောက်ဆိပ်။

"ဟေ့လူ ခင်ဗျား ဘယ့်နှယ်လုပ်တာလဲ"

"မင်းလူ ကြည့်ပြောကွ၊ ငါ့ကို ဘာမှတ်သလဲ။ ငါ ထိုင်ချင်လို့ ထိုင်တာ မဟုတ်ဘူး"

"ဟာဗျာ ပါးစပ်နဲ့ ပြောလည်း ရသားနဲ့"

"ဟ - ပါးစပ်နဲ့ ပြောရမယ့်အဆင့် မဟုတ်ဘူးကွ။ မင်းလူက မိန်းမတွေကြား ငါ့ကို အသားယူ ထိုင်နေတယ် အောက်မေ့တာ။ ဒီမှာကြည့်"

"ဟာ - ခြေတုကြီးပါလား"

"အဲဒါ ပြောတာပေါ့ကွ၊ ငါ့ကို ကျားကိုးစီးတို့၊ ဆင်ကိုးစီးတို့ လုပ်နေလို့ ပညာပေးလိုက်တာကွ"

"ဟင် - တောင်း. . . တောင်းပန်ပါတယ် အစ်ကိုကြီးရာ၊ ကျွန်တော့်လူ မသိဘဲ ပြောမိတာပါ"

"အေး - ဒါ နောက်ဆုံးဖြစ်ပစေ၊ နောက်တစ်ခါဆို ကားပေါ်က ဆွဲချပြီး



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်အတုဖြုတ်ပြီး ရိုက်ပစ်မယ်"

"ဗျာ"

ဖျောက်ဆိပ် ငြိမ်ကျသွား၏။ လူတောင့်တောင့်ကြီးက ခြေထောက် အတုကြီးကိုပြမှ ဂျာအေးလည်း သူ့အမှားကို နားလည်သွားခဲ့၏။ သို့နှင့် မှတ်တိုင်တစ်ခု အရောက်တွင် ခြေတုနှင့်လူကြီး ဆင်းသွား၏။ ဂျာအေးခမျာ မျက်နှာတစ်ဖတ် ရောင်ကိုင်းနေ၏။

"ဘယ်လိုတုံး တပည့်ကြီးရ အီနေပြီလား"

"ဟာ - ထိုးတာ ကြိတ်တာကတော့ ဝမ်ချိုင်းပဲဗျို့။ ကံကောင်းလို့ သွား မကျိုးတာ"

"အဲဒါ ပြောတာပေါ့ တပည့်ကြီးရာ"

"ဟာ - ဆရာဖျောက်ကလည်း ရုတ်တရက်ဆိုတော့ အဲဒီလူကြီး လုပ်ပုံက မတရားဘူးဗျ။ ကျုပ်စိတ်ထဲ ကိုယ်ချင်းစာတရားကင်းတဲ့ ကိစ္စပဲ ထင်တာဗျ ဒါကြောင့် မှန်တာကို ပြောချလိုက်တာ"

"ဘယ်လိုလဲကွ၊ အမှန်တရားရဲ့ အရသာ ဘယ်လိုရှိသတုံး"

"ဟုတ်ပ့ါဗျာ၊ အမှန်တရားက အခန့်မသင့်ရင် သွားတစ်ချောင်း၊ မျက်စိ တစ်လုံး ထွက်သွားနိုင်တယ်ဗျ"

"အဲဒါကြောင့် ပြောတာပေါ့ကွ၊ ဘာမဆို ပြောသင့် မပြောသင့် ချင့်ချိန် ပေါ့ကွ"

"ဟုတ် . . . ဟုတ်တော့ ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် အမှန်တရား အတွက် ဒီလောက် ခံရတာ တန်ပါတယ်ဗျာ"

"ဟေ - ပြောမရပါလားကွ"

"ဟာ- ဆရာဖျောက်ကလည်း ဒီလို အကျင့်လုပ်မှ အမှန်တရားကို မြတ်နိုး တတ်မှာပေ့ါဗျာ။ အဝင်ခါးပေမယ့် အကျိုးရှိလိမ့်မယ်လို့ ကျုပ် ယုံတယ်ဗျာ"

"ခက်ပ့ါကွာ၊ အေးလေ မင်း ဆက်ပြီး စမ်းသပ်ကြည့်ဦးပေ့ါကွာ"

ဂျာအေး၏ အယူအဆကို ဖျောက်ဆိပ် လက်မြှောက်လိုက်ရ၏။ မျက်နှာ ကြီးတစ်ခြမ်း ရောင်ကိုင်းနေသော်လည်း ယခုအထိ အပြောမရှောင်သေး။ နောက်ဆုံး ကားသိမ်းသည်အထိ ဂျာအေးက သူ့အယူအဆကို ခိုင်ခိုင်မာမာ ပြောဆိုနေဆဲ။ ဖျောက်ဆိပ်မှာ သူ့အတတ်နှင့်သူ ရူးလေပြီဟု တွေးကာ ရင်တ ထိတ်ထိတ် ခံစားနေရလေ၏။

တစ်ချိန်တွင် သူတို့နှစ်ဦး လိုက်ပါနေသော ကားပေါ်တွင် အံချော်နေသည့်





ဖြစ်စဉ်တစ်ရပ်ကို မြင်လိုက်ရပြန်၏။ ဦးဆုံး မြင်မိသူက ဖျောက်ဆိပ်။

ကိုယ်ဝန်ဆောင်တစ်ဦးနှင့် အဘွားအိုတစ်ဦး ရပ်နေသောနေရာ၏ ရှေ့ ထိုင်ခုံတွင် မြင်ရသောမြင်ကွင်း ဖြစ်၏။ ထိုင်ခုံတွင် ထိုင်နေကြသူ နှစ်ဦးမှာ ယောက်ျားသားကြီးများ ဖြစ်ပြီး ခန္ဓာကိုယ်ကလည်း ထွားထွားကျိုင်းကျိုင်း ရှိကာ အားကစားသမားများပုံ ပေါက်နေ၏။

အမှန်မတော့ ကိုယ်ဝန်ဆောင်နှင့် အဘွားအိုတို့ကို ဦးစားပေးရမည်သာ ဖြစ်လေ၏။ အဆိုပါ ဖြစ်စဉ်ကိုကြည့်ပြီး ဖျောက်ဆိပ် ရှုံ့မဲ့သွား၏။ ဝင်ရောက် ပြောဆိုချင်ပါသော်လည်း ဂျာအေးလို အထိုးအကြိတ် ခံရမည်စိုးလှသဖြင့် ရှောင် ထွက်သွား၏။

ထိုစဉ် ဖျောက်ဆိပ် ရှောင်ထွက်သွားသော်လည်း တပည့်လုပ်သူ ဂျာအေး က အဆိုပါ ဖြစ်စဉ်ကြီးကို မြင်သွား၏။ ဖျောက်ဆိပ်က လက်တကုတ်ကုတ် လုပ်နေ၏။ ဂျာအေးမှာ ယခု မြင်ရသောဖြစ်စဉ်ကြီးမှာ လွန်စွာမှ ဆိုးဝါးလှသည် ဟု ထင်မိ၏။ သို့သော် တစ်ချိန်က ထိုးနှက်ခံခဲ့ရသည်မို့ ယခု တစ်ခါတော့ သူ့ ဘက်က လွဲချော်မှု မဖြစ်စေရန် စေ့စပ်သေချာအောင် စူးစမ်းလိုက်၏။ ခုံအစွန်း တွင် ထိုင်နေသောလူကို အသေးစိတ် ကြည့်လိုက်၏။ နား၊ မျက်စိ၊ ခန္ဓာကိုယ် အားလုံး ကျန်းကျန်းမာမာ ရှိပုံရ၏။ ထိုအခါ ခြေထောက်ကို ငုံ့ကြည့်လိုက်ရ၏။

သူလုပ်နေပုံကို ပြတင်းပေါက်ဘက် ထိုင်နေသူက မြင်သွား၏။

"ဟေ့လူ ဘာကြည့်တာလဲဗျ"

"ဩော် - ခြေထောက် ကြည့်တာပါ သူငယ်ချင်းရာ"

"ဟင် - ခြေထောက် ဘာဖြစ်လို့လဲဗျ"

"ဩော် အတုလား၊ အစစ်လား ဆိုတာပေ့ါ"

"ဘာကွ၊ မင်းက ငါ့သူငယ်ချင်းကို ဘာမှတ်နေသတုံး"

"ဘာရယ်မဟုတ်ပါဘူး မိတ်ဆွေကြီးရာ၊ စေ့စပ်သေချာတာ အကောင်းဆုံး ပဲလေ။ ကဲ - ပြောစရာရှိတာတော့ ပြောရမှာပဲဗျ"

"ဟင် - ဘာတုံး၊ မင်းက ဘယ်သူလဲ"

"ကျုပ်က စပယ်ယာ ဂျာအေးပါ၊ အမြင်မတော်တာကိုတော့ ပြောချင် တယ်ဗျာ။ ဟောဒီမှာ ကိုယ်ဝန်ဆောင်တစ်ဦး၊ အဘွားအိုတစ်ဦး ပါလာတယ်ဗျာ။ ဒါကို မြင်ရဲ့သားနဲ့ ခင်ဗျားတို့နှစ်ယောက် မမြင်ချင်ယောင်ဆောင်ပြီး အခန့်သား ထိုင်နေတာတော့ မကောင်းဘူးပေ့ါဗျာ။ အမြင်မတော် ဆင်တော်နဲ့ ခပြောက် ဆိုသလိုပေ့ါ။ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ကြည့်ကြပါဦးဗျ၊ လူတွေက မြွက်သား



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေကို ဖုထစ်နေတာပဲ၊ ခင်ဗျားတို့က ခန္ဓာကိုယ် ဘွားကျိုင်းပြီး စိတ်တွေက ပြားချပ်ပုပ်ဆွေးနေတဲ့ လူတွေပါလားဗျ"

"ဟေ - ဟေ့ကောင် မင်း. . ."

"ဒါ ကျုပ် မှန်တာကို ပြောတာလေ၊ ရှက်စရာကောင်းလှပါတယ်ဗျာ။ ဘယ်နိုင်ငံမှာမဆို ဒီလိုအဖြစ်မျိုး ကြုံလာရင် ဘယ်သူ့ကို ဦးစားပေးရမှာလဲ ဆိုတာ သိပြီးသားဗျ။ ခင်ဗျားတို့ဟာ အတော့်ကို ကိုယ်ချင်းစာတရား ခေါင်းပါး လှတဲ့သူတွေပဲ၊ ခင်ဗျားတို့အစား ရှက်လှသဗျာ"

"ဘာကွ၊ မင်း. . . မင်း မိုက်ရိုင်းလှချည်လားကွ"

"ဟာ - မှန်တာပြောတာဗျ"

"ဟေ - မှန်တာ၊ ကိုင်း - ပြောဦးကွာ"

"ဒုတ် ခွပ်"

"အောင်မယ်လေးဗျာ၊ ထိုးတယ်. . . ထိုးတယ်ဗျ"

"ဟဲ့ဟဲ့ မလုပ်ကြပါနဲ့"

"တော်ကြပါတော့ဗျာ"

"အား . . . နာလိုက်တာဗျာ"

"ဟေ့ကောင် ဟော့ဒီ ငါ့သူငယ်ချင်းက မျက်စိမမြင်ဘူးကွ"

"ဟာ - မျက်စိအကောင်းချည်းပဲ"

"အေး - သူက ကြောင်တောင်ကန်းကွ"

"ဗျာ"

"တော်၊ ငါ ထပ်ထိုးရင် သေတော့မယ်"

"မသိလို့ . . . မသိလို့ပါဗျာ"

"တိတ်စမ်း အလကားကောင် ကိုယ်ထင်ရာ စွတ်မပြောနဲ့ကွ။ အဲဒါ မင်းကို သင်ခန်းစာပေးလိုက်တာပဲကွ"

"အင်"

သူ တွက်ချက်ထားသည့် အဖြေက မေးခွန်းနှင့် လွဲချော်သွားခဲ့ပြန်ချေပြီ။ ပြတင်းပေါက်တွင် ကပ်ထိုင်နေသော ဝိတ်တာကြီးက သူ့ကို ထထိုးပစ်လိုက်ရာ ဘယ်ဘက်မျက်နှာကြီး ရောင်ကိုင်းသွားလေ၏။

သူတို့ အပြုအမူများကြောင့် ခရီးသည်များလည်း ဖရိုဖရဲ ပြမ်းကုန်၏။ ဖျောက်ဆိပ်လည်း အတင်း ဆွဲလားလွဲလား လုပ်ခဲ့ရလေ၏။ သို့သော် ဂိတ်ဆုံးသို့အရောက်တွင် ဂျာအေးတစ်ယောက် ကားပေါ်မှ ညောင်နာနာ ဆင်းလာ





လေ၏။

သူ့နံဘေးတွင် ဆရာကြီးဖျောက်ဆိပ် ပါလာ၏။ ဂျာအေး၏ ရောင်ကိုင်းနေသော မျက်နှာကြီးကြည့်ကာ မှုန်ကုပ်ကုပ်နှင့် မေးလိုက်၏။

"ဘယ်လိုလဲ ကိုအမှန်တရားကြီးရဲ့"

"တော်စမ်းပါဗျာ"

ဂျာအေးရင်ထဲ မချိမဆံ့ ခံစားနေရ၏။ ဖျောက်ဆိပ်၏ ပြုံးတုံ့တုံ့ အမူအရာကို စောင်းငန်းစောင်းငန်း ကြည့်ရင်း ပေါက်ကွဲနေ၏။ အမှန်မတော့ ယခုလို သူ ရဲရဲဝံ့ဝံ့ ဆောင်ရွက်ခဲ့သည်မှာလည်း ဖျောက်ဆိပ်၏ လမ်းညွှန်ချက် ဖြစ်၏။ ထိုလမ်းညွှန်ချက်ကို လက်တွေ့ ကျင့်သုံးကြည့်သောအခါ ကြောက်စရာကောင်းလှသော တုံ့ပြန်ချက်များကို နှစ်ကြိမ်နှစ်ခါမြောက် မြိုးမြိုးမြက်မြက်ကြီး ခံစားလိုက်ရခြင်း ဖြစ်လေ၏။

ရင်ထဲ တဆို့ဆို့ ခံစားနေရသည့် ခံစားချက်ကို လမ်းညွှန်ချက်ပေးခဲ့သော ဆရာကြီးဖျောက်ဆိပ်ကိုယ်တိုင်က လှောင်တောင်တောင် လုပ်လာသည်မို့ ဂျာအေး မကျေနပ်နိုင်။

သို့သော် သူတို့နှစ်ဦး ကားဂိတ်သိမ်းချိန်တွင် ရပ်ကွက်ထဲသို့ ပြန်ခဲ့ကြ၏။ အချိန်က ညနေစောင်းနေပြီ ဖြစ်၏။ အိမ်သို့ မပြန်ကြသေးဘဲ ဒေါ်ခွေးမဆိုင်သို့ ချိတက်ခဲ့ကြရာ ဆိုင်ပိတ်ထားသည်ကို တွေ့လိုက်ရလေတော့၏။ ဆိုင်အဝတွင် ထိုင်နေသော ဒေါ်ခွေးမတစ်ယောက် ဆေးလိပ်တိုကြီး လက်ကြားညှပ်ကာ မီးခိုး တထောင်းထောင်း ထအောင် ဖွာရှိုက်နေ၏။ သူတို့ကို မြင်တော့ မီးခိုးများကြားမှ ပြုံးပြုံးပြုံးပြုံးနှင့် အော်ဟစ်ပြောဆိုလိုက်၏။

"ဟဲ့ - နင်. . . နင်တို့ ဘာလာလုပ်ကြပြန်ပြီလဲ"

"ဗျာ - ဘယ်လိုဖြစ်သတုံးဗျ၊ ဆိုင်လည်း ပိတ်လို့ ကေန္တ ချမ်းသာသွားပြီ ထင်တယ်"

"တိတ်စမ်း၊ ဂျာအေး နင် . . . နင် ငြိုပ်မွှေလိုက်တာ ငါ့ဆိုင်လည်း ပိတ်လိုက်ရပြီဟဲ့"

"ဗျာ၊ ဘာလဲ ဘာတွေဖြစ်ကုန်ပြီလဲ"

"ဟဲ့- ဘာဖြစ်ရမှာတုံး၊ အရပ်လူကြီးက နင် ငါ့ဆိုင်မှာ အရက်လာသောက်တာ သိတယ်လေ၊ အဲဒါ မနက်က လာပြီး နင်သောက်နေကျဆိုင်မို့ ပိတ်ပစ်လိုက်စမ်းဆိုပြီး အမိန့်ပေးသွားတယ်လေ"

"ဗျာ၊ ဘယ်လိုဖြစ်ရတာတုံးဗျာ။ ဒါ သက်သက် ပြဿနာရှာတာပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ နင် ငါ့ဆိုင်ရိပ်တောင် လာမနင်းနဲ့။ ငါ့စီးပွားရေး လာဘ်ပိတ်တယ်ဟဲ့"

"ခက်ပါ့ ဒေါ်ခွေးမရယ်၊ အရပ်လူကြီးလုပ်ပုံက ကြွက်မနိုင် ကျီးမနိုင်တဲ့ လုပ်ရပ်ပဲဗျ"

"ဟုတ်ပါ့ကွာ၊ ဒါ သက်သက်မဲ့ ပြဿနာ မဖြစ်ဖြစ်အောင် မီးမွှေးတာကွ။ လာကွာ ဒီဆိုင် မထိုင်ရလည်း တခြားဆိုင် သွားမယ်ကွာ"

ဖျောက်ဆိပ်ကပါ မကျေမချမ်း ဖြစ်နေ၏။ အရပ်လူကြီး လုပ်ပေါက်က အရပ်နှင့် သူတို့နှစ်ဦးကို ရန်တိုက်ပေးသည့်ကိန်းပင်။ အမှန်မတော့ ထိုအခြေအနေ ပေါ်ပေါက်လာရန်လည်း အရပ်လူကြီး ဦးပွကို ကျိတ်ပြီး ဖန်တီးခဲ့ခြင်း ဖြစ်လေ၏။ ချာလီတို့နှင့် အံချော်ခဲ့ရသည့်ကိစ္စကို ဦးပွ မကျေနပ်နိုင်။ သူ ဖန်တီးနေကျ စားပေါက်ကို ပိတ်ဆို့လိုက်သည်မို့ အံတကြိတ်ကြိတ်။ ထို့ကြောင့်လည်း ဂျာအေး ကျင်လည်ကျက်စားလေ့ရှိသော နေရာများကို ပြဿနာလုပ်ပြီး ဖွလိုက်ခြင်း ဖြစ်လေ၏။

ယခုတော့ ဂျာအေးရော ဖျောက်ဆိပ်ကိုပါ သောက်သုံးသူများက မကျေမနပ် ဖြစ်လာကြ၏။ ဖျိုင်းကြီးတို့ လူသိုက်ကလည်း ဂျာအေး လုပ်ပေါက်ကို ရိသဲ့သဲ့ ပြောဆိုနေကြ၏။

ဖျိုင်းကြီး ဆိုသည်မှာ ဦးပွ၏ မွေးစားသား။ အရပ်ဆိုးသလောက် စိတ်ကလည်း ကြမ်းကြမ်းတမ်းတမ်း ရှိ၏။ အလုပ်အကိုင် မည်မည်ရရ လုပ်လေ့မရှိ။ အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်နှင့် ရပ်ကွက်ထဲ ဦးပွ အရှိန်နှင့် ထင်ရာကြဲနေသူ ဖြစ်၏။ ဦးပွနှင့် ဖျိုင်းကြီးကလည်း တကျက်ကျက်၊ အမှန်မတော့ ဖျိုင်းကြီး၏အမေနှင့် ဦးပွက ဆွေမျိုးနီးစပ် တော်ပုံရ၏။

ဖျိုင်းကြီး ငယ်စဉ်ကတည်းက မိဘနှစ်ပါး ဆုံးပါးသွားသဖြင့် ခေါ်ယူမွေးစားထားခြင်း ဖြစ်၏။ ဦးပွ၏မိန်းမ ဒေါ်လုံးခင်နှင့်တော့ ဖျိုင်းကြီးက သဟဇာတဖြစ်အောင် ပေါင်း၏။ ဒေါ်လုံးခင် ခိုင်းလျှင် ပျာနေအောင် လုပ်တတ်ကိုင်တတ်၏။

အမှန်မတော့ ဖျိုင်းကြီး ထိုသို့ စေတနာပိုနေရခြင်းမှာ စံပယ်ငုံလေးကြောင့်ပင်။ ရုပ်ကသာ အကျည်းတန်သော်လည်း စံပယ်ငုံဆိုသော အလှဖုရားလေးကို တန်းတန်းစွဲ ဖြစ်နေ၏။ သူနှင့် ဆွေမျိုးနီးစပ် တော်သည့်အပြင် ငယ်စဉ်ကတည်းက ကစားဖော်များ ဖြစ်ခဲ့ကြသည်မို့ ဖျိုင်းကြီးတစ်ယောက် စံပယ်ငုံကို တွယ်တာနေ၏။





ထိုအခြင်းအရာကို ဖြတ်မျဉ်းလုပ်လာသူက ဂျာအေး။ ဦးပွနှင့် အပိုင်ပေါင်းပြီး စံပယ်ငုံလေးကို မ,ဖို့ ကြံနေသည်မို့ ဖျိုင်းကြီး အံတကြိတ်ကြိတ် ဖြစ်နေ၏။ ယခုတော့ ဦးပွနှင့် ဂျာအေးတို့ အခြေနေက ခပ်ဟဟ ရှိလာပြီဖြစ်၍ ဖျိုင်းကြီး သက်ပန်းပေါက်ခတ်လေ၏။

ဂျာအေးမြင်လျှင် ရိသဲ့သဲ့ ပြော၏။ မခံချင်အောင် စ၏။ ချိုးချိုးဖဲ့ဖဲ့ လုပ်တတ်၏။ ယခုလည်း ဒေါ်ခွေးမ စီးပွားရေး ပတ်တောပိတ်သွားရသည်မှာ ဂျာအေးကြောင့် ဖြစ်ကြောင်း အရပ်ထဲ သတင်းလွှင့်ခဲ့၏။

ထိုအခြင်းအရာကို ဂျာအေး ပီလီထံမှ ကြားနေရ၏။ ဖျိုင်းကြီး လူလည်ကျနေပုံကို ဖျောက်ဆိပ်အား ပြောပြခဲ့၏။ ထိုအခါ ဖျောက်ဆိပ်က ခေါင်းတခါခါနှင့် ပြောလိုက်လေ၏။

"ရန်သူများအောင် မလုပ်စမ်းပါနဲ့ ဂျာအေးရာ၊ ရန်သူများရင် အနေအထိုင်ကျ်ရတယ်။ သောကများရတယ်ကွ။ လူတွေကိုမေတ္တာထားစမ်းပါကွာ။ သည်းခံလိုက်စမ်းပါ။ သည်းခံရင် နိဗ္ဗာန်ရောက်နိုင်တယ်ဆိုတဲ့ စကားလည်း ရှိသားပဲကွ"

"ဟာဗျာ၊ ဖျိုင်းကြီးက ကျုပ်ကို သက်သက်မဲ့ စိန်ခေါ်နေတာဗျ။ ကျုပ်တော့ မကျေနပ်ဘူးဗျာ၊ ကျုပ် ဘာလုပ်ရမလဲ ဆရာဖျောက်"

"ဟေ - မင်းဥစ္စာကွာ"

"ဟာ - အမှန်တရားကိုတော့ ဖော်ထုတ်သင့်တာပေါ့ဗျာ"

"လာပြန်ပြီလား အမှန်တရား၊ ယားပါတော့ကွာ။ မှတ်ထား ဂျာအေးရဲ့ ဒီကောင့်နာမည်က ဖျိုင်းကြီးတဲ့"

"ဘာဖြစ်သတုံးဗျ"

"ဟာ - ဖျိုင်းတွေဟာ ဘာကြိုက်သတုံးကွ"

"ငါးလေ၊ ငါးကြိုက်တာပေါ့ဗျ၊ ဘာလဲ ဒီကောင့်ကို ငါးကျွေးလိုက်ရမှာလား"

"ဟာကွာ မင်းကလည်း ဒုံးပုံ့။ ဖျိုင်းတွေ ဖမ်းချင်ရင် ငါးနဲ့ မျှားရတယ်ကွ"

"ဒါဆို ကျုပ် ဒီကောင့်ကို ငါးနဲ့ မျှားမယ်ဗျာ။ ငါးမျှားချိတ်လိုလား"

"ဟာ - နေပါဦး၊ ငါပြောတာ နားထောင်ပါဦးကွ"

"ဘာတုံးဗျာ၊ ရှင်းရှင်းပြောစမ်းပါ ဆရာဖျောက်ရာ"

"ဒီလိုကွ၊ ဖျိုင်းကြီးကို မင်း မကျေနပ်ဘူး၊ လက်စားချေချင်လား"

"အစစ်ပဲဗျ"

"အေး - ဒီတော့ မင်း ဘာလုပ်ရမလဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံးဗျ"

"စံပယ်ငုံကို ရအောင်ကြံပေါ့ကွာ၊ တကယ်တော့ ဗိုင်းကြီးက စံပယ်ငုံကို အသေရရ အရှင်ရရ လိုချင်တဲ့ကောင်ကွ။ ဒီအချက်ကို မင်း အပိုင်ကြံရင် အောင်မြေနင်းပြီသာမှတ်"

"ဟင် - ဟုတ်ပ့ါဗျာ"

ဖျောက်ဆိပ်၏ စကားကြောင့် ဂျာအေးမျက်နှာ ဝင်းခနဲ လက်ခနဲ ဖြစ်သွား၏။ စံပယ်ငုံကို ဗိုင်းကြီးလည်း စိတ်ဝင်စားပုံရနေ၏။ တစ်ချိန်က အရပ်လူကြီး ဆရာပွအိမ်ပေါ်သို့ ကိစ္စတစ်ခုနှင့် သွားတိုင်း ဗိုင်းကြီးနှင့် မကြာခဏ ကြုံခဲ့ရ၏။ ထိုရောအခါ ဗိုင်းကြီးက သူ့ကို မှုန်ကုပ်ကုပ် မျက်နှာပေးနှင့် ကြည့်တတ်၏။

ထိုစဉ်က သူ ဘာကြောင့် ယခုလို မကျေမချမ်း အကြည့်များနှင့် ကြည့်နေရသည်ကို သဲသဲကွဲကွဲ မသိခဲ့ပါချေ။ ယခုတော့ ဘာဆက်လုပ်ရမည်ကို သူ နားလည်လိုက်မိသည်။

သို့သော် ဦးပွနှင့် သူက ယခုတစ်လော မကျေမလည် ဖြစ်ခဲ့ရသည်မို့ စိတ်ထဲ စနိုးစနောင့် ခံစားနေရ၏။ ဖျောက်ဆိပ် ပြောသလို ဦးပွနှင့် ဗိုင်းကြီးတို့ နှစ်ယောက်သား ပူးပေါင်းသွားခဲ့လျှင် သူ့အတွက် မလွယ်ချေ။ နောက်ဆုံး ဆရာကြီးဖျောက်ဆိပ်ထံမှ လမ်းညွှန်မှု ခံယူရလေတော့၏။

ဖျောက်ဆိပ်၏ လမ်းညွှန်မှုအရ သူ၏ အဓိက ပစ်မှတ်မှာ စံပယ်ငုံ၏ အဒေါ် ဒေါ်လုံးခင် ဖြစ်လာ၏။ ဒေါ်လုံးခင်ကို ကိုင်နိုင်ပြီဆိုလျှင် ဦးပွသော ဗိုင်းကြီးသော မှုနေစရာ မလိုပါ။ ထိုအချက်ကို ဂျာအေး ကောင်းကောင်းကြီး နားလည်လိုက်၏။

နောက်ဆုံး ဒေါ်လုံးခင်၏ အမူအကျင့်နှင့် ဓလေ့စရိုက်ကို ဂျာအေး ပြန်၍ စဉ်းစားခဲ့၏။ အထူးခြားဆုံး စရိုက်မှာ တခြားမဟုတ်။ ဒေါ်လုံးခင်သည် အလှူအတန်းကို လွန်စွာမှ ဝါသနာပါခြင်းပင် ဖြစ်၏။ လှူစရာ လူမရှိလျှင် လမ်းပေါ်တွင် လေလွင့်သွားလာနေသော ခွေးဝဲစားအုပ်များကို ထမင်းနှင့် အရိုးများ ပြုတ်ကာ ကျွေးမွေးလှူဒါန်းတတ်၏။ မေးကြည့်တော့လည်း သတ္တဝါဆိုတာ ကိုယ်ကျွေးမှ စားရတာဟု ဖြေ၏။

ထိုအလုပ်က ဒေါ်လုံးခင် နေ့စဉ် လုပ်နေကျအလုပ်။ လမ်းထဲမှာ ခွေးဝဲစား တစ်ကောင်တလေသာ ရှိ၏။ တစ်ခါတစ်ရံ အိုးကြီးအိုးငယ်ကိုင်ပြီး ရပ်ကွက်ပေါင်းစုံလှည့်ကာ ခွေးဝဲစားကို ရှာဖွေကျွေးမွေး၍ ဒါနပြုလုပ်လေ့ ရှိလေ၏။





ထိုအချက်ကို ဂျာအေး သတိရလာ၏။

ထိုသို့ သတိရလာသည့်အချိန်မှစ၍ ဂျာအေးတစ်ယောက် သူ၏ မဟာအကြံအစည်ကြီးကို စ၍ အကောင်အထည် ဖော်လေတော့၏။ သူ့အကြံအစည်က တခြားမဟုတ်၊ ယောက္ခမလောင်းကြီးကို မျက်နှာလိုမျက်နှာရဖြစ်လာအောင် ကြံစည်သည့်အမှုကြီး ဖြစ်လေ၏။

ဦးဆုံး ရပ်ကွက်ပေါင်းစုံ လှည့်လည်သွားကာ လမ်းပေါ်တွင် လေလွင့်သွားလာနေကြသော ခွေးဝဲစားများကို ယဉ်ပါးအောင် ချဉ်းကပ်ခဲ့၏။ ဘိန်းမုန့် ချကျွေးလိုက်၊ ထန်းလျက် ချကျွေးလိုက်နှင့် ခွေးတွေက ဂျာအေးလာလျှင် အမြီးတနှံ့နှံ့နှင့် ဖြစ်နေကြ၏။

ထိုအခါ ခွေးတစ်ကောင်စီ တစ်ကောင်စီကို လည်ပင်းကြိုးနှင့် ချည်၍ အိမ်သို့ ခေါ်လာကာ အိမ်နောက်ဘက်တွင် ချည်နှောင်ထားလေ၏။ သူ့လုပ်ရပ်ကို ဖျောက်ဆိပ်မြင်တော့ မျက်လုံးပြူးနေ၏။ အိမ်နောက်ဖေး ကွက်လပ်တွင် ခွေးဝဲစား ငါးကောင်ခန့် ကြိုးတန်းလန်းနှင့် ရှိနေသည်ကို တွေ့လိုက်ရ၏။

ပထမ သူ့စိတ်ထဲ အထူးအဆန်း ဖြစ်မိ၏။ ဘယ်သူ ခေါ်လာသည့် ခွေးတွေမှန်း မသိ။ တအူအူ တအီအီနှင့် လုပ်နေကြ၏။ ခွေးတွေကို မြေကွက်လပ်အနောက်ဘက် ချုံနွယ်များကြား လျှို့ဝှက်စွာ ထားသည်မို့ အပုလေး မရိပ်မိ။

တစ်ည မိုးကလည်း သဲကြီးမဲကြီး ရွာနေ၏။ တစ်ရပ်ကွက်လုံးလည်း မီးမှိတ်အိပ်နေကြပြီ ဖြစ်၏။ ဂျာအေးတစ်ယောက် အိမ်ရှေ့ရေကပြင်တွင် မူးမူးနှင့် ပုဆိုးခြုံပြီး အိပ်နေ၏။ ထိုအချိန်တွင် အပုလေးတစ်ယောက် မအိပ်နိုင်သေး။

မီးခွက်ကြီးကိုင်ကာ ကြမ်းပိုးရှာနေ၏။ ဖျောက်ဆိပ်ကတော့ ဂျာအေးနည်းတူ တခူးခူးနှင့် အိပ်ပျော်နေပြီ ဖြစ်လေ၏။

အပုလေးသည် မီးခွက်နှင့် ကြမ်းပိုးရှာနေ၏။ ထိုစဉ် အိမ်အနောက်ဘက်မှ ကြောက်စရာကောင်းလှသော ခွေးအူသံကြီးများ ပေါ်လာလေ၏။

"အူ . . . အူ . . . အီ"

"အောင်မယ်လေး ဘုရား . . . ဘုရား"

"အူ . . . အူ . . . အူ"

"အလိုတော် ခွေးအူသံတွေ မနည်းပါလား ကြောက်စရာပဲ၊ ကိုဖျောက် ကိုဖျောက်"

"အင်"

"ကိုဖျောက် ထစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အင် - ဘာတုံးကွ"

"ထ . . . ထစမ်းပါတော်၊ ကျုပ် ကြောက် . . . ကြောက်လွန်းလို့ပါ"

"ဟာ - မိန်းမကလည်းကွာ"

"ထစမ်းပါတော်"

ဖျောက်ဆိပ်တစ်ယောက် မှုန်မှုန်နှင့် အိပ်နေရာမှ အိပ်ချင်မူးတူးနှင့် ထလေ၏။ မျက်စိကို ပွတ်ခက်ရင်း ပါးစပ်က တဝါးဝါး သမ်းကာ မေးလိုက်၏။

"ကိုင်း - ဘာဖြစ်နေသတုံး"

"ဟို - ခွေး . . . ခွေးအူသံကြီးတွေ"

"ဟေ . . ."

"အူ . . . အူ . . . အူ"

"ဟာ - ဒါ . . . ဒါ ဟို ခွေးအုပ်"

"ဘယ်ကခွေးတွေတုံး"

"ဟို - ဂျာ . . . ဂျာအေး ဘယ်က ခွေးဝဲစားတွေ ဖမ်းလာမှန်း မသိဘူး အိမ်နောက်ဘက် ချုံထဲမှာ ကြိုးတွေနဲ့ ချည်ထားတယ်ကွ"

"ရှင် - ဒါ . . . ဒါ ဘာလုပ်မှာလဲ"

"ပြောတတ်ပါဘူး မိန်းမရာ၊ ဧကန္တ - ခွေးတွေ ဖမ်းဖမ်းပြီး တရုတ်တန်း ဈေးဆိုင်မှာ သွားသွင်းနေတယ် ထင်တယ်"

"ရှင် ဘာလုပ်ဖို့လဲ"

"ဟာ - မိန်းမကလည်း ဒုံးလိုက်တာကွာ။ အဲဒီဟာကို ဆိတ်ကတုံးသား ... ခေါ်တယ်ကွ။ အဲဒီအသားကို ချက်စားရင် ဒူလာ၊ မီးယပ်ပျောက်တယ်၊ ခွန်အား ဗလတိုးပြီး ဆင်ဆယ်ကောင်ကိုတောင် မ,နိုင်တယ်ဆိုလားပဲကွ"

"ရှင်"

အပုလေးတစ်ယောက် တရှင်ရှင်နှင့် ဖြစ်နေ၏။ ဖျောက်ဆိပ်သည် သူပြော ချင်ရာပြောဆိုပြီးနောက် ပြန်ကွေးရန် ဖျာပေါ် လှဲချလိုက်၏။ အပုလေးခမျာ အိမ်နောက်ဖေးမှ ခွေးဝဲစားအုပ်၏အူသံဆိုးကြီးများကြောင့် တစ်ညလုံး ငုတ် တုတ် ထိုင်နေရ၏။

ထိုစဉ် မိုးကြီးကလည်း သဲသဲမဲမဲ ရွာချနေသဖြင့် အိမ်ခေါင်မှ မိုးရေစက် များကလည်း တပေါက်ပေါက် ကျနေ၏။ သားငယ် ဂျာဖျောက်မှာ ဖအေ့ခြေရာ နင်းသူဟု ဆိုရလေမလား မသိ၊ ပုခက်ထဲ တရှူးရှူးနှင့် အိပ်မောကျနေလေ တော့၏။

* * *



# အခန်း (၇)

ဂျာအေးကို မြင်လိုက်သည်နှင့် အပုလေး ပေါက်ကွဲသွား၏။ သူ ညတ တစ်ညလုံး အိပ်၍မရ၊ မိုးတွေကရွာ၊ ခွေးတွေကအူနှင့် တစ်ယောက်တည်း ချာချာ လည်နေ၏။ ကြောက်စိတ်ကလည်း တဖွားဖွား။

အိမ်ထဲက အိပ်ပြင် မထွက်ရဲဘဲ တစ်ညလုံး ငရဲခံနေရ၏။ ထိုအခြင်းအရာ ကြောင့် ဂျာအေးကို အော်ကြီးဟစ်ကျယ် မေးခွန်းထုတ်လေတော့၏။

"ကဲ - ဆိုစမ်းပါဦး မှင်စာရဲ့"

"ဗျာ - ဘာဆိုရမှာတုံး မပုလေးရ"

"ဟို - ခွေး . . . ခွေးတွေလေ၊ အဲဒါ ဘာလုပ်မှာလဲ။ ကိုကိုဖျောက်ပြော တော့ တရုတ်တန်းသွင်းဖို့ဆို"

"ဟင် - ဟို အဲဒါ . . ."

"နေပါဦး နင်လုပ်တာနဲ့ ငါ တစ်ညလုံး အိပ်မရဘူး။ အူလိုက်တဲ့ခွေးတွေ ဘယ်လိုလဲ ဂျာအေး"

"ဟာ မပုလေးကလည်းဗျာ၊ ကျွန်တော် ကုသိုလ်ယူချင်လို့ပါဗျာ"

"ဘာ ကုသိုလ်၊ ကြည့်လည်း ပြောစမ်းပါဦး မှင်စာရဲ့။ မဟုတ်တာလုပ်ပြီး ကုသိုလ်ရမယ်ထင်တာ နင်တစ်ယောက်တည်း ရှိတယ်။ ကဲ - အဲဒါထားဦး"

"ဘာတုံးဗျ"

"ဟို- အဲဒီခွေးတွေ တရုတ်တန်းသွားသွင်းတာ တစ်ကောင် ဘယ်လောက် ရသလဲ"

"ဗျာ - ဟို အဲ - ရတယ်ဗျ၊ အကောင်ကြီးရင် ငါးရာ တစ်ထောင်ပေး တာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် - တစ်ထောင်၊ ဒါဆို ငါးကောင်ရရင် ငါးထောင်ပေါ့ ဟုတ်လား။ ဒါဆို နင် နေ့တိုင်း နေ့တွက်ကိုက်နေတယ် မဟုတ်လား ပြောစမ်း"

"ဟဲဟဲ၊ နည်းနည်းပါးပါးပါဗျာ"

"ဟုတ်ပြီ၊ ဒီကိစ္စ အရင်းအနှီး တစ်ပြားမှ မကုန်ဘူး။ ဒီတော့ နင် ဒီတစ်ခါ ခွေးတွေ ဖမ်းဖို့သွားရင် ငါ့ယောက်ျား ကိုကိုဖျောက်ပါ ခေါ်သွားပါလား"

"ခင်ဗျာ"

"ငါပြောတာ ကြားတယ်နော်"

"ဟာ - မဖြစ်ဘူးဗျ၊ တော်ကြာ ခွေးကိုက် . . . "

"အို - ခွေးကိုက်ရင် ငါကိုယ်တိုင် မန်းတုတ်ပါတယ် ဘာမှ မပူနဲ့၊ အရေးကြီးတာ နေရင်းထိုင်ရင်း နှစ်ထောင်၊ သုံးထောင် ဝင်လည်း မဆိုးဘူး။ ဟုတ်ပြီ မှင်စာလေးရေ နင်က တကယ့် စီးပွားရေးသမားလေးပဲကိုး။ ဒီတော့ ဒီညကစပြီး ငါ့ယောက်ျားကို ခေါ်သွားပေတော့၊ ဘာလိုသေးလဲ"

"ဗျာ၊ ဟို - အဲ အဲဒီကိစ္စ"

"ဘာမှ ထပ်မပြောနဲ့ ငါတို့ကိုလည်း ခွဲပေးမှပေါ့ ဂျာအေးရယ်၊ ကိုယ့်အစ်ကို၊ ကိုယ့်အစ်မတွေပဲဟာ ငါပြောတာ ကြားတယ်နော်"

"စိတ် စိတ်ချပါ မပုလေးရာ"

အပုလေးတစ်ယောက် တစ်နေ့ ဝင်ငွေ သုံးလေးထောင် ဝင်တော့မည့် လုပ်ငန်းကို ဂျာအေး အကူအညီနှင့် ရတော့မည်မို့ ဝမ်းသာအားရ ဖြစ်နေ၏။ အပုလေး ဝမ်းသာအားရ ဖြစ်နေသလောက် အခံစားကြီး ခံစားနေရသူမှာ ဖျောက်ဆိပ်၊ ဇနီးသည်၏ အမိန့်စကားကို ကြားရသောအခါ မျက်နှာကြီး ရှုံ့တွ ပိန်ချိုင့်သွား၏။ မယုံနိုင်ဖွယ် အကြည့်များနှင့် ကြည့်ရင်း -

"မိန်းမ၊ မင်း. . . မင်း ဘာတွေပြောနေသတုံးကွာ"

"အို - ဒါ အရင်းအနှီး တစ်ပြားမှ မကုန်ဘဲ ပိုက်ဆံ သုံးလေးထောင် ဝင်လာမယ့်ကိစ္စ ကိုကိုဖျောက်ရဲ့"

"ဟာ - ဟုတ်သေးပါဘူးကွာ၊ ရွာမှာတုန်းက ငါ့လို ပညာရှိစစ်စစ်ကြီးကို ဖားရိုက်ခိုင်းခဲ့တယ်လေ။ ခုလည်း မြို့ရောက်ပြန်တော့ ခွေးဝဲစားတွေ ဖမ်းခိုင်းပြန်ပြီကွာ။ ဘာတွေတုံး ငါ ခွေးတွေဖမ်းပြီး ဘာလုပ်ရမှာတုံး၊ ခွေးဝဲစား မျိုးဖောက်ပြီး ရောင်းရမှာလားကွ"

"ရှင် - ခွေးဝဲစားမျိုး ဟုတ်လား၊ အဲဒီလိုဖောက်ပြီး ရောင်းရင်ရော ဘယ့်နှယ်နေမလဲ"





"ဟေ - သွားရောကွာ"

ဖျောက်ဆိပ်တစ်ယောက် လေသံတောင် ခပ်ဟဟ မပြောနိုင်တော့။ အစကတော့ သူ့ မကျေမချမ်း ဖြစ်ရသည်မှာ ဂျာအေး။ ခွေးဝဲစားတွေ ခေါ်လာပြီး ဘာတွေလုပ်မည်မှန်းလဲ မသိ၊ မေးတော့လည်း မြုံစိစိ။ သူ့စိတ်ထဲ တရုတ်တန်း သွင်းချင်သွင်း မသွင်းလျှင် ခွေးမျိုးဖောက်ပြီး ရောင်းဖို့များ ကြံစည်နေလေသလား တွေးမိ၏။ ယခုတော့ သူ့စကားကို အပုလေးက နင်းပြီး ပြောလာ၏။ ဘယ်လိုမှ မဖြစ်နိုင်သည့်ကိစ္စ၊ သူ့ရှေ့ ဈေးတွက်တွက်ပြီး မျက်နှာ ဝင်းခနဲ လက်ခနဲ ဖြစ်နေသော အပုလေးကို ကြည့်လိုက်၏။

"မိန်းမ၊ မင်း ဘာတွေ ပြောနေသတုံးကွ။ မင်းယောက်ျား ဘယ်လိုလူမျိုးဆိုတာကို စဉ်းစားပါဦးကွာ။ မတော်မရော်တွေ မကြံစမ်းပါနဲ့ကွာ"

"ဘာ၊ ရှင် ဘယ်လိုပြောလိုက်တာလဲ၊ ရှင့်မှာ သားနဲ့ မယားနဲ့လေ။ ရှင် ရှာတဲ့ငွေ ခြောက်ပြားတစ်ပဲက ကျုပ်တို့သားအမိ ဝအောင်စားရလို့လား ပြောပါဦး ပညာရှိကြီးရဲ့၊ ရှင့်ပညာတွေ ဘာလုပ်ရမှာတုံး"

"ဟေ - ပြင်းထန်လှချည်လားကွ။ မိန်းမ၊ မင်း သိထားဖို့က ငါ့တပည့် ဂျာအေးအကြောင်း ငါ အသိဆုံးကွ။ မဟုတ်ကဟုတ်က ကိစ္စတွေကို အမြဲဖန်တီးနေတဲ့ကောင်ကွ၊ ခုလည်း ဒီကောင် ခွေးတွေဖမ်း ဘယ်သူ့ ဒုက္ခပေးဦးမှာလဲမသိဘူး"

"ရှင် . . . ရှင် ပြောတာ"

"အဲဒါ ပြောတာပေါ့ မိန်းမရာ၊ ဂျာအေးဆိုတဲ့ကောင်အကြောင်း မင်း သိသားပဲ။ ဘယ်တုံးက ဟုတ်တာလုပ်ဘူးလို့လဲကွာ၊ မင်း စောင့်ကြည့်နေပါဦး"

သူ့ မနည်းကြီး ဖြေချလိုက်ရ၏။ သူ့စကားကြောင့် ဇနီးသည် အပုလေး တွေဝေသွား၏။ ဖြစ်နိုင်လောက်သည့် စကားမို့ အပုလေး တစ်ထစ်လျှော့သွား၏။ ဖျောက်ဆိပ်ခမျာမှာလည်း ဂျာအေး စက်ကွင်းမှ လွတ်မြောက်သွားခဲ့ရသည်မို့ သက်ပြင်း ဟင်းခနဲ ချနိုင်လေတော့၏။

ထိုအချိန်တွင် ခွေးဝဲစားတွေ တစ်ပုံကြီးကြား ဝင့်ဝင့်ကြွားကြွား ဖြစ်နေသူက ဂျာအေး။ အကြံအစည်က အောင်မြေတစ်ဝက် နင်းနေပြီဖြစ်၍ လက်ပန်းပေါက်ခတ်ဖို့သာ ရှိတော့၏။ တစ်နေ့တွင် ဂျာအေးတစ်ယောက် ကြိုးချည်ထားသော ခွေးဝဲစားဆယ်ကောင်ကို ဘယ်ညာဆွဲ၍ ရပ်ကွက်နောက်ဘက်လမ်းမ ထွက်သွားလေ၏။

ထိုမြင်ကွင်းကို မြင်လိုက်သူက ဆရာကြီးဖျောက်ဆိပ်။ သူ့တပည့်ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေမှန်းပင် စဉ်းစား၍မရ။ အုတ်အုချာနှင့် နောက်ရှယောင်ခံလိုက်ခဲ့လေ၏။ ရှေ့မှ စိုက်စိုက် စိုက်စိုက် သွားနေသော ဂျာအေးသည် မကြာမီ အရပ်လူကြီးအိမ် အနီးသို့ ရောက်ရှိလာ၏။

သူ ခြံဝသို့အရောက်တွင် ဒေါ်လုံးခင်တစ်ယောက် ခွေးထမင်း လှည့်ကျွေးချိန်ရောက်ပြီဖြစ်၍ အိုးကြီးအိုးငယ် ပိုက်ကာ ခြံထဲမှ ထွက်လာ၏။ ခြံဝတွင် ခွေးတစ်အုပ်နှင့်ရပ်နေသော ဂျာအေးကိုမြင်တော့ ဒေါ်လုံးခင် မျက်လုံးပြူးသွား၏။

"ဟဲ့ဟဲ့ ဘာတွေတုံး၊ ခွေးတွေ တစ်ပြုံကြီးနဲ့ ဘာလာလုပ်တာတုံး ဂျာအေးရဲ့"

"ဟော ကြီးကြီးလုံးပါလား။ ဟဲဟဲ ပါရမီဖြည့်ဖို့လေ"

"ဟင် - ပါရမီဖြည့် ဘာတွေတုံးဟဲ့၊ အဲဒီ ခွေးဝဲစားတွေ နင် လိုက်ရောင်းနေတာလား"

"ဟာ - မဟုတ်တာ ကြီးလုံးရယ်၊ ဟဲဟဲ - ဂျာအေးက လူတွေအပေါ်မှာ ဘယ်လို ကူညီရမလဲဆိုတာ အမြဲ စဉ်းစားနေတဲ့သူပါဗျ"

"ဟင်"

ဒေါ်လုံးခင်တစ်ယောက် ခွေးဝဲစားတစ်အုပ်နှင့် ခြံဝရပ်ကာ ထင်ရာမြင်ရာ ပြောဆိုနေသော ဂျာအေးကို ကြည့်ကာ ကြောင်စီစီ ဖြစ်နေ၏။ ထိုအချိန် အိမ်ကြီးပေါ်တွင် မယားလုပ်သူ အမိန့်နှင့် တရားနာနေသော ဦးပွတစ်ယောက် ကက်ဆက်ရှေ့ မျက်လုံးစုံမှိတ်ပြီး အိပ်မပျော့တပျော် ဖြစ်နေရာမှ ဂျာအေး ဆိုသောအသံကြောင့် ဖျတ်ခနဲ မျက်လုံးပွင့်လာလေ၏။

"ဟင် - ဂျာအေး ဆိုပါလား၊ ဒီကောင် ဘာလာလုပ်သတုံး တွေ့ပြီပေါ့ကွာ"

ပြောပြောဆိုဆိုနှင့် အိမ်ရှေ့ဝရန်တာမှ လွှားခနဲ ခုန်ချလိုက်၏။ ဂျာအေး ဆိုလျှင် အစိမ်းလိုက်ကိုက်စားချင်သော ဦးပွ။ ဒေါသတွေက ထောင်းလမောင်း ထနေ၏။ အောက်ရောက်သည်နှင့် ခြံဝသို့ လျှောက်လာရာ ခွေးဝဲစားတစ်အုပ်ကြီးချည်ပြီး မယားလုပ်သူနှင့် စကားပြောနေသော ဂျာအေးကို တွေ့လိုက်ရလေ၏။

"ဟ - ဘာတွေ လုပ်လာပြန်ပြီတုံး၊ ဘုရား . . . ဘုရား ခွေးအုပ်နဲ့၊ ဒီကောင် ခွေးလိုက်ရောင်းနေပြီထင်တယ်"

စိတ်ထဲရှိရာ ပြောဆိုရင်း ရှီးသည်အနားသို့ ရောက်ရှိသွား၏။ ဂျာအေးသည် သူ့ကိုမြင်တော့ မည်းညစ်ညစ် သွားကြီးများကို ဖြီးပြလိုက်၏။

"ဦးလေးပွ"





"ဘာတုံး၊ မင်း ဘာတွေ လုပ်လာပြန်ပြီတုံး"

"ဟဲဟဲ ပါရမီဖြည့်တာလေ"

"ဘာကွ၊ ပါရမီ အဲဒီ ခွေးဝဲစားတွေက"

"ဟုတ်ပါတော်၊ ဂျာအေးလုပ်ပေါက် ကျုပ်တောင် စဉ်းစားလို့မရတော့ဘူး"

"ဩော် - ကြီးကြီးလုံးဘလည်းဗျာ၊ ကျုပ်က စေတနာရှေ့ထား ပါရမီဖြည့်ပြီး ကုသိုလ်ရချင်လို့ ခုလို လုပ်လာတာပါဗျာ။ ဟဲဟဲ - ဟောဒီမှာ ခွေးဆယ်ကောင် ခေါ်လာတယ်။ ဒါ ခွေးဝဲစားစစ်စစ်တွေချည်းပဲ၊ လမ်းပေါ်မှာအိပ်၊ လမ်းပေါ်မှာစားကြတယ်လေ"

"ဟကောင် မင်း . . . မင်း ဘာလုပ်"

"ဩော် - အရပ်လူကြီးကလည်း ကျုပ်ပြောတာ နားထောင်ပါဦးဗျာ။ ဒီလို ကြီးကြီးလုံးရဲ့၊ ဟိုဗျာ ကြီးကြီးလုံးက အလှူအတန်းဆို အရမ်းကို ဝါသနာပါတာ မဟုတ်လားဗျ"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သတုံး"

"ဩော် - ကျွန်ုပ်ဘာ ကြည့်ကြည့်နေတာဗျ၊ ကြီးကြီးလုံးက ညနေစောင်းပြီဆို အိုးကြီးအိုးငယ်ပိုက် ကစ်ရပ်ကွက်ဝင် တစ်ရပ်ကွက်ထွက်နဲ့ ခွေးတွေ လိုက်ကျွေးနေတယ် မဟုတ်လား၊ ဒီတော့ ပင်ပန်းတာပေါ့ဗျာ၊ ဟုတ်ဘူးလား"

"ဟော့ကောင် ကိုတို့နဲ့ လိုရင်းပြောကွာ"

"ပြောပါ့မယ်ဗျာ၊ အဲဒီလို ဒုက္ခမရောက်ရအောင် ကျုပ် ကြံစည်လာတာဗျ။ ဟောဒီမှာ ခွေးဝဲစားဆယ်ကောင် ခြံထဲမှာ မွေးစားလိုက်၊ ကျုပ် လမ်းပေါ်က တွေ့သမျှ ခွေးတွေ ခေါ်လာတာဗျ"

"ဟင်"

"အလိုတော်"

"ဟုတ်တယ်၊ ဒီတော့ဟာ အဲဒီခွေးတွေ ခြံထဲမွေးပြီး အလှူလုပ်ပေတော့ဗျာ။ ဒါ ပါရမီဖြည့်တာပေါ့ ဟုတ်ဘူးလား ကြီးကြီးလုံးရဲ့"

"ဟော . . ."

"ကျုပ် အကြံအစည်က မကောင်းဘူးလားဗျ"

"အင် - နင့်စကားက စဉ်းစားစရာပဲ"

"ဟာ - မစဉ်းစားနဲ့၊ ဒီကောင် မဟုတ်တာတွေ လုပ်လာတာ မိန်းမရဲ့၊ ဟော့ကောင် သွားသွား ခုချက်ချင်း မင်းခွေးတွေ ပြန်ယူသွား။ ငွေတော် - ဒါ သက်သက် ငါတို့ကို အရွဲ့တိုက်တာကွ"



www.burmeseclassic.com

www.burmeseclassic.com



"နိုးနိုး မ . . . မဟုတ်ရပါဘူး အရပ်လူကြီးရယ်၊ ကျုပ်က စေတနာနဲ့ ပါရမီဖြည့်"

"တိတ်စမ်း၊ မင်းခွေးတွေ မင်းခေါ်ပြီး ခုချက်ချင်း ပြန်စမ်း"

ကြားလိုက်ရသည့် စကားကြောင့် ဦးပွ၏ ဒေါသအိုးကြီး ဟုန်းခနဲ ထပေါက်သွားလေ၏။ စိတ်တွေက ထိန်းမနိုင်သိမ်းမနိုင်။ ဂျာအေးခမျာ ခွေးအုပ်ကြီးနှင့် ရှေ့တိုးရမလို နောက်ဆုတ်ရမလို ဖြစ်နေ၏။ ထိုအချိန် ဂျာအေး၏ အကြံစည်ကို လက်ခံချင်သလို ဖြစ်သွားသူက အရပ်လူကြီးကတော် ဒေါ်လုံးခင်၊ ဂျာအေး စိတ်ကူးသလို သူလည်း စိတ်ကူးရှိခဲ့ဖူး၏။ ယခုလည်း ရေကန်အသင့် ကြာအသင့် ပေါ်ပေါက်လာသည့် အခွင့်အရေးတစ်ရပ်ကို ဒေါ်လုံးခင် လက်ခံချင်ချင် ဖြစ်လာလေတော့၏။

ထို့ကြောင့် ခင်ပွန်းသည် ဦးပွကြီးကို မျက်စောင်းတခဲခဲနှင့် လှမ်းကြည့်လိုက်ရာ ခုန်ဆွခုန်ဆွနှင့် ဒေါသအိုးကြီး ပေါက်ကွဲနေသော ဦးပွခမျာ ငြိမ်ကျသွားလေ၏။ ဒေါ်လုံးခင် မျက်စောင်းကို သူ အကြောက်ဆုံး၊ ရင်တွေ၊ အသည်းတွေ တလှပ်လှပ် ခုန်လာအောင် ကြောက်စရာကောင်းလှသည့် မျက်စောင်း၊ တစ်နည်းအားဖြင့် ပြောရလျှင် ဒေါ်လုံးခင်၏ အကြည့်ကို ငန်းမြွေကြီးတစ်ကောင်၏ အကြည့်နှင့် တူလှသည်ဟု တစ်ချိန်က တင်စားပြောဆိုခဲ့ဖူး၏။

သူ့ကို ကြည့်လိုက်ပြီဆိုလျှင် တုတ်တုတ်လှုပ်၍ မရတော့။ ခိုင်းချင်တာ ခိုင်း၊ ပြောချင်တာပြော အားလုံး အဆင်သင့် ဖြစ်နေရ၏။ ယခုလည်း မျက်စောင်းတန်ခိုးနှင့် ရှုသိုးသိုးလုပ်နေသော ဦးပွ ငြိမ်ကျသွားလေ၏။ ထိုစဉ် ဒေါ်လုံးခင်၏ စကားသံ ထွက်လာ၏။

"ကိုပွ"

"ဟေ"

"ဂျာအေးဟာ ထိုးထွင်းဉာဏ် အတော့်ကို ကောင်းပုံရတယ်ရှင့်။ ဟုတ်သားပဲ၊ ကျွန်မ ရပ်ကွက်တကာ ရပ်ကွက်ထဲ ဝင်ပြီး ခွေးတွေ ရှာရတာအမော။ မတော်လို့ ခွေးကိုက်ခံရရင် တစ်မှောင့်။ ဟုတ်တယ်၊ ကျွန်မ ဒီခွေးတွေကို နောက်ဖေးခြံထဲမှာ မွေးထားချင်တယ်၊ ဟိုဟိုဒီဒီ လိုက်ကျွေးစရာလည်း မလိုတော့ဘူးပေါ့ရှင်"

"ဟေ - ဖြစ် . . . ဖြစ်ပါ့မလားကွာ"

"ဘာလို့မဖြစ်ရမှာတုံး၊ ဒါ ကုသိုလ်ရေးရှင့်။ သတ္တဝါမှန်သမျှ ကိုယ်က ကျွေးမှ စားရတာရှင့်၊ ပြီးတော့ ဗေဒင်ကိန်းခန်းမှာလည်း ဟောချက်ရှိတယ်၊





ခွေးတွေ အစာကျွေးရင် ရှင် အရပ်လူကြီး တစ်သက်လုံး ဖြစ်မှာတဲ့"

"ဟိုက် - မ . . . မဟုတ်တာကွာ၊ မဖြစ်နိုင် . . ."

"တိတ်စမ်း၊ ကဲ - ဂျာအေး"

"ဗျာ - ကြီးကြီးလုံး၊ ကျုပ် ခွေးတွေ ခြံနောက်ဖေး ထားလိုက်ရမလား"

"အေး - ခေါ်ခဲ့စမ်းကွယ်၊ ဒါမှ ငါ ဝဝလင်လင် ကျွေးမွေးရမှာ။ ခြံအနောက်ဘက်မှာ ထင်းဂိုဒေါင် ရှိတယ်၊ အဲဒီဘေးကို ခေါ်သွား"

"ဟုတ်ကဲ့ ခင်ဗျာ"

ဂျာအေးတစ်ယောက် အကြီးအကျယ် အောင်မြင်မှုရသွားပြီဟု ဆိုရချေမည်။ ခွေးဆယ်ကောင်ကို ဘယ်ညာဆွဲပြီး ခြံထဲသို့ ဝင်သွားလေ၏။ ထိုမြင်ကွင်းကို ကြည့်ရင်း အောင့်သီးအောင့်သက် ခံစားနေရသူမှာ ဦးပွ။ တစ်ကိုယ်လုံး ဒေါသစိတ်တွေ ရှုစိရှုစိ ဖြစ်နေ၏။

ပြောလည်း ပြောချင်၏။ လည်ချောင်းတွေ၊ ပါးစပ်တွေ ပွစိပွစိ ဖြစ်နေ၏။ သို့သော် ဇနီးသည်ကိုယ်တိုင် ကြည်ကြည်ဖြူဖြူ ခွင့်ပြုလိုက်သည့် ကိစ္စဖြစ်၍ ဘာဆက်ပြောလို့ ပြောရမှန်း မသိတော့ချေ။

သူ့နည်းတူ ပါးစပ်အဟောင်းသားနှင့် ကြောင်စီစီ ဖြစ်နေရသူမှာ ဖျောက်ဆိပ်၊ အရပ်လူကြီးအိမ်ထဲ ခွေးတရုန်းရုန်းနှင့် ဝင်သွားသော ဂျာအေးကို ကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်နေရလေ၏။

ထိုအချိန်တွင် ဂျာအေးမှာ အခြေအနေကောင်းနေသည်ဟု ဆိုရချေမည်။ ဒေါ်လုံးခင်က သူ့ကို ကောင်းကောင်းဧည့်ခံခဲ့၏။ စံပယ်ငုံကိုလည်း ရိုးတိုးရိပ်တိပ် တွေ့လိုက်ရ၏။ ထို့ပြင် ဒေါ်လုံးခင်က ကျေးဇူးတင်စကား အခါခါ ပြောကာ လက်ဖက်ရည်ဖိုးပင် ချီးမြှင့်လိုက်သေး၏။

ထို့ကြောင့်လည်း ခြံထဲမှ ရင်ကော့ထွက်လာသော ဂျာအေးကိုကြည့်ပြီး ဖျောက်ဆိပ် အတော့်ကို အံ့သြနေ၏။

"ဂျာ . . . ဂျာအေး"

"ဟာ - ကိုကြီးဖျောက်"

"မင်း ခွေးတွေကို အရပ်လူကြီးဆီ အပ်လိုက်တာ ဘာလုပ်ဖို့လဲ"

"ခက်ပါ့ ဆရာဖျောက်ရာ၊ ဒါ တစ်နည်းအားဖြင့် ပြောရရင် ခွေးလေခွေးလွင့်လည်း သုတ်သင်ရှင်းလင်းရာကျသလို တစ်ဖက်က ကြည့်ပြန်တော့လည်း ဒေါ်လုံးခင်ရဲ့ ကုသိုလ်ပါရမီကို ဖြည့်ပေးရာ ကျတာပေါ့ဗျာ"

"ဟင် - ဘယ်လိုတွေတုံးကွ၊ ငါတော့ နားကို မလည်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဩော် - ဆရာဖျောက်ကလည်းဗျာ၊ ဒုံးပဲ့ဗျာ။ ကိုင်း - ဘာမှ မေးမနေနဲ့ ကျုပ်တို့ ဆိုင်သွားရအောင်"

"ဟေ - ကောင်း . . . ကောင်းသားပဲ"

နောက်ဆုံးတော့ ဖျောက်ဆိပ် ဂျာအေး၏ နည်းဗျူဟာကြား လုံးထွေးနေလေ၏။ ဆိုင်ရောက်သည်နှင့် သောက်စားရင်း သူ့လုပ်ရပ်ကို ရှင်းလင်းပြောပြလိုက်၏။ ဂျာအေး၏ စကားကြောင့် ဖျောက်ဆိပ်မှာ အံ့မခန်း အံ့ဩနေ၏။

"ဩော် - မင်းက ဒီလိုကိုး၊ ဒါ . . . ဒါဆို မင်း ငါ့ကိစ္စ အပုလေးကို ပြောပေးဦးလကွာ၊ အပုလေးက ငါ့ကို ခွေးဝဲစားတွေ ဖမ်းခိုင်းနေလို့ကွ"

"ဟာ - ကောင်းတာပေါ့ဗျာ"

"ဟေ - ဘာကောင်းတာတုံး"

"ဟ - ဖမ်းလာသမျှခွေးတွေ အရပ်လူကြီးအိမ်ပို့ လက်ဖက်ရည်ဖိုးတောင်း။ ပြီးတော့ ကျုပ်တို့ ဘုံဆိုင်ထိုင် ဘယ်လောက် ကောင်းသလဲဂို"

"ဟာ - မလုပ်စမ်းပါနဲ့ကွာ၊ မင်းဟာ ပေါက်တီးပေါက်ရှာ တော်တော် လုပ်တဲ့ကောင်"

"ဟဲဟဲ ဒါ နည်းဗျူဟာလေဗျာ၊ အဲဒီလိုနဲ့ ကျုပ် စံပယ်ငုံလေးကို မရရအောင် လုံးရမှာပေါ့။ ပြောရရင် ခွေးဝဲစားဖူးစာပေါ့ ဆရာဖျောက်ရယ်"

"တော်စမ်းကွာ"

ဂျာအေးက အပျော်ကြီး ပျော်နေသလောက်၊ ဖျောက်ဆိပ်ခမျာ အီလည်လည်ကြီး ခံစားနေရလေ၏။

ထိုအချိန် ဂျာအေး၏ ခွေးဝဲစားအုပ်ကြား အကြီးအကျယ် အခက်တွေ့နေရသူမှာ အရပ်လူကြီး ဦးပွ။ ခွေးတွေကလည်း မလွယ်၊ ဟောင်စရာရှိရင်လည်း အုတ်အော်သောင်းတင်း ဟောင်တတ်သလို၊ အူစရာရှိရင်လည်း တစ်ရပ်ကွက်လုံး ပက်ဝက်ကွဲအောင် အူ~တ်ကြ၏။ ထို့ကြောင့် ခွေးအူသံ၊ ဟောင်သံများက တစ်ရပ်ကွက်လုံး ဖုံးလွှမ်းနေ၏။

အရပ်ထဲမှ လူတွေလည်း အရပ်လူကြီးအိမ် မျက်စောင်းတခဲခဲ ဖြစ်လာ၏။ ဒိမ်နီးနားချင်းတွေကလည်း ကောက်တခေါက်ခေါက် လုပ်လာ၏။ ဦးပွ ကိုယ်တိုင်လည်း ညညဆို မအိပ်ရ။

ခွေးအူသံကြီးများကြောင့် အိပ်ရာထဲ လှိမ့်နေရလေ၏။ ထိုအဖြစ်သနစ်ကို ခံပြင်းလှသော်လည်း ဇနီးသည်ကို ကြောက်နေရသဖြင့် ရင့်နှုတ်ပိတ်နေရလေ၏။ ဂျာအေးက~ည်း တစ်ပတ်ခန့်အကြာတွင် ခွေးဝဲစားသုံးကောင် ခေါ်ပြီး





ခြံထဲ ရောက်လာပြန်၏။

"ဟာ- လာပြန်ပြီ ဟော့ . . . ဟော့ကောင် သွား-ခုချက်ချင်းထွက်သွားစမ်း။ ငါ့ခြံ ခွေးမွေးမြူရေးခြံ မဟုတ်ဘူးကွ"

"ဗျာ၊ ဘာဖြစ်သတုံး ဆရာပွရယ်၊ ခွေးတွေ ပေါက်နေပြီလား"

"ဟုတ်တယ်၊ ခွေးမနှစ်ကောင် မွေးနေပြီကွ။ ခြံကြီးလည်း ခွေးတိရစ္ဆာန်ခြံကြီး ဖြစ်နေပြီ"

"ဟာ - ကောင်းတာပေါ့ဗျာ"

"ဟေ - ဘာ . . . ဘာကောင်းတာတုံးကွ"

"ကိုပွ"

"ဟင် - မလုံး၊ မင်း . . . မင်း လာပြီ"

"ဘာဖြစ်တာတုံး၊ ဩော် - ခွေးတွေ ခေါ်လာပြန်ပြီလား ဂျာအေး။ ထားခဲ့လကွယ်၊ ကြီးကြီးကတော့ မင်းကို ကျေးဇူးတင်ပါ့ကွယ်"

"ဟဲဟဲ တွေ့လား အရပ်လူကြီး၊ ဒါ စေတနာအကျိုးပေးတာဗျ"

"ဩော် - ငါ့တူကို လက်ဖက်ရည်ဖိုး ပေးရဦးမှာပါလား။ ကိုပွ ဂျာအေးကို မုန့်ဖိုးပေးလိုက်စမ်းပါတော်။ ဒင်းလေးကြောင့် ကျုပ် ကုသိုလ်တွေ ရနေတာ"

"ဟေ"

ဦးပွတစ်ယောက် အခံစားကြီးခံစားနေရ၏။ အိတ်ထဲမှ ငါးရာတန်တစ်ရွက် နှိုက်ပြီး မပေးချင်ပေးချင်နှင့် ပေးလိုက်ရလေ၏။

ထိုအဖြစ်ကို မမိုတ်မသုန် အကဲခတ်နေသူမှာ အိမ်နံဘေးတွင် နေထိုင်သော ဦးပါကလေး ဖြစ်၏။ ဦးပါကလေးက ဦးပွ၏ ငယ်သူငယ်ချင်း။ ပြောမနာဆိုမနာ သူငယ်ချင်းတွေ ဖြစ်၍ စိတ်ထဲ မကျေမချမ်း ဖြစ်နေ၏။

ထို့ကြောင့်လည်း ဦးပွနှင့် ကြုံသည့်အခါ ဟောဟောဒိုင်းဒိုင်း မေးချလေတော့၏။

"ဟေ့ကောင် ငပွ၊ မင်း ဘာတွေလုပ်နေသတုံးကွ။ တစ်ခြံလုံး ခွေးတွေမွေးပြီး ခွေးဖောက်ရောင်းနေတာလား၊ ပြောပါဦး"

"ဟာ - ပါကလေးကလည်းကွာ၊ မဟုတ်တာ မပြောစမ်းပါနဲ့ကွ။ ငါလုပ်တာ မဟုတ်ပါဘူးကွာ။ ငါ့မိန်းမ မလုံးခင်ပါ"

"ဟေ - မင်းမိန်းမက ခွေးတွေမွေးပြီး ဘာလုပ်မလို့လဲ၊ ခွေးမျိုးမပြတ်သွားအောင် လုပ်နေတာလားကွ"

"ဟေ - မ . . . မဟုတ်ရပါဘူး ပါကလေးရာ၊ မိန်းမက . . . "



www.burmeseclassic.com

www.burmeseclassic.com



ဦးပွသည် ဦးပါကလေး၏အမေးကို အချာချာနှင့် ပြောပြလိုက်၏။ သူ့စကားကို ဦးပါကလေးကလည်း အချာချာနှင့် နားထောင်နေ၏။

"ဟေ - ကုသိုလ်လုပ်တာ ဟုတ်လား၊ ဟာ - မင်းတို့ ကုသိုလ်လုပ်တာ ငါတို့ရပ်ကွက်တော့ ခွေးသံတွေ ညံနေပြီကွ။ နေ့မအိပ်ရ ညမအိပ်ရနဲ့ကွာ"

"ငါလည်း အဲဒီလိုပါပဲ သူငယ်ချင်းရာ၊ ငါ့မိန်းမလည်း ငါ မနိုင်တော့ဘူးကွ။ ဒီတော့ ဒီပြဿနာ သယ်လာတာ၊ ဟို ဂျာအေးဆိုတဲ့ မှင်စာလိုလို သရဲလိုလို ကောင်လေးကွ"

"ဟေ - ဟို - ကားစပယ်ယာလိုက်နေတဲ့ ကောင်လေးလား"

"ဟုတ်ပါ့ကွာ၊ အဲဒီကောင်လေးက မြွေကွ၊ ပြဿနာ ဘယ်လိုရှာရမလဲ အမြဲ တွေးနေတဲ့ကောင်ကွ"

"ဟေ - အံ့သြစရာပါလား၊ မင်းကိစ္စက မြူနီစီပယ်နဲ့ပြောမှ ရမယ်ထင်တယ်။ ခွေးတွေကလည်း ခွေးကောင်း တစ်ကောင်မှ မပါဘူး။ တော်ကြာ ရပ်ကွက်ထဲ လှည့်ကိုက်နေရင် ဒုက္ခ"

"ဟုတ်ပါ့ကွာ၊ ခုလည်း အဲဒီခွေးအုပ်ထဲက ခွေးမနှစ်ကောင် ကလေးတွေမွေးနေပြန်ပြီကွ။ ဒုက္ခပါပဲကွာ၊ ငါတော့ ဘာလုပ်လို့လုပ်ရမှန်းကို မသိဘူး"

"ဟာ- လွယ်ပါတယ်ကွာ၊ ဒီကိစ္စ ဖျိုင်းကြီးတို့အဖွဲ့ကိုသာ တာဝန်ပေးလိုက်ပေါ့ကွာ၊ မင်းတူ ဖျိုင်းကြီးက အပေါင်းအသင်း များပါတယ်ကွာ။ ခွေးတွေကားပေါ်တင်ပြီး တစ်နေရာရာ လွှင့်ပစ်ခိုင်းလိုက်ပေါ့။ ဒါမှ ပြဿနာအေးမှာကွ"

"အေးကွာ၊ ဒီလိုပဲ ကြံရမှာပေါ့"

ဦးပါကလေး၏ စကားကြောင့် ဦးပွ ဝမ်းသာအားရ ဖြစ်သွား၏။ သို့သော် သူ့အကြံအစည်ကို ချက်ချင်း အကောင်အထည်ဖော်၍ မဖြစ်သေး။ လုံးခင် သိလျှင် မိုးမီးနှင့် ရှို့မည့်ကိန်း။ ထိုအခြေအနေကြောင့်လည်း အခွင့်အရေးကို စောင့်ကြည့်နေရ၏။

ဖျိုင်းကြီးတို့လူစုမှာ ခြံထဲ ဝရန်းသုန်းကား ပြေးလွှား ဆော့ကစားနေကြသော ခွေးအုပ်ကို ကြည့်ရင်း မျက်လုံးပြူးနေ၏။

"ဟာ - ဘယ် . . . ဘယ်က ခွေးတွေတုံး၊ ဒုက္ခပါပဲ တစ်ခြံလုံးလည်း ခွေးချေးတွေ ပွလို့"

"ဝုတ် . . . ဝုတ် . . . ဝုတ်"

"အောင်မယ်လေးဗျ၊ ဟဲ့ - ခွေး"

"ဝုတ် . . . ဝုတ် . . . ဝုတ်"



"လုပ်ကြပါဦးဗျို့"

ခွေးတွေက ဖျိုင်းကြီးကိုလည်းမြင်ရော ထိုးဟောင်သူကဟောင်၊ဆွဲသူကဆွဲနှင့် ဖြစ်ကုန်၏။ ဖျိုင်းကြီး ခြံထဲပတ်ပြေးရင်း နောက်ဆုံး အိမ်ထဲ ပုဆိုးကွင်းသိုင်းပြီး အပြေးဝင်လာရလေ၏။

သူ့မြင်ကွင်းကို ကြည့်ရင်း ဦးပွ ထိတ်လန့်သွား၏။ ဦးပွ၏သေးတွင် စံပယ်ငုံလည်း ရှိနေ၏။ ဖျိုင်းကြီးမှာ စံပယ်ငုံကို မြင်သည်နှင့် ရှက်ကိုးရှက်ကန်း ဖြစ်သွားလေ၏။

"လုပ် . . . လုပ်ဦး၊ ခွေး . . . ခွေးတွေဗျ"

"ဟေ - ဟားဟားဟား အဲဒါ မင်းကြီးဒေါ် လုပ်တာကွ"

"ဗျာ၊ ဟာ - တစ်ခြံလုံးလည်း ခွေးတွေ ဟိုကြီးဒေါ် ဘာတွေလုပ်နေတာလဲ ဦးလေးရဲ့ ဒုက္ခပါပဲဗျာ၊ ကံကောင်းလို့ ခွေးမကိုက်တာ"

"အဲဒါ ပြောတာပေါ့ ဖျိုင်းကြီးရာ၊ မင်းကြီးဒေါ်က ခွေးတွေ မွေးပြီး ကုသိုလ်ယူနေတာလေ"

"ဗျာ - ဒုက္ခပါပဲ၊ မဟုတ်သေးဘူးဗျ"

"အဲဒါပြောတာပေါ့ကွာ၊ မင်းကြီးဒေါ်ကို မင်းသာ ကြည့်ပြောပေတော့ဟေ့"

အကွက်ကျလာပြီမို့ ဦးပွသည် ဖျိုင်းကြီးအား မြှောက်ပင့်ပေးလိုက်၏။ အခြေနေကလည်း ပို၍ ထိန်းမရသိမ်းမရ ဖြစ်လာ၏။ တစ်ခြံလုံးလည်း ခွေးချေးများ၊ ခွေးအန်ဖတ်များနှင့် ပွရောင်းနေ၏။

လူစိမ်း ဝင်လာသည်နှင့် ဒရေသောပါး လိုက်ဆွဲတတ်၏။ တချို့ ခွေးတွေကလည်း ခြံပြင်ထွက်ပြီးတောင် ပြဿနာရှာဖို့ ကြိုးစားနေ၏။ နောက်ဆုံးတော့ ဒေါ်လုံးခင်တစ်ယောက် သူ့ခွေးတွေ သူ မနိုင်တော့။ ပြဿနာက အကျယ်ကျယ် မငြိမ်းဖွယ်ဖြစ်လာသည်မို့ ဖျိုင်းကြီးတို့လူစုထံ ခွေးအုပ်ကို လွှဲအပ်လိုက်ရ၏။ ဖျိုင်းကြီးကလည်း မျက်နှာလိုမျက်နှာရ လုပ်ချင်သူ ဖြစ်လေရာ တစ်ရက်တွင် ခွေးများကို ကြိုးတုပ်ပြီး ကားတစ်စီးနှင့်တင်ကာ မြို့ပြင်သို့ ခေါ်ထုတ်သွားလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ဒေါ်လုံးခင် တစ်ယောက် ဝှန်းဒိုင်းကြနေသဖြင့် အရပ်လူကြီးခမျာ နေစရာ မရှိအောင် ဖြစ်နေ၏။ ပြဿနာက နောက်ဖေးရှိ ခွေးတစ်အုပ် ပျောက်ဆုံးသွားသည့် ကိစ္စပင်။ ဦးပွကို မြင်လိုက်သည်နှင့် အကုသိုလ်တုံးကြီး မြင်နေ၏။ မမြင်လိုက်နှင့် မြင်လိုက်သည်နှင့် ပါးစပ်က ပွစိပွစိ ပြောလေတော့၏။

တစ်ရက်တွင် ဒေါ်လုံးခင်တစ်ယောက် ဂျာအေးရှိရာသို့ ရောက်လာ၏။ ဖျောက်ဆိပ်တို့ လင်မယားသည် ဒေါ်လုံးခင် အိမ်လာလည်သည်မို့ အံ့ဩနေ၏။

"မောင်ဂျာအေး မရှိဘူးလား"

"ဟာ - ဒေါ်လုံးခင်ပါလား"

"ရှိ . . . ရှိပါတယ် ခင်ဗျာ"

"ဒါဆို ခေါ်စမ်းပါကွယ်၊ ဒီသူငယ်က ငါ့ရဲ့ ပါရမီဖြည့်ဖက်လေးဟဲ့။ အိမ်က အကုသိုလ်တုံးကြီးကြောင့် ငါတို့ အလှူအတန်းပျက်သွားရတာ"

"ဟုတ်လား ခဏနော်"

ဖျောက်ဆိပ်သည် အိပ်ခန်းထဲဝင်ကာ ဂျာအေးကို နှိုးလိုက်ရ၏။ ကားနားရက်ဖြစ်၍ ဂျာအေးတစ်ယောက် ကောင်းကောင်းကြီး အနားယူနေ၏။ ဒေါ်လုံးခင် လာသည်ဆိုသော စကားကြောင့် အိပ်ရာထဲမှ အတင်း လူးလဲထကာ အပြင်သို့ ထွက်လာ၏။

"ဟာ - ကြီးဒေါ်လုံး"

"ဟုတ်ပါ့ကွယ်၊ အိပ်နေသလား"

"ဟဲဟဲ၊ အလုပ်က တအား ပင်ပန်းတာ ကြီးဒေါ်ရဲ့၊ ငယ်တုန်း ပိုက်ဆံလိုမှ ရှာနေတာဗျ။ လူဆိုတာ ပိုက်ဆံရှိမှ ဖြစ်မှာလေ။ ဟုတ်ဘူးလား ကြီးဒေါ်ရဲ့၊



က်ဆံရှိမှ လှူနိုင်မယ်၊ လှူမှ နတ်ပြည်ရောက်မယ်။ နတ်ပြည်ရောက်ရင် ဟီးဟီး"

"ဟဲ့ ဘာတုံး၊ နင့်ဥစ္စာ နတ်ပြည်ရောက်ရင် ဘာလုပ်မှာတုံး"

"ဩော် - ကြီးဒေါ်လုံးကလည်းဗျာ၊ နတ်ပြည်ရောက်တော့ ဟီးဟီး ဟိုလေဗျာ၊ ကောင်းကောင်းစား ကောင်းကောင်းနေနိုင်တာပေါ့ ကြီးဒေါ်ရ။ လူ့အလိုသိချင်ရင် ကုသိုလ် ရှိ မရှိကို ကြည့်နိုင်တယ်ဗျ"

"ဟုတ်ပါ့ကွယ်၊ အိမ်က အကုသိုလ်တုံးကြီးကတော့ အစီစီ ဘယ်လို ဝင်ရမလဲဆိုတာ ကြည့်နေတဲ့လူကြီး"

"ဩော် - ဆရာပွကို ပြောတာလား"

"ဒါပေါ့ ကိုင်း - အဲဒီအကုသိုလ်ကြီးကိစ္စ ဘေးချိတ်၊ အခေါ်လည်း အလှူမလုပ်ရ မနေနိုင်ဘူးကွယ့်။ အဲဒါ မင်းမှာ ဘာအကြံဉာဏ် ရှိသတုံး၊ အခေါ်က အလှူအတန်းလုပ်တဲ့နေရာမှာ ဟန်ကြီးပန်ကြီး မလုပ်ချင်ဘူးကွယ့်"

"ဟာ- ခက်တာမှတ်လို့ ကြီးဒေါ်ရာ၊ လမ်းပေါ် စိတ်ယင်ရာ လျှောက်သွားနေတဲ့လူတွေ တစ်ပုံကြီးဗျ။ သူတို့ခမျာ စားရသောက်ရမယ့်ဘဝဆိုးတွေနဲ့ ကြုံနေရတယ်လေ။ အဲဒီလူတွေချည်း ဖိတ်ပြီးတော့ ကလေးတွေဖိတ် လှူပေါ့ ကြီးဒေါ်၊ ဒါဆို ကုသိုလ် တအား ရတာဗျ"

"ဟေ - ဟုတ်သား။ မင်းပေးတဲ့ အကြံဉာဏ်ဟာ တကယ့် ကုသိုလ်ခဲတွေပဲ ကိုး။ ကိုင်း - ပြောနေတာကြာတာ သန်ဘက်ခါ မဏ္ဍပ်ထိုးပြီး လှူမယ်ကွယ်၊ အဲဒါ မင်းပဲ အဲဒီလူတွေ ခေါ်ပေတော့"

"ဟာ - စိတ်ချစမ်းပါ ကြီးဒေါ်ရာ၊ ဒီကိစ္စ ကျုပ်နဲ့ ကိုကြီးဖျောက် လုပ်ပေးပါ့မယ်။ ချက်ရေးပြုတ်ရေး ကိစ္စလည်း မပူနဲ့ ကြီးဒေါ်ရေ၊ ကျုပ်တို့ပဲ ကူညီမယ်"

"ကျေးဇူးပဲ မောင်ဂျာအေးရေ၊ ကိုင်း - ကြီးဒေါ် သွားဦးမယ်နော်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ဒေါ်လုံးခင် ပြန်သွားပြီးသည့်နောက် ဂျာအေးတစ်ယောက် လုပ်ငန်းစရန် ဖျောက်ဆိပ်ကိုစည်းရုံးလေ၏။ ဖျောက်ဆိပ်တစ်ယောက် ဂျာအေး၏ဆိုလိုရင်းကို သဘောမပေါက်။ ဘာရည်ရွယ်ချက်နှင့် လုပ်နေမှန်းလည်း နားမလည်။ မေးတော့လည်း ဂျာအေးက အူချာချာ။ နောက်ဆုံး သူတို့နှစ်ဦး အိမ်ပေါ်မှ ဆင်းခဲ့ကြ၏။

ထိုအချိန်တွင် ဒေါ်လုံးခင်တစ်ယောက် အလှူအတန်းကိစ္စအတွက် အရပ်လူကြီး ဆရာပွကို ပြောပြလေ၏။

"အကုသိုလ်တုံးကြီး"

"ဟေ၊ ဟာ - မင်းကလည်းကွာ ငါ့ကို အဲဒီလို မခေါ်စမ်းပါနဲ့ ငါ့လို



www.burmeseclassic.com

www.burmeseclassic.com

ရပ်ရေးရွာရေး အားသွန်ခွန်စိုက် လုပ်နေတဲ့လူဟာ သေရင် နတ်ပြည်ရောက်မှာ ဗေဒင်မေးစရာတောင် မလိုပါဘူးကွ"

"ဟင်းဟင်း ကိုယ့်ကိုယ်ကိုယ်တော့ တယ်လည်း အထင်ကြီးသကိုး။ ကြည့်လည်း ပြောစမ်းပါရှင်၊ ကိုင်း - ကျုပ် မနက်ဖြန် အလှူလုပ်မယ်။ ဒါပေမယ့် လှူမယ့်သူတွေက လမ်းပေါ်မှာ အခက်တွေ့နေကြတဲ့လူတွေကိုပဲ"

"ဟေ- မင်းအလှူက ထူးဆန်းလှချည်လားကွ၊ အရပ်ထဲက လူကြီးလူကောင်းတွေ မဖိတ် . . ."

"တိတ်စမ်း၊ ကျုပ် အဲဒီလူတွေကို မလှူနိုင်ဘူး၊ သူတို့က ဝတ်နေကြတာ မဟုတ်ဘူးရှင့်"

"ဟေ့ - ကဲပါ မိန်းမရယ်"

"တိတ်စမ်း၊ မနက်ဖြန် ကျုပ် အလှူလုပ်မယ်၊ ဂျာဒေးတို့လူသိုက် လာလိမ့်မယ်။ ချက်ဖို့ပြုတ်ဖို့ သူတို့ တာဝန်ယူလိမ့်မယ်။' ရှင် ဘာတစ်ခွန်းမှ ဝင်မပြောနဲ့ ကြားလား"

"အင် - ကြား . . . ကြားပါတယ်ကွာ၊ ဒုက္ခပါပဲ ငါ့မိန်းမတော့ မျောက်ကို ငှက်ပျောပွဲအပ်သလို ဖြစ်နေပြီ"

"ဘာ၊ ရှင် ဘယ်သူ့ကို ပြောတာလဲ"

"ဟာ - မဟုတ်ပါဘူးကွာ၊ မင်းလုပ်ချင်တာ လုပ်ပါ မိန်းမရယ်၊ ငါ ပါရမီဖြည့်ပါ့မယ်"

နောက်ဆုံးတော့ ဦးပွတစ်ယောက် ဇနီးသည်အကြိုက် လိုက်လျောခဲ့ရလေ၏။ ညနေစောင်းသည်နှင့် ဂျာဒေးတို့ ရောက်လာ၏။ အပုလေးနှင့် ဖျောတ်ဆိပ်က အိုးသူကြီး။ ဖျိုင်းကြီးတို့လူစုမှာ ဂျာဒေးကို မြင်သည်နှင့် မကျေမနပ်ဖြစ်နေသော်လည်း ကြီးဒေါ်လုပ်သူကို မလွန်ဆန်ဝံ့။

ချက်ရေးပြုတ်ရေးအတွက် ဝယ်ခြမ်းပေးကြရ၏။ ထင်းပေါက်ပေးကြရ၏။ မဖွာပ်ထိုးကြရ၏။ ရပ်ကွက်ထဲရှိ လူကြီးလူကောင်းများမှာလည်း ဒေါ်လုံးခင်၏ ထူးဆန်းသောအလှူကို အံ့သြနေ၏။ ရပ်ကွက်ထဲရှိ ကလေးတွေက အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။

ဦးပွခမျာ စကားတစ်ခွန်းမှ မပြောသာ။ ဝေးဝေးကသာ ထိုင်ကြည့်နေ၏။ ဟင်းက ငါးသလောက်ပေါင်း၊ ပဲဟင်းချို၊ ငါးပိကြော်၊ သရက်ချဉ်။ လွန်စွာမှ လိုက်ဖက်လှ၏။ အပုလေးတို့ လင်မယားသည် မီးဖိုဘေးနားက မခွာနိုင်။ ဖျောက်ဆိပ်ထစ်ယောက် မီးခိုးငွေ့များနှင့် မွန်ထူနေ၏။





သို့သော် တပည့်ကျော် ဂျာဒေးက ဒေါ်ခွေးမထံမှ ချက်အရက် ငါးပုလင်းယူထားသဖြင့် တစွပ်စွပ် သောက်ရင်း အလုပ်ကို အားကြိုးမာန်တက် လုပ်နေ၏။ ဒေါ်လုံးခင်ကိုယ်တိုင်လည်း ဟင်းထမင်း ဝင်ချက်နေသည်မို့ စံပယ်ငုံလေးပါ ပါလာ၏။

ဂျာဒေးတစ်ယောက် စံပယ်ငုံလေး၏ အလှကိုကြည့်ရင်း ရင်ထဲ ခံစားချက်များက မထွေးနိုင်မမျိုနိုင်အောင် ခံစားနေရ၏။ စံပယ်ငုံလေးနှင့် နီးနီးကပ်ကပ်နေရသဖြင့် ဂျာဒေး အပျော်ကြီး ပျော်နေ၏။

စံပယ်ငုံ ရှိနေသည့်နေရာတွင် ဂျာဒေး ရှိနေ၏။ ကြက်သွန်လှီး၊ ငရုတ်သီးထောင်းသည်ကအစ အကုန် သိမ်းကျုံးလုပ်ကိုင်ပေး၏။ ပျာယာခတ်နေသော ဂျာဒေးကို ကြည့်ပြီး ဖျောက်ဆိပ်တောင် မျက်စိနောက်လာ၏။

"မစံပယ် ဘာလိုသလဲပြော . . .

မစံပယ် အိပ်ချင်အိပ်လေ . . .

မစံပယ်က ခုလို ကြည့်တော့လည်း လှသားဗျ . . .

မစံပယ် ဖယ်ဖယ်၊ ကျုပ် လုပ်ပါ့မယ် . . ."

စသည်ဖြင့် စံပယ်တွေ မိုးမွှန်နေ၏။

ဦးပွကြီးပင် နားထဲ စံပယ်တွေနှင့် လုံးထွေးနေ၏။ ဖျိုင်းကြီးကလည်း အံတကြိတ်ကြိတ်။ မီးဖိုဘေးနားထိုင်ကာ ကြက်သွန်နွှာနေသော စံပယ်ငုံနားသို့ ဂျာဒေး ရောက်လာ၏။ ပြောလိုက်သည့် စကားသံတွေက စံပယ်ချင်းထပ်နေ၏။ နားကြားပြင်းကတ်လာသူက ဦးပွ။

"ဟ - ဂျာဒေး၊ မင်း ပါးစပ်မှာ စံပယ်တွေ ထပ်နေပါလားကွ။ စံပယ်ဆိုတဲ့စကားထက် တခြားစကား မပြောတတ်ဘူးလားကွ"

"ဗျာ၊ ဟာ - အရပ်လူကြီးကလည်း ကျုပ်က စည်းလုံးညီညွတ်မှုသဘောကိုပြတာပါဗျာ"

"ဟော"

"ဘယ်သူ့ကိုမဆို ကျုပ်က ချစ်ချစ်ခင်ခင်ပဲ နေချင်ပါတယ်ဗျာ။ မစံပယ်က အရမ်း ခင်မင်ချင်စရာ ကောင်းတယ်ဗျ။ ပြီးတော့ လှလည်း လှတယ်၊ ယဉ်လည်း ယဉ်တယ်၊ မစံပယ်မျက်နှာလေး မြင်တာနဲ့ အားလုံး လန်းဆန်းသွားကြတယ်လေ"

"တော်ပါတော့ . . . တော်ပါတော့"

"ဟုတ်သားပဲ ကိုဂျာဒေးကလည်း စံပယ်ကိုပဲ အမွှန်းတင်နေတယ် စံပယ်က အဲဒီလောက်လည်း မဟုတ်ပါဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ - မစံပယ်ကလည်းဗျာ၊ ကျုပ် . . ."
"ဟကောင် ဂျာအေး"
"ဗျာ - ဆရာဖျောက်"
"ဒီမှာ ထင်းလာခွဲကွာ"
"အင်"

ဖျောက်ဆိပ် ကြားမှသာ၍ ပွဲသိမ်းလုပ်လိုက်ရ၏။ ဂျာအေးရင်ထဲ ကျွံမြိုတို့ သွား၏။ သူ့အချစ်ကို တစ်ကမ္ဘာလုံး ဝိုင်းမနာလို ဖြစ်နေကြသည်ဟု ထင်မိ၏။ ထို့ကြောင့်လည်း ထင်းပုံဘေး စိတ်မပါ့တပါထိုင်ကာ ထင်းချောင်းများကို တခွမ်း ခွမ်းနှင့် ခွဲချလိုက်၏။

မကျေမနပ်ဖြစ်ကာ ထင်းတုံးကြီးများကို တဒုန်းဒုန်း တဒိုင်းဒိုင်း ခွဲချလိုက် လေရာ ထင်းစတွေ ပြောင်းဆန်နေ၏။ သူ့အပြုအမူကို ဦးပွ မျက်လုံးပြူးနေ၏။

"ဟာ - ဖြည်းဖြည်းခွဲပါဟ၊ မင်းက ဘာမှတ်နေသတုံးကွ၊ ထင်းခွဲတာနော် လူသတ်နေတာ မဟုတ်ဘူးကွ"

"ပြောတတ်ဘူးဗျာ"

ဂျာအေးတစ်ယောက် ထင်းတွေ ခွဲပြီးသည်နှင့် မဏ္ဍပ်အောက်တွင် ခေါင်း ထိုးကာ အိပ်ပျော်သွား၏။

နောက်တစ်နေ့ မိုးလင်းသည်နှင့် အရပ်ထဲက ကလေးတွေ မဏ္ဍပ်ထဲ တဖွဲဖွဲ ရောက်လာကြ၏။ ပေကျံရှုပ်ပွကာ ကိုယ်ပေါ်တွင် အကျႌမပါသူတ များ၏။ နှာခေါင်းမှာလည်းနှပ်ချေးပရွ။ အဝတ်အစား ဝတ်ထားပြန်သော်လည်း ချေးက လက်လေးသစ်။ မဏ္ဍပ်ထဲ ရောက်သည်နှင့် စားပွဲဘေး အလုအယက် ထိုင်ကာ ချပေးသမျှကို မထတမ်း ကြိတ်လေ၏။

ထိုအချိန်တွင် ဂျာအေးသည် လမ်းပေါ် သွားလာနေကြသော အခြေနေမဲ့ များကို အတင်း ဆွဲခေါ်ကာ မဏ္ဍပ်ထဲ ဝင်ခိုင်းလိုက်၏။ လူပြောက်သောက် အရူးအနှမ်းလည်း ပါ၏၊ တောင်းရမ်းစားနေသူလည်း ပါ၏။

ဦးပွမှာ မဏ္ဍပ်ထဲ ကြည့်ပြီး ရင်မောနေ၏။ တစ်ရပ်လုံးကလည်း ထူးထူး ဆန်းဆန်း အလှူဖြစ်၍ ပါးစပ်အဟောင်းသားနှင့် ကြည့်နေကြ၏။ ကလေးတွေ ကလည်း မနိုင်၊ စားပွဲပေါ် ချပေးသမျှ သူ့ထက်ငါ လုယက်စားသောက်နေကြ ၏။ ဗျိုင်းကြီးတို့လူစုပင် မထိန်းနိုင်။

ထို့ပြင် အခြေနေမဲ့ ဝိုင်းမှာလည်း ချပေးသလောက် မလောက်။ တစ်ပန်း ကန်ပြီး တစ်ပန်းကန်၊ ဟင်းတွေကလည်း တစ်ခွက်ပြီးတစ်ခွက်။ အဆိုးဆုံးက





စိတ်မနှံ့သည့် ဝေဒနာသည် သုံးလေးဦး ပါလာခြင်းပင်။

သူတို့ပန်းကန် သူတို့မစား၊ ဟိုပန်းကန်ထဲကယူ၊ ဒီပန်းကန်ထဲကယူနှင့် ပြဿနာဖြစ်ကုန်၏။ စိတ်မနှံ့သူတစ်ဦးက ပန်းကန်ထဲမှ ငါးသားလောက်တုံးကြီး ယူကာ မဏ္ဍပ်ဘေး ထိုင်နေသော ဦးပွကို ထုပစ်လိုက်၏။

ဗျိုင်းကြီး အတင်း ဝင်တားတော့ ပဲဟင်းချိုများနှင့် လောင်းချလိုက်၏။ ကလေးတွေဝိုင်းကလည်း လုကြယက်ကြရင်း အော်ကြဟစ်ကြ ငိုကြရယ်ကြ ဖြစ်ကုန်၏။ ဒေါ်လုံးခင်လည်း မနိုင်တော့။

မဏ္ဍပ်တစ်ခုလုံး ပြောင်းဆန်နေ၏။ နောက်ဆုံး စိတ်မနှံ့သူတွေကြောင့် အလှူအတန်းကိစ္စကို အမြန် အဆုံးသတ်ပစ်လိုက်၏။ ပွဲပြီးသွားသည့်အခါ ပန်းကန်တွေ၊ ဇွန်းတွေလည်း ပျောက်ကုန်၏။

အချိုပွဲအဖြစ် သိမ်းဆည်းထားသည့် မုန့်ဘူးများ၊ ငှက်ပျောသီး၊ သရက်သီး များလည်း ပျောက်ဆုံးကုန်၏။ ထို့ပြင် အိမ်ရှေ့ချွတ်ထားသော ဖိနပ်အားလုံး ပျောက်ဆုံးသွားသည်မို့ ဦးပွနှင့် ဒေါ်လုံးခင်တို့နှစ်ယောက် အကြီးအကျယ် ပြဿနာဖြစ်ကုန်ကြလေ၏။

ယမ်းအိုးကြီးပမာ ပေါက်ကွဲလုနီး အခြေအနေကို ရိပ်မိသော ဖျောက်ဆိပ် သည် အပုလေးကို လက်တို့ကာ ဟင်းထမင်းများယူ၍ အိမ်ပြန်သွားလေ၏။ ဂျာအေးလည်း မဏ္ဍပ်ဆီသို့ ရောက်မလာတော့။

ဗျိုင်းကြီးခမျာမှာလည်း စိတ်မနှံ့သူတစ်ဦးက ထိုးကြိတ်သွားသဖြင့် မျက် နှာကြီး ရောင်ကိုင်းသွား၏။ နောက်ဆုံးတော့ ပြဿနာပေါင်း သောင်းခြောက် ထောင်နှင့် ဗရုက်သုတ်ခ အလှူအတန်းကြီး ပြီးဆုံးသွားခဲ့၏။

ထိုအချိန်မှစ၍ မလှူလျှင် မနေနိုင်သော ဒေါ်လုံးခင်တစ်ယောက် အလှူ ဆိုလျှင် မကြားရဲ့အောင် ဖြစ်သွားလေတော့၏။ ဂျာအေးခမျာမှာလည်း အရပ် လူကြီးအိမ်ဘက်သို့ ခြေဦးတောင် မလှည့်ရဲတော့ချေ။

သို့သော် လမ်းထဲမှ ကလေးအုပ်စုသည် ဂျာအေးကို မြင်သည်နှင့် အလှူ ရှင်ကြီး ထင်မှတ်ကာ 'ကိုဂျာကြီး အလှူမရှိဘူးလား'ဟု တစ်မေးတည်း မေးနေ ကြလေတော့၏။ လမ်းပေါ် ကလေကလွင့် သွားလာနေကြသူများကလည်း ဂျာအေး မြင်သည်နှင့် ဒရောသောပါး လိုက်ဆွဲတတ်သဖြင့် ဂျာအေးတစ်ယောက် သူ့အတတ်နှင့် သူစူးနေလေတော့၏။

ဖျောက်ဆိပ်ကတော့ ဂျာအေးမြင်တိုင်း ခေါင်းကလေး တညိတ်ညိတ်နှင့် ဝေဖန်တတ်၏။ ကြားတော့လည်း ဂျာအေး မခံစားနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးဖျောက်၊ ဒီလိုတော့ မပြောပါနဲ့ဗျာ။ ကျုပ်က သူများ ကုသိုလ်ရအောင် ကူညီခဲ့တာပါဗျာ။ ပြဿနာရှာခဲ့တာ မဟုတ်ပါဘူးဗျာ"

"ငါ ဘာပြောလို့လဲ ဂျာအေးရာ၊ မင်းလုပ်တဲ့ကိစ္စက ထင်ရာစွတ်လုပ်တော့ ထင်ရာစွတ်ဖြစ်တာပေါ့ကွ"

"ဟဲဟဲ ဒါ အဆန်းထွင်ကြည့်တာပေါ့ ဆရာဖျောက်ရယ်၊ အရပ်ထဲက အလှူလုပ်ရင် ဝေဖန်ရေး တယ်လုပ်ကြတာပဲ။ ဟိုဟာက နေ့တယ်၊ ဒီဟာက ပေါ့တယ်။ ဘာမကောင်းဘူး ညာမကောင်းဘူးနဲ့ ကုသိုလ်နည်းနည်း အကုသိုလ်များများဗျ။ အဲဒါကြောင့် ကလေးတွေကို လှူခိုင်းတာပေါ့ဗျာ"

"မင်းစိတ်ကူးက ဆိုးတော့ မဆိုးပါဘူးကွာ။ ဒါပေမယ့် ဒီကိစ္စ လူနိုင်မှကွ။ ခုဟာ လူမနိုင်တော့ ပြဿနာပေါင်း သောင်းခြောက်ထောင် ဖြစ်ကုန်တာပေါ့ကွာ"

"အင် - ဒါလည်း ဟုတ်တာပဲဗျ"

"ကိုင်းကိုင်း အဲဒီကိစ္စ ဧဘးချိတ်၊ ငါတို့ လုပ်စရာရှိတာ လုပ်မှကွာ"

"ဟုတ်သားပဲ"

နောက်ဆုံးတော့ သူတို့နှစ်ဦး အလုပ်ခွင် ပြန်ဝင်ခဲ့ကြ၏။ သူတို့လုပ်ငန်းက လွယ်တော့ မလွယ်လှ။ ကားအလုအယက် မောင်းရ၏။ ခရီးသည်တွေကိုလည်း အလုအယက် တင်ရ၏။ အသံကိုလည်း ဝက်ဝက်ကွဲအောင် အော်ရ၏။

အလုပ်က ပြန်လာလျှင် ကြွဖတ်ကြီးများလို ပြားချပ်ပျော့ဖပ်နေတတ်လေ၏။ နိစ္စဓူဝအလုပ်ဖြစ်၍လည်း သူတို့အတွက် ရိုးအီနေပြီ ဖြစ်လေ၏။

ဂျာအေးတို့နှစ်ယောက် လိုက်နေသောကားမှာ အင်ဂျင်ကောင်းလှ၏။ ခရီးသည် ပြည့်သိပ်ပြွတ်ကျပ်အောင် တင်သော်လည်း လမ်းပေါ်တွင် တရှောင်းရှောင်း ပြေးလွှားနေတတ်သောကားကြီး ဖြစ်၏။ ဒရိုင်ဘာ ဦးရွှေကိုက မုဆိုးဖိုကြီး။ စိတ်ရှည်၏၊ သည်းခံ၏။

ကားလောကတွင်လည်း ချီးကျူးနေသူတစ်ဦးဟု ဆိုရချေမည်။ ကားချင်းဖိုက်ရမည်ဆိုလျှင် ဦးရွှေကိုက လက်နှေးတတ်၏။ လီဗာကို ခပ်ပြင်းပြင်းနင်းပြီး ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်သူ ဖြစ်သော်လည်း ဘာမှ အလုပ်မဖြစ်သည့်ကိစ္စဟု ထင်၏။

ကားချင်း အပြိုင်အဆိုင် မောင်းနေရသဖြင့် ခရီးသည်လည်း မတင်နိုင်။ ဂိတ်ရောက်တော့ ပိုက်ဆံ တစ်ပြားမှ ရသည်လည်းမဟုတ်။ အခန့်မသင့်လျှင် ယာဉ်တိုက်မှုတောင် ဖြစ်နိုင်သေး၏။





ထိုအခြေအနေများကြောင့် ဦးရွှေကိုက ကားဖိုက်သည့်အလုပ်ကို ဘယ်တော့မှ မလုပ်။ ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦး ဦးရွှေကို၏ စကားကို တစ်သဝေမတိမ်း လုပ်ဆောင်တတ်လေ၏။

ယခုလည်း သူတို့နှစ်ဦး ကားပေါ်ရောက်သည်နှင့် မနားမနေ လှုပ်ရှားနေရ၏။ ခရီးသည်တွေကလည်း မှတ်တိုင်ဟိုင်းတွင် ပြည့်ကျပ်နေတတ်၏။ ကားပေါ်တွင် အတွေ့အကြုံပေါင်းစုံကို တွေ့ရတတ်၏။

ခါးပိုက်နှိုက်၊ အရက်သမား၊ မရိုးမသားကြံစည်သူ စသည်ဖြင့် အမျိုးအမည် စုံလှ၏။ ပြဿနာပေါင်းစုံကိုလည်း နိစ္စဓူဝ ဖြေရှင်းနေရ၏။ ယခုလည်း ကားပေါ်တင်လာသည့် ခရီးသည်များကို အာပေါက်အောင် ပြောဆိုနေရ၏။

ခေါက်ရေ သုံးခေါက်ခန့် ဆွဲအပြီးတွင် ဓာတ်ဆီထည့်ရန် ထွက်ခဲ့ကြ၏။ ထိုစဉ် ကားနောက်ခုံတွင် ထိုင်နေသော လူကြီးတစ်ဦးကို မြင်လိုက်ရ၏။ ပါဝိတ်အင်္ကျီ ကြောင်ကြောင်ကျားကျား ဝတ်ဆင်ထားပြီး ပြုံးစိစိနှင့် ဂျာအေးကို လှမ်းကြည့်နေ၏။

"ဟ - ဘယ်လိုက်မှာတုံးဗျ"

"သွားတဲ့နေရာပေါ့ ကောင်လေးရာ"

"ဗျာ၊ ဟို - ဓာတ်ဆီသွားထည့်မလို့ဗျ"

"အေးလေ အဲဒီကို လိုက်တာပေါ့ကွာ"

"ဟင်"

ပုဂ္ဂိုလ်ကြီး၏ စကားကြောင့် ဂျာအေး လည်သွား၏။ သူ့ကို ပြုံးစိစိနှင့် ကြည့်နေသော ပုဂ္ဂိုလ်ကြီးကို နားမလည်ပါချေ။ ထိုစဉ် ဖျောက်ဆိပ်က ဝင်ပြောလိုက်၏။

"ဟာ - ဘယ်လိုက်မှာတုံးဗျ။ ကျုပ်တို့က ဓာတ်ဆီဆိုင်ပြီးရင် ထမင်းသွားစားဦးမှာဗျ။ ဘယ်လိုက်လို့ ဖြစ်ပါ့မလဲ"

"အေး - ဒါဆို ကျုပ်လည်း လိုက်မှာပေါ့ကွာ"

"အလို ဒီပုဂ္ဂိုလ်ကြီးက တစ်မျိုးပါလား"

"ဟဲဟဲ ဒီလိုပေါ့ကွာ၊ ကျုပ် ကားမစီးတာ ကြာပြီလေ။ ဒါကြောင့် ကျုပ် ကားလိုက်စီးတာကွ"

"ဗျာ"

ဖျောက်ဆိပ်လည်း လက်မြှောက်သွား၏။ ဆွဲချလို့လည်းမဖြစ်။ နောက်ဆုံးတော့ ဓာတ်ဆီဆိုင်ဘက်သို့ ထွက်ခဲ့ကြ၏။ ဆိုင်တွင် ကားတန်းကြီး ရှည်လှ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် တစ်နာရီနီးပါးခန့် စောင့်ဆိုင်းရ၏။ ပြီးသည်နှင့် ထမင်းဆိုင်ဘက် မောင်းနှင်ခဲ့၏။

ပုဂ္ဂိုလ်ကြီးမှာ ကားပြတင်းပေါက်ဘောင်ကို မှီကာ အိပ်ပျော်နေ၏။ ထမင်းဆိုင်ရောက်သည်နှင့် သူတို့သုံးဦး ကားပေါ်မှ ဆင်းခဲ့ကာ ချစ်တီးထမင်းဆိုင်ထဲ ဝင်ခဲ့ကြ၏။

ဦးရွှေကိုက ချဉ်ချဉ်ငန်ငန် စားတတ်သူ ဖြစ်၏။ ဦးရွှေကိုနှင့် လိုက်ရင်း ဂျာအေးတို့လည်း ခံတွင်းလိုက်နေ၏။ အမိကက ပဲကုလားဟင်း၊ မနုသန်နီဟင်းချို၊ ချတ်သနီး အစရှိသော အရသာ လေးလေးပင်ပင်ရှိသည့် အရသာများက ခံတွင်းကို ရှင်းလင်းသွားစေ၏။

သူတို့သုံးဦးက ဆိတ်သားမဆလာချက်၊ ပဲဟင်းချိုချို၊ ငရုတ်သီးကြော်လေးငါးတောင့်နှင့် ခံတွင်းတွေ့နေကြ၏။ ငရုတ်သီးခြောက်ကလည်း စပ်လိုက်သည့်ဖြစ်ခြင်း။

မဆလာနှင့် ချက်ထားသော ဆိတ်သားဟင်းကလည်း အဆီပြန်နေ၏။ ရနံ့ကလည်း ကရဝေးနံ့ မွှေးနေ၏။ မဆလာ၊ ကြက်သွန်အဖြူအနီ အနှစ်များများနှင့် ချက်ပြုတ်ထားသဖြင့် ခံတွင်းတွေ့လှ၏။ အသားကလည်း နူးအိနေ၏။ သူတို့သုံးဦး ခေါင်းမဖော်အောင် စားသောက်ပြီးကြသည်နှင့် ဆိုင်ထဲမှ ထွက်ခဲ့ကြလေ၏။

* * *



## အခန်း (၈)

ကားထဲတွင် အိပ်ပျော်နေသော ပုဂ္ဂိုလ်ကြီးမှာ ကားထွက်သည်နှင့် နိုးလာ၏။ သူတို့ကို ပြုံးစိစိကြည့်ရင်း ဆေးတံကြီးကို မီးညှိကာ တဖွာဖွာ လုပ်နေ၏။ ဂျာအေးတို့လူသိုက်မှာ ပုဂ္ဂိုလ်ကြီးကို တစ်ချက် လှမ်းကြည့်ရင်း ခေါင်းခါလိုက်၏။

"မလွယ်ဘူးဟေ့၊ ကားကို အပျော်လိုက်စီးတာဆိုတော့ စိတ်မှ မှန်ရဲ့လား မသိပါဘူး"

"ဟုတ်ပါ့ကွာ"

ပုဂ္ဂိုလ်ကြီးကတော့ သူတို့စကားကို ကြားတစ်ချက် မကြားတစ်ချက်။ ဆေးတံကို မီးနိုးထအောင် ဖွာရင်း ပြတင်းပေါက်ဘေးတွင် မှိန်းနေ၏။ သူတို့လူစု ဂိတ်ဘက်သို့ မောင်းချလာပြီး ရုံးချိန်နှင့် ကြုံနေသဖြင့် သုံးလေးခေါက် ဆွဲပစ်လိုက်၏။

ခရီးသည် ပြုံကျလာသည်မို့ တစ်ကားလုံး ကျပ်ခဲနေ၏။ ကားသံ၊ လူသံ၊ အော်သံဟစ်သံပေါင်းစုံနှင့် လုံးထွေးနေသောကားကြီး။ ပြေးလမ်းပေါ်တွင် ဝရုန်းသုန်းကား ပြေးလွှားနေ၏။ ခေါက်ရေငါးခေါက် ပြည့်သွားသောအခါ ဂိတ်တွင် ရပ်နားလိုက်ကြ၏။

"ဟာ - ဟိုပုဂ္ဂိုလ်ကြီး မဆင်းသေးပါလား"

"ဟင် - ဘယ်လိုပါလိမ့်၊ တော်တော့်ကို ထူးဆန်းလှပါလား"

"နေဦးဗျာ၊ ကျုပ် မေးဦးမယ်"

ဂျာအေးတစ်ယောက် ကားနောက်ခန်းတွင် မြိန့်မြိန့်ကြီးထိုင်နေသော ပုဂ္ဂိုလ်ကြီးကို ကြည့်ပြီး အံ့သြသွား၏။ တစ်နေကုန် ကားပေါ်မှမဆင်းဘဲ ကားလိုက်စီးနေသဖြင့် ဂျာအေး ခေါင်းစားသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ အစ်ကိုကြီး၊ ကားပေါ်မှာပဲ နေတော့မှာလားဗျ။ ကားသိမ်းပြီလေ"

"ဟေ - ကားသိမ်းပြီ ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်တို့တောင် ပြန်တော့မှာဗျ"

"ဩော် - ဒီလိုကိုး၊ ငါကတော့ ထပ်ထွက်ဦးမယ် ထင်တာကွ"

"ဟာ - အစ်ကိုကြီးကလည်း ခဏခဏ ထွက်နေရရင် အင်ဂျင်ကြီး ပေါက်ကွဲသွားမှာပေါ့ဗျာ"

"အေး - ဟုတ်သားကွ၊ လူမပြောနဲ့ စက်တောင် အနားပေးရတာပဲ၊ ဟုတ်တယ် ငါလည်း စက်ကြီးလိုပဲပေါ့ကွာ၊ နားချိန်တန် နားကို နားရမှာကွ။ ဒါကြောင့် ငါ ကားလိုက်စီးတာပေါ့"

"ဗျာ၊ ဟာ - အစ်ကိုကြီးကလည်း နားစရာရှားလို့ဗျာ၊ ကန်တော်ကြီးတို့ အင်းလျားတို့ ကာရာအိုကေဆိုင်တို့ ရှိသားပဲဗျ။ အဲဒီမှာ နားမှ ဇိမ်ကျမှာပေါ့ဗျာ"

"ဟေ - ဟုတ်လား"

ပုဂ္ဂိုလ်ကြီးမှာ ဂျာအေး၏စကားကို ဝမ်းသာအားရ ဖြစ်သွားကာ ထိုင်ရာမှ ထလိုက်၏။ ဂျာအေးတို့နှင့်အတူ ကားပေါ်မှ လိုက်ဆင်းလာ၏။ ပုဂ္ဂိုလ်ကြီး ကြည့်ရသည်မှာ မှုန်ပုံ သိပ်မရ၊ အမြဲတမ်း ပြုံးစိစိ နေတတ်သည်။ နှစ်ယောက်စလုံး သဲသယ ဖြစ်နေ၏။

အိမ်ပြန်မည်ဆိုတော့ ပုဂ္ဂိုလ်ကြီးက ဂျာအေးနောက် လိုက်မည်လုပ်နေ၏။

"ဘယ်လိုက်မှာတုံးဗျ"

"မင်းနဲ့ လိုက်မှာပေါ့ ညီလေးရာ၊ ဘာလဲ မင်းက ငါ့ကို ကျွေးမွေးရမှာ ကြောက်လို့လားကွ"

"ဗျာ၊ ဟာ - ဟုတ်ရပါဘူးဗျာ၊ အစ်ကိုကြီးက ဘယ်သူတုံး၊ ဘယ်ကတုံးဗျ။ ကျုပ်နာမည် ဂျာအေး၊ ဟောဒါ ကျုပ်ဆရာ ဖျောက်ဆိပ်ဗျ"

"ဟုတ်လား၊ ငါ့နာမည် စိန်ပေါ်စိန်ကွ"

"ဗျာ - စိန်ပေါ်စိန် . . . နာမည်က အံ့သြစရာပါလားဗျာ"

"ဟဲဟဲ၊ ဒီနာမည်ကြောင့် ငါဟာ အကြီးအကျယ် ကြီးပွားချမ်းသာခဲ့တာကွ။ ခုတော့ လမ်းပေါ် ရောက်နေပြီပေါ့ကွာ။ ထားပါတော့ ဂျာအေးရာ၊ မင်း ဘယ်သွားမှာလဲပြော၊ မင်း ဘယ်မှာနေလဲ။ အေး မင်းတို့နေတဲ့ဆီ ငါလိုက်မယ်"

"ဗျာ၊ မဖြစ်ဘူးထင်တယ်ဗျ"

"ဟေ - ဘာဖြစ်သတုံးကွ"



"ဟာ ကျုပ်တို့က အညာသားတွေဗျ။ အနေအထိုင် ဆင်းရဲတယ်၊ အစားအသောက်လည်း ချို့ငဲ့တယ်ဗျ။ မြို့မှာ ကုပ်ကတ်ရှာဖွေနေရတာဗျ။ အိမ်ကလည်း ကျဉ်းတယ်"

"ဟာကွာ အဲဒါ ငါ့အတွက် အဆန်းတကြယ် မဟုတ်ပါဘူးကွာ။ အရေးကြီးတာ စိတ်ချမ်းသာအောင် နေတတ်ဖို့ပဲ။ ပြီးတော့ မင်းပုံကြည့်ရတာ အပူအပင် ကင်းနေတဲ့ပုံပဲကွ။ မင်းဆရာ ဖျောက်ဆိပ်ကလည်း ထိုနည်းလည်းကောင်းပဲကွ။ ငါတော့ မင်းတို့နှစ်ယောက်ကိုကြည့်ပြီး အားကျသကွာ။ ဒါကြောင့် ငါ မင်းတို့နဲ့လိုက်မယ်"

"ဗုဒ္ဓေါ၊ ဂျာအေးရေ ပြဿနာတော့ ကောက်ရှုပ်ပြန်ပြီ ထင်တယ်ဟေ့"

"ဟုတ်ပ့ါဗျာ၊ ကိုစိန်ပေါ်စိန်ကြီး"

"ဘာတုံးကွ"

"ဟိုဗျာ ကျုပ်တို့က ဆင်းရဲသားရပ်ကွက်"

"တော်စမ်းပါကွာ၊ ငါ မင်းတို့နဲ့ လိုက်နေချင်တာ နေရာရွေးနေလို့ ဖြစ်မလားကွ။ မပူစမ်းပါနဲ့ကွာ ကဲ - သွားမယ်"

"အင်"

စိန်ပေါ်စိန်၊ နာမည်က ထူးဆန်းလွန်းလှသလို လူကလည်း ထူးဆန်း၏။ ပါတိတ်ဟာဝေယံရှပ် ခပ်ဖားဖား ဝတ်ဆင်ကာ အသားအရောင်ကအစ တောက်တောက်ပပရှိသော လူရည်သန့်တစ်ဦး၊ အရွယ်က ငါးဆယ်ကျော်သေးပုံ မရ။

ဆံပင်ကို သပ်ရပ်စွာ ဖြီးသင်ထား၏။ အပြောအဆိုကလည်း လူကြီးလူကောင်းဆန်၏။ ထိုသို့ ထူးခြားခံ့ညားလှသော ပုဂ္ဂိုလ်ကြီးက သူတို့နှင့် လိုက်နေမည်ဆိုတော့ နှစ်ယောက်စလုံး အံ့သြနေ၏။ တားမြစ်သော်လည်း တား၍ မရ၊ ဇွတ်လိုက်မည် ပြောနေသဖြင့် ခေါ်ခဲ့ရလေ၏။

လမ်းတစ်ဝက်အရောက် သူတို့နှစ်ဦး ဘုံဆိုင်တစ်ဆိုင်သို့ ဝင်ခဲ့ရာ ကိုစိန်ပေါ်စိန်လည်း လိုက်လာ၏။

"ဘာဆိုင်တုံးကွ"

"ဟဲဟဲ အရက်ဆိုင်လေ၊ ကိုစိန်ပေါ်စိန် သောက်တတ်လား၊ သောက်ချင်သောက်လေ"

"သောက်မယ် ကိုဖျောက်ဆိပ်ရာ၊ ကျုပ်က အဲဒီလို အရက်မျိုးကို သောက်ဖူးတာ မဟုတ်ဘူးဗျ"

"ဒါဆို သောက်ဗျာ၊ အမြည်းလည်းမှာ ကြိုက်တာမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်ပေါစိန်သည် ခုံစားပွဲရှည်ကြီးပေါ် ဖြန့်ခင်းထားသော အမြည်းခွက်များကို လိုက်ကြည့်နေ၏။ ငါးကြော်၊ ပြောင်းဖူးကြော်၊ ငါးခြောက်ကြော်၊ ငါးရှဉ့်ဟင်း၊ ပဲဆိတ်သားချက်၊ လက်ဖက်သုပ်၊ ဂျင်းသုပ်၊ မြင်းခွာရွက်သုပ် အမျိုးအမည် စုံလှ၏။

စားပွဲထောင့် ပန်းကန်ထဲ ထည့်ထားသော ဘဲခေါင်းညိုညိုကြီးများကို မြင်သွား၏။

"အဲ. . . အဲဒီ ဘဲခေါင်းကြီးတွေက ဘာလုပ်တာလဲကွ"

"အဲဒါ ခုတ်ပြီး သုပ်ပေးတာလေ။ ပဲမှုန့်ကောင်းကောင်း၊ ဆီချက်နိုင်နိုင်၊ ရှောက်ရွက်နဲ့ သုပ်တာ၊ အရသာက ရှိမှရှိ။ ပြီးတော့ ကြက်ခြေထောက်၊ ကြက်ခေါင်းနှင့် ချက်ထားတဲ့ ခွေးတောက်ရွက်ဟင်းချိုလည်း ရှိတယ်"

"ကောင်းလား"

"သိပ်ကောင်းတာပေါ့"

"ဒါဆို လုပ်စမ်းဗျာ"

ဦးစိန်ပေါစိန်တစ်ယောက် သူကြိုက်ရာကို မှာနေ၏။ ဂျာအေးနှင့် ဖျောက်ဆိပ်တို့လည်း စိန်ပေါစိန်ကို လက်လျှော့လိုက်ရ၏။ ချက်အရက်ကို ရေမရောဘဲ သောက်နေသော ဦးစိန်ပေါစိန်ကို ကြည့်ပြီး အံ့သြနေကြ၏။ ရေရောဖို့ ပြောသော်လည်း အရသာသိချင်၍ မြည်းစမ်းကြည့်ချင်ကြောင်း ပြောလာ၏။

မတတ်သာတော့ ထင်ရာစွတ်လုပ်နေသမျှ ငြိမ်ပြီး ကြည့်နေရ၏။ သုံးပက်ခန့် ဝမ်းထဲ ရောက်သောအခါ စိန်ပေါစိန် ပြုံးဖြီးဖြီး ဖြစ်လာ၏။

"မဆိုးဘူး၊ အရသာ ပြင်းရှရှနဲ့။ ဂျော်နီဝါကားတို့၊ ရှန်ပိန်တို့ထက် ကောင်းတယ်ကွ။ ဟောဒီ အသုပ်ဇာလည်း အရသာရှိပ။ မူးလည်း မူးတယ်ကွ"

"အင် - ဟို ခင်ဗျား အိမ်မပြန်တော့ဘူးလား ကိုစိန်ပေါစိန်"

"ဘာဖြစ်လို့ မေးတာတုံး ကိုဖျောက်ဆိပ်ရယ်၊ ခင်ဗျားတို့ မကြည်ဖြူဘူးလား။ ဟုတ်လည်း ဟုတ်သားဗျ၊ ကျုပ်လုပ်တာ နည်းနည်း ရှိင်းစိုင်းနေသကိုး"

"ဒီလိုလည်း မဟုတ်ပါဘူးဗျာ၊ ကိုစိန်ပေါစိန်အတွက် ပူပန်လို့ ပြောတာပါ"

"ဗျာ၊ ခင်ဗျားတို့က ကျုပ်ကို ပူပန်တယ် ဟုတ်လား၊ ဝမ်း . . . ဝမ်းသာလိုက်တာဗျာ။ ဟုတ်ပြီ၊ ခင်ဗျားတို့နှစ်ယောက်စလုံးဟာ ကျုပ်ရဲ့ မိတ်ဆွေကောင်းတွေပဲ၊ ကိုင်း - သောက်ကြစမ်းဗျာ၊ ကုန်ကျသမျှ စရိတ်ကို အကြွေးမှတ်ထားကျုပ်ပေးမယ်"

"ဟင်"





"ဘာလဲ ကျုပ်ကို မယုံလို့လားဗျ"

"ဟာ - ဒီလိုတော့ မဟုတ်ပါဘူးဗျာ"

"ကိုင်း ဒါဆို လုပ်ဗျာ၊ ဒီလို အရသာကို ဒီတစ်ခါပဲ ခံစားဖူးသဗျို့။ လောကကြီးမှာ ဒီလိုပွင့်လင်းငြိမ်းချမ်းတဲ့ အခြေအနေရှိနေပါသေးလားဗျို့ ဟားဟားဟား"

စိန်ပေါစိန်တစ်ယောက် ထင်ရာပြောရင်း အမြည်းတွေ မှာလိုက်၊ အရက်တွေ သောက်လိုက်နှင့် နောက်ဆုံး ချာချာလည်နေ၏။ ထိုင်ခုံပေါ် မှောက်လျက်သားကြီး ဖြစ်နေ၏။ နှစ်ယောက်သား ထပြန်မည်လုပ်သော်လည်း မပြန်ရက်ကြ။

"ဘယ်လိုလုပ်မလဲ ကိုကြီးဖျောက်"

"ထားခဲ့ပြန်လည်း ဒုက္ခတွေ့မယ်၊ ဘယ်မှာနေမှန်းလဲ မသိဘူး ဒုက္ခပါပဲကွာ။ ဘယ်လိုလုပ်ရမှန်းတောင် ငါ မသိတော့ဘူး"

"ဒါဆို အိမ်ခေါ်သွားမယ်ဗျာ၊ သူက ကျုပ်တို့ကို ခင်သွားတာဆိုတော့ တာဝန်ရှိတယ်ဗျ"

"ဟု - ဖြစ်ပါ့မလားကွ၊ အိမ်ကလည်း ကျဉ်းပါ့"

"ရပါတယ်ဗျာ၊ ကျုပ်နေရာမှာ အိပ်ပါစေ"

"ဒါဆိုလည်း မင်းပခုံးပေါ် ထမ်းကွာ၊ ငါ ကားငှားမယ်။ ဒီညတော့ အပုလေး ငါ့ကို ပြဿနာရှာပြီကွ"

"ဘာဖြစ်လို့လဲ ပိုက်ဆံ မအပ်နိုင်လို့လား ဖြစ်သမျှ အကြောင်းပေါ့ဗျာ"

နောက်ဆုံး စိန်ပေါစိန်ကို ပခုံးပေါ်ထမ်းကာ ဆိုင်ထဲမှ ထွက်ခဲ့ကြ၏။ လမ်းပေါ်ရောက်သည်နှင့် တက္ကစီကားတစ်စီးငှားကာ အိမ်သို့ ပြန်ခဲ့ကြလေ၏။

အပုလေးသည် စိန်ပေါစိန်၏ အဖြစ်ကို မြင်သည်နှင့် ထုံးစံအတိုင်း မေးခွန်းထုတ်လေတော့၏။

"ဘယ်သူတုံး ဘယ်ကလဲ"

"စိန်ပေါစိန်တဲ့ကွ၊ မူးနေတာနဲ့ အိမ်မှာအိပ်ဖို့ ခေါ်လာတာ"

"ရှင်၊ မူးလို့"

"ဟုတ်တယ်လေ"

"ဒါ. . . ဒါဆို တစ်ဆိုင်လုံးက အရက်သမားတွေ ကားနဲ့တင်ပြီး ခေါ်လာပါလား ကိုကိုဖျောက်ရယ်"

"မိန်းမကလည်း လုပ်ပြီကွာ၊ သူက ငါတို့မိတ်ဆွေကွ။ ပစ်ထားခဲ့ရင် မကောင်းလို့ကွ"

"အာလိုတော် သူ့မှာ နေစရာအိမ် မရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး- ဘယ်မှာနေမှန်းလဲ မသိဘူးကွ။ တစ်ချိန်လုံး ကားလိုက်စီးနေတယ်၊ ငါတို့ ထမင်းဆိုင်သွားလည်း လိုက်တယ်၊ ဓာတ်ဆီထည့်တော့လည်း လိုက်တယ်၊ အရက်ဆိုင်သွားလည်း လိုက်တယ်၊ ဟိုလိုက်ဒီလိုက်နဲ့ နောက်ဆုံး အိမ်ပါလိုက်လာတာကွ"

"ရှင်"

ဖျောက်ဆိပ်၏ စကားကြောင့် အပုလေးပင် နားဝေတိမ်တောင် ဖြစ်သွားရ၏။ အမူးသမားကို ကြည့်တော့လည်း ရုပ်ရည်က သန့်သန့်ပြန့်ပြန့်၊ ဂျာအေးသည် စိန်ပေါ်စိန်ကို ထမ်းကာ သူ့အိပ်ခန်းခေါ်ပြီး သိပ်လိုက်၏။ ထိုအချိန်တွင် ဖျောက်ဆိပ်တစ်ယောက် မူးမူးနှင့် အိပ်တော့မည် ပြင်ဆင်နေရာ အပုလေး၏ စကားသံ ပေါ်လာ၏။

"ကဲ - ဘယ်လိုတုံး ကိုယ်တော်ကြီးရဲ့"

"ဟေ - ဘာတုံး"

"အလို ဘာရမှာလဲ၊ ဘယ်မှာလဲ နတ်လိုင်စင်"

"နတ်လိုင်စင်"

"ဟုတ်တယ်လေ၊ ရှင့်သားကလည်း ကိုယ်တွေပူပြီး ဖျားနေတယ်နော်။ ဆေးခန်းသွားဖို့ ပိုက်ဆံလိုပြီ"

"ဟင် - ဒုက္ခပါပဲကွာ၊ ငါတို့ အဲဒီလူကြောင့် ပါလာတဲ့ပိုက်ဆံ ကုန်ပြီကွ"

"ရှင် - ဒါ . . . ဒါဆို ဘယ်လိုလုပ်ကြမတုံးတော့"

"ဟာကွာ မိန်းမကလည်း"

"ဘာမိန်းမကလဲတုံး။ ပိုက်ဆံ မပါဘဲ ရှင်တို့ ဘာကြောင့် ပြန်လာကြသလဲ၊ အဲဒီ စိန်ပေါ်စိန်ဆိုတဲ့လူက ရှင့်ယောက်ဖလား ပြောပါဦး"

"ဟေ - ကြမ်းလှချည်လားကွ"

"ခပ်ကြမ်းကြမ်းပဲ တော်ရေ့ ပိုက်ဆံမရှိရင် ကျုပ် လူမလုပ်တတ်ဘူးတော့"

"ဟိုက်"

ဖျောက်ဆိပ်တစ်ယောက် ချာချာလည်နေ၏။ အပုလေး၏ စကားလုံးတွေက သူ့အရှိက်ကို ဝါးပိုးဝါးနှင့် ဆောင့်အောင့်ထိုးလိုက်သလိုပင်၊ ဂျာအေးကိုကြည့်တော့လည်း ကြောင်စီစီ။ သူလည်း ဘာပြောလို့ ပြောရမှန်း မသိ။ စကားနည်းရန်စဲ ပြောဖို့ရာလည်း ပိုက်ဆံက အိတ်ထဲမှာ တစ်ရာတောင် မပြည့်ချင်တော့။

"မိန်းမ"

"ဘာတုံး"





"ဟိုကွာ၊ ဟို နားကပ်လေးပဲ"

"ဘာ - တော်ကြီးက အားအားရှိ ဒီနားကပ်ပဲ ထိခိုက်နေတယ်။ ဘာတုံး ကျုပ် နားကပ်ပန်တာ ရှင် ကြည့်လို့မရဘူးလား"

"ဟာ - အဲဒီလိုတော့ မဟုတ်ပါဘူးကွ၊ ဒါပေမယ့် အရေးအကြောင်းရှိလာတော့လည်း ဟဲဟဲ ခဏ ပြေးထားလိုက်ပေါ့ကွာ။ ပစ္စည်းသခင်ရဲ့ လူသခင်ရပါမိန်းမရယ်။ ရှိ တန်ဆာ၊ မရှိ ဝမ်းစာ . . ."

"တော်တော်၊ ရှင် စကားပုံတွေ၊ ဆိုရိုးတွေ ရွတ်မနေနဲ့"

"ဒီတစ်ခါ အပုလေးရာ"

ဖျောက်ဆိပ်တစ်ယောက် မနည်းကြီး တောင်းပန်ခဲ့ရ၏။ အပုလေးခမျာ ဒေါသစိတ်ကြောင့် အံကြိတ်ကြိတ်ထားရ၏။ လုပ်ပုံက အိမ်သူ ဘာဖြစ်ဖြစ်လုပ်လာပုံ။ နောက်ဆုံးတော့ ဖျောက်ဆိပ် ပြောသည့်အတိုင်း နားက နားကပ်ချွတ်၍ ချာလီ့မိန်းမ ထွေးမူယာဆီ ပြေးခဲ့ရလေ၏။

သူ ရောက်ရှိသွားချိန်တွင် ထွေးမူယာတို့ အိမ်ပေါ်တွင် လူတွေ တရုန်းရုန်း ဖြစ်နေ၏။ ချာလီသည် အပုလေးကို မြင်သည်နှင့် မျက်လုံးပြူးသွား၏။

"ဟာ - ကိုဖျောက်ဆိပ်ကတော်ပါလား၊ ဘာကိစ္စတုံး"

"ဟို - မမူယာ ရှိ . . . ရှိသလား"

"ဪ - ဒါဆို ခဏနော်"

သူတို့နှစ်ဦး ပြောဆိုနေစဉ် အရပ်လူကြီး ဦးပွ၏ စကားသံ ထွက်လာ၏။ အသံက မာမာထန်ထန်။

"ဘယ်လိုတုံး ထွေးမူယာ၊ မအေးစိန် ပြောတာ ဟုတ်သလား"

"အို - ဘယ်က ဟုတ်ရမှာလဲ အရပ်လူကြီးရယ်၊ သူ့ ဆွဲကြိုးပေါင်တုန်းက ကျွန်မလည်း ရေတွက်မှ မထားတာ"

"ရှင် ပြောင်မလိမ်နဲ့နော်၊ ကျွန်မ မပေါင်ခင်ကတည်းက ဆွဲကြိုးမှာပါတဲ့ အဆစ်ကလေးတွေ ရေတွက်ထားတာ။ ခုတော့ ပြန်လည်းရွေးရော သုံးဆစ်တောင် လျော့နေတယ်။ ဟိုတစ်လောတုန်းကလည်း ရှင် နှစ်ဆစ်လောက် ဖြုတ်ထားတယ် မဟုတ်လား"

"ဘာ - ညည်း ဘယ်လို ပြောလိုက်တာလဲ အေးစိန်၊ ပေါင်ကတည်းက ဘယ်နှဆစ်ပါတယ်ဆိုတာ ကျုပ်ကို ပြောပါလား"

"အို ပြောစရာလိုသလား၊ ရှင် ရိုးကို မရိုးဘူး၊ ဒီအလုပ် လုပ်လာတာ အန်တိုနေပြီ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ - ညည်းကမှား သေပေတော့"

"ဟာ - မလုပ်ကြပါနဲ့"

"ဖယ်စမ်း ခွေးမ"

"သေပေတော့"

"ဒုန်း ခွမ်း"

"အောင်မယ်လေးဗျ"

ပြဿနာက ဝုန်းဒိုင်းကြသွား၏။ ထွေးမှုယာနှင့် မအေးစိန်တို့နှစ်ဦး တစ်ယောက်တစ်ခွန်း ပြောဆိုနေကြရာမှ ထ၍ ရိုက်လားပုတ်လား လုပ်လာ၏။ တွေ့ကရာနှင့်ပေါက်၊ ထင်ရာနှင့်ရိုက် ဖြစ်ကုန်၏။ ချာလီရော အရပ်လူကြီးဦးဖွထပ်ပါ ဝင်၍ ဆွဲကြလွဲကြရ၏။

ထိုစဉ် မအေးစိန်၏ ပစ်လိုက်သည့် ပုလင်းပျံက အရပ်လူကြီး ဦးပွ၏ နဖူးတည့်တည့်ကို ထိကာ နဖူးကွဲသွားလေတော့၏။ သွေးရဲရဲသံရဲရဲမြင်မှ ပြဿနာ ငြိမ်းသွား၏။

ဦးပွခမျာမှာလည်း ကြမ်းပြင်ပေါ် မှောက်ခုံကြီး လဲကျနေ၏။ အပုလေးမှာ ဖြစ်စဉ်ကိုကြည့်ပြီး အံ့ဩနေ၏။ ထိုစဉ် သူတို့၏ ဖြစ်စဉ်သတင်းက ရပ်ကွက်ထဲ တစ်မုဟုတ်ချင်း ပြန့်သွားလေ၏။

သတင်းကြားလျှင်ကြားချင်း အော်ကြီးဟစ်ကျယ်နှင့် လိုက်လာသူက အရပ်လူကြီးကတော် ဒေါ်လုံးခင်။

"အောင်မယ်လေး ကိုပွရဲ့၊ ရှင်က တယ်ပြီး အရပ်လူကြီး လုပ်ချင်တာကိုး။ အခုတော့ နဖူးကွဲ၊ ဒူးပြဲပြီ မဟုတ်လားတော့ အီးအီး"

အိမ်ပေါ်ရောက်သည်နှင့် မှောက်ခုံကြီး လဲနေသော ဦးပွကို အတင်းဆွဲထူရင်း ထင်ရာမြင်ရာ ပြောဆိုလေ၏။ ချာလီတို့ လင်မယားမှာလည်း ကြောင်စီစီ ဖြစ်နေ၏။ မအေးစိန်မှာလည်း အရပ်လူကြီး၏ သွေးရဲရဲ သံရဲရဲ မျက်နှာကို မြင်တော့ အိမ်ပေါ်မှ ချာခနဲ လှည့်ဆင်းသွားလေ၏။

ဒေါ်လုံးခင်သည် ဦးပွကိုကြည့်ရင်း တအီးအီး ငိုချလိုက်၏။ ထို့နောက် ကြောင်စီစီ ရပ်ကြည့်နေသော ချာလီကို ကြည့်လိုက်၏။

"ဘယ်လိုတုံး မောင်ချာလီ၊ ငါ့ယောကျ်ား နဖူးကွဲအောင် မင်းရိုက်တာလား"

"ဗျာ"

"ပြောစမ်း၊ လာလည်းခေါ်သေး၊ နဖူးလည်း ရိုက်ခွဲတယ်ဆိုတာ လွန်ပြီ





ပော့၊ ငါ လုံးဝ မကျေနပ်ဘူး။ လုံးတုံး တစ်လုံးတည်း ရှိတယ်ပော့"

"ဟာ"

ဒေါ်လုံးခင်၏ အသံကြီးက ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အသံကြီး။ ထိုအသံကြီးကြောင့် ဂျာအေးရော ဖျောက်ဆိပ်ပါ အိမ်ပေါ်မှ ကမန်းကတန်း ခုန်ဆင်းလာကြ၏။ သူတို့စိတ်ထဲ အပုလေး ရန်ဖြစ်နေပြီဟု ထင်မှတ်နေကြ၏။

ချာလီတို့အိမ်ရောက်တော့ နဖူးပတ်တီးနှင့် ထိုင်နေသော ဦးပွကို မြင်လိုက်ရသဖြင့် နှစ်ယောက်စလုံး အံ့ဩသွားကြ၏။ ဒေါ်လုံးခင်ကလည်း ချာလီကို ကြည့်ပြီး ပျစ်ပျစ်နှစ်နှစ် ပြောဆိုနေ၏။

ချာလီတို့လင်မယား တစ်ခွန်းတစ်ပါဒမျှ ပြန်မပြောရဲကြ။ ဒေါ်လုံးခင်သည် ထဘီစွန်တောင်ဆွဲပြီး ရန်လုပ်နေ၏။

"ဘယ်လိုတုံး၊ နင်တို့ ပါးစပ်မပါကြဘူးလား။ ငါ့ယောကျ်ား နဖူးရိုက်ခွဲတာ ဘယ်သူတုံး ပြောလေ၊ ပြောကြပါဦးဟဲ့"

"ဟို. . . ဟို ဟိုဒင်း"

"ဘယ်လိုဖြစ်တာတုံး ချာလီရဲ့၊ ရိုက်တဲ့လူ လက်သည်မပေါ်တော့ဘူးလား။ တိုင်မယ် ဂတ်တိုင်မယ်"

"ဟာ - မတိုင်ပါနဲ့ဗျာ"

ချာလီတစ်ယောက် ဒေါ်လုံးခင်ကို ရှိခိုးမတတ် တောင်းပန်နေ၏။

ဂျာအေးသည် ပတ်တီးအဖွေးသားနှင့် ဦးပွကိုကြည့်ပြီး ပြုံးစိစိနှင့် ပြောလိုက်၏။

"ဘယ်လိုတုံး ဆရာပွ၊ ကိုချာလီလက်ရာ ဘယ်လိုနေသတုံးဗျ"

"ဟော့ကောင် ဂျာအေး၊ မင်းပါးစပ် ပိတ်စမ်း၊ အရပ်လူကြီးကွ ဒီလောက်တော့ ရှိမှာပေါ့"

"ဩော်- ဒီလိုကိုး၊ အရပ်လူကြီးက ကျေကျေနပ်နပ်နဲ့ အရိုက်ခံတာကိုး။ ကောင်းပါ့ဗျာ၊ ဆရာပွဟာ အရပ်လူကြီး ဖြစ်ထိုက်တဲ့ အရည်အချင်း ရှိပါရဲ့"

"တော်စမ်းကွာ၊ မင်း ဘာမှ ဝင်မပြောနဲ့။ ကဲ - မိန်းမ အိမ်ပြန်မယ်ကွာ"

"ဘာ - ရှင် မပြန်ရဘူး၊ ရှင့်ကို ချာလီရိုက်တာ မဟုတ်လား။ သူက ဘာဖြစ်လို့ ရိုက်သတုံး။ ဘာဖြစ်လို့ ကျေကျေနပ်နပ် အရိုက်ခံရတာလဲ ကျုပ်မကျေနပ်ဘူး"

"မဟုတ်တာကွာ၊ ချာလီက ငါ့ကို ရိုက်ပါ့မလား မိန်းမရဲ့။ မင်းလည်း ကြားစကားတွေပြောတာ ယုံနေပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရှင့်နဖူးက ဘယ်လို ကွဲသတုံး၊ ရှင့်ဘာသာရှင် တိုင်နဲ့ဆောင့်တာလား ပြောပါဦး"

"ဟုတ်တယ်ကွာ"

"အလိုတော်ရှင်၊ အရပ်လူကြီး မိုက်မဲလှပါလား။ ဂျာအေးပြောတာ မှန်နေပြီ။ သူတို့ဘာသာ ရန်ဖြစ်တာ ရှင်က ပြောမရလို့ တိုင်နဲ့ ခေါင်းနဲ့ ဆောင့်တာ မဟုတ်လား။ အံ့ပါရဲ့ အရပ်လူကြီးရယ်၊ တော်ပြီ ဒီကမနက်ကစပြီး ရှင် အရပ်လူကြီးလုပ်ဖို့ စိတ်မကူးနဲ့"

"ဟေ"

ဦးပွတစ်ယောက် ဒေါ်လုံးခင်၏ စကားကို ချဉ်တင်တင် ရှိလာသည်နှင့် တမင် ပြောချလိုက်ခြင်း ဖြစ်၏။ ထိုအပြောကို ဒေါ်လုံးခင်ရော ဂျာအေးတို့ပါ ယုံကြည်သွားကြ၏။ အရပ်လူကြီးအဖြစ်က တစ်ရပ်လုံး သတင်းပြန့်သွား၏။

တစ်ရပ်လုံးကလည်း အံ့ဩ၍ မဆုံးကြ။ တိုင်ကို နဖူးနှင့်ဆောင့်ကာ အရပ်လူကြီး လုပ်ချင်သော ဦးပွကို စုတ်တသပ်သပ် ဖြစ်နေကြ၏။ ထိုအချိန် ဂျာအေးတို့နှစ်ဦးမှာ အပုလေး၏ သဲသဲကွဲကွဲ ရှင်းပြသော စကားကြောင့် အံ့ဩနေကြ၏။

"ဩော် - ချာလီမိန်းမက ဒီလိုကိုး"

"ဟုတ်တယ်၊ မအေးစိန်က ပုလင်းနဲ့ပေါက်တာ၊ ကြားမှာရပ်နေတဲ့ အရပ်လူကြီးနဖူးကို ထိပြီး ကွဲသွားတာလေ"

"ဟားဟားဟား တော်တော် ရယ်စရာကောင်းတာပဲ၊ အမှန်တော့ အရပ်လူကြီး ဝင်လည်တာဗျ။ သူက ချာလီကို ခါးပိုက်ထဲ ထည့်ထားတာလေ။ ခုတော့ ချာလီကြောင့် နဖူးကွဲရပြီပေါ့ ဟားဟား"

ဂျာအေး၏ ကျယ်လောင်စွာ ရယ်မောလိုက်သော အသံက တစ်ရပ်လုံး ပျံ့နှံ့သွားလေတော့၏။

* * *



## အခန်း (၉)

"ဘယ်လိုတုံး ကိုစိန်ပေါ်စိန် အိမ်မပြန်တော့ဘူးလားဗျ"

"ဟေ - မင်းက ပြန်စေချင်ပြီလား၊ ဂျာအေးရ"

"ဟာဗျာ ကျုပ်က ပြန်တော့ မပြန်စေချင်ပါဘူး၊ ဒါပေမယ့် ကျုပ်ဆရာ လင်မယားအတွက် ခက်တာပေါ့ဗျာ။ ပါးစပ်ပေါက်များလာတော့"

"ဩော် - ဒီအတွက်ကြောင့် ခက်နေသကိုး၊ မပူစမ်းပါနဲ့ ဂျာအေးရာ။ ကိုင်း- မင်း ငါနဲ့ ခဏ လိုက်ခဲ့စမ်း"

"ဗျာ - ဘယ်ကိုတုံးဗျာ"

"လိုက်ခဲ့စမ်းပါကွာ"

စိန်ပေါ်စိန်သည် ကုလားထိုင်ပေါ်မှ ထလိုက်ပြီး အဝတ်အစား လဲလိုက်၏။ ထို့နောက် ဂျာအေးကိုခေါ်ကာ မြို့ထဲသို့ ထွက်ခဲ့ကြလေ၏။ စိန်ပေါ်စိန်၏ အပြုအမူက အချာချာ ပြုံးစိစိနှင့် ထင်ရာမြင်ရာလည်း ပြောဆိုတတ်၏။

သို့နှင့် မြို့ထဲဘက်သို့ အရောက်တွင် ပုဂ္ဂလိကဘဏ်ကြီးရှေ့အရောက် စိန်ပေါ်စိန်က ပြောလိုက်၏။

"ကိုင်း - မင်း ဒီမှာ ခဏစောင့်"

"ဗျာ၊ ဘဏ်ထဲ ဝင်မလို့လားဗျာ"

"ဒါပေါ့ကွာ၊ ဘာမှ မပူနဲ့ ဟောဒီမှာကြည့်"

"ဟင် - ဘာတုံးဗျ"

စိန်ပေါ်စိန်က သူ့အိတ်ထောင်ထဲမှ သားရေဖုံးနှင့် ဖုံးထားသော ကတ်ပြားလေး ထုတ်ပြလိုက်၏။ ဂျာအေးသည် ကတ်ပြားလေးကို ယူကြည့်ရင်း အံ့လည်းသြည် ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . ဘာတုံးဗျ"

"အဲဒါ ပိုက်ဆံထုတ်တဲ့ကတ်ကွ"

"ဗျာ၊ ပိုက်ဆံထုတ်တဲ့ကတ် ဟုတ်လား၊ မဖြစ်နိုင်တာဗျာ"

"ဒါဆို မင်း စောင့်ကြည့်နေ"

ဂျာအေးတစ်ယောက် မယုံမကြည် ဖြစ်နေ၏။ ထိုစဉ် စိန်ပေါ်စိန်သည် ဘဏ်ရှေ့တံခါးကို တွန်းဖွင့်ကာ အတွင်းသို့ ဝင်သွား၏။ အဖြစ်အပျက်က ဘယ်လိုမှ မယုံနိုင်ဖွယ်ပင်။

နောက်ဆုံး ဘဏ်ရှေ့ ပေါ်တီကိုကြီးအောက်တွင် ကြောင်စီစီ ရပ်စောင့်နေ၏။ ဆယ့်ငါးမိနစ်ခန့် အကြာတွင် စိန်ပေါ်စိန် ပြုံးစိစိနှင့် ထွက်လာ၏။ လက်ထဲတွင်လည်း ထောင်တန်အုပ်ကို တွေ့လိုက်ရ၏။

"ဟာ ခင်. . . ခင်ဗျား"

"ဒီမှာလေ အားလုံး တစ်သိန်းတိတိ ရှိတယ်။ ရော့ မင်းယူလိုက်၊ ငါ မင်းတို့နဲ့ ဆက်နေမယ်ကွ"

"ဗျာ - ဒါ. . . ဒါဆို ခင်ဗျား ကတ်ပြားက နတ်လိုင်စင်၊ ဟုတ်ပြီ၊ နတ်လိုင်စင်ပဲ ဖြစ်ရမယ်ဗျို့"

"ဟေ - နတ်လိုင်စင် ဘယ်လိုတုံးကွ"

"ဒီလိုလေဗျာ၊ လောကမှာ အရေးကြီးဆုံးက ပိုက်ဆံပဲ၊ ပိုက်ဆံရှိရင် လှူမယ်တန်းမယ် ပေးမယ်ကမ်းမယ်ဗျာ။ ဒီတော့ သေရင်လည်း နတ်ပြည် ကျိန်းသေရောက်မှာဗျ။ ဒါကြောင့် ပိုက်ဆံဟာ နတ်လိုင်စင်ပေါ့ဗျာ"

"ဟေ - ဟုတ်သားကွ၊ ဒါဆို"

"အဲဒါပေါ့ဗျာ၊ ခင်ဗျားလက်ထဲမှာ နတ်လိုင်စင်ကြီး ရှိနေပြီပဲ၊ အံ့ဩစရာပဲဗျာ"

"ကိုင်း - အဲဒါတွေ ဘေးချိတ်၊ ငါတို့နှစ်ယောက် နတ်ပြည်မရောက်ခင် ဘာလုပ်မလဲ"

"ဗျာ"

ဂျာအေးတစ်ယောက် စိန်ပေါ်စိန်ကို ကြည့်ရင်း အဖြေရှာမရအောင် ဖြစ်နေ၏။ ထူးထူးဆန်းဆန်း အပြုအမူများနှင့် သူ့ကို အံ့အားသင့်စေခဲ့သည်မို့ ဘာပြောရမှန်းပင် မသိ။

"ဘယ်လိုတုံး ဂျာအေးရ၊ ဘယ်လိုဖြစ်လို့ အူတူတူ ဖြစ်သွားရတာလဲ"

"ဟို - ခင်ဗျားက အတော့်ကို ထူးဆန်းလှတဲ့လူတစ်ယောက်ပဲ။ ကျုပ်တော့





ယုံတောင် မယုံနိုင်ဘူးဗျို့"

"ဒါတွေ ထားစမ်းပါကွာ၊ လောလောဆယ် မင်း ဘာလုပ်ချင်သတုံး၊ ရုပ်ရှင်ကြည့်မလား၊ မုန့်စားမလား ဒါမှမဟုတ် ဘာလုပ်ချင်သလဲပြော၊ တစ်ခုတော့ ရှိတယ်"

"ဘာလဲဗျ"

"ငါ မင်းကို ပြောစရာတွေ အများကြီးရှိတယ်။ ဒီတော့ နီးရာဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ရအောင်"

"ကောင်းသားပဲဗျာ"

နောက်ဆုံး သူတို့နှစ်ဦး ဇောင်းကျိုးချမ်းသာဟု အမည်တပ်ထားသည့် ဘီယာဆိုင်ထဲ ဝင်ခဲ့ကြလေ၏။ ဂျာအေး ဘီယာကို ယောင်လို့တောင် မသောက်ဘူးပါချေ။ သူ့ပါးစပ်တွင် ယဉ်ပါးနေသည်မှာ ချက်အရက်သာ ဖြစ်၏။ ယခုတော့ ရွှေအိုရောင် ဘီယာခွက်ကြီးများကို ကြည့်ရင်း အံ့ဩနေ၏။

အမြှုပ်တစီစီနှင့် ရေခဲတုံးလို အေးစက်နေသော ဘီယာခွက်ကို တစ်ငုံသောက်ကြည့်လိုက်၏။

"အား . . . ကော်င်းလှချည်လားဗျ"

"ဘာစားမလဲ မှာလေကွာ"

"မှာတတ်ဖူးဗျာ"

"ဒါဆို ငါမှာလိုက်မယ်"

ဂျာအေးသည် စားပွဲခုံပေါ်တွင် ချထားသော ကတ်ပြားကိုကြည့်ရင်း ခေါင်းတခါခါ ဖြစ်နေ၏။ ထို့ကြောင့်လည်း စိန်ပေါ်စိန် ကိုယ်တိုင် မှာလိုက်၏။ ကြက်ကင်တစ်ခြမ်း၊ ကန်စွန်းရွက်ပလိန်းတစ်ပွဲ၊ အာလူးကြော်တစ်ပွဲ စားပွဲပေါ်သို့ မကြာမီ ရောက်ရှိလာ၏။ စိန်ပေါ်စိန်သည် ဆေးတံထုတ်ကာ ဆေးထည့်၍ မီးညှိဖွာရှိုက်လိုက်၏။

"ဂျာအေး"

"ဗျာ"

"မင်း ငါ့ကို ဘယ်လိုထင်သတုံးကွ"

"ကျုပ်တော့ ဘာကို နားလည်ရမှန်းတောင် မသိဘူးဗျာ။ ကျုပ်စိတ်ထဲ ခင်ဗျားဟာ တကယ့် လူထူးလူဆန်းကြီးပဲဗျ"

"ဟားဟားဟား မဟုတ်ဘူး၊ ငါ ဘာမှ မဟုတ်ဘူး။ လူထဲက လူတစ်ယောက်ပါကွာ။ ဒါပေမယ့် ငါ အခုလို ထင်ရာလုပ် ထင်ရာနေ ထင်ရာသွား



www.burmeseclassic.com

www.burmeseclassic.com

နေတာ မင်းတို့အတွက်တော့ အထူးအဆန်းပေါ့ကွာ"

"ဟုတ်တယ်၊ ခင်ဗျား အသွင်အပြင် ကြည့်ရတာ ထင်သလို အိပ်စားသွားလာနေတဲ့ လူစားမျိုးတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဗျ"

"မှန်တယ်၊ မင်းပြောတာ အမှန်ပဲ။ မင်းကို ငါ မေးခွန်းတစ်ခု မေးမယ်။ မင်း ဖြေနိုင်သလောက် ကြိုးစားဖြေကြည့်ပေါ့ကွာ"

"ဘာများတုံးဗျ"

"ဒီလိုကွ၊ လူတစ်ယောက် သေရတော့မယ်ဆိုတာ သိရင် ဘာဆက်လုပ်သင့်သလဲ ပြောစမ်းကွာ"

"ဗျာ - သေရတော့မယ် ဟုတ်လား"

"အေးလေ သေမိန့်ချပြီးသား လူတစ်ယောက်အတွက် ဘာလုပ်သင့်တယ်လို့ မင်းထင်သလဲကွ"

"ဟာ - အဲဒီ အမိန့်ကြီး ရထားရင်တော့ မသေခင် လူ့ဘဝမှာ အမှန်အမှားမရွေးဘဲ ထင်သလိုနေမယ်ဗျာ။ ထင်သလို ပျော်ပစ်လိုက်မယ်ဗျာ၊ ဘယ်လိုလဲ"

"ဟုတ်ပြီ နောက်တော့ကော"

"ဟာ - လူ့ဘဝဆိုတာ ရခဲပါဘိဗျာ၊ ဒီတော့ လက်ရှိဘဝက မထွက်ခွာခင်လေးမှာ ကိုယ်လုပ်ချင်တဲ့အရာကို လုပ်သင့်တာပေါ့ဗျာ၊ ဘာတုံး ကိုစိန်ပေါစိန် ခင်ဗျားက သေမိန့်ကျပြီးသား လူတစ်ယောက်လားဗျ။ ခင်ဗျား စကားတွေကလည်း ဆန်းပါ့ဗျာ"

"ဟားဟားဟား ဟုတ်ပါ့ကွာ၊ ငါဟာ မကြာခင် လူ့ပြည်က မောင်းထုတ်ခံရတော့မှာကွ။ ပြောရရင် ငါ နေရလှ အလွန်ဆုံး နှစ်လပေါ့ ဂျာအေးရာ"

"ဗျာ၊ နှစ်လပဲ နေရတော့မယ်။ နေပါဦး ခင်ဗျားက ဘာဖြစ်လို့လဲဗျ။ ကျုပ်တော့ ခင်ဗျား ပြောတာတွေကို နားမရှင်းဘူးဗျာ။ ပွင့်ပွင့်လင်းလင်း ပြောလိုက်စမ်းပါ။ တစ်ခါတစ်ခါမှာ ရင်ထဲက ခံစားချက်တွေကို ပွင့်ပွင့်လင်းလင်းနဲ့ ပြောပြလိုက်တာ စိတ်ကျန်းမာရေးပဲ ကိုစိန်ပေါစိန်ရဲ့"

"ဟုတ်တယ်၊ မင်းစကားဟာ တန်ဖိုးရှိတယ်။ စိတ်ကျန်းမာရေး အဲဒီ စကားတော့ ငါ ထောက်ခံတယ်ကွာ။ လူတွေဟာ ကိုယ်ကာယလှပဖို့၊ ရောဂါဘယကင်းရှင်းဖို့အတွက် ရုပ်ခန္ဓာကို လေ့ကျင့်ခန်း လုပ်ကြတယ်။ တကယ် ပြောရရင် ကိုယ်ကာယ လှပတာထက် စိတ်လှပဖို့ လိုတယ်ကွ။ တစ်နည်း ပြောရရင် စိတ်လေ့ကျင့်ခန်းတွေ လုပ်ကို လုပ်ရမှာကွ။ မင်းပြောတာ အမှန်ပဲကွ၊ ခုဆို ငါ့ရင်ထဲမှာ မထွေးနိုင်မမျိုနိုင်အဖြစ်နဲ့ တနံ့နံ့ခံစားနေရတဲ့ ခံစားချက်တွေ





ရှိနေတယ်။ အဲဒီ ခံစားချက်တွေကို ဘယ်သူ့ ဖွင့်အန်ရမှန်းလဲ မသိဘူး။ ပြောရရင် စိတ်ဝေဒနာရှင်တစ်ဦး ဖြစ်မှန်းမသိ ဖြစ်နေတာပေါ့ကွာ။ ခုတော့ ငါ့စိတ်တွေ ကျန်းမာလာသလိုပဲ"

"ကောင်းတယ်၊ အဲဒီလို နားလည်လာလေလေ ခင်ဗျားဟာ လူ့ဘဝမှာ ကြာကြာနေခွင့်ရလေလေပဲဗျ"

ဂျာအေး စကားကို စိန်ပေါစိန်က ပြုံးစိစိ ကြည့်ရင်း ခေါင်းခါလိုက်၏။ သူ့မျက်နှာကလည်း တစ်မုဟုတ်ချင်း ညှိုးကျသွား၏။

"ဘာဖြစ်သွားတာတုံးဗျာ"

"လူ့ဘဝမှာ ကြာကြာနေခွင့်ရမယ် ဆိုတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ဂျာအေးရေ ငါဟာ သေကို သေရမယ့်လူတစ်ယောက်ပဲကွ"

"ဗျာ"

စိန်ပေါစိန် ပြောချလိုက်သည့် စကားကြောင့် ဂျာအေး ဇဝေဇဝါ ဖြစ်သွား၏။ ငွတ်ကြီး အမေ့ သေချင်နေသော စိန်ပေါစိန်ကို မရွံ့မရဲ ကြည့်ရင်း ဘီယာခွက်ကို ယူပြီး မော့ချလိုက်၏။ နီကြွပ်ကြွပ် ကြက်သားတစ်ဖဲ့ကို ခက်ရင်းနှင့်ထိုးကာ အချဉ်မြုပ်၍ စားလိုက်၏။ ထိုစဉ် စိန်ပေါစိန်၏ စကားသံ ထွက်လာ၏။

"ဂျာအေး၊ ငါဟာ မင်းတို့အမြင်မှာတော့ လူကောင်းပကတိပေါ့ကွာ။ ဒါပေမယ့် ငါ့မှာ ကြောက်စရာကောင်းလှတဲ့ ဝေဒနာဆိုးကြီး ရှိနေတယ်ကွ"

"ဗျာ၊ ဘာ. . . ဘာဝေဒနာတုံးဗျ"

"လွန်ခဲ့တဲ့ လပိုင်းက ငါ့ . . . ငါ့မိတ်ဆွေ ဆရာဝန်ဆီမှာ ပြသခဲ့ဖူးတယ်ကွ။ ငါဟာ မှတ်ဉာဏ်တွေ ချို့ယွင်းနေတယ်၊ သတိတွေ ခဏခဏ လည်နေတယ်၊ တစ်ခါတစ်ခါ မခံမရပ်နိုင်အောင် ခေါင်းကိုက်ရောဂါ ခံစားရတယ်ကွ"

"ဟုတ်လား၊ ဒါဆိုရင် ခင်ဗျားခေါင်းမှာ အဖုအကျိတ်တွေ ရှိမှာပေါ့ဗျာ"

"အေး၊ မင်း ခန့်မှန်းတာ မဆိုးဘူးကွ။ ငါ တကယ် ပြသကြည့်တော့ ငါ့ဦးနှောက်ရဲ့ညာဘက်ခြမ်းမှာ ကင်ဆာရောဂါဆိုးကြီး ဖြစ်နေပြီကွ"

"ဗျာ၊ ကင်ဆာ။ ကင်ဆာဆိုတာ ဘာတုံးဗျ၊ ကျုပ်တော့ အဲဒီ ရောဂါ အကြောင်းတောင် မကြားဖူးပါဘူးဗျာ"

"ကင်ဆာဆိုတာ အမြစ်ပွားနာလို့ပေါ့ကွာ၊ အမြစ်တွေက တဖြည်းဖြည်းကြီးလာပြီး ခေါင်းကို တောင်းကောင်း ဒုက္ခပေးတာကွ။ ခုတော့ အဲဒီ ရောဂါကအတော့်ကို ရင့်နေပါပြီကွာ။ နေရလှ တစ်လ၊ နှစ်လပေါ့ ဂျာအေးရာ"

"ဟာ - ခင်ဗျားရောဂါက ကြောက်စရာကြီးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်စရာကောင်းတာပေါ့ကွာ၊ ဒါပေမယ့် ငါ သေမှာကိုတော့ မကြောက်ဘူးကွ။ သတ္တဝါမှန်သမျှ သေရမှာချည်းပဲကွ။ သိပ်ပြီး ဆန်းကြယ်တဲ့ ကိစ္စတဲ့ မဟုတ်လှဘူးပေါ့ကွာ။ ဒါပေမယ့် ငါ့မှာ အသေမဖြောင့်နိုင်တဲ့ကိစ္စ ရှိတယ်"

"ဟင်"

"ဟုတ်တယ်၊ ငါ့ရင်ထဲမှာ အဲဒီကိစ္စ ခိုးလို့ခုလု ဖြစ်နေခဲ့ရတယ်ကွာ"

"ဘာကိစ္စများတုံး ကိုစိန်ပေါ်စိန်ရဲ့၊ ကျုပ် ကူညီလို့ရမယ့်ကိစ္စဆိုလည်း ကူညီရမှာပေါ့ဗျာ"

"အေး၊ မင်းကို ငါယုံတယ်။ ငါ မင်းကို ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ကွာ။ ငါဟာ တစ်ချိန်က စီးပွားရေးလောကမှာ ဘယ်သူမှ ယှဉ်လို့မရတဲ့ လုပ်ငန်းရှင်ကြီးတစ်ဦးပါပဲ။ ငါ့မှာ ရွှေငွေစည်းစိမ်ဆိုတာ ပြောစရာ မလိုဘူး။ အဲဒီလို ချမ်းသာလာမှုကြောင့် ငါဟာ မိုးမမြင် လေမမြင်နဲ့ ကိုယ့်ကိုယ်ကိုယ် တကယ့် မိလျှံနာ ကြီးလို့ ထင်မြင်ခဲ့တယ်ပေါ့ကွာ"

"ဘာတုံးဗျ၊ မိလျံနာဆိုတာ"

"ဩော် - သန်းကြွယ်သူဌေးပေါ့ကွာ၊ အဲဒီလို ကိုယ့်ကိုယ်ကိုယ် အထင်ကြီး အမြင်ကြီး ဖြစ်ခဲ့ရာက အောက်ခြေလွတ်သွားခဲ့တယ်လေ။ တကယ်တော့ ငါ့ဘဝ အစက တောင်ခြေဇနပုဒ် သူဆင်းရဲရွာက အစပြုခဲ့တာပဲကွ။ အဲဒီဘဝလေးကို ငါ မေ့ခဲ့တယ်လေ။ ဒါဟာ ငါ့ရဲ့ အကြီးမားဆုံး အမှားပဲ ဂျာအေးရေ"

"ပြောစမ်းပါဦးဗျာ၊ ခင်ဗျားအဖြစ်က စိတ်ဝင်စားစရာပဲဗျ"

"ဒီလိုကွ"

စိန်ပေါ်စိန်သည် သူ့ဘဝ၏ ကုန်လွန်ခဲ့ပြီးသော အဖြစ်အပျက်များကို အနေးပြကွက်ပမာ ပြန်လည် မြင်ယောင်လာလေ၏။

* * *

ထိုစဉ် စိန်ပေါ်စိန်၏ အမည်ရင်းမှာ စိန်ပေါ်ဟုသာ အမည်တွင်သေး၏။ သူတို့ရွာကလေးမှာ ပဲခူးရိုးမ တောင်ခြေရှိ ရွာကလေးတစ်ရွာ ဖြစ်၏။ ကုန်းတွင်း ဘက်ကျသည်မို့ အလုပ်အကိုင် အလွန်မှ ရှားပါးလှ၏။

ရွာသားအများစုမှာ တောင်ပေါ်တက်ကာ သစ်ခုတ်၊ ဝါးခုတ် အလုပ်နှင့်သာ အသက်မွေးကြရ၏။

စိန်ပေါ်သည် ရွာသားများနည်းတူ သစ်ဝါးခုတ်ရန် မိုးမလင်းခင်ကတည်းက တာတက်ရ၏။ သူ့မှာ မိဘနှစ်ပါး မရှိတော့။ ဖူးဝါဆိုသော ညီမလေးတစ်ဦးသာ





ရှိ၏။ ညီမလေး ဖူးဝါမှာ ချူချာလွန်းသူလေး ဖြစ်၏။ သူတို့မောင်နှမနှစ်ဦးသည် အဒေါ်လုပ်သူအိမ်တွင် ကပ်နေရလေ၏။

အဒေါ်၏ ယောက်ျားမှာ အရက်သမားကြီးတစ်ဦးဖြစ်ပြီး အပြုအမူအနေ အထိုင်ကအစ ကြမ်းတမ်းခက်ထန်လွန်းလှ၏။ အဒေါ်ဖြစ်သူတွင် သားသမီးသုံး ယောက်ရှိ၏။ သူတို့မိသားစု၏ စီးပွားရေးကလည်း ပါးရှားပိန်လှီလှ၏။ အဒေါ် ကိုယ်တိုင် အလုပ်ထွက်လုပ်နေရ၏။ ဖျာရက်၊ တောင်းရက်ဘဝနှင့် ရပ်တည်နေ ရသည်မို့ သူတို့မောင်နှမနှစ်ဦး ဒုက္ခကို လှည့်မကြည့်နိုင် ဖြစ်ခဲ့ရ၏။

ထိုအခါ စိန်ပေါ်တို့မောင်နှမခမျာ ဆင်းရဲဒုက္ခကြား ထမင်းမဝတဝစားရင်း ပိန်ပိန်လှီလှီနှင့် ရှင်သန်ခဲ့ကြ၏။ စိန်ပေါ် အရွယ်ကလေး ရလာသောအခါ အဒေါ်၏ ယောက်ျားနှင့်အတူ တောတက်ခဲ့ရ၏။

အဒေါ်၏ယောက်ျား ကိုဘမျိုးမှာ တောတက်သည် ဆိုသော်လည်း သစ် တစ်ပင် ဝါးတစ်ပင်ကို လက်ကြောတင်းအောင် ခုတ်သူမဟုတ်။ အရိပ်အာဝါသ ကောင်းကောင်းရှာပြီး အရက်တစ်ပုလင်းနှင့် အဖော်ဖွဲ့နေတတ်သူ ဖြစ်၏။

စိန်ပေါ်ခမျာ မြွေပါးကင်းပါး မကြောက်နိုင်၊ ဝါးရုံပင်ကြီးများကြား တိုးဝှေ့ ကာ ဝါးကောင်းကောင်းရှာ၍ ခုတ်ခဲ့ရ၏။ တစ်နေကုန် မမောမပန်း လုပ်ကိုင်ခဲ့ ရသည်။ ညနေစောင်းလုလုမှ တောင်ပေါ်က ဆင်းလေ့ရှိ၏။

ထိုသို့ အလုပ်ကို ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ရပါသော်လည်း စားရတော့ မဝရေစာ စားရ၏။ သူ့အတွက် အကြောင်းမဟုတ်လှသော်လည်း ညီမလေးဖူးဝါ မစားရမှာ စိုးရိမ်လှသဖြင့် သူစားမည့်အထဲက ခွဲဝေပေးခဲ့ရ၏။ သူတို့ မောင်နှမ နှစ်ဦး၏ ရှင်သန်မှုက ကျောက်စရစ်ကုန်းခေါင်ခေါင်တွင် ကုတ်ကတ် ရှင်သန်နေ ရသော တောရိုင်းပင်များနှယ်ပင်။

ကြမ်းတမ်းလွန်းလှသော လောကဓံဆိုးကြီးကြား ဘဝကို လိမ်ဖယ်လိမ်ဖယ် နှင့် ဖြတ်သန်းခဲ့ရ၏။ ဦးလေး ဦးဘမျိုးကလည်း မူးလာလျှင် သူ့ကို ကြမ်းကြမ်း တမ်းတမ်း ရိုက်နှက်တတ်၏။ ခြေထောက်နှင့်ကန်၊ နွားရိုက်သည့်ကြိမ်လုံးနှင့် ရိုက်၊ အော်ဟစ် ကြိမ်းမောင်းကာ ဘီလူးကြီးတစ်ကောင်လို့ ကျင့်ကြံတတ်သည်မို့ အကြောက်ကြီး ကြောက်ခဲ့ရလေ၏။

ထိုသို့ ဒုက္ခများစွာကြား မသေရုံတစ်မည် ရှင်သန်ရင်း နေထိုင်ခဲ့ကြရာ တစ်ချိန်တွင် ရွာသို့ အမဲလိုက်အဖွဲ့တစ်ဖွဲ့ ရောက်ရှိလာလေ၏။

အားလုံး သုံးယောက်၊ ခေါင်းဆောင်လုပ်သူမှာ မြန်မာလူမျိုးတစ်ဦးဖြစ်ပြီး ကျန်နှစ်ဦးမှာ အနောက်တိုင်းသား မျက်နှာဖြူကြီးနှစ်ဦး ဖြစ်၏။ မြန်မာလူမျိုး



www.burmeseclassic.com

www.burmeseclassic.com



သားကြီး၏ အမည်မှာ ဦးစောရွှေဖိ ဖြစ်၏။ အမဲလိုက်မုဆိုးဘဝနှင့် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သူ ဖြစ်လေ၏။

အနောက်တိုင်းသား နှစ်ဦး၏ နာမည်မှာ မစ္စတာတိုင်ရာနှင့် မစ္စတာသောမတ်တို့ ဖြစ်ကြ၏။ သူတို့နှစ်ဦးသည် တစ်ဝမ်းကွဲ ညီအစ်ကိုများ ဖြစ်ကြပြီး ဝါသနာလည်း တူလှ၏။ ရွာသို့ ရောက်လာသောအခါ ကူဖော်လောင်ဖက်အဖြစ် စိန်ပေါ်ကို ငှားရမ်းခဲ့၏။

ငွေကြေး မြိုးမြိုးမြက်မြက်ရသည်မို့ စိန်ပေါ် ခေါင်းညိတ်ခဲ့၏။ ရလာသော ပိုက်ဆံတစ်ဝက်ကို ညီမလေး ဖူးဝါအား ပေးခဲ့ပြီး ကျန်တစ်ဝက်ကို အဒေါ်လုပ်သူအား ပေးအပ်ခဲ့လေ၏။

သို့နှင့် စိန်ပေါ်သည် မစ္စတာတိုင်ရာ၏ ပစ္စည်းပစ္စယများကို ထမ်းပိုးကာ တောင်ပေါ်စခန်းသို့ လိုက်ပါခဲ့၏။ သူတို့သွားမည့်ခရီးက လူသူ အရောက်အပေါက်နည်းသော တောအုပ်ကြီး ဖြစ်လေ၏။

သားရဲတိရစ္ဆာန်ပေါင်းစုံ မြူးထူးပျော်ပါးရာဖြစ်ပြီး နာနာဘာဝ၊ ဝိနာဘာဝတို့ ပျော်မြူးရာ တောအုပ်ကြီး ဟူ၍လည်း အယူရှိလေ၏။ ထိုတောအုပ်ကြီးဆီသို့ ဘယ်သူမှ မသွားရဲပါချေ။ သွားလျှင်လည်း ပြန်လမ်းမရှိသည့်ခရီးဖြစ်၍ ခြေဦးပင် မလှည့်ရဲကြပါချေ။

ထိုအခြေနေကြားတွင် သူတို့လူစု သက်စွန့်ဆံဖျား ဝင်ရောက်ခဲ့ကြ၏။ တောင်တန်းကြီးများ၊ လျှိုမြောင်၊ ကုန်းကမူများ ပေါများလှသည်မို့ ပေါက်ရောက်ရှင်သန်နေကြသည့် သစ်ကြီးဝါးကြီးများကလည်း မှိုင်းညို့နေလေ၏။

သူတို့လူစု တစ်တောင်တက် တစ်တောင်ဆင်းနှင့် ခရီးဆက်ခဲ့ကြရာ မကြာမီ တောအုပ်မျက်မည်းကြီးထဲသို့ ရောက်ရှိလာလေ၏။

ဦးစောရွှေဖိမှာ မုဆိုးဝါရင့်ကြီးတစ်ဦးဖြစ်ပြီး သူ့ကိုယ်ပေါ်တွင် ကြီးမားသော ဒူးလေးကြီးတစ်စင်းကို အမြဲ စလွယ်သိုင်းထားတတ်၏။ သူ ပစ်ခတ်သည့် မြားအဆိပ်ကလည်း တစ်စွေ့ခုန်မြားအဆိပ်ဖြစ်၍ မြားချက်ထိသည့် သတ္တဝါ မှန်သမျှ တုံးခနဲ လဲကျ သေဆုံးသွားနိုင်၏။

မစ္စတာတိုင်ရာနှင့် မစ္စတာသောမတ်တို့ ညီအစ်ကိုမှာ ကိုယ်ပေါ်တွင် ရိုင်ဖယ်ကိုယ်စီ လွယ်ထားပြီး ပျော်ပျော်နေတတ်သူများ ဖြစ်ကြ၏။

သူတို့လူစု တောအုပ်ကြီးထဲ ဝင်လာသောအခါ အရိပ်ရသည့် သစ်ပင်ကြီး တစ်ပင်အောက်တွင် ယာယီတဲထိုး၍ နေထိုင်ခဲ့ကြ၏။

မစ္စတာတိုင်ရာတို့နှစ်ဦးသည် သားကောင်ကြီးကြီးကိုမှ ပစ်ခတ်လိုသူ ဖြစ်





ကြ၏။ သူတို့ အဓိက ပစ်ခတ်လိုသည်မှာ တောသုံးထောင်ကို အုပ်စိုးသော ကျားကြီးများပင် ဖြစ်လေ၏။

ကျားကြီးများမှာ ညပိုင်းတွင်သာ အစာရှာထွက်လေ့ ရှိသည်မို့ သူတို့လူစုလည်း မနက်ပိုင်း အနားယူပြီး ညဦးပိုင်းရောက်မှ အမဲပစ်ထွက်ကြ၏။

ညဦးပိုင်းရောက်လာလျှင် တောအုပ်ကြီးတစ်ခုလုံး မှောင်နှင့်မည်းမည်း ဖြစ်နေပြီး သားရဲတိရစ္ဆာန်ပေါင်းစုံ၊ ပိုးမွှားများ၏ အော်သံမြည်သံများကို ကြားနေရ၏။ တစ်ခါတစ်ရံ ကျားဟိန်းသံသဲ့သဲ့ကိုပင် ကြားနေရတတ်၏။

သူတို့လူစုသည် လက်နှိပ်ဓာတ်မီးတဝင်းဝင်းနှင့် ချုံနွယ်ပိတ်ပေါင်းများကြား ဖြတ်သန်းခဲ့ကြ၏။ ကြမ်းတမ်းလွန်းလှသည့်ခရီးမို့ သတိကြီးစွာနှင့် သွားလာခဲ့ကြရ၏။

ထိုသို့ အမဲပစ်ထွက်ခဲ့စဉ် မိုးက သဲကြီးမဲကြီး ရွာချလေတော့၏။ မိုးနှင့်အတူ လေပြင်းမုန်တိုင်းပါ ကျရောက်လာသဖြင့် သစ်တောအော်သံကြီးကို ဝက်ဝက်ကွဲအောင် ကြားရလေတော့၏။

သစ်ပင်၊ သစ်ကိုင်း၊ သစ်ခက်များကလည်း လေပြင်းမုန်တိုင်းကြား တွန့်လိုးယိမ်းခါနေ၏။ လမ်းတစ်လျှောက်လုံး ဖွေးဖွေးလှုပ်အောင် သက်ဆင်းနေသော မိုးသီးမိုးပေါက်များကြောင့် သူတို့လူစုမှာ ခရီးမဆက်နိုင် ဖြစ်နေကြ၏။

လမ်းတွေကလည်း ချော်နေ၏။ လေပြင်းတိုက်ခိုက်မှုကြောင့် သစ်ကိုင်း သစ်ခက်များ ကျိုးကျကာ လမ်းတွေလည်း ပိတ်ဆို့နေ၏။ လမ်းတစ်ဝက် ဖြစ်နေ၍ လှည့်ပြန်လို့လည်း မရ။ နောက်ဆုံး သစ်ကိုင်း အကျိုးအပဲ့များကြား ခက်ခက်ခဲခဲ ဖြတ်သန်းကြရင်း ကြီးမားသော တောင်ပူစာကြီးတစ်လုံးအောက်သို့ ရောက်ရှိသွားကြ၏။ သူတို့ အားလုံး ရွှဲရွှဲစိုနေပြီး မိုးဒဏ်ကြောင့် ခိုက်ခိုက်တုန်နေ၏။

ဦးစောရွှေဖိသည် သစ်ကိုင်းခြောက်များနှင့် မီးကို မရ ရအောင် မွှေးကာ မီးဖိုခဲ့၏။ စိန်ပေါ်သည် ပါလာသည့် အစားအသောက်များကို ချက်ပြုတ်လိုက်၏။

မိုးလေဒဏ်ကြောင့် သူတို့လူစု တောင်ပူစာကြီးအောက်မှ မထွက်နိုင်ကြ။ မိုးကလည်း အဆက်မပြတ် ရွာသွန်းနေဆဲ။ လေကလည်း တဟူးဟူး တိုက်ခတ်နေဆဲ။ မြေပြင်ပေါ်မှာလည်း မိုးရေ စိုစွတ်နေသော ရွက်ကြွေများ၊ သစ်ကိုင်း သစ်ခက်များ ဖွေးဖွေးလှုပ်နေလေ၏။

ထိုသို့ အချိန်ကြာမြင့်စွာ နေထိုင်ရင်း သူတို့လူစု မိုးစဲအောင် စောင့်ဆိုင်းခဲ့ကြ၏။ အသံဗလံပေါင်းစုံကလည်း တစ်တောလုံး၊ တစ်တောင်လုံး သောသော



www.burmeseclassic.com

www.burmeseclassic.com



ညံ့နေ၏။ မိုးက စဲမည့်ပုံမပေါ်။ နောက်ဆုံး သူတို့လူစု မီးပုံဘေးတွင် အိပ်စက်ခဲ့ကြလေ၏။

စိန်ပေါ်ခမျာ ခြုံစောင်တစ်ထည်သာ ပါလာသဖြင့် အအေးဒဏ်ကို မခံနိုင်။ မီးဖိုဘေးထိုင်ရင်း ထင်းထည့်နေ၏။ မိုးလင်းလုလုအချိန်တွင် မိုးစဲသွားခဲ့သဖြင့် စိန်ပေါ်လည်း မီးပုံဘေးတွင် အိပ်ပျော်သွားခဲ့၏။

ထိုသို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ရာ အချိန် အတန်ကြာသွားခဲ့၏။ ထိုစဉ် နားထဲ ထူးထူးဆန်းဆန်း အသံဗလံကြီးများ ကြားလိုက်ရသဖြင့် စိန်ပေါ် အိပ်ရာမှ ရုတ်ခနဲ လန့်နိုးလာ၏။

ဘေးဘီကို ကြည့်လိုက်သောအခါ ဦးစောရွှေဖိုးနှင့် မစ္စတာသောမတ်တို့ကို မတွေ့ရ။ မစ္စတာတိုင်ရာမှာ အိပ်နေရင်း တဟီးဟီးနှင့် ညည်းညူသံပေးရင်း အဖျားတက်နေ၏။

စိန်ပေါ်သည် မစ္စတာတိုင်ရာ၏ ကော့ပိုးအိတ်ကို ဖွင့်ကာ ဆေးပုလင်းများထုတ်၍ ဆေးတိုက်လိုက်၏။ မီးကင်ထားသည့်ပေါင်မုန့်ကို အသားညှပ်၍ ကျွေးမွေးလိုက်သဖြင့် မစ္စတာတိုင်ရာ အနည်းငယ် သက်သာသွားပုံရ၏။ ထိုအခါ စိန်ပေါ်သည် မစ္စတာတိုင်ရာကို ထားခဲ့ပြီး ဦးစောရွှေဖိုးတို့ကို ရှာဖွေခဲ့၏။

သူ့လက်ထဲတွင် ဓားကြီးတောင်ဓားတစ်ချောင်းသာ ပါ၏။ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းရင်း ဦးစောရွှေဖိုးတို့ကို ရှာဖွေခဲ့ရာ မကြာမီ တသွင်သွင် စီးဆင်းနေသော ချောင်းနံဘေးတွင် လူတစ်ယောက် လဲကျနေသည်ကို တွေ့လိုက်ရ၏။

ထိုသူမှာ မစ္စတာသောမတ် ဖြစ်၏။ ခြေထောက်တစ်ဖက် မရှိတော့။ သွေးရဲရဲ သံရဲရဲနှင့် အသက်ပျောက်နေ၏။ တစ်ကိုယ်လုံးလည်း သတ္တဝါကြီးတစ်ကောင်ကောင်က ကိုက်ခဲထားသလိုပင်။ အစွယ်ရာကြီးများကို တွေ့လိုက်ရ၏။

စိန်ပေါ်သည် မစ္စတာသောမတ်၏အလောင်းကို ထမ်းပိုးကာ မစ္စတာတိုင်ရာဆီသို့ ပြန်ခဲ့၏။ လူတစ်ယောက်လုံး ထမ်းထားရသည်မို့ ခက်ခဲပင်ပန်းလှ၏။ ကန့်လန့်ဖြတ် ကာဆီးနေသော သစ်ကိုင်းသစ်ခက်များကို မနည်းကြီး ခုတ်ထွင်ဖြတ်သန်းခဲ့ရ၏။

သို့နှင့် သူတို့ စခန်းချရာ တောင်ပူစာကြီးအနီးသို့ အရောက်တွင် အော်သံဟစ်သံကြီးများကို ကြားလိုက်ရ၏။ ထိုအသံကြီးများကြောင့် စိန်ပေါ်သည် မစ္စတာသောမတ်၏ အလောင်းကို ချုံတစ်ချုံထဲ ဝှက်ခဲ့ကာ အသံလာရာသို့





ချဉ်းကပ်ခဲ့၏။

တောင်ပူစာကြီး အနီးသို့ အရောက်တွင် မြင်လိုက်ရသောမြင်ကွင်းကြောင့် မျက်လုံးမျက်ဆန်ပြူးသွားခဲ့ရ၏။ မြင်ကွင်းက တခြားမဟုတ်၊ ခါးရိုး ရှည်လျားလှသော ကျားကြီးတစ်ကောင်က မစ္စတာတိုင်ရာ့ကို အတင်း တိုက်ခိုက်နေခြင်းပင်။

မစ္စတာတိုင်ရာသည် လက်ထဲမှ ရိုင်ဖယ်သေနတ်ကြီးနှင့် ပစ်ခတ်တိုက်ခိုက်သော်လည်း ကျားကြီးက တစ်လှမ်းမဆုတ်၊ သွေထဲ ခုန်အုပ်ကာ ကြီးမားသော အစွယ်ကြီးများနှင့် အမွေ ဝင်၍ ကိုက်လေတော့၏။

မစ္စတာတိုင်ရာခမျာ ငယ်သံပါအောင် အော်ဟစ်နေ၏။ ထိုမြင်ကွင်းကြောင့် ပုန်းအောင်း ကြည့်ရှုနေသော စိန်ပေါ်သည် ချုံထဲမှ အတင်း ထိုးထွက်ကာ လက်ထဲမှ ဓားကြီးတောင်ဓားနှင့် ကျားကြီး၏ မနောက်ကျောကို အားနှင့် ခုတ်ချလိုက်၏။ ဓားက အသွားမြည့်နေသည်မို့ ကျားကြီးခမျာ ဖင်ထိုင်လျက်သား ကျသွား၏။

ထိုအခါ ဓားနှင့် ကျားကြီး၏ လည်ပင်းကို ဆင့်ကဲဆင့်ကဲ ဝင်၍ ခုတ်ပစ်လိုက်ရာ နောက်ဆုံး ကျားကြီးလည်း သွေးအိုင်ထဲ အသက်ပျောက်သွားလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဂျာအေးသည် စိန်ပေါစိန် ပြောပြသော ဖြစ်စဉ်ကို စိတ်ဝင်တစား နားထောင်နေခဲ့၏။ စိန်ပေါစိန်သည် သူ ဖြစ်ပျက်ခဲ့သမျှကို ဆက်၍ အကျဉ်းချုံး ပြောပြလိုက်၏။

"အဲဒီလိုနဲ့ ငါဟာ မစ္စတာတိုင်ရာကို ကယ်ခဲ့တာမို့ မစ္စတာတိုင်ရာဟာ ငါ့ကို ကျေးဇူးအတင်ကြီး တင်ခဲ့တယ်။ ဒီလိုနဲ့ ရွာလည်း ပြန်ရောက်ရော ငါတို့ဘဝအကြောင်းတွေကို မေးမြန်းခဲ့တယ်။ ငါတို့ရဲ့ ဆင်းရဲနွမ်းပါးလှတဲ့ဘဝကို သိသွားတဲ့အခါမှာတော့ မစ္စတာတိုင်ရာဟာ သူနဲ့အတူ ငါ့ကို မြို့လိုက်ဖို့ ခေါ်ခဲ့တယ်။ ငါ့ညီမလေးကို ကောင်းကောင်း စောင့်ရှောက်ထားဖို့လည်း အဒေါ်တို့ကို ငွေကြေးအပြည့်အစုံပေးခဲ့တယ်လေ။ အဲဒီအချိန်ကစပြီး ငါ့ဘဝဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့ရတာပဲ ဂျာအေး"

"ဘယ်လိုများတုံးဗျ"

"အေး- မစ္စတာတိုင်ရာဟာ ငွေကြေးဥစ္စာ အတော်ကို ချမ်းသာတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးကွ။ သူဟာ ငါ့အတွက် မြို့မှာ နေစရာကအစ ဝယ်ခြမ်းပေးခဲ့တယ်၊ ပြီးတော့ စီးပွားရေးလုပ်ငန်းတစ်ခုကို ရင်းနှီးပေးခဲ့တယ်ကွ။ အဲဒီလိုနဲ့ ငါ ကြိုးစားပမ်းစား လုပ်လိုက်တာ သုံးနှစ်အတွင်းမှာ ငါဟာ လူချမ်းသာကြီးတစ်ဦး ဖြစ်ခဲ့တယ်လေ၊ ဒီအချိန်မှာ ငါဟာ ချမ်းသာတဲ့ဒဏ်ကို မခံနိုင်တော့ဘူးကွ။ မိုးမမြင်လေမမြင်နဲ့ ဖြစ်ခဲ့တယ်"

"ဒါဆို ခင်ဗျားညီမလေး ဖူးဝါရောဗျ"

"အေး၊ ငါ သတိရလို့ ရွာကိုပြန်တဲ့အချိန်မှာ ညီမလေးလည်း အာဟာရချို့တဲ့ပြီး ကွယ်လွန်သွားခဲ့တယ်လေ။ ပြောရရင် ငါ့မှာ တွယ်တာစရာမရှိတော့ဘူး





ပေါ့ကွာ"

"သနားစရာပဲဗျာ"

"ဟုတ်တယ်၊ ငါဟာ ချမ်းသာတဲ့ အရှိန်အဝါကြောင့် ငါ့ညီမလေးရဲ့ အဖြစ်ဆိုးကိုတောင် သိပ်မခံစားတတ်တော့ဘူးကွ။ အဲဒီလို မိုးမမြင်လေမမြင် ဖြစ်ခဲ့ပြီး ငါဟာ မိန်းမ၊ အရက်၊ လောင်းကစားတွေနဲ့ ရှုပ်ထွေးခဲ့တယ်။ ပြောရရင် ငါဟာ ဆင်ခြင်တုံတရား မရှိခဲ့တာမို့ ဘဝဟာ ပျက်စီးချင်တိုင်း ပျက်စီးခဲ့တယ်ပေါ့ကွာ။ အဲဒီလိုနဲ့ ငါဟာ နောက်ဆုံး မိန်းမနှစ်ယောက်ကို တစ်ပြိုင်နက် ယူခဲ့တာပဲ"

"ဟင် - ခင်ဗျားဥစ္စာ လွန်ပါ့ဗျာ"

"အေး - အဲဒီအချိန်ကစပြီး ငါဟာ သောကတွေ မွေ့လာတော့တာပဲကွ"

"ဘာဖြစ်လို့တုံး"

"အေး၊ ငါယူလိုက်တဲ့ မိန်းမတွေဟာ တအားကို ချမ်းသာချင်တဲ့ မိန်းမတွေကွ။ ပြီးတော့ နှစ်ယောက်စလုံးက ညီအစ်မအရင်းတွေ၊ ဒါပေမယ့် သူတို့နှစ်ယောက်ဟာ အမြဲတမ်း ပြိုင်ဆိုင်နေကြတယ်လေ။ သားသမီးတွေကလည်း အပြိုင်အဆိုင်ပဲကွ။ သူတို့နှစ်ယောက်စလုံးဟာ ငါ့ကို လူတစ်ယောက်လိုတောင် မထင်ကြတော့ဘူးကွ။ အဓိကက သူတို့လက်ထဲမှာ ငွေရှိဖို့ ရွှေရှိဖို့ အဓိကပဲကွ။ အဲဒါကြောင့်လည်း ငါ့ကို ကြံလို သဘောထားပြီး မကုန်ကုန်အောင် ညှစ်ထုတ်ခဲ့ကြတယ်။ ငါ့ရဲ့ ကျန်းမာရေးကအစ သူတို့ လျစ်လျူရှုခဲ့ကြတယ်။ သူတို့ကိုယ်ပေါ်မှာ ရွှေဆွဲကြိုးတွေ၊ စိန်လက်ကောက်၊ စိန်ကြယ်သီးတွေ တစ်ခုပြီးတစ်ခု ဖြစ်လာဖို့ပဲ အာသီသ ရှိကြတယ်ကွ။ အဲဒီလို စည်းစိမ်ဥစ္စာကို မက်မောလွန်းလှတော့လည်း ငါ သူတို့နှစ်ယောက်စလုံးကို ရွံရှာခဲ့တယ်။ နာကြည်းခဲ့တယ်။ မွေးထားတဲ့ သားတွေ၊ သမီးတွေကိုလည်း ဘယ်လိုမှ မခံစားတတ်တော့ဘူး။ အဲဒီလို အချိန်မှာ နှင်းဝေဝေဆိုတဲ့ မိန်းမချောလေးတစ်ဦးနဲ့ ဆုံစည်းခဲ့တယ်လေ။ နှင်းဝေဝေက အညာသူလေး၊ ငါ့ဒရိုင်ဘာရဲ့သမီးလေးပေါ့ကွာ။ သူဟာ ရိုးသားတယ်၊ ဖော့အေးဆေးတယ်။ ပြီးတော့ မေတ္တာတရားလည်း ကြီးမားတယ်ကွ။ အဲဒီ နှင်းဝေဝေရဲ့ ပြုစုမှုမှာ ငါဟာ သာယာသွားခဲ့တယ်"

"ဟာ ကိုစိန်ပေါကြီးကလည်း တစ်ယောက်ပြီးတစ်ယောက်ပါလားဗျ။ အချစ်တွေ ပေါလိုက်တာဗျာ"

"ဟဲဟဲ လူဟာ မသေမချင်း ချစ်ပိုင်ခွင့်၊ ချစ်နိုင်ခွင့် ရှိပါတယ်ဗျာ"

"ဟ - ကောင်းလိုက်တဲ့ စကားပဲဗျာ။ ဟုတ်တယ် အချစ်ဆိုတာ များလေ ကောင်းလေပဲဗျ။ ကဲ - ဆက်ပါဦးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုနဲ့ နှင်းဝေဝေနဲ့ ငါဟာ သူတို့ကွယ်ရာမှာ အချစ်ကြီး ချစ်ခဲ့ကြတယ်။ ချစ်ခြင်းမေတ္တာရဲ့ နက်ရှိုင်းလှတဲ့ သာယာကြည်နူးမှုကို ငါ တကယ် စုံမက်ခဲ့ရတယ်ကွာ။ အဲဒီလိုနဲ့ နေခဲ့ကြရင်း ငါတို့နှစ်ယောက်ရဲ့ အခြေနေကို သူတို့ သိသွားခဲ့ကြတယ်လေ။ ဒီအခါမှာ နှင်းဝေဝေကို နည်းအမျိုးမျိုးနဲ့ ဒုက္ခပေးခဲ့ကြတယ်။ သူ့အဖေတိုလည်း ပြဿနာရှာပြီး အလုပ်က ထုတ်ပစ်လိုက်ကြတယ်။ ဒီအချိန်မှာ ငါဟာ လုပ်ငန်းကိစ္စနဲ့ နိုင်ငံခြားကို သွားနေရတယ်လေ။ မသွားလို့လည်းမဖြစ်ဘူး။ ငါ့ရဲ့ကျေးဇူးရှင် မစ္စတာတိုင်ရာ ဝေဒနာ အသည်းအသန် ဖြစ်နေပြန်တော့ မဖြစ်မနေ သွားခဲ့ရတယ်။ ဒီအချိန်မှာ ငါ့အိမ်က လူတွေက နှင်းဝေဝေတို့ သားအဖကို ကောင်းကောင်းကြီး ဒုက္ခပေးပြီး အိမ်က နှင်ထုတ် ပစ်လိုက်ကြတယ်ကွာ"

"ရက်စက်လိုက်တာဗျာ"

"အေး ပြောရရင် နှင်းဝေဝေဆီမှာ ငါ့ရဲ့ကိုယ်ဝန် ပါသွားရှာတယ် ကျားအေးရာ"

"ဟင် - သနားစရာပဲဗျာ"

"အေး - ငါလည်း ဟိုမှာ လုပ်ငန်းကိစ္စတစ်ဖက်၊ မစ္စတာတိုင်ရာကိစ္စနဲ့ တစ်ဖက် ရှုပ်ထွေးနေလို့ မဖြစ်နိုင်ခဲ့ဘူးကွ။ မစ္စတာတိုင်ရာဟာ လူပျိုကြီးတစ်ဦးလေ။ သူဟာ ငါ့ကို သားသမီးအရင်းလို တွယ်တာခဲ့တာကွ။ ဒီလိုနဲ့ မစ္စတာတိုင်ရာဟာ ရောဂါပြင်းထန်ပြီး ကွယ်လွန်သွားခဲ့ပြီးနောက် သူပိုင်ပစ္စည်းတွေ အားလုံး ငါ့ကို အမွေစားအမွေခံအဖြစ် လွှဲပေးခဲ့တယ်ကွ။ ပြောရရင် မစ္စတာတိုင်ရာရဲ့ မေတ္တာစေတနာဟာ တကယ့်ကို အံ့သြစရာပါပဲကွာ။ ဒီလိုနဲ့ ငါဟာ ရလာတဲ့ ငွေကြေးဥစ္စာအားလုံးကို ဘဏ်တစ်ခုမှာ အပ်နှံပြီး အိမ်ကို ပြန်ခဲ့တယ်လေ။ အဲဒီလို ပြန်လာတဲ့အခါမှာ ညီအစ်မနှစ်ယောက်ဟာ ငါ ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာမှန်သမျှကို တစ်ယောက်တစ်ဝက် ခွဲပြီး ယူလိုက်ကြတယ်။ ငါ့ကိုလည်း အိမ်ပေါ်တောင် တက်ခွင့်မပေးကြတော့ဘူးကွ"

"ဟင် - ကြောက်စရာကြီးပါလား"

"အေး - ပြောရရင်တော့ ငါ့မိန်းမ နှစ်ယောက်စလုံးဟာ အသည်းနှလုံးမရှိတဲ့ မိန်းမတွေကွ။ သူတို့ဟာ ချမ်းသာချင်တာကလွဲလို့ ဘာကိုမှ မခံစားတတ်ကြဘူးလေ။ အဲဒါကြောင့် ငါ့ရင်ထဲ နာကြည်းမှုတွေက ဖော်မပြတတ်အောင်ပေါ့ကွာ။ ဒီလိုနဲ့ ငါဟာ သူငယ်ချင်းအိမ်မှာ ကပ်နေရင်း နှင်းဝေဝေတို့ကို ရှာဖွေဖို့ ကြံစည်ခဲ့တယ်။ ဒီအချိန်မှာ ငါ့မှာ ကြောက်စရာကောင်းလှတဲ့ ကင်ဆာရောဂါကြီး ဖြစ်လာတော့တာပဲ ကျားအေးရေ။ ခုတော့ ငါ့ရဲ့ နောက်ဆုံးအချိန်ဟာ





နီးကပ်လာပြီ၊ ငါ သေရတော့မှာ မုချပဲကွ။ ဒီတော့ကာ ငါ နှင်းဝေဝေကို တွေ့ချင်တယ်၊ ပြီးတော့ ငါ့ဘဝကို တစ်ခုခု ဆုံးဖြတ်လိုက်ချင်တယ်ကွာ"

"အိုဗျာ၊ သိပ်လည်း မခံစားနေစမ်းပါနဲ့ ကိုစိန်ပေါ်ရယ်၊ ပျော်ပျော်နေသေခဲ့တဲ့ဗျ။ ဒီတော့ ဘာမှ ရှည်ရှည်ဝေးဝေး မခံစားနေနဲ့ဗျာ၊ အရေးကြီးတာ လက်ရှိအချိန်ကလေးပဲဗျ"

"လက်ရှိအချိန်၊ ဒါဆို ငါ ဘာလုပ်ရမှာလဲ"

"ဟာ - ပျော်စရာနဲ့ ဝမ်းနည်းစရာ ခင်ဗျား ရွေးချယ်ပါဆို ဘာကိုရွေးမလဲ ပြော"

"ဟ - ပျော်စရာပဲ ရွေးမှာပေါ့ကွ၊ သေရင်တောင် စိတ်ချမ်းချမ်းသာသာပဲ သေချင်သကွာ"

"ဒါဆို ခုချိန်ကစပြီး ဝမ်းနည်းစရာတွေ ဘေးချိတ်ဗျ။ သောက်စမ်းဗျာ၊ ခင်ဗျား လုပ်ချင်တာလုပ် ကျွန်တော် ရှိတယ်။ ကျွန်တော် ခင်ဗျားကို ကူညီမယ်"

"ဝမ်းသာလိုက်တာ ကျားအေးရာ"

ကျားအေးတစ်ယောက် စိန်ပေါ်စိန်၏ဘဝကို ကရုဏာသက်သွား၏။ ထို့ကြောင့်လည်း စိန်ပေါ်စိန်ကို ပျော်စေချင်၏။ ထိုစိတ်စေတနာနှင့်အတူ မြောက်ထိုးပင့်ကော် လုပ်ပေးခဲ့လေ၏။

ထိုအချိန်မှစ၍ ကျားအေးနှင့် စိန်ပေါ်စိန်တို့နှစ်ဦး ပူးပေါင်းကာ ထင်ရာမြင်ရာတွေ စွတ်လုပ်လေတော့၏။ ကာရာအိုကေဆိုင်တွေ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်၊ ပန်းကုံးစွပ်၊ သီချင်းဆို၊ ဂါဝန်တိုတိုကလေးများနှင့် တွတ်တီးတွတ်တာပြော၊ နှစ်ယောက်စလုံး မိုးမမြင် လေမမြင် ဖြစ်နေ၏။

ထိုအဖြစ်ကို တအံ့တသြ ရှိနေသူက ဖျောက်ဆိပ်တို့လင်မယား။ ကျားအေးစတိုင်ကလည်း အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပြီ ဖြစ်၏။ စပယ်ယာအလုပ်ကိုလည်း လှည့်တောင် မကြည့်တော့။ စိန်ပေါ်စိန်နှင့် ထင်ရာမြင်ရာ သွားလာလှုပ်ရှားနေ၏။

ပို၍ ထူးခြားသည်မှာ ကျားအေး၏ ကိုယ်ပေါ်တွင် အနောက်တိုင်းဝတ်စုံများ နေရာယူလာခြင်းပင်။ ဘောင်းဘီရှည်နှင့် ဝေ့ါကင်းရှူးတို့ကို မချွတ်တော့။ ထိုမြင်ကွင်းကို စူပွစူပွ ဖြစ်နေသူက ဖျောက်ဆိပ်၊ တစ်ချိန်တွင် ကျားအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦး မျက်နှာချင်းဆိုင်မိကြ၏။

"ဟကောင် မင်း ဘယ်လိုဖြစ်နေသတုံးကွ"

"ဘာတုံး တိုပြီးဖောက်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟ - မင်းကိုယ်လည်း မင်းပြန်ကြည့်ပါဦးကွာ၊ ဘွတ်တွေ ရှုတ်တွေနဲ့ ကြောင်ကြောင်ကျားကျား ခွေးဆွဲမယ့်ရုပ် ဖြစ်နေပြီကွ"

"ဗုဒ္ဓေါ့ ဆရာဖျောက်ကလည်းဗျာ၊ ဒါ စတိုင်လေဗျာ။ လူဆိုတာ မပြောင်းလဲရင် ချောင်းထဲ ခုန်ချသေလိုက်ဖို့ပဲ ရှိတယ်ဗျ"

"ဟေ၊ နို့ မင်းက အခု ဘယ်လိုဖြစ်နေပြီလဲ"

"ဟာ- မြင်တဲ့အတိုင်းပဲလေ။ ခေတ်က တောင်းဆိုနေပြီဗျ။ ဝတ်တာစားတာကအစ စတိုင်လိုတယ်ဗျ"

"ဟေ - စတိုင်၊ စတိုင်ဆိုတာ ဘာတုံးကွ"

"ဟာ - ကျုပ်လည်း မသိဘူးဗျ။ ဒါပေမယ့် ဟိုဗျာ နိုင်ငံခြားမင်းသားတွေလို ဝတ်တတ်စားတတ်ရမယ်ဗျ။ ခေတ်မိန်းကလေးတွေကိုကြည့် ဂါဝန်တိုနံ့နံ့နဲ့၊ မြောတော့လည်း ချောကလက်ပြာသုတ်စကား ချွဲချွဲလေးတွေနဲ့ ဘယ်လောက် ရင်ခုန်စရာကောင်းလဲလို့ ဟဲဟဲ အဲဒါ စတိုင်ပဲ"

"ဟေ - သွားပြီ၊ မင်းတော့ ထွေးညို ဘိုလိုက ဖြစ်နေပြီကွ။ မင်းဟာ အညာသားလေ"

"ဟာ - ဆရာဖျောက်ကလည်း အညာသားတွေ၊ မြို့သားတွေ ဘေးချိတ်စမ်းပါဗျာ လူဟာလူပဲ။ ဒီတော့ တောထဲနေနေ၊ မြို့ထဲနေနေ ခေတ်အခြေနေ မျက်ခြည်မပြတ်ဖို့ဘဲဗျ။ ကျုပ်ကိုကြည့် အညာသားရုပ်ပေမယ့် ဘိုဆန်ဆန်နေတတ်ပြီဗျ။ နောက်ဆုံး ကျုပ်နာမည် ဂျင်မီဂျာအေး ဖြစ်ချင်ဖြစ်လာဦးမှာကွ"

"ဘာ - ဂျင်မီဂျာအေး၊ ဟကောင် တော်ကွာ၊ တော်တော် မင်းစကားတွေ ငါ့နားထဲ ကန့်လန့်ကြီးပဲကွ"

"ဒုက္ခပါပဲဗျာ၊ ကိုင်း - ဒါတွေ ဘေးချိတ်ဗျာ။ ဒီညနေ ဆရာဖျောက် ကျုပ်တို့နဲ့ ခဏလိုက်ခဲ့"

"ဟေ - ဘယ်ကို လိုက်ခဲ့ရမှာလဲ"

"ဟာ- ဆရာဖျောက်ကလည်း လိုက်သာ လိုက်ခဲ့စမ်းပါဗျာ။ ကျုပ်လက်ထဲမှာ နတ်လိုင်စင် ရှိနေပြီဗျ"

"ဟေ - နတ်လိုင်စင်"

"ဟုတ်တယ်လေ၊ လိုက်သာ လိုက်ခဲ့စမ်းပါ ကိုကြီးဖျောက်ရာ။ အဲဒီတော့မှ 'ဟာ - ဂျာအေးပြောတဲ့ ခေတ်ဆိုတာ တယ်ဟုတ်ပါလား'လို့ တွေးမိမှာဗျ"

"ဟင် - ဟို ငါ့မိန်းမ"

"ဟာ - မပုလေးကို ခေါ်ထားလိုက်စမ်းပါဗျာ။ ရော့ - ဟောဒီမှာ





ငွေသုံးသောင်း ဒါ နတ်လိုင်စင်ပဲ။ မပုလေး အဲဒီ နတ်လိုင်စင် မြင်တာနဲ့ ဆရာဖျောက်ကို သတိတောင် ရမှာမဟုတ်ဘူးဗျ"

"ဟာ - ပိုက်ဆံတွေ များလှချည်လား"

"မပူစမ်းပါနဲ့ ကိုကြီးဖျောက်ရာ၊ ဒါ ကျုပ်တို့ကို ကံကြမ္မာက ခွင့်ပြုချက်ပေးလိုက်တာပဲဗျ"

"ဟေ - ဟုတ်ပါ့ကွာ၊ ငါ့လူတော့ မလွယ်ပါလား"

"တွေးမနေစမ်းပါနဲ့ဗျာ"

နောက်ဆုံးတော့ ဂျာအေး၏စကားလုံးကြား ဖျောက်ဆိပ်လည်း လုံးထွေးပတ်ချာလည်နေ၏။ အပုလေးမှာ လက်ထဲ ငွေသုံးသောင်း ပက်ခနဲ ရောက်လာသည်မို့ ဖျောက်ဆိပ်ကို ဖူးဖူးမှုတ်နေလေ၏။

ဖျောက်ဆိပ်ကတော့ သူ့အကြံနှင့်သူ၊ ညနေစောင်းသည်နှင့် အဝတ်အစားသစ် လဲလှယ်ကာ ဂျာအေးနှင့်အတူ မြို့ထဲသို့ လိုက်ခဲ့လေ၏။ စိန်ပေါ်စိန်က သူတို့အလာကို စံမဏီကာရာအိုကေဆိုင်မှ စောင့်နေ၏။

ဖျောက်ဆိပ်ကို မြင်တော့ စိန်ပေါ်စိန် ဝမ်းသာအားရ ဖြစ်နေ၏။

"ဟာ- ကိုဖျောက်ဆိပ်ပါလား၊ လာစမ်းဗျာ ထိုင်။ ကြိုက်တာမှာ၊ ကြိုက်တာစား ပန်းကုံးစွပ်မလား၊ သီချင်းဆိုမလား ပြော"

"ဟင်း - ကောင်းပါ့ဗျာ"

နောက်ဆုံးတော့ ဖျောက်ဆိပ်သည် တင်းမခံနိုင်၊ ဘီယာ၊ ဝီစကီ၊ အသားကင်၊ ဂါဝန်တိုနံ့နံ့လေးများကြား တဟီးဟီး တဖြီးဖြီး ဖြစ်နေ၏။

စင်ပေါ်တွင် နှုတ်ခမ်းနီရဲရဲလေးများ၏ သီချင်းသံက ယစ်မူးဖွယ်။ ဖျောက်ဆိပ်မရိုးမရွ ခံစားလာရ၏။ ဝီစကီ သုံးလေးပက် ဝင်သွားပြီမို့ မူးတူးတူး ဝေတေတေ ဖြစ်လာ၏။ ထိုအခါ စင်ပေါ်တွင် တလှုပ်လှုပ် သီဆိုနေသော နှုတ်ခမ်းနီမလေးကို ကြည့်ပြီး ထိုင်ရာမှ ယိုင်တိုင်တိုင်နှင့် ထလိုက်၏။

"ကိုကြီးဖျောက်၊ ဘာလုပ်မှာလဲ"

"ငါ . . . ငါ ပန်းကုံးစွပ်မယ်ကွ"

"ဟိုက် - ကဲလှချည်လားဗျာ"

"မတားနဲ့ ဂျာအေး၊ အဲဒီ ခပ်ရှော့ရှော့ နှုတ်ခမ်းနီရဲရဲလေးကို ပန်းကုံးကြီးကြီး စွပ်ချင်သကွ၊ ဘယ်လိုတုံး"

"စွပ် . . . စွပ် ကျုပ် လုံးဝ မတားဘူး"

"အိုကေ၊ ဖျောက်ဆိပ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ဆိပ်တစ်ယောက် အကြူးဝါးကြီး ကြူးဝါးကာ ရွှေချည်မျှင်များနှင့် ရက်ဖောက်ထားသော ပန်းကုံးကြီးကို ယူလိုက်ပြီး စင်ဘက်သို့ လျှောက်ခဲ့၏။ သီချင်းသံတွေကလည်း စင်ပေါ်တွင် အုန်းအုန်းကျွက်ကျွက်။

ဒရမ်ရိုက်သံ၊ ဂစ်တာသံ၊ သီချင်းဆိုသံ၊ ပုလင်းသံ၊ ခွက်သံတွေကလည်း ပွက်လောထနေ၏။ ဖျောက်ဆိပ်သည် ကော်ဇောခင်းထားသော စင်ပေါ်တက်သည့် လမ်းကလေးအတိုင်း လျှောက်ခဲ့၏။

ပရိသတ်ကလည်း ဖျောက်ဆိပ်ကို လက်ခုပ်လက်ဝါးတီး၍ အားပေးအားမြှောက်ပြုနေကြ၏။

ဖျောက်ဆိပ်သည် ပန်းကုံးကြီး တကိုင်ကိုင်နှင့် စင်ပေါ်သို့ ယိုင်ထိုးယိုင်ထိုး တက်ခဲ့ရာ လှေကားထစ်ပေါ်အတက် ခြေချော်၍ ဝရုန်းသုန်းကားနှင့် ပြုတ်ကျသွားလေ၏။

"အောင်မယ်လေးဗျ"

"ဟားဟားဟား အဲဒါ မှန်သွားတာကွ"

"မြန်မြန်ထပါဗျို့"

"ခွေးကျကျတာ အဲဒါပေါ့ကွ"

"ဟားဟားဟား"

အသံဗလံတွေက ပေါက်ကွဲနေ၏။ ဖျောက်ဆိပ်ရင်ထဲ ရှက်စိတ်မရှိတော့။ လှေကားထစ်ဘေးမှ အတင်း လူးလဲထလိုက်ပြီး စင်ပေါ်တက်ခဲ့၏။ နှုတ်ခမ်းနီမလေးက သူ့ကို သီချင်းဆိုရင်း ပြုံးတီတီနှင့် ကြည့်နေ၏။

"ဟဲ့ဟဲ့ ပန်းကုံး"

"အစ်ကိုကြီးကလည်း"

"ဟဲဟဲ ညီမလေးက သိပ်လှတာပဲနော် အေး၊ ပြီးတော့ သီချင်းဆိုလည်း ကောင်းတယ်"

"ဟုတ်လား"

"ပန်းကုံးစွပ်မယ်နော်"

"စွပ်လေ"

"ရှိုး ဖြောင်းဖြောင်း"

"ဟားဟား ဟီးရိုးကွ"

အော်သံ ~ ကြ တစ်ယောက်တစ်ပေါက်၊ ဖျောက်ဆိပ်ခမျာ ပန်းကုံးစွပ်ခြင်း အရသာကို အကျေနပ်ကြီး ကျေနပ်နေ၏။ ကောင်မလေး ကိုယ်ပေါ်တွင်





သုံးလေးကုံး စွပ်ပေးလိုက်ပြီး ကောင်မလေးနှင့်အတူ သီချင်းဝင်ဆိုလေ၏။

သီချင်းတွေကလည်း စည်းမညီ ဝါးမညီ၊ ထင်သလို အော်ဟစ်ပြီး နောက်ဆုံး စင်ပေါ်မှ ဆင်းခဲ့လေတော့၏။ ဖျောက်ဆိပ်ရင်ထဲ ပျော်လိုက်သည့်ဖြစ်ခြင်း၊ အရှုံး အမဲသားစားမိသလို ခံစားနေရ၏။

"ဟီးဟီး အရသာရှိလိုက်တာကွာ၊ ကျားအေး မင်းပြောသလို နတ်လိုင်စင်ဟာ တယ်လည်း အရသာရှိပါလားကွ ဟဲဟဲ"

"ကြည့်လည်း ခံစားပါ ဆရာဖျောက်ရယ်"

"မတားနဲ့ကွာ၊ ဘဝ ဆိုတာ တိုတိုလေးကွ။ ငါတို့ဥစ္စာက အမြဲတမ်း မယားကျွေးမှု၊ သားကျွေးမှုပဲ လုပ်နေရတာ စိတ်ညစ်လှသကွာ။ တစ်ခါလာလည်း ပြေးဟယ်လွှားဟယ်၊ ရှန်းဟယ်ကန်ဟယ်နဲ့ ဘာပျော်စရာရှိသလဲကွ"

"အင်း- ဒါတော့ ဟုတ်တယ်၊ အဲဒါ ပြောတာပေါ့ ဆရာဖျောက်ရဲ့၊ ဘဝကို တစ်နေရာတည်းမှာ ကျောက်မချထားသင့်ဘူးဗျ။ ပြောင်းလဲခြင်း များစွာကြားမှာ ကျူပ်တို့လည်းလိုက်ပြီး ပြောင်းလဲနေရမှာပဲဗျ။ ဟုတ်ဘူးလား ကိုကြီးစိန်ပေါ်"

"သိပ်ဟုတ်တာပေါ့ကွာ၊ အဲဒါဘဝပဲကွ"

သုံးယောက်စလုံး အတိုင်အဖောက် ညီနေ၏။ စားလိုက်သောက်လိုက်နှင့် ညဦးပိုင်းရောက်မှ အိမ်သို့ ပြန်ခဲ့ကြ၏။ စိန်ပေါ်စိန်မှာလည်း ကျားအေးတို့ အိုကျဉ်းကျဉ်းလေးတွင် ပျော်ပိုက်နေ၏။

အပုလေးကလည်း ဖျောက်ဆိပ်နှင့် ကျားအေးကို အပြစ် တစ်စုံတစ်ရာ မမြင်။ သူ့မလက်ထဲတွင်လည်း နတ်လိုင်စင်အပြည့်။ စိန်ပေါ်စိန်က ဖျောက်ဆိပ်တို့လင်မယားကို ထမင်းဆိုင်ဖွင့်ရန် အရင်းအနှီးပင် ထုတ်ပေးလိုက်သေး၏။

ထိုအခြေနေကြောင့်လည်း ဖျောက်ဆိပ်တို့လင်မယား စီးပွားအဖြောင့်ကြီး ဖြောင့်နေကြ၏။ ဖျောက်ဆိပ်တစ်ယောက် အလုပ်တောင်မသွားတော့။ ဆိုင်က ဝယ်ထားသည့် ရမ်ပုလင်းကို စိမ်ပြေနပြေ သောက်နေတတ်၏။

ထိုသို့ နေထိုင်ရသောအခါ ဘဝသည် နေချင်စရာ ကောင်းလှပါလားဟု ဖျောက်ဆိပ် ခံယူမိလာ၏။ တစ်ချိန်တွင် စိန်ပေါ်စိန်တစ်ယောက် ဝေဒနာခံစားမှု ဆိုးဝါးလာ၏။ ညတိုင်း ခေါင်းကိုက်နေသဖြင့် အိပ်၍မရ။ သတိလစ်တစ်ချက် မလစ်တစ်ချက်၊ မှတ်ဉာဏ်တွေလည်း ချို့ယွင်းကုန်၏။ ဝေဒနာပြင်းထန်လာသည်မို့ စိန်ပေါ်စိန် သူ့အချိန်ကို သူ သိနေ၏။

"ကျားအေး"

"ဗျာ၊ ကိုကြီးစိန်ပေါ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါဟာ မကြာခင် သွားရတော့မှာကွ"

"ဟာ - ဒီလို မပြောပါနဲ့ဗျာ"

"မဟုတ်ဘူး ဂျာအေး၊ ငါ့အကြောင်း ငါသိတယ်ကွ။ ဒီတော့ မင်းကို ငါ ပြောပြထားခဲ့ချင်တယ်ကွာ"

"ဘာများတုံးဗျ"

"ဒီလိုကွ"

စိန်ပေါ်စိန်သည် သူ အချစ်ကြီးချစ်ခဲ့ရသော နှင်းဝေဝေကို ရှာဖွေရန်နှင့် ငွေကြေးဥစ္စာများ ပေးအပ်ရန် တီးတိုးမှာကြားလေ၏။ ဂျာအေးသည် စိန်ပေါ် စိန်၏ စကားကို နားထောင်ရင်း စိတ်မကောင်း ဖြစ်နေရ၏။

သို့နှင့် စိန်ပေါ်စိန်တစ်ယောက် ရောဂါပြင်းထန်လာလေရာ နောက်ဆုံး ဆေးရုံတင်ရသည့် အခြေနေသို့ ရောက်လာ၏။ သူ့အိမ်သားများကို သတိပေး ချင်သော်လည်း စိန်ပေါ်စိန်က သဘောမတူ။

ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦးသည် စိန်ပေါ်စိန်ကို မနားတမ်း မညည်း မညူ ပြုစုခဲ့ကြ၏။ ဆေးဝါးကအစ ကောင်းပေ့ညွှန်ပေ့ဆိုသော ဆေးဝါးများနှင့် ကုသခဲ့ကြ၏။ သို့သော် စိန်ပေါ်စိန်၏ ရောဂါကလွန်နေပြီဖြစ်ရာ ဆေးရုံတက်ပြီး တစ်ပတ်ခန့်အကြာတွင် ကွယ်လွန်သွားခဲ့လေ၏။ နောက်ဆုံး သူတို့လူစု ကမကထ လုပ်၍ စိန်ပေါ်စိန်၏အသုဘ ဆောင်ရွက်ပေးခဲ့ကြ၏။

အသုဘကိစ္စ ပြီးဆုံးသည်နှင့် ဂျာအေးတစ်ယောက် စိန်ပေါ်စိန် မှာထား သည့်အတိုင်း နှင်းဝေဝေကို ရှာဖွေခဲ့၏။ အရက်နှစ်ဆယ်ခန့်အကြာတွင် နှင်းဝေ ဝေတို့သားအမိကို မြစ်ဝကျွန်းပေါ် မြို့လေးတစ်မြို့တွင် တွေ့ခဲ့ရ၏။

ထိုအခါ စိန်ပေါ်စိန် ပေးအပ်ခဲ့သည့် ငွေကြေးဥစ္စာ ရတနာများကို အတိ အကျ ပေးအပ်လိုက်၏။ နှင်းဝေဝေမှာ လွန်စွာမှ ဆင်းရဲနေ၏။ စိန်ပေါ်စိန်နှင့် ရထားသော ကလေးငယ်မှာလည်း အတော်ကလေး ကြီးပြင်းနေပြီ ဖြစ်၏။ ဂျာအေးထံမှ ရလာသော ပိုက်ဆံကြောင့် နှင်းဝေဝေတို့မိသားစုလည်း သိန်းဆု ကြီး ဆယ်ခါပြန်ပေါက်သလို ဝမ်းအသာကြီး သာနေကြ၏။

ဂျာအေးသည် သူ့တာဝန် ပြီးဆုံးခဲ့ပြီမို့ နှင်းဝေဝေတို့ကို နှုတ်ဆက်ကာ အိမ်သို့ ပြန်ခဲ့၏။ သူ အိမ်ပေါ်သို့ ပြန်အရောက်တွင် အရပ်လူကြီး ဦးပွကိုတွေ့ လိုက်ရသဖြင့် အံ့သြနေ၏။

ဦးပွ၏ရှေ့တွင် ဖျောက်ဆိပ်တို့လင်မယား မျက်နှာငယ်လေးနှင့် ထိုင်နေ၏။ ဂျာအေးကိုမြင်တော့ ဖျောက်ဆိပ်၏သွေးမရှိသောမျက်နှာမှာ နီရဲလာ၏။





"ဟာ - ဂျာအေး"

"ကိုကြီးဖျောက် ဘာတွေ ဖြစ်သတုံးဗျ"

"ဟို . . . ဟိုကွာ၊ အပုလေးက ငါနဲ့ ပြတ်စဲချင်လို့တဲ့"

"ဗျာ၊ ဘာဖြစ်သတုံး မပုလေးရဲ့ လင်နဲ့မယားပဲ ကိုက်မိကြမှာပေါ့"

"တိတ်စမ်း၊ နင် ဝင်ပြောစရာ မလိုဘူး။ မပေါင်းဘူး၊ ဒင်းလို သံစွာမရှိတဲ့လူ နဲ့ပေါင်းကို မပေါင်းနိုင်ဘူး။ အရပ်လူကြီး ကျုပ်တို့ကို ခုချက်ချင်းကွာပေး။ ကွာ ပေးရင်တော့ . . ."

"ဟေ - ဘုရား . . . ဘုရား၊ ကြိမ်းလှချည်လားဟဲ့"

"ဟုတ်တယ်၊ ကျွန်မဆန္ဒကို အရပ်လူကြီး မလိုက်လျောဘူးလား"

"ဟာ- လင်မယားပဲကွယ်၊ ကဲ- ဒီလိုလုပ် ငါ နင်တို့ကို စဉ်းစားခွင့် သုံးရက် ပေးမယ်။ အေး- နှစ်ယောက်စလုံး ဆုံးဖြတ်ပြီးပြီ ဆိုရင်တော့ ငါ ကွာရှင်းပေးပါ့ မယ်ဟာ။ ကဲကဲ နင်တို့ စဉ်းစားကြဦး"

အရပ်လူကြီး ဦးပွလည်း ခေါင်းတကုတ်ကုတ်နှင့် အိမ်ပေါ်မှ ဆင်းသွား၏။ ဂျာအေးမှာ ရှုံ့မဲ့မဲ့ လုပ်နေသော သူ့ဆရာကိုကြည့်ပြီး စိတ်မကောင်း ဖြစ်နေ၏။ သူ့ဆရာ ငိုတာကိုလည်း တစ်ခါမှ မမြင်ဘူး၊ ယခုတော့ သူ့ဆရာ ဖျောက်ဆိပ်၏ ပါးပြင်ပေါ်တွင် မျက်ရည်စတွေ စို့နေ၏။

"ဆရာဖျောက်"

"ဟေလကွယ်"

"ဟာ - ယောကျ်ားတန်မယ့် ဘာလို့ငိုရသတုံးဗျ"

"ဟိုကွာ၊ မင်းအစ်မက ငါ့ကို မကြည့်ချင်တော့ဘူးတဲ့။ ငါ့ကို မုန်းတယ်တဲ့"

"ဟုတ်တယ်၊ ရှင့်မျက်နှာကို လုံးလုံး မကြည့်ချင်ဘူး တော်ပြီ၊ အရပ်လူကြီး လည်း ကျွန်မကိစ္စကို မလုပ်ပေးနိုင်ဘူး။ ဒီတော့ ကျွန်မ ရှင်းရှင်းပြတ်ပြတ်ပဲ လုပ်ချင်တယ်"

"ဟင် - ဘာ . . . ဘာလုပ်မလို့လဲ မိန်းမရာ"

"တိတ်စမ်း၊ ကျုပ် ဘာလုပ်လုပ်ပေါ့"

"ဟေ"

အပုလေးတစ်ယောက် ထိုင်နေရာမှ ဆောင့်ဆောင့်အောင့်အောင့်ထလိုက် ပြီး ဂျာဖျောက်ကလေးကို ခါးထစ်ခွင်လိုက်၏။

"ကျုပ်ဘာသာကျုပ် ရွာပြန်မယ်၊ ရှင် နေခဲ့ပေတော့"

"ဟာ - မ . . . မလုပ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မတားနဲ့၊ တားတာနဲ့ အရိုက်ပဲ"

"ဟော - မိန်းမလုပ်ရက်ပါ့ကွာ"

အပုလေး ဘာတစ်ခွန်းမှ လှည့်မပြော။ အိမ်ပေါ်မှ ကလေးအိုကာ ဆင်းသွားလေတော့၏။ ဖျောက်ဆိပ်ခမျာ ဝမ်းနည်းကြေကွဲစွာနှင့် ငိုကြွေးနေ၏။ ဂျာအေးသည် သူ့ဆရာဘေးတွင် ထိုင်ချလိုက်ပြီး ဖြေသိမ့်လိုက်၏။

"မရဘူး ဂျာအေး၊ ငါနဲ့သူ ကွဲရတာ ဟောဒီ ဓာတ်ပုံကြောင့်ကွ"

"ဗျာ"

ဖျောက်ဆိပ်လက်ထဲတွင် မြင်လိုက်ရသည့် ဓာတ်ပုံက တခြားမဟုတ်၊ စံမဒီ ကာရာအိုကေခန်းမတွင် မိန်းမချောတစ်ယောက်နှင့် စင်ပေါ်တွင် အပျော်ကြီး ပျော်နေသည့် ဓာတ်ပုံလေးတစ်ပုံ ဖြစ်လေရာ ဂျာအေးလည်း သူ့ဆရာအဖြစ်ကို မကယ်နိုင်တော့ဘဲ ခေါင်းကြီးငိုက်စိုက်နှင့် အခံစားကြီး ခံစားနေရလေတော့၏။

ပေါ်ကျော်



www.burmeseclassic.com